
www.burmeseclassic.com

တိုးထက်

# စုံထောက်ရန်ပိုင်နှင့် ကြိုင်လှိုင်နှိုင်လုံးရယ်



www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း၊ ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# စုံထောက်ရန်ပိုင်

# နှင့်

# ကြိုင်လှိုင်ခိုင်လုံးရယ်

## တိုးတက်

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

**စာမူခွင့်ပြုချက်** – ၁၁၈၁ / ၂၀၀၄ (၁၀)

**မျက်နှာဖုံးခွင့်ပြုချက်** – ၅၀၀၁၅၉၀၅၀၂

■

**ပုံနှိပ်ခြင်း**

ပထမအကြိမ်

၂၀၀၅ ခုနှစ်၊ မေလ

**အုပ်ရေ** – ၁၀၀၀

■

**မျက်နှာဖုံးပန်းချီ**

ပြည်မင်းဇော်

■

**စာအုပ်ချုပ်**

စွယ်တော်

■

**အတွင်းစာသားပုံနှိပ်သူ**

ဦးတင်မောင်ဝင်း (သင်းလဲ့ဝင်းပုံနှိပ်တိုက်)

၁၊ ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်။

ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

■

**မျက်နှာဖုံးပုံနှိပ်သူ**

ဦးထွန်းထွန်း (၀၂၇၂၆)၊ အောင်မြင့်ထွန်းပုံနှိပ်တိုက်

၂၄၄၊ လမ်း ၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

■

**ထုတ်ဝေသူ**

ဦးလှတိုး (၀၃၇၇၂)၊ ရန်အောင်စာပေ

၃၄၃ / ၁၈၊ အနောက်ရန်ကင်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

■

**တန်ဖိုး** – ၇၀၀ ကျပ်

## စာဖတ်သူများသို့

စာရေးသူ၏ "စုံထောက်ရန်ပိုင်နှင့် အဘယဇာတကအင်း" စာအုပ်ကို ထင်ထားသည်ထက် ပို၍အားပေးကြကြောင်း သိရပါသဖြင့် ကျွန်တော်၏ စာဖတ်ပရိသတ်ကြီးကို အထူးကျေးဇူးတင်ရှိပါကြောင်း ဦးစွာတင်ပြလိုပါသည်။

ယခု စာရှုသူ၏လက်တွင်ရောက်ရှိနေသော "စုံထောက်ရန်ပိုင်နှင့် ကြိုင်လှိုင်ခိုင်လုံးရယ်"မှာ စာရေးသူ၏ ဒုတိယမြောက်ကြိုးစားထားမှု ဖြစ်ပါကြောင်းနှင့် နောင်အလျဉ်းသင့်ပါကလည်း စုံထောက်ရန်ပိုင် လုံးချင်းဝတ္ထုဇာတ်လမ်းကောင်းများကို ဆက်တိုက်ထွက်ပေါ်လာနိုင်အောင် ကြိုးစားသွားပါမည်။

မကြာမီထွက်လာမည့် တတိယမြောက်စာအုပ်မှာ စာရှုသူများ စိတ်ဝင်စားဖွယ်ဖြစ်အောင် ဖန်တီးထားသည့် "စုံထောက်ရန်ပိုင်နှင့် မနောမြှိုင်အရုပ်တော်ပုံ"ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**စာဖတ်သူများအားလုံးကို လေးစားစွာဖြင့်**

**တိုးထက်**

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း(တစ်)

www.burmeseclassic.com

www.burmeseclassic.com

မြိုင်၏ စင်ရော်တောင်မျက်ခုံး၊

ကော့ညွှတ်ကွေးသည့် မျက်တောင်၊

သောက်ရျူးကြယ်ညီနောင် မျက်လုံးတို့ကို မြင်တွေ့ရ၏။

မြိုင်၏မျက်လုံးများမှာ

တဖျတ်ဖျတ်တောက်ပ၍နေလေသည်။

ထို့နောက် ပေါ်လွင်ချွန်မြသည့်နာတံ၊

ပံ့ပန်းကျနသည့် နှုတ်ခမ်းစုစုရဲရဲလေးများကြောင့်

မြိုင်၏မျက်နှာသည်

ငေးကြည့်ချင်စရာကောင်းလောက်အောင်

ချောမောလှပ၍နေလေသည်။

လင်းနောင်သည် မြိုင်အား

ငေးမောကြည့်ရှုနေရာမှ မှင်တက်မိသလို...

# အခန်း(၁)

## မြိုင်နန်းရိပ်မြုံ

တစ်နေ့သ၌ ငါးထပ်ကြီးဘုရားအနီးတွင် တည်ရှိသည့် ခြံဝင်းကြီးတစ်ခုအတွင်းသို့ ဒေါ့ဂျ်စ်ကားကြီးတစ်စီးမောင်းနှင်၍ ဝင်ရောက်လာလေ၏။ ထိုကားကြီး၏ ရှေ့ခန်းတွင် နှုတ်ခမ်းမွေးကားကားဖြင့် လွန်စွာဥပဓိရုပ် ခံ့ညားလှသည့် လူကြီးတစ်ဦး လိုက်ပါလာ၏။ ထိုလူကြီးမှာ အသက်ငါးဆယ်ကျော်ခန့်ရှိကာ အယ်ပတ်ကားတိုက်ပုံ၊ ရွှေတောင့်ပုဆိုး၊ ပန့်ရှူးဖိနပ်တို့ဖြင့် အလွန်ပင်ထည်ဝါလျက်လည်း ရှိနေပေသည်။

စင်စစ်တော့ သူသည် ထိုခြံကြီး၏အရှင်သခင် သူဌေးကြီး ဦးခိုင်ထွန်းပင် ဖြစ်ပါသတည်း။ ဦးခိုင်ထွန်းသည် ကားမောင်းသူအား လက်ညှိုးပြကာ အမိန့်ပေးခိုင်းစေလျက်ရှိ၏။ ကားမောင်းသူ ကုလားခါ

www.burmeseclassic.com



ကြီးက လွန်စွာရိုကျိုးဟန်ဖြင့် ခေါင်းကိုတွင်တွင်ညိတ်လျက် ရှိလေ၏။ ခြံကြီးမှာ အတော်ပင်ကျယ်ဝန်းလှပေသည်။ သရက်၊ ပိန္နဲ၊ ပိတောက်၊ ခရေစသည့် အပင်ကြီးများကြောင့် တစ်ခြံလုံးမှာ ရိပ်ရိပ်ဆိုင်းဆိုင်းဖြင့် ရှိနေလေ၏။

"ဟော...ဟိုမှာတွေ့လား။ အဲဒီ နှစ်ဆောင်ပြိုင်အိမ်ကြီးရဲ့ ဆင်ဝင်အောက်မှာ ကားကိုရပ်လိုက်ပေတော့ ဗဟာဒူး"

"ကောင်းပါပြီ ဆရာကြီး..."

ဒေါ့ဂျစ်ကားကြီးသည် ကုန်းကမူအမြင့်တစ်ခုကို တက်ရောက်နေလေ၏။ ထိုကုန်းမြင့်အလွန်တွင် နှစ်ဆောင်ပြိုင်အိမ်ကြီးကို တည်ဆောက်ထားခြင်းပင် ဖြစ်လေ၏။ နှစ်ဆောင်ပြိုင်အိမ်ကြီးမှာ ရေနံရည်ဝအောင်သုတ်ထားသောကြောင့် မည်းပြောင်ဖိတ်လက်၍ နေလေ၏။

အိမ်ကြီးမှာ အလွန်ပင် ကြီးမားခံ့ထည် လွန်းလှပေသည်။ အဆောင်ဆောင်အခန်းခန်းဖြင့် ခမ်းနားထည်ဝါစွာ ဖွဲ့စည်း၍ထားလေ၏။ ဒေါ့ဂျစ်ကားကြီး ကုန်းမြင့်ပေါ်သို့ တက်ရောက်နေစဉ် သူဌေးကြီးဦးခိုင်ထွန်း ကားနောက်ဘက်သို့ လှည့်ကြည့်လိုက်ရင်း-

"ပီယာနိုကြီး လျှောကျသွားဦးမယ်ဟေ့...။ သတိထားပြီး ထိန်းသားကြဦး...ကြားလား ဟေ့ကောင်တွေ"

ဟု ပြောလိုက်လေ၏။

ကား၏နောက်ဘက်တွင် လူရွယ်လေးငါးယောက် ပါလာသည်ကို မြင်တွေ့ရသည်။

သူတို့ငါးယောက်က မဟော်ဂနီရောင် ဖိတ်ဖိတ်လက်လျက်ရှိသော စန္ဒရားကြီးကို ဝိုင်း၍ထိန်းလျက်ရှိနေကြလေ၏။ မကြာမီမှာပင် ဒေါ့ဂျစ်ကားကြီး ဆင်ဝင်အောက်တွင် ထိုးရပ်၍သွား၏။ ကားရှေ့ခန်းမှ





နေ၍ ဦးခိုင်ထွန်း ဆင်းသက်လိုက်ပြီးလျှင် အိမ်အတွင်းဘက်သို့ လှမ်းအော်လိုက်သည်။

"သမီးရေ..."

"ခိုင်"

"သမီးလေး...ခိုင်"

"ရှင်...လာပြီ ဖေဖေ...လာပါပြီ"

အတွင်းမှ စကားသံထွက်ပေါ်လာပြီးနောက် မိန်းကလေး တစ်ယောက် ထွက်၍လာသည်ကို မြင်တွေ့ရလေ၏။

မိန်းကလေးမှာ ပျိုမျစ်နုနယ်လှပေ၏။

စပို့ရှပ်အဖြူနှင့် စကတ်အဖြူကို တွဲ၍ဝတ်ဆင်ထားသည်။

မျက်နှာကလေးက ပြေပြစ်လှပမှုရှိသကဲ့သို့ ခန္ဓာကိုယ်လေးကလည်း ကြော့ရှင်းလှပပေသည်။ သူမသည် အိမ်အပြင်ဘက်သို့ ရောက်ရောက်ချင်းမှာပင် ကားကြီးပေါ်တွင် တင်ယူလာသည့် ပီယာနိုကြီးကို ရုတ်တရက်တွေ့မြင်၍သွားရာမှ မျက်လုံးလေးများ ဝိုင်းစက်၍သွားကြပြီးလျှင်-

"ဟယ်...ပီယာနိုကြီး...ပီယာနိုကြီးပါလာပြီ။ ဝမ်းသာလိုက်တာ ဖေဖေရယ်။ ဗဲရီးသိုင်းကျူး ဒက်ဒီ...ဖော ယူဝါ ကိုင်းနက်စ်"

သူမသည် ဝမ်းသာအယ်လဲ ခုန်ပေါက်မြူးထူးလျက် ရှိလေ၏။ ကွန်ဗင့်ကျောင်းတွင် တက်ရောက်သင်ကြားနေသူ ပီသစွာပင် သူမ၏ ဖခင်ဖြစ်သူအား အင်္ဂလိပ်စကားတွေ ကြားညှပ်၍ ပြောနေခြင်းဖြစ်လေ၏။

"ဖေဖေ ရိုးလ်ကုမ္ပဏီကတစ်ဆင့် မှာလိုက်ရတာကွဲ့။ မိတ်အင်ဂျာမနီလေ သမီးရဲ့။ သိပ်ကောင်းတယ်လို့ ပြောကြတယ် သမီး..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ဖေဖေ"

သူဌေးကြီးဦးခိုင်ထွန်းက သမီးဖြစ်သူ 'ခိုင်'၏ မျက်နှာလေးကို တစ်ချက်လှမ်းကြည့်လိုက်ပြီး–

"ခိုင်"

"ရှင်...ဖေဖေ"

"သမီး ဒီ ပီယာနိုကြီးကို အပေါ်ထပ် သမီးအခန်းထဲအထိ ပို့ပေးရမှာလား"

ခိုင်ဆိုသောမိန်းကလေးက သူမ၏ဆံပင်ကုပ်ဝဲလေးကို ခါယမ်း၍ ပြလိုက်ရာမှ–

"မဟုတ်ဘူးဖေဖေ ..သမီး ဧည့်ခန်းမှာပဲ ထားမှာပါ"

"ကောင်းပြီသမီး...ဒြော်. ဒါနဲ့ မြိုင်တို၊ ကြိုင်တို့ကော မမြင်ပါလား သမီးလေးရဲ့"

သူဌေးကြီးဦးခိုင်ထွန်းတွင် သမီးလေးယောက် ရှိခဲ့လေ၏။ သမီးလေးယောက်စလုံးအား မြိုင်၊ ကြိုင်၊ လှိုင်၊ ခိုင် ဟူ၍ အစဉ်အလိုက် မှည့်ခေါ်ထားခဲ့ခြင်းဖြစ်၏။ စင်စစ်တော့ သည်လိုကဗျာဆန်လှသည့် နာမည်လေးများရရှိခဲ့သည်မှာ သူငယ်ရွယ်စဉ်က ဇာတ်ပွဲတစ်ပွဲကို သွားရောက်ကြည့်ရှုမိရာက မှတ်သားမိခဲ့ခြင်း ဖြစ်လေ၏။

ဇာတ်ပွဲတွင် မင်းသားနှင့်မင်းသမီးတို့ နှစ်ပါးသွားကခဲ့ကြရင်း 'မြိုင်ထ'သီချင်းကို ဆိုခဲ့ကြလေ၏။

("သင်းတပျံ့ပျံ့ xxx ဆင်းရနံ့က xxx ကြိုင်စွာလှိုင်စွာ xxx ဂေါသဇင် ပင်မင်း xxအင်ကြင်းရွှေဝါ xxxယင်းမာ xxယင်းမာ xx ကြိုင်xလှိုင်xခိုင်xလုံးရယ်xxခိုင်လုံးရယ်xxxမွှေးxxxမွှေးxxx)

သူသည် ငယ်စဉ်ကတည်းကပင် ထိုမြိုင်ထသီချင်းကို စွဲလမ်း





နေခဲ့လေ၏။ သူအိမ်ထောင်ရက်သားကျ၍ တိုက်တိုက်ဆိုင်ဆိုင်ပင် သမီးလေးများ ရရှိလာခဲ့သည်။ သမီးအကြီးဆုံးကို 'မြိုင်ထ'မှ 'မြိုင်' ကိုယူကာ 'မြိုင်'ဟူ၍လည်းကောင်း၊ ထို့နောက် အစဉ်အတိုင်း 'ကြိုင်၊ လှိုင်၊ ခိုင်'ဟူ၍ မှည့်ခေါ်ဖြစ်ခဲ့လေ၏။

သူ၏ဇနီးမယားဖြစ်သူ 'မအိမ်ကောင်း'က သူ့အား ကြံကြံဖန်ဖန် နောက်ပြောင်ခဲ့သေးသည်ကို အမှတ်ရမိလိုက်၏။

"သမီးလေးယောက်တည်း မွေးလို့ရှင်။ အဲဒီ သီချင်းအတိုင်း မြိုင်၊ ကြိုင်၊ လှိုင်၊ ခိုင် ဆိုပြီး ရှင်မှည့်လို့ရတာပေါ့။ တကယ်လို့ သမီး နောက်တစ်ယောက်များထပ်ရခဲ့ရင် ရှင်ဘယ်လိုမှည့်မလဲ ပြောစမ်းပါဦးရှင့်"

ဦးခိုင်ထွန်းသည် ဘာရယ်မဟုတ်ဘဲ အတွေးတစ်စ ဆန့်ထုတ်မိရာမှ သွားလေသူဇနီးသည် 'မအိမ်ကောင်း'အား သတိရမိလိုက်လေ၏။ မအိမ်ကောင်းမှာ 'ခိုင်'မွေးပြီးစ မီးတွင်းထဲမှာပင် သေဆုံးသွားခဲ့ရသည်။ မပြည့်စုံမှု၏ဒဏ်၊ ဆင်းရဲမှု၏ ထိုးနှက်မှုများ၏ အောက်ဝယ် လည်စင်းခံသွားခဲ့ရလေ၏။

သည်စဉ်တုန်းက သူတို့မိသားစုက စစ်ကိုင်းဘက်က ရွာလေးတစ်ရွာမှာ ရှိနေကြလေ၏။

"ဖေဖေ.. သမီးပြောတာ မကြားဘူးထင်တယ်။ ဘာတွေငိုင်သွားတာလဲ ဖေဖေရဲ့"

"ဟားဟားဟားဟား..ဟုတ်လား သမီးလေးရေ။ ဖေဖေအတွေးလွန်သွားမိတာ။ နေပါဦး သမီးက ဘာပြောလိုက်တာလဲ"

ခိုင်က မျက်နှာပြည့်ပြည့်ဝန်းဝန်းလေးကို ပြုံးရယ်လိုက်ပြီး–

"သမီးက ဖေဖေမေးတာကို ဖြေလိုက်တာလေ ဖေဖေရဲ့...



www.burmeseclassic.com

www.burmeseclassic.com



မမကြီးမြိုင်က သူ့ထုံးစံအတိုင်း ဘုရားစင်ရှေ့မှာ ပုတီးစိပ်နေ တယ်။ မမလတ်ကြိုင်က နောက်ဖေးမီးဖိုဆောင်မှာ ဒေါ်ဇာယုတို့နဲ့ ဝင်ပြီး ချက်ပြုတ်နေလေရဲ့။ မမလေးလှိုင်ကတော့ သူ့အခန်းထဲမှာ အလှပြင်လို့ မပြီးသေးဘူးလား မသိဘူးဖေဖေ"

"ဟားဟားဟား...ငါ့သမီးပြောမှပဲ ရှင်းပေတော့တယ်ကွယ်။ ကဲကဲ...သမီးအထဲဝင်တော့...ဖေဖေတို့ ပီယာနိုကြီးကို နေရာချလိုက်ကြဦးမယ်"

"ဟုတ်ကဲ့ပါဖေဖေ"

"သြော်...နောက်ဖေးတန်းလျားက မောင်ပိုက်နဲ့တင်ဝင်းကို ဒီလွှတ်လိုက်သမီး...ဖေဖေ ခိုင်းစရာရှိတယ်လို့"

"ဟုတ်ကဲ့ဖေဖေ"

နိုင်သည် ခေါင်းတစ်ချက်ညိတ်ပြလိုက်ရာက အထဲသို့ လှစ်ခနဲ ပြေးဝင်၍ လာခဲ့၏။ သူမသည် ပျော်ရွှင်မြူးတူးစွာဖြင့် နောက်ဖေး မီးဖိုဆောင်သို့ ရောက်ရှိ၍လာကာ–

"မမလတ်...မမလတ်"

"ဟဲ့...နိုင်...ဘာဖြစ်လာတာလဲ အလန့်တကြား"

"ဖေဖေ နိုင့်အတွက် ပီယာနိုကြီး ဝယ်လာတယ် မမလတ်ရဲ့။ အပြင်မှာ သယ်နေကြပြီ"

"ဟုတ်လား နိုင်။ ဒါဆို ပျော်စရာကြီးပေါ့"

နိုင်က ချစ်စဖွယ်အမူအရာလေးဖြင့် အသာခေါင်းလေးညိတ်၍ ပြလိုက်လေ၏။ ပြီးမှ–

"ဒေါ်ဇာယုကြီး၊ နိုင်ပြောတာ ကြားရဲ့လား"

ဒေါ်ဇာယုမှာ ငရုတ်ဆုံကို ရေဆေးလျက်ရှိရာက–





"ကြားပါတယ်နိုင်ရယ်။ နိုင်၊ ဒေါ်ကြီးကို စန္ဒရားတီးပြရမယ် နော်"

"စိတ်ချထားစမ်းပါ ဒေါ်ဇာယုကြီးရယ်။ မမလတ်၊နိုင်၊မမကြီးနဲ့ မမလေးကို သွားကြွားလိုက်ဦးမယ်"

"ကြွ...ကြွ"

နိုင်သည် ကလေးငယ်တစ်ယောက် လိုချင်သည့် ကစားစရာ အရုပ်တစ်ခုခုကိုရရှိသဖြင့် ပျော်မြူးနေသည့်နှယ် ရှိလေသည်။ လှေကား ထစ်များပေါ် ခပ်သွက်သွက်နင်းကာ အိမ်ကြီးပေါ်သို့ တက်လာခဲ့သည်။

အိမ်ပေါ်သို့ရောက်၍ ကြည့်လိုက်သည်တွင် မမကြီးမြိုင်မှာ ဘုရား ခန်းဝယ် ကျုံ့ကျုံ့လေးထိုင်ကာ ဘုရားဝတ်ပြုနေဆဲပင် ရှိလေ၏။ ထို့ကြောင့် နိုင်က မမလေးလှိုင်၏ အခန်းတံခါးကိုဆွဲဖွင့်၍ ဝင်လာ ခဲ့သည်။ မမလေးမှာ ယခုတိုင်အောင်ပင် ဖြီးလိမ်းပြင်ဆင်၍ ပြီးဟန် မတူသေး။

လှိုင်သည် သူတို့ညီအစ်မ လေးယောက်ထဲတွင် အလှဆုံးဟု ထင်ပါသည်။ အသားအရေကလည်း အဖြူဆုံးဖြစ်သည်။ အမြဲတမ်း လိုလို အလှပြင်ဆင်၍နေလေရာ မမလေးလှိုင်မှာ ပြင်တတ်ဆင်တတ် မှုများကြောင့်လည်း အများထက် တစ်ပန်းသာဟန် ရှိလေသည်။

လှိုင်သည် ရော့ဂျက်နိုင်လွန် အင်္ကျီလက်ပြတ်နှင့် ဘရိုကိတ် ထဘီကို ဝတ်ဆင်ထားလေရာ သူမ၏ အချိုးအဆစ်မှာ ပြေပြစ်လှပလို့ နေလေသည်။ သူမကိုယ်လုံးလေးမှာ ‹ ‹ င်‘ခနဲပေါ်လွင်နေပေတော့ သည်။

"ဘာဖြစ်လာတာလဲ နိုင်..."

လှိုင်က မျက်ခုံးမွေးဆွဲနေရာမှ လှမ်းမေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းသာလုံးဆို့လာတာလေ မမလေးရဲ့...ဟင်းဟင်း"

ပြောရင်းအပြီးတွင် ခိုင်က လွတ်လွတ်လပ်လပ်လေး ရယ်မောလိုက်ပေ၏။

"ဖေဖေ ပီယာနိုကြီးဝယ်လာပြီ မမလေးရဲ့။ အောက်မှာ ရွှေ့နေကြပြီလေ"

"သြော် ဟုတ်လား။ ညီမလေး"

"ဟုတ်တယ် မမလေး...ဒါကြောင့် မမလေးကို လာကြွားတာ"

မိန်းမချောလေးလှိုင်က ချစ်စရာကောင်းအောင် ပြုံးလိုက်ပေသည်။

"ညီမလေးခိုင်က ပီယာနိုကြီးရတာတော့ ဟုတ်ပါရဲ့။ တီးမှ မတီးတတ်တော့ ဟို'ကျွဲပါးစောင်းတီး'ဆိုတဲ့ စကားပုံလို ဖြစ်နေပါဦးမယ်ကွယ်...ဟီဟိ"

"မမလေးနော် မနောက်နဲ့သိလား . ပီယာနိုတီးတာများ ခက်လွန်လွန်းလို့ သင်လိုက်ရင် ခဏနဲ့တတ်တယ်"

ခိုင်က နှုတ်ခမ်းလေးစူ၍ ပြောလိုက်လေရာ လှိုင်မှာ ခိုင့်ကိုကြည့်ကာ ရယ်မောလို့ မဆုံးတော့ပါပေ။ ထိုစဉ်–

"ဟဲ့...ဒီညီမနှစ်ယောက် တဟားဟားနဲ့ ဘာဖြစ်နေကြတာလဲ။ မမကြီး ဘုရားကန်တော့ရတာ မဖြောင့်ဘူးကွယ်"

ညီအစ်မလေးယောက်ထဲတွင် အကြီးဆုံးဖြစ်သည့် 'မြိုင်'သည် အခန်းတံခါးဝတွင် ကန့်လန့်ကလျှလေးရပ်နေရာမှ လှမ်းပြောလိုက်ခြင်းဖြစ်၏။ မြိုင်သည် အရပ်ရှည်သွယ်သွယ်၊ ကိုယ်ဟန်သွယ်လျလျ ရှိသည်။ မြိုင်၏ခေါင်းထက်မှ ဆံပင်ရှည်များသည် သူမ၏ ပေါင်လယ်လောက်အထိ ဝဲပျံ့ကာကျနေကြလေ၏။





မြိုင်၏ရုပ်သွင်မှာ ရှင်းသန့်လွန်းလှ၏။

ဣန္ဒြေနှင့်ကျက်သရေကို အချိုးညီညီပေါင်းစပ်ထားသည့် မျက်နှာမျိုးဖြစ်သည်။ မြိုင်သည် နဖူးပြင်အားလုံးပေါ်သည်အထိ ဆံပင်များကို နောက်ဘက်သို့ သပ်တင်ထားလေသည်။ မျက်နှာတွင် သနပ်ခါးရေကျဲလေး လူးထားလေ၏။ စကားဝါရောင်၊ ရှန်သားလက်ရှည်အင်္ကျီနှင့် ချိတ်ထဘီနီညိုရောင်ကို ဝတ်ဆင်ထားသည်။ မြိုင်သည် မြန်မာဆန်ဆန် သိမ်မွေ့ယဉ်ကျေးလှပါပေသည်။

စင်စစ်တော့ ညီမလေးယောက်ထဲတွင် အသက်အကြီးဆုံးဖြစ်သည့် မြိုင်သည်ပင်လျှင် အသက်အစိတ် မပြည့်တတ်သေးပေ။ အားလုံးက နှစ်နှစ်ကြီး နှစ်နှစ်ငယ်တွေ။ သို့ပေမယ့် မြိုင်သည် နေရာတကာမှာ လူကြီးဆန်စွာ ပြုမူနေထိုင်ခဲ့၏။ ညီမများကို အမြဲတစေ ဆုံးမပြုပြင်ခဲ့သည်။

'အစ်မကြီးတော့ အမိအရာ'ဟူ၍လည်း ဆိုထားခဲ့သည် မဟုတ်ပါလား။ ယခုလည်း မြိုင်သည် အခန်းဝမှာ 'ရောက်လျက်ရှိနေချေပြီ။ လှိုင်က အစ်မကြီးဖြစ်သည့် မြိုင်ကို မသိမသာ လှမ်းကြည့်လိုက်ရာမှ–

"ဟောဒီမှာ ခိုင်လေ မမမြိုင်ရဲ့"

"အင်း... ဆိုပါဦး။ ခိုင် ဘာဖြစ်လို့လဲ"

"ဖေဖေ ပီယာနိုဝယ်ပေးလိုက်လို့ ဣန္ဒြေမရ ဖြစ်နေတာလေ မမမြိုင်ရဲ့"

"သြော်...စောစောလေးက ကားသံကြားတာ ပီယာနိုသယ်လာတာကိုး"

"ဟုတ်ပါတယ် မမကြီး"



www.burmeseclassic.com

www.burmeseclassic.com



မြင့်သည် အခန်းအတွင်းသို့ တစ်လှမ်းချင်း လှမ်းဝင်လာကာ ညီမအငယ်ဆုံးလေးဖြစ်သည့် 'နိုင်'အား ကရုဏာမျက်ဝန်းများဖြင့် လှမ်း၍ကြည့်လိုက်ကာ−

"အင်းပေါ့လေ ကိုယ်လိုချင်တာရတော့ ပျော်ပေမပေါ့။ ဒါပေမဲ့ နိုင်ရယ်၊ ပီယာနိုပဲတီးနေလို့ ကျောင်းစာမှာ လစ်ဟင်းကုန်ပါဦးမယ် ကွယ်။ ဖေဖေ အလိုလိုက်လို့သာ မမကြီးကြည့်နေရတာ။ မမကြီး အနေနဲ့တော့ သိပ်အားမပေးချင်ဘူးကွယ်"

"ဩော်… မမြင့်ကလည်း ခေတ်ကာလက ပီယာနိုခေတ် မဟုတ်လား။ ဒါလေးတတ်ထားတော့ လူတောတိုးတာပေါ့ မမမြင့်ရဲ့"

*(ထိုစဉ်ကာလက မြန်မာပြည်တွင် စန္ဒရားတီးတတ်သည့်သူ အလွန်ပင်ရှားပါးလှကာ စန္ဒရားဟူ၍မခေါ်ခေါ်ကြဘဲ သူ့အသံထွက် အတိုင်း ပီယာနိုဟူ၍ ခေါ်ခဲ့ကြပေသည်။*

*ထို့အပြင်*

*ကိုယ်ပိုင်ဝယ်တီးနိုင်သူလည်း အင်မတန်ရှားပါးလှပေသည်။*

***စာရေးသူ)***

"လူတောတိုးဖို့ဆိုတာက ကိုယ့်ဘက်က သိလလုံခြုံနေမယ် ဆိုရင် အလွယ်လေးပါ ညီမတို့ရယ်။ ကဲ…ကဲ အောက်ဆင်းမှာဖြင့် ဆင်းကြတော့။ မမကြီး ပြီးမှ လိုက်လာခဲ့တော့မယ်။ ပုတီးပတ်ရေက ပြည့်သေးတာ မဟုတ်ဘူး"

လှိုင်နှင့်နိုင် ညီမအစ်မနှစ်ယောက်တို့မှာ 'မြင့်'ပြောဆိုသည့် အတိုင်း အိမ်ကြီးပေါ်မှ အောက်သို့ဆင်းသက်၍ လာခဲ့ကြပါတော့ သတည်း။

ညှော်ခန်းထဲတွင် သစ်လွင်လှပလွန်းသည့် ဂျာမနီနိုင်ငံလုပ်





စန္ဒရားကြီးက 'နိုင်'ဆိုသော မိန်းကလေးအား ကြိုဆိုလျက်ရှိနေပါ တော့သည်။ နိုင်သည် အပြေးအလွှား သွားရောက်လိုက်ပြီးလျှင် စန္ဒရား အဖုံးကိုဖွင့်၍ ခလုတ်ဖြူဖြူလေးများအား သူမ၏ ဖြူနုသွယ်လျသည့် လက်ချောင်းကလေးများဖြင့် ထိခတ်မိလိုက်သည်။ ထိုအခါ သာယာ ငြိမ့်ညောင်းသည့် ပီယာနိုသံလေးများ ထွက်ပေါ်၍လာကြလေ၏။

'နိုင်'ကြည်နူးစိတ်တွေ ရင်မှာ ပြည့်လျှံ၍နေလေ၏။

"မမလေး"

အနားမှာရပ်နေသည့် 'လှိုင်'အား မော့ကြည့်ရင်း ခေါ်လိုက်၏။

"ပြောလေနိုင်"

"ပီယာနိုအသံကိုက အင်မတန် သာယာတာပဲနော်"

"ဟုတ်တယ်နိုင်။ နားဝင်ကို ချိုနေတာပဲ"

နိုင်သည် ခလုတ်လေးများကို ဟိုမှသည် တို့ထိကစားကြည့် နေလေသည်။ ထိုစဉ် ဒေါ်ဇာယုကြီး ညှော်ခန်းဝသို့ ရောက်ရှိ၍လာကာ−

"နိုင်ရော၊ လှိုင်ရောကို သူဌေးကြီးခေါ်ခိုင်းလိုက်ပါတယ်။ ထမင်း စားခန်းထဲကို အခုချက်ချင်း လာခဲ့ကြပါတဲ့။ မြင့်လည်း ရောက်နေ ပါပြီတဲ့"ဟု ပြောလိုက်လေရာ−

နိုင်က ရွတ်နောက်နောက်လေး လုပ်လိုက်ရင်း−

"ဖေဖေ့ကို ပြောလိုက်ပါ ဒေါ်ဇာယုကြီး… နိုင်ရော၊ လှိုင်ရော လာခဲ့ကြပါမယ်တဲ့။ ခဏလေးစောင့်ပါတဲ့။ ထောပတ်သုတ် ချန်ထား ပေးပါတဲ့"

"အတော်နောက်တဲ့ ကောင်မလေး…"

ဒေါ်ဇာယုကြီး သူ့ကိုနောက်နေမှန်းသိကာ ညှော်ခန်းဝမှ ရယ်ရယ် မောမောဖြင့် ထွက်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မမလဲ့တ်ကော ရောက်နေပြီလား မသိဘူး"

ခိုင်က ထိုသို့ပြောလိုက်သည်တွင် လှိုင်က–

"ဟဲ့...ကြိုင်က အစားသိပ်မက်တာ အခုလောက်ဆို ချက်ရင်းပြုတ်ရင်းနဲ့ တစ်ခုခုတီးနေလောက်ပြီ။ သူက 'လိုက်ဖုဒ်'(အဆာပြေ) လောက်နဲ့ ကျေနပ်တဲ့သူမှ မဟုတ်တာ"

"ဟုတ်တယ်နော် မမလေး...အဲဒါကြောင့် မမလတ် တစ်အားဝနေတာနေမှာ"

လှိုင်နှင့်ခိုင်တို့ ညီမအစ်မနှစ်ယောက်တို့သည် စကားတပြောပြောနှင့် နှစ်ဆောင်ပြိုင်အိမ်ကြီး၏ ထမင်းစားခန်းဆီသို့ လျှောက်လာခဲ့ကြလေ၏။

* * *



# အခန်း(၂)

ဗိုလ်တထောင်ဘုရားစေတီဝင်းနှင့် မလှမ်းမကမ်းလောက်တွင် ဖွင့်လှစ်ထားသည့် ကာကာလက်ဖက်ရည်ဆိုင်တွင် ကာလသားတစ်သိုက်တို့သည် တဝါးဝါးဖြင့် ပွဲကျလျက်ရှိနေကြပေ၏။

ကာကာကုလားကြီးမှာလည်း ရေနွေးကြမ်းအိုး ဖန်တလဲလဲ ချပေးရင်း ထိုစကားဝိုင်းနားတွင် ရစ်သီရစ်သီလုပ်၍ နေလေသည်။ အချိန်မှာ နေထန်းတစ်ဖျားခန့်ပင် ရှိသေးသည့် နံနက်ခင်းတစ်ခင်းပင် ဖြစ်ပါသတည်း။

"ဟေ့ကောင်တွေ၊ ဒီနေ့ လင်းနောင် ရောက်မလာသေးပါလားကွ"

သူရိယသတင်းစာကို ဟိုလှန်သည်လှန်လုပ်နေရာမှ မြင့်ဝေက ပြောလိုက်လေရာ မောင်မောင်ကျော်က ရေနွေးကြမ်းတစ်ခွက်ကို ငုံ့နေရာမှ–



www.burmeseclassic.com

www.burmeseclassic.com



“ထမင်းဟင်းချက်နေတာ မကျက်သေးလို့ဖြစ်မှာပေါ့ဟ”ဟု ဝင်ပြောလိုက်သည်တွင် ပိုလိုစီးကရက်ကို ခဲလျက်သားဖြင့် ဇော်မျိုးက–

“အေးကွာ…သူမို့ ဒုက္ခရှာပြီး ချက်ပြုတ်နေရသေးတယ်။ ဘယ်မှာဝင်စားစား အဝစားမှ ငါးမူးပဲပေးရတဲ့ဟာ”ဟူ၍ ထေပန်လိုက်လေ၏။ ထိုအခါ စားပွဲထိပ်တွင် တစ်ချိန်လုံးငြိမ်သက်စွာဖြင့် ထိုင်လျက်ရှိသည့် လှမိုးက လက်ထဲမှဆေးပေါ့လိပ်ကို ဘေးသို့ အသာချထားလိုက်ပြီးလျှင်–

“လူတစ်ကိုယ် အကြိုက်တစ်မျိုးပေါ့ကွာ။ တကယ်တမ်းကျတော့ ဆိုင်ထမင်း ဆိုင်ဟင်း ဆိုတာကလည်း အမြဲစားရင် ငြီးငွေ့သွားတတ်တာမျိုးကွ။ လက်ရာတွေက ဆိုင်တိုင်း အတူတူတွေချည့်ပဲ။ ကိုယ့်ဘာသာကိုယ် ချက်စားတော့ ကိုယ်ကြိုက်တဲ့ဟင်းကို ကိုယ်နှစ်သက်သလို လုပ်စားလို့ရတာပေါ့။ ပြီးတော့ တွက်ခြေလည်း ကိုက်သကွ။ မင်းတို့ ဘာသိလို့လဲ”ဟု ပြောလိုက်ပြန်သည်တွင် မောင်မောင်ကျော် ရယ်ကျဲကျဲမျက်နှာထားဖြင့်–

“ဟုတ်ပါတယ် ဆရာကိုလှမိုးရယ်…ကျွန်တော်မျိုးတို့ မသိလို့ ပြောမိတာကို အမိုက်အမဲလေးတွေမို့ ဗွေမယူပါနဲ့ခင်ဗျာ။ အနူးအညွတ် တောင်းပန်အပ်ပါတယ်”ဟု အရွှန်းဖောက်လိုက်လေသည်တွင် လှမိုးက မျက်နှာအတည်ပေါက်ဖြင့်–

“အေး…ဒီတစ်ခါတော့ ခွင့်လွှတ်လိုက်မယ် ရှိစေတော့”

ဟူ၍ ပြန်ပြောလိုက်သည်ကြောင့် သူတို့ကာလသားအုပ်စုမှာ တဝါးဝါးဖြင့် ပွဲကျ၍သွားကြလေ၏။ ထိုစဉ် မြင့်ဝေက လမ်းမဘက်သို့ လှမ်းမျှော်ကြည့်လိုက်ရာမှ–

“ဟေ့ကောင်တွေ၊ ဟိုမှာ လင်းနောင် လာနေပြီကွ”





“ဒီကောင်ကြီး သေခဲဦးမယ်ဟေ့”

“ဒါကြောင့်မို့လို့လည်း ရှေးလူကြီးသူမတွေက ‘ညပြောအောက်ကြည့်၊ နေ့ပြောနောက်ကြည့်’လို့ ဆိုခဲ့ကြတာ နေမှာပေါ့ကွာ”

လင်းနောင် လျှောက်လာနေသည်ကိုလှည့်ကြည့်ရာမှ ဇော်မျိုးနှင့် မြင့်ဝေက မှတ်ချက်ပြုလိုက်ကြလေ၏။ လင်းနောင်က သူတို့ကို ပြုံးပြနှုတ်ဆက်ရင်း ကာကာဆိုင်လေးထဲ ဝင်၍လာသည်။ ကုလားထိုင် တစ်လုံးတွင် ဝင်ထိုင်လိုက်ရင်း–

“မင်းတို့ရောက်နေကြတာ ကြာပြီလားကွ”ဟု မေးလိုက်ကာ အကြမ်းပန်းကန်တစ်လုံးယူ၍ ရေနွေးကြမ်းကရားအိုးကိုမ၍ ငှဲ့ထည့် နေလေသည်။ ထိုအခါ မြင့်ဝေက–

“ငါတို့ ပြန်တောင်ပြန်ကြတော့မလို့ကွ။ မင်းမလာသေးလို့ စောင့်နေကြတာ၊ ပြီးတော့လည်း မင်းနဲ့လိုက်ဖက်တဲ့ ကြော်ငြာတစ်ခု ကို ပြချင်သေးလို့”

“ဘာများလဲကွ မြင့်ဝေ”

“ဖြည်းဖြည်းပေါ့ကွာ…မင်းဘာစားမှာလဲ မှာလေကွာ။ ဒီနေ့ ဒကာတော်ရေမြေ့ရှင်က မောင်မောင်ကျော်ကွ”

“ဟုတ်လား…ဒါဆိုလည်း အားပေးရတာပေါ့ကွာ။ မာမူကြီး ကျွန်တော့်အတွက် နို့ကျဲကျဲ၊ မလှိုင်နည်းနည်းနဲ့ နို့တစ်ခွက်ရယ်၊ ဆီပါလေဟန်နဲ့လုပ်ထားတဲ့ ပဲပြုတ်နံပြားရယ် တစ်ပွဲပေးပါ”

လင်းနောင်၏ စကားကြောင့် အားလုံးပွဲကျ၍ သွားကြ၏။ မှတ်ဆိတ်ဖားဖားနှင့် မာမူကြီးလည်း ပြုံးစိစိဖြင့် သူတို့ဝိုင်းနားမှ ထွက်သွားလေ၏။

မောင်မောင်ကျော်က ကတ်ကြေးတံဆိပ် ပိုလိုစီးကရက်ကို



www.burmeseclassic.com

www.burmeseclassic.com



ခဲနေရာမှလှမ်း၍–

"လင်းနောင် ဒီနေ့ ဘာတွေချက်ခဲ့လဲကွ"ဟု မေးလိုက်သည်တွင် လင်းနောင်က–

"ထုံးစံအတိုင်းပေါ့ကွာ။ ဘဲဥရေလုံပြုတ်ပေါ့"

"ဟား ဟား ဟား ဟား ဟား"

သူတို့အားလုံးမှာ ရန်ကုန်ယူနီဘာစီတီကောလိပ်မှ 'ဘီအေ'ဘွဲ့ ရရှိထားကြသူများ ဖြစ်ကြလေ၏။

သို့ရာတွင် အလုပ်လက်မဲ့ ဘီအေမောင်များ ဖြစ်ကြ၏။

"ကိုလိုနီနယ်ချဲ့ရဲ့ လက်အောက်မှာ လုပ်ရမယ့်အလုပ်ဆိုရင် ဘယ်အလုပ်မှ မလုပ်ဘူးကွာ။ လျှာပေါ်မှာမြက်ပေါက်သွားချင် သွားပါစေ အငတ်ခံမယ်"

ဟူ၍လည်း ကက်ညီလက်ညီ ကြိမ်းဝါးခဲ့ကြသူများ ဖြစ်၏။ သူတို့ပညာအရည်အချင်းနှင့် မြို့အုပ်၊ ရာဇဝတ်အုပ် စသည့်အလုပ်များကို အလွယ်တကူ ရရှိနိုင်ခဲ့ကြသော်လည်း လက်ရှောင်ခဲ့ကြလေ၏။ စတီးဘရားသား၊ ရိုးလ်ကမ္ပဏီ စသည့်နေရာများတွင်လည်း မျက်နှာဖြူ အင်္ဂလိပ်တို့ ကြီးစိုးခြယ်လှယ်နေကြသည်ဖြစ်ပေရာ သူတို့တစ်တွေက ထိုနေရာများသို့ ဝင်ရောက်လုပ်ကိုင်ရန် စိတ်ပါဝင်စားခြင်း မရှိခဲ့ကြပါပေ။

လင်းနောင် တစ်ယောက်မှလွဲ၍ ကျန်လူများအားလုံးမှာ ရန်ကုန်တွင် အခြေချနေထိုင်သူများဖြစ်ကြကာ လင်းနောင်သည် အညာဒေသဘက်ရှိ မြို့တစ်မြို့မှ ဖြစ်လေသည်။ ထို့ကြောင့် လင်းနောင်က ဈေးသက်သက်သာသာဖြင့် ငှားရမ်းရရှိသည့် ဘရုတ်ကင်းလမ်း (ယခုဘိုကလေးဈေးလမ်း)ထဲ၌ အိမ်တစ်အိမ်တွင် နေထိုင်လေသည်။





လင်းနောင် ယခုကဲ့သို့ ဒုက္ခခံကာ ရန်ကုန်တွင် တွယ်ကပ်နေထိုင်သည်ကို သူငယ်ချင်းများက နားမလည်နိုင်ခဲ့ကြပါပေ။

"ဟေ့ကောင် လင်းနောင်...အလကားဒုက္ခခံလို့ကွာ။ ကိုယ့်မြို့ ကိုယ့်ရွာ ပြန်နေပါလားကွ"ဟူ၍ ပြောခဲ့ကြဖူးသည်တွင် လင်းနောင်က–

"အရူးမှမဟုတ်တာကွာ။ ငါ ရန်ကုန်မှာနေတာ ရည်ရွယ်ချက်မဲ့ မဟုတ်ဘူး ဟေ့ကောင်တွေရ...ငါ့မှာ ရည်ရွယ်ချက်ကြီးကြီးမားမား ကြီးကို ရှိနေတာ။ ဒါကြောင့် ငါ ရန်ကုန်မှာ အစားဆင်းရဲ၊ အနေဆင်းရဲခံပြီး ကုတ်ကတ်နေနေတာပေါ့ကွာ"ဟူ၍ ပြောပြန်လေရာ သူငယ်ချင်းများက–

"ဒါဆို မင်းရည်ရွယ်ချက်က ဘာလဲ၊ လုပ်ပါဦး"

ဟူ၍ မေးမြန်းခဲ့ကြသည်တွင် လင်းနောင်က ရယ်ကျဲကျဲလုပ်ပြီးနောက်–

"ရန်ကုန်သူ အချောအလှလေးတစ်ယောက် လိုချင်လို့ပေါ့ကွာ။ ဟားဟားဟားဟား..."

ဟု ရယ်ရယ်မောမော လုပ်ပစ်ခဲ့လေသည်။

လင်းနောင်မှာ အသက်အစိတ်သာသာခန့်ရှိ၏။ အညာသားဟု ဘုရားစူးကျိန်ပြောရမည့် ရုပ်ရည်မျိုးရှိသည်။

လူတွေက အထူးသဖြင့် အောက်သူအောက်သားတွေက အညာသားဟု ဆိုလိုက်တာနှင့် အသားမည်းမည်း၊ သွားကျဲကျဲနှင့် ပုံတုံးပုံအတွေကို ပြေးမြင်တတ်ကြသည်။

ယခုမူ–

လင်းနောင်မှာ ထိုကဲ့သို့သော ရုပ်ရည်မျိုးနှင့် လားလားမျှ ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



သူမဟုတ်။ သူ၏အသားအရေက ဖြူစင်ဝင်းလဲ့၍နေသည်။ အရပ်အမောင်းကလည်း ကောင်းလှပေ၏။ မျက်နှာသွင်ပြင်က ယောက်ျားပီပီ ခံ့ချောချောသူဖြစ်သည်။

လှိုင်းတွန့်ဆံပင် ခွေကောက်ကောက်များ၊ ထူထဲသောမျက်ခုံးများ၊ စူးရှတောက်ပြောင်သည့် မျက်လုံးများကို ပိုင်ဆိုင်၍ထားလေ၏။ နှာတံကလည်း ပေါ်လွင်သလို၊ နှုတ်ခမ်းလေးကလည်း ပုံစံကျသည်။ နှုတ်ခမ်းမွေး နုနုစိမ်းစိမ်းလေးများ အနည်းငယ်ရှိသည်။

ယခုလည်း နို့နှင့်ပဲနံပြား စားသောက်နေသည့် လင်းနောင်ကို သူငယ်ချင်းများက ဝိုင်းကြည့်ရှုလျက် ရှိကြလေ၏။ လင်းနောင်မှာ ပိုးရှပ်အင်္ကျီ အစိမ်းနုလက်တိုနှင့် ချည်ချောပုဆိုးကွက်စိပ် မီးခိုးရောင်လေးကို ဝတ်ဆင်၍ထားလေသည်။

လင်းနောင်၏ပုံစံမှာ မပြောရပါဘဲနှင့် အနုပညာသမားတစ်ယောက်ဆိုတာ ခန့်မှန်းနိုင်လောက်ပေသည်။ လင်းနောင် စားသောက်ပြီးသွားသည်ကို လှမ်းကြည့်ပြီး မြင့်ဝေက–

"သူရိယထဲမှာ ကြော်ငြာတစ်ခုတွေ့လို့ကွ။ အဲဒါ မင်းနဲ့လိုက်တယ် လင်းနောင်"ဟု စကားစလိုက်သည်တွင် လင်းနောင်က ခဏဟူသောသဘောဖြင့် အသာလက်ကာ၍ပြလိုက်ပြီးလျှင် ပိုလိုစီးကရက်တစ်လိပ်ကို မီးညှိ၍နေလေသည်။ ထို့နောက် အားရအောင် ရှိုက်ဖွာလိုက်ပြီးမှ–

"ရပြီမြင့်ဝေ…ဆက်ပြောပေတော့"ဟူ၍ ပြောလိုက်လေ၏။

ထိုအခါ မြင့်ဝေက လက်ထဲတွင်ကိုင်ထားသည့် သူရိယသတင်းစာကို လှမ်းထိုးပေးလိုက်ရာက "ဟောဒီကြော်ငြာကွာ။ ဖတ်ကြည့်စမ်း လင်းနောင်"ဟု ပြောလိုက်သည်တွင် ဇော်မျိုးက လှမ်း၍–





"ဘာလဲမြင့်ဝေ…အဝမ်းက ခတ်ရှင်မင်းသားခေါ်တဲ့ ကြော်ငြာလား"ဟု ဝင်မေးလိုက်လေ၏။

လင်းနောင်က စီးကရက်ကို ခဲထားရင်းဖြင့် ထိုကြော်ငြာကို ဖတ်ကြည့်လိုက်လေသည်။

**"အလိုရှိသည်"**

အိမ်တိုင်ရာရောက် လိုက်လံသင်ကြားပေးနိုင်သည့် ပီယာနိုဆရာတစ်ဦး အမြန်အလိုရှိပါသည်။ အောက်ပါလိပ်စာအတိုင်း ဆက်သွယ်ပါရန်။

**"မြိုင်"**

၁၆၊ ကင်းဘဲလ်လမ်း
မြိုင်နန်းရိပ်မြုံခြံ
ဗဟန်း၊ ရန်ကုန်။

"ဘယ့်နှယ်လဲ လင်းနောင်"

"အေးကွ…စိတ်ဝင်စားဖို့တော့ အကောင်းသား"

မြင့်ဝေ မေးလိုက်သည်ကို လင်းနောင်က သတင်းစာကို ချထားလိုက်ရာက ပြန်ဖြေလိုက်လေသည်။

"ဟောကောင်တွေ မင်းတို့နှစ်ယောက် ဘာကျိတ်ကြံနေကြတာလဲဟ…တို့လည်း ပြောကြပါဦး"

လှမိုးက မေးလိုက်ပြန်သည်တွင် မြင့်ဝေက–

"စန္ဒရားဆရာတစ်ဦး အလိုရှိတဲ့အကြောင်း သတင်းစာမှာ ပါလာလို့ပါကွာ။ အဲဒါ ဒီကောင်လင်းနောင်နဲ့ ကိုက်ညီတဲ့အကြောင်း ပြောနေကြတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လှမိုး...ဗဟန်းဘက်မှာ သွားသင်ပေးရမှာ။ အဲဒါ ငါလည်း လုပ်သင့်မလုပ်သင့် ချင့်ချိန်နေတာကွ"

လင်းနောင်က စီးကရက်ကို ရှိုက်ဖွာလိုက်ရာမှ ပြောလိုက်လေ၏။

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ။ မင်းလည်း အတွေ့အကြုံတစ်ခုအနေနဲ့ရော၊ စီးပွားရေးအရရော လုပ်သင့်တယ်လို့ ငါမြင်တယ် လင်းနောင်"

ဟု မောင်မောင်ကျော်က ဝင်ပြောလိုက်လေ၏။

ဇော်မျိုးက သတင်းစာကို ကောက်ကိုင်ပြီး ဖတ်ကြည့်နေရာမှ–

"အလို့...'မြိုင်'ဆိုပါလားကွ။ ပြီးတော့လည်း 'မြိုင်နန်းရိပ်မြုံ' တဲ့။ တယ်လည်း ကဗျာဆန်ပါလားကွာ။ ဟေ့ကောင်လင်းနောင်၊ စိတ်ကူးမလွဲနဲ့ ဒီကနေ့ပဲ သွားဆက်သွယ်ကြည့်လိုက်ကွာ"ဟု အကြံပေး ပြောဆိုလိုက်သည်တွင် လှမိုးကလည်း–

"အေး...ဟုတ်တယ်လင်းနောင်။ ဒီကောင့်စိတ်ကူး မဆိုးဘူးကွ။ မင်း ဒီနေ့လစ်ပေတော့ကွာ။ အဲဒီမှာ ကြုံတွေ့ခဲ့ရသမျှအဝဝကို မနက်ဖြန် ဒီလက်ဖက်ရည်ဝိုင်းမှာ အစီရင်ခံစာတင်ပေါ့။ ဘယ့်နှယ်လဲ မကောင်း ဘူးလား သူငယ်ချင်းတို့ရဲ့"ဟူ၍ ဆရာကြီးလေသံဖြင့် ဝင်ပြောလိုက် လေ၏။

ထိုအခါ အားလုံး၏နှုတ်မှ–

"ကောင်းတယ်...ကောင်းတယ်"ဟူသော စကားသံများ သံပြိုင် ပေါ်ထွက်လာကြပါတော့သတည်း။

သူတို့ဝိုင်းမှ ဆူညံသံတွေကြောင့် ကာကာကုလား အလန့် တကြားဖြင့် ပြေး၍လာကာ–

"ကန်ကလေးတွေ ဘာဖြစ်ကြတာလဲ"ဟု မျက်လုံးအပြူးသား





ဖြင့် မေးလိုက်သောကြောင့် မောင်မောင်ကျော်က အတည်ပေါက်ဖြင့်–

"ဘာမှမဟုတ်ဘူး ကာကာ...ဒုတိယကမ္ဘာစစ်ကြီးဖြစ်တော့မယ့် အကြောင်း သတင်းစာမှာပါလာလို့ အဲဒါ ဝိုင်းအော်နေကြတာ"ဟု ပြန်ပြောလိုက်လေရာ ကာကာကုလားမှာ သူ့နဖူးသူ လက်ဝါးဖြင့် တဖျတ်ဖျတ်ရိုက်လိုက်ရာမှ–

"မြတ်စွာဘုရား...ကယ်တော်မူပါ"

"မြတ်စွာဘုရား...ကယ်တော်မူပါ"ဟူ၍ မြန်မာလို 'ဘုရားတ' ရင်း ကျန်ရစ်ခဲ့လေ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၃)

ဆည်းဆာနေခြည်လဲ့လဲ့သည် လောကဓာတ်ကြီးတစ်ခုလုံးအား ဖျန်းပက်၍ထားလေရာ ဝင်းဝင်းဝါဝါဖြင့် လှပ၍နေလေ၏။ သစ်ရွက် သစ်ခက်များပေါ်တွင် နေခြည်ကျရောက်မှုကြောင့် ရွှေစက်ရွှေပြောက် များသဖွယ် တောက်ပလွှင်ချေသည်။

တောရိပ်တောင်ရိပ် ကောင်းမွန်လှသည့် ငါးထပ်ကြီးဘုရား တစ်ခွင်လုံးသည် ဆည်းဆာရိပ်၏ အောက်ဝယ် ရှုမောဖွယ်ရာသာယာ၍ နေပေတော့သည်။

ထိုအချိန်ဝယ် ကင်းဘဲလ်လမ်း(ယခု ငါးထပ်ကြီးဘုရားလမ်း) အတွင်းသို့ လူရွယ်တစ်ယောက်သည် ခြံနံပါတ်များကို လိုက်လံကြည့်ရှု ရှာဖွေရင်း ခပ်ဖြည်းဖြည်းချင်း ဝင်လာလျက်ရှိပေ၏။ ထိုလူရွယ်လေး မှာ ယောပုဆိုးအနက်ရောင်နှင့် ရှပ်အင်္ကျီအဖြူပေါ်မှ ပင်နီတိုက်ပုံကို ထပ်ဝတ်ထားလေသည်။ ထိုအခါ သူ၏အရုပ်အမောင်း၊ အသားအရေ



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရည်တို့နှင့် လိုက်ဖက်လွန်းလှသည်ကြောင့် ဖြတ်သွားဖြတ်လာဖြင့် သူ့အား မြင်တွေ့ရသူအပေါင်းတို့မှာ ငေးကာငေးကာ ကြည့်ရှု၍ သွားကြရလေသည်။

ထိုလူရွယ်လေးမှာ ထိုသို့လျှောက်လာရင်းဖြင့် အလွန်ပင် အရိပ်အာဝါသ ကောင်းမွန်လှကာ ကျယ်ပြောလှသည့် ခြံကြီးတစ်ခြံ၏ ရှေ့သို့အရောက်တွင် ဖျတ်ခနဲခြေလှမ်းတုံ့၍ သွားပြီးလျှင်-

"ဟုတ်တယ်...ဒီခြံပဲဖြစ်မယ်။ နံပါတ်က ၁၆၊ မြိုင်နန်းရိပ်မြုံလို့ ရေးထားတယ်"ဟု၍ နှုတ်မှရေရွတ်လိုက်လေ၏။

လူရွယ်သည် ခြံတံခါးဝတွင် ချိတ်ဆွဲထားသည့် လူခေါ်ခေါင်းလောင်းလေးကို ဆွဲခါ၍ လှုပ်ခတ်လိုက်လေသည်။

"ချွင်...ချွင်...ချွင်...ချွင်"ဟူသော ခေါင်းလောင်းသံလွင်လွင်လေး ပေါ်ထွက်လာပြီးနောက် လူတစ်ယောက် ဘွားခနဲပေါ်၍လာကာ-

"ဘာကိစ္စရှိလို့လဲ မောင်ရင်"ဟူ၍မေးလိုက်သည်ကြောင့် လူရွယ်လေးက-

"ဒီခြံက မြိုင်နဲ့ တွေ့ချင်လို့ပါခင်ဗျာ"

"ကိစ္စက..."

"ကျွန်တော်က ပီယာနိုဆရာပါ"

"သြော်...သြော်...ဟုတ်ပြီဟုတ်ပြီ ဒါဖြင့် ဝင်ဝင်..."

ကြာရှိုးကြာစွယ်ကို မြင်ရုံမျှဖြင့် ကန်ရေပြင်၏အတိမ်အနက်ကို မှန်းဆနိုင်သလို၊ ခြံဝင်းအတွင်းရှိ ကြီးမားခံ့ညားလွန်းလှသည့် နှစ်ဆောင်ပြိုင် အိမ်ကြီးကိုကြည့်၍လည်း ထိုခြံပိုင်ရှင်တို့၏ စီးပွားရေး အတိမ်အနက်ကို လူရွယ်လေးက စိတ်ထဲမှနေ၍ ခန့်မှန်းကြည့်နေမိလေသည်။





"မောင်ရင်လေး ဒီကိုလာကွဲ။ စောစောလေးကတောင် 'မြိုင်' ကို အောက်မှာတွေ့လိုက်သေးတယ်"

ခြံစောင့်လူကြီးက လူရွယ်လေးအား ဦးဆောင်ကာဖြင့် နှစ်ဆောင်ပြိုင် အိမ်ကြီးဆီသို့ ခေါ်ဆောင်လာလေသည်။ ကွန်ကရစ်ခင်းထားသည့် လမ်းပေါ်ဝယ်လျှောက်လာရင်း လူရွယ်လေးက ခြံအတွင်းရှိ သစ်ပင်ပန်းမန်များကို ငေးမောကြည့်ရှု၍လာသည်။ အိမ်ကြီး၏ ဘေးပတ်ပတ်လည်တွင်လည်း အုန်းပင်များ၊ သရက်ပင်များ၊ တခြားသောသစ်ပင်ကြီးများ ဝိုင်းအုံကာပေါက်လျက် ရှိကြသည်ကိုလည်း လူရွယ်က အမှတ်မထင်ဖြင့် ကြည့်မိလေသည်။

အိမ်ကြီး၏ဆင်ဝင်အောက်ဝယ် မိန်းမပျိုတစ်ဦး ရပ်လျက်ရှိသည်ကို တွေ့ရ၏။ ထိုမိန်းကလေးသည် ခြံစောင့်ကြီး၏နောက်မှ ပါလာသည်။ ဓာတ်မင်းသားလိုလို၊ အဝတ်အစား အဆင်အပြင်နှင့် လူရွယ်လေးကိုကြည့်ကာ လှစ်ခနဲပြုံးလိုက်လေ၏။

"ကြိုင်ပါလား...မြိုင်ကောဟင်။ ဒီမှာ မြိုင့်ကိုတွေ့ဖို့ လာကာလေ"

"သြော်...သတင်းစာမှာ ကြော်ငြာတွေ့လို့ ဒီလုပ်လာလျှောက်တဲ့ စန္ဒရားဆရာ ထင်ပါရဲ့"

"ဟုတ်...ဟုတ်ပါတယ်ခင်ဗျာ။ ကျွန်တော် အဲဒီကိစ္စနဲ့ လာခဲ့တာပါ"

ကြိုင်က သူမထက်ကြီးပုံရသည့် လူရွယ်က တရိုတသေဖြင့် ပြောလိုက်သည်ကို နားထောင်ပြီး တစ်ချက်ရယ်မောလိုက်ပြီးမှ-

"ဒါများ စောစောစီးစီး လာခဲ့ရောပေါ့ရှင်။ အခု မိုးတောင်ချုပ်တော့မယ်။ တခြားလာလျှောက်တဲ့ သုံးလေးယောက်တောင် ပြန်သွားကြပြီရှင့်"



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ အပြစ်တင်သလိုလို၊ ကရုဏာပါသလိုလိုဖြင့် ပြောလိုက်သည်တွင် လူရွယ်က–

"ကျွန်တော်လာခဲ့ရတာက ဗိုလ်တထောင်ဆိုတော့ နည်းနည်းလှမ်းပေတာပေါ့ခင်ဗျာ။ ပြီးတော့လည်း ဒီဘက်ကို ဘတ်စ်ကားတွေကလည်း ရောက်တာမဟုတ်တော့…"

"လန်ချား စီးလာပေါ့ရှင်"

"ခင်ဗျာ…"

ထိုစဉ် အိမ်ကြီး၏တံခါးဝမှ အလွန်ဝင် ကျက်သရေရှိလှသည့် ကြန်အင်ရှိသော မိန်းမပျိုလေးတစ်ဦး ထွက်၍လာကာ–

"ဟဲ… ညီမလေးကြိုင်၊ ညွှန့်သည်ကို အိမ်ထဲခေါ်လာခဲ့ပေါ့ကွယ်။ ဘာဖြစ်လို့ ရပ်ပြီးပြောနေရတာလဲကွဲ့"

ဟု ပြောလိုက်သည်တွင် ကြိုင်က–

"စန္ဒရားဆရာလို့ ပြောပါတယ် မမမြိုင်"

"မမမြိုင် ကြားပြီးပါပြီကွယ်။ အထဲကြွခဲ့ပါရှင်"

"ဟုတ်ကဲ့ခင်ဗျ"

လူရွယ်လေးက 'မြိုင်'ဆိုသော မိန်းကလေးအား မမိတ်မသုန်ဖြင့် ကြည့်ဖြစ်လိုက်လေ၏။ မြိုင်သည် ဝက်ပေါပ္ပာညွှန့်ရောင် ရှန်သားအင်္ကျီလက်စကနှင့် ချိတ်ထဘီ အစိမ်းရောင်ကို လိုက်ဖက်ညီစွာ ဝတ်ဆင်၍ထားလေ၏။ ဆံပင်ကိုမူ တစ်ပတ်လျှိုထုံးကာ ရင်ညွှန့်ဆီသို့ ချထားသည်။ မျက်နှာတွင် သနပ်ခါးရေကျဲ ခပ်ပါးပါးလေးလူးထားလေသည်။

မြိုင်သည် မြန်မာဆန်ဆန် ယဉ်ကျေးလှပသည့် မိန်းကလေးဖြစ်လေသည်။ လူရွယ်လေးက ညွှန်ခန်းထဲသို့ဝင်လိုက်လာကာ ကုလားထိုင်တစ်လုံးတွင် ဝင်၍ထိုင်လိုက်လေသည်။





ညွှန်ခန်းမှာ အဓိုးတန်မွေ့ရည်းများဖြင့် မွမ်းမံပြင်ဆင်ထားလေရာ မျက်စိပသာဒဖြစ်၍ နေပေတော့သည်။ အခန်း၏ထောင့် တစ်နေရာတွင် သစ်လွင်လှပခံ့ညားသည့် စန္ဒရားကြီးတစ်လုံး ချထားသည်ကို တွေ့ရှိရ၏။

မြိုင်က လူရွယ်နှင့်မျက်နှာချင်းဆိုင်ခုံတွင် ဝင်၍ထိုင်ကာ အကဲခတ်သလိုဖြင့် တစ်ချက်မျှတ်ခနဲ ကြည့်လိုက်၏။ လူရွယ်ကလည်း ပြန်၍အကြည့်လိုက် ဖြစ်သောကြောင့် နှစ်ဦးသားတို့၏ မျက်လုံးအကြည့်ချင်း ဆုံစည်း၍သွားကြလေ၏။

မြိုင်သည် လူရွယ်၏စူးရှလွန်းသည့် မျက်လုံးဒဏ်ကိုမခံနိုင်ဘဲ အကြည့်ကို အရင်လွှဲသွေ၍ ပစ်လိုက်ရလေသည်။

မြိုင် ဘာကြောင့်ရယ်မသိ၊ ရင်တုန်ပန်းတုန် ဖြစ်သွားရ၏။ သူမသည် မျက်ချင်းပင် ဣန္ဒြေဆည်ကာ–

"ကြိုင်၊ ညွှန့်သည်အတွက် အအေးတစ်ခွက် ဖျော်လာခဲ့ပါကွယ်"

ဟု ပြောလိုက်လေ၏။ ထို့နောက် 'မြိုင်'သည် မျက်လွှာချလျက်ဖြင့်ပင်–

"ဒီနေ့တစ်နေ့လုံး ငါးယောက်ရောက်လာကြတယ်ရှင့်။ ကျွန်မက သူတို့ကို နည်းနည်းမေးစမ်းကြည့်ပြီး စိတ်ကြိုက်မတွေ့သေးတာနဲ့ ပြန်လွှတ်လိုက်တယ်။ အင်္ဂလိုအင်ဒီယန်းကနှစ်ယောက်၊ မျက်နှာဖြူက တစ်ယောက်နဲ့ မြန်မာအတိုးကြီးနှစ်ယောက်တို့ပါ"

"ဟုတ်ကဲ့ခင်ဗျ"

"တကယ်တော့ ကျွန်မ ပီယာနို မတီးတတ်ပါဘူး။ ဒါပေမဲ့ မတ်ဖူးမှတ်ဖူးတာကလေးတွေနဲ့ မေးစမ်းကြည့်ခဲ့တာပါ။ အစ်ကက တော့ လူပေါ့ရှင်"



www.burmeseclassic.com

www.burmeseclassic.com



လူရွယ်လေးက မြိုင်ပြောသမျှတွေကို ငြိမ်သက်စွာ နားထောင်နေလေသည်။ မြိုင်က ပြောရင်းဖြင့် အရှိန်ရ၍လာကာ လူရွယ်အား တစ်ချက်ဝေ့ကြည့်လိုက်ပြန်၏။ လူရွယ်မှာ အသားအရေဖြူဖြူစင်စင်၊ ဥပမိရုပ်ကောင်းကောင်းဖြစ်သည်ကို သတိထားမိရသည်။ ဝတ်ပုံစားပုံက မြန်မာဆန်သည်။ ပြီးတော့ ယဉ်ကျေးသိမ်မွေ့ဟန်လည်း ရှိပုံရလေသည်။ ထိုစဉ် ကြိုင်အခန်းထဲ ဝင်ရောက်လာပြီး ယွန်းလင်ပန်းလေးပေါ်တွင် တင်ယူလာသည့် အအေးခွက်ကို လူရွယ်၏ ရှေ့သို့ ချပေးလိုက်၏။ ကြိုင်က မျက်နှာကိုပြုံးလိုက်ပြီး–

"သုံးဆောင်ပါဦးရှင်"

"နေရာရှာလို့ခင်ဗျာ"

လူရွယ်က အားနာဟန်ဖြင့် ပြောလိုက်လေရာ မြိုင်က–

"ဒါက အိမ်ရှင်ရဲ့ဝတ္တရားပေါ့ရှင်။ သူက ကျွန်မရဲ့ညီမလေး ကြိုင်တဲ့။ ကျွန်မက အစ်မအကြီးဆုံး မြိုင်ပေါ့ရှင်။ ကျွန်မတို့က ညီအစ်မလေးယောက် ရှိကြတာရှင့်။ ကျွန်မတို့ကို ဖေဖေမေမေတို့က မြိုင်ကြိုင်လှိုင်နိုင် ဆိုပြီး မှည့်ပေးခဲ့ကြတာလေ"

"ဟုတ်ကဲ့ခင်ဗျ"

မြိုင်သည် စိတ်ပါလက်ပါဖြင့် စကားတွေ တသီကြီးပြော၍ နေလေသည်။ ကြိုင်က အစ်မဖြစ်သူကို ပြုံးပြုံးလေးဖြင့် လှမ်း၍ ကြည့်နေသည်။

"အခု ပီယာနိုသင်မှာက ကျွန်မတို့ရဲ့ အငယ်ဆုံးညီမလေး နိုင်ပါရှင်"

"ဪ..."

"နိုင်က ကွန်ဗင့်ကျောင်းမှာ တက်နေတာလေ။ အခုက ပီယာနို





ယဉ်ကျေးမှုက ထွန်းကားနေတယ်မဟုတ်လား။ ဘယ်နေရာမှာမဆို ပီယာနိုလေးတီးတတ်မှ လူရာဝင်တာကိုးရှင့်။ ဝင်ဆံ့တာကိုးရှင့်။ အဲဒါနဲ့ ညီမလေးက ဖေဖေ့ကိုပူဆာတာကြောင့် ဖေဖေက ဝယ်ပေးခဲ့တာ...ဪ ဒါနဲ့ ရှင့်နာမည်က"

"ကျွန်တော်က လင်းနောင်ပါ။ ရန်ကုန်ယူနီဗာစီတီကတော့ ဒီဂရီဘွဲ့နဲ့ ကျောင်းပြီးခဲ့ပါပြီ။ အလုပ်လက်မဲ့ ဘီအေဆိုပါတော့ခင်ဗျာ"

လင်းနောင် စကားကြောင့် မြိုင်နှင့်ကြိုင် ညီအစ်မနှစ်ယောက်တို့ ရယ်မောလိုက်ကြလေသည်။ ကြိုင်က ဝင်၍–

"ဒါဆို ပီယာနို တီးတတ်နေတာက..."

"ကျွန်တော့်အဘိုးက စန္ဒရားဆရာကြီးတစ်ဦးပါ။ ကျွန်တော် ငယ်ငယ်လေးကတည်းက အဘိုးက သင်ပေးခဲ့တာ ဆိုပါတော့ဗျာ။ ကျန်တဲ့ပညာရပ်တွေကိုလည်း ကိုယ့်ဘာသာကိုယ် ဆည်းပူးရှာဖွေခဲ့ရတာပေါ့။ ကျွန်တော် ကမ္ဘာ့နတ်ရော၊ မြန်မာသံစဉ်တွေပါ ကောင်းကောင်း ကျွမ်းကျင်ပါတယ်ခင်ဗျာ"

မြိုင်ရောကြိုင်ပါ ရယ်မောလိုက်ကြပြန်လေသည်။

"ကိုလင်းနောင်"

"ခင်ဗျာ...မြိုင်"

"သီချင်းတစ်ပုဒ်လောက် တီးပြပါလားရှင်"

မြိုင်က တောင်းဆိုလိုက်သည်တွင် ကြိုင်ကလည်း–

"ဟုတ်တယ်။ ကြိုင်လည်း နားထောင်ချင်ပါတယ်"

"ဟုတ်ကဲ့၊ ဖြစ်ပါတယ်ခင်ဗျာ"

လင်းနောင်သည် နေရာမှ စန္ဒရားခုံဆီသို့ ထသွားလိုက်၏။

"အို...ကိုလင်းနောင် အအေးသောက်လိုက်ပါဦး။ ကျွန်မတို့ အလိုက်မသိရာများ ကျနေပြီလား မသိပါဘူးရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ပြီးမှပဲ သောက်ပါ့မယ်မြိုင်"

လင်းနောင်သည် ပြောပြီးနောက် စန္ဒရားခုံတွင် ထိုင်ချလိုက်ကာ စန္ဒရားအဖုံးအား ဖွင့်လိုက်၏။

ထို့နောက် စန္ဒရားခလုတ် ဖြူဖြူလေးများပေါ်တွင် သူ၏ သွယ်လျလျ လက်ချောင်းလေးများဖြင့် တို့ထိကစားလိုက်လေသည်။ ထိုအခါ သံစဉ်များသည် စမ်းရေကျသံများနှယ် ငြိမ့်ညောင်းသာယာစွာဖြင့် ထွက်ပေါ်လာလေ၏။

မြိုင်နှင့်ကြိုင် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြ၏။ သူမတို့နှစ်ယောက်ကလည်း လင်းနောင်၏ ဂီတရေယဉ်ကြောဝယ် မျောပါနေကြပြီ ဖြစ်တော့သည်။ လင်းနောင်သည် လက်နှင့် စန္ဒရားခလုတ်လေးများ ထိတွေ့မိရာက ဂီတမျာန်ဝင်သွားပြီဖြစ်၏။ သူသည် အရာရာအားလုံးကို မေ့ပျောက်ကာ ဂီတသံစဉ်များ ရင်မှာ စီးတီးခတ်နေမိလေ၏။

ထိုစဉ်မှာပင် ဧည့်ခန်းထဲသို့ မိန်းမပျိုလေးနှစ်ဦးတို့ ဝင်ရောက်၍ လာကြပြန်သည်။ သူမတို့၏မျက်နှာများတွင် အံ့အားသင့်နေကြဟန် ရှိလေသည်။

"ဟော...လှိုင်နဲ့နိုင်ပါလား။ လာကြ...လာကြ...ညီမတို့ရောက်လာတာနဲ့ အတော်ပဲ"

"စန္ဒရားသံကြားလို့ ဆင်းလာခဲ့ကြတာ မမကြီး"

နှစ်ဦးသား ဆက်တီခုံများတွင် ဝင်၍ထိုင်ကာ စန္ဒရားခုံပေါ်မှ လင်းနောင်အား လှမ်းကြည့်လိုက်ကြ၏။ မြိုင်က–

"အဲဒါ ညီမလေးနိုင်ကို ပီယာနိုသင်ပေးမယ့် ဆရာလေ။ နာမည်က ကိုလင်းနောင်တဲ့"





"ဟုတ်လား မမမြိုင်။ ဆရာက ငယ်ငယ်လေးနော်"

နိုင်က လျှာကလေးတစ်လစ်ထုတ်ကာ ပြောလိုက်လေ၏။

လင်းနောင်က စကားသံများကြောင့် စန္ဒရားခလုတ်များနှင့် အိစက်မှုကို ခဏလေးရပ်ထားလိုက်၏။ သူသည် ညီအစ်မများရှိရာသို့ အသာစောင်းငဲ့ကြည့်ရင်း 'အင်း ညီမလေးယောက်စလုံးကတော့ တစ်မျိုးစီ ချောကြတာပါလား။ ဒါပေမဲ့ သူတို့တွေထဲမှာ မြိုင်က အချောဆုံး ကျက်သရေအရှိဆုံးပဲ။ သဘောလည်း အကောင်းဆုံး ဖြစ်မှာပါ'ဟူ၍ စိတ်ထဲမှာ တွေးနေမိလေ၏။ ထိုစဉ် မြိုင်က–

"ကိုလင်းနောင်"

"ခင်ဗျာ"

"သူက လှိုင်တဲ့။ သူက အငယ်ဆုံးနိုင်"

လင်းနောင် လှမ်း၍ပြုံးပြလိုက်သည်။

လင်းနောင်သည် သူမမျှော်လင့်ဘဲ ညီအစ်မလေးဖော်နှင့် ဂုံစည်းခဲ့ရပုံကိုတွေးပြီး အံ့အားသင့်နေမိလေ၏။ စောစောလေးက မြိုင်စကားထဲတွင် 'ညီမလေးကို ပီယာနိုသင်ပေးမယ့်ဆရာလေ'ဟူ၍ ပါရှိခဲ့သည်ကြောင့် သူအလုပ်ရရှိလိုက်ပြီဟု နားလည်လိုက်ရလေ၏။

"ညီမလေးတို့လာတာနဲ့ ကိုလင်းနောင်တောင် အရှိန်ပျက်သွားပြီထင်ရဲ့။ လုပ်ပါကိုလင်းနောင်၊ သီချင်းတစ်ပုဒ်လောက် ဆိုတီးလေးပေါ့"

မြိုင် ရယ်ရယ်မောမောဖြင့် လှမ်းပြောသည်ကြောင့် လင်းနောင်က သီချင်းတစ်ပုဒ်ကိုခေါင်းထဲဝင်လာသည်ကြောင့် ကောက်ကာငင်ကာ တီးလိုက်လေသည်။ သီချင်းက နှစ်ပါးသွားမြိုင်ထ သီချင်းတစ်ပုဒ်ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"သင်းတပျံ့ပျံ့ ဆင်းရန့်က ကြိုင်ဈွာလှိုင်ဈွာ××သင်းတပျံ့ပျံ့ ဆင်းရနံ့က ကြိုင်ဈွာလှိုင်ဈွာ××ဂေါသဇင်ပင်မင်း အင်ကြင်းရွှေဝါ×× ဂေါသဇင်ပင်မင်း အင်ကြင်းရွှေဝါ××ယင်းမာ××ယင်းမာ×××"

ကြိုင် လှိုင် ခိုင်လုံးရယ်×××

ကြိုင် လှိုင် ခိုင်လုံးရယ်×××

ခိုင်လုံးရယ်×××မွှေး×××ခိုင်လုံးရယ်မွှေး......။

လင်းနောင်သည် အဆိုရော၊ အတီးပါ မြိုင်မြိုင်ဆိုင်ဆိုင်ကြီး အသုံးတော်ခံနေလေ၏။ သူက ထိုညီအစ်မလေးဖော်နှင့် လိုက်ဖက်သည့် ထိုမြိုင်ထသီချင်းကိုတွေးကာ တမင်သီဆိုလိုက်ခြင်း ဖြစ်လေ၏။

သူ၏စန္ဒရားလက်သံ၊ လက်ကျလက်နကောင်းမွန်ခြင်း၊ အဆို၏ စည်းဝါးကျနခြင်း၊ အသံ၏ကောင်းခြင်းများကြောင့် နားထောင်ရသည်မှာ အရသာရှိလွန်းလှပေ၏။

ထို့ကြောင့်ပင် ဝေမင်းချက် ဒေါ်ဓာယုကြီးရော၊ နောက်ဖေးတန်းလျားက မောင်ပိုက်တို့၊ တင်ဝင်းတို့ပါ ဧည့်ခန်းဝတွင် ရောက်ရှိနေကြကာ နားသောတဆင်လျက် ရှိကြချေ၏။

လင်းနောင်က အဆိုအတီးကို တစ်ကျော့ပြန်၍ဝင်သည်။

"ဂေါသဇင်ပင်မင်း အင်ကြင်းရွှေဝါ××× ဂေါသဇင်ပင်မင်း အင်ကြင်းရွှေဝါ××ယင်းမာ××ယင်းမာ×××ကြိုင်လှိုင်ခိုင်လုံးရယ်××× ကြိုင်လှိုင်ခိုင်လုံးရယ်×××ခိုင်လုံးရယ်×××မွှေး×××မွှေး......။

လင်းနောင် အဆိုအတီး ပြီးသွားသည်တွင် အခန်းထဲတွင် လက်ခုပ်သံများ ညံ၍သွားလေတော့၏။ ထိုစဉ် ဧည့်ခန်းဆီသို့ ဦးခိုင်ထွန်း ရောက်လာပြီးလျှင်–

"လက်စသတ်တော့ ငါ့သမီးတွေက ဒီမှာလာပြီး ဆိုတီးနေကြတာကိုးကွဲ့... ဖေဖေလည်း ထင်တော့အထင်သား ခြံစောင့်မင်းလွင်





ကတော့ ပြောပါတယ်။ ဆိုင်းဆရာဆိုလား ရောက်နေတယ်တဲ့။ ဟား ဟား ဟား ဟား..."ဟုပြောလိုက်လေရာ အခန်းဝတွင် ပြုံးတစ်ပြုံးတစ်လုပ်နေကြသည့် ဒေါ်ဓာယုတို့၊ တင်ဝင်းတို့၊ မောင်ပိုက်တို့ လှစ်ခနဲပျောက်သွားကြလေ၏။

"ဟင်...ဖေဖေတောင် ရောက်လာပြီ။ ဒီနေ့ ဖေဖေ့ ကားဆိုက်သံတောင် သတိမထားမိလိုက်ဘူး ဖေဖေရယ်"

မြိုင်က ပြောလိုက်သည်တွင် ဦးခိုင်ထွန်းက ထိုင်ခုံတစ်ခုတွင် ဝင်ထိုင်လိုက်ရင်း–

"ဂီတဆိုတာ ဒီလိုပဲကွဲ့ သမီးရဲ့။ အရာရာကို မေ့သွားနိုင်စွမ်းရှိတယ်ကွဲ့။ စွမ်းအားတစ်မျိုးလို့ ဆိုရမှာပေါ့ကွယ်"

ဦးခိုင်ထွန်းက ပြော၍အပြီးတွင် စန္ဒရားခုံတွင်ထိုင်လျက်ရှိသည့် လင်းနောင်ဘက်သို့ တစ်ချက်လှမ်း၍ ကြည့်လိုက်သည်။

"ဖေဖေ...သူက ညီမလေးခိုင်ကို ပီယာနိုလာသင်ပေးမယ့် စန္ဒရားဆရာ ကိုလင်းနောင်တဲ့ဖေဖေရဲ့။ ကောလိပ်ကျောင်းထွက်တစ်ယောက်ပဲ"

မြိုင်က မိတ်ဆက်ပေးလိုက်လေရာ ဦးခိုင်ထွန်းက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး–

"လက်သံတော့ အကောင်းသားကွဲ့ သမီးရဲ့။ စောစောလေးက ဖေဖေကြားလိုက်ပါတယ်။ အဆိုလည်း တယ်ကောင်းဟော့။ ဒီသီချင်းကို ဖေဖေငယ်ငယ်တုန်းက သိပ်ကြိုက်ခဲ့၊ စွဲလမ်းခဲ့တာပေါ့။ ဒါ့ကြောင့်လည်း သမီးတို့ကို ဒီသီချင်းနာမည်တွေ မှည့်ပေးထားခဲ့တာလေ။ အင်း...မောင်လင်းနောင်က ဖေဖေ့စိတ်ကို သိနေသလိုပါပဲလားကွယ်။ မောင်လင်းနောင်"



www.burmeseclassic.com

"ခင်ဗျာ…ဦး…"

"ဒီမှာ လာထိုင်ပါဦးကွဲ့။ စကားလေးဘာလေး ပြောကြရအောင်"

"ဟုတ်ကဲ့ပါဦး…"

ဦးနိုင်ထွန်းက လင်းနောင်၏ ပုံပန်းသဏ္ဌာန်နှင့် ရုပ်ရည်ကို အကဲခတ်ပြီး မိကောင်းဖခင်၏ သားတစ်ဦးဆိုတာ မှန်းဆနိုင်လိုက်၏။ လင်းနောင်က ဦးနိုင်ထွန်းရှေ့ရှိခုံတွင် ဝင်ထိုင်လိုက်လေသည်။ ထို့နောက် သူ့ရှေ့တွင်ရှိသည့် ဦးနိုင်ထွန်းအား လှမ်းကြည့်ဖြစ်လိုက်သည်။ သည်လူကြီးက အယ်ပတ်ကားတိုက်ပုံတွေ၊ ပိုးပုဆိုးတွေနှင့် နံ့သားသားရှိသည်ကို တွေ့ရှိရ၏။ မျက်နှာတွင် နှုတ်ခမ်းမွေး ကားကားကြီးကြောင့် ထည်ဝါမှုကို ရှိစေပြန်သည်။

လင်းနောင်စိတ်ထဲ ဦးနိုင်ထွန်းကို ကြည့်ပြီး မြင်ဖူးသလိုလို ရှိနေသည်ဟု ထင်မြင်မိလိုက်သည်။ ဘယ်တုန်းကလဲ၊ ဘယ်မှာလဲ… သူ ပြန်စဉ်းစားကြည့်ဖြစ်သည်။ သို့ပေမယ့် ကောင်းစွာမှတ်မိခြင်းမရှိခဲ့။ ဟုတ်ကောဟုတ်ရဲ့လားမသိ။ ထိုစဉ်–

"မောင်လင်းနောင်တို့က ဘယ်ဇာတိလဲကွဲ့"ဟူသော ဦးနိုင်ထွန်း၏အသံကို ကြားလိုက်ရသည်ကြောင့် လင်းနောင်က–

"မြစ်ဝကျွန်းပေါ်ဘက်ကပါ…ဦး"

"မိဘတွေကောကွဲ့။ ရှိကြသေးလား"

"ကျွန်တော်ငယ်ငယ်လေးကတည်းက ဆုံးသွားခဲ့ကြတာလေ။ ကျွန်တော့်ကို အဘိုးနဲ့အဘွားက ပြုစုစောင့်ရှောက်ခဲ့ကြတာပေါ့။ စာပေပညာကိုလည်း အဘိုးဆီက အမွေရတာ ဦး။ အခုတော့ အဘိုးရော၊ အဘွားရော မရှိကြတော့ပါဘူးဦးရယ်"





"ဘဝဆိုတာ ဒီလိုပေါ့ မောင်လင်းနောင်။ ဘယ်သူမှ မွေးကတည်းက ပြည့်စုံလာကြတာမဟုတ်ပါဘူး။ ကိုယ့်ကြိုးစားရှာကန်မှုနဲ့ ဖြစ်လာကြတာတွေပဲ။ တကယ်တော့ တစ်ချိန်က ဦးလည်း လူဆင်းရဲတစ်ယောက်ပါ မောင်လင်းနောင်။ ဒီလိုပဲ ကြိုးစားခဲ့တာပေါ့။ အားမငယ်ပါနဲ့ မောင်လင်းနောင်"

"ဟုတ်ကဲ့ပါခင်ဗျာ…"

ဦးနိုင်ထွန်းက မတ်တတ်ထ၍ ရပ်လိုက်ရာမှ–

"ကဲ…ကဲ…မောင်လင်းနောင်တို့ ဆိုကြတီးကြရစ်ခဲ့ဦး…။ ဦး ရှေ့ဆိုးချိုးလိုက်ဦးမယ်။ ဪ…သမီးကြီးမြို့င်… ဖေဖေတို့အိမ်ကို မောင်လင်းနောင် ရောက်လာခဲ့တာဟာ အိမ်ကိုကျက်သရေရှိစေဖို့၊ ဂီတသံတွေ မြိုင်ဆိုင်စေဖို့ ဖြစ်လာတာပဲသမီးရေ…"ဟု အားရပါးရ ရယ်မောလိုက်ရင်း ညှိစန်းထဲမှ ထွက်ခွာသွားလေတော့သည်။

ထိုသို့ဖြင့် စန္ဒရားဆရာလေး လင်းနောင်သည် 'မြိုင်နန်းရိပ်မြုံ' ဗြကြီးထဲသို့ နေ့စဉ်ရောက်ရှိလေအောင် အကြောင်းက ဖန်လာခဲ့ပါတော့သတည်း။

• • •

www.burmeseclassic.com

# အခန်း(၄)

ခိုင်သည် စန္ဒရားခုံတွင်ထိုင်ကာ အင်္ဂလိပ်တေးသွားတစ်ခုကို တီးခတ်လျက်ရှိ၏။ 'ခိုင်'၏ ပင်ကိုဉာဏ်ကောင်းမွန်မှုကြောင့် သုံးလအတွင်းမှာပင် အတော်လေး တီးခတ်လာနိုင်ပြီဖြစ်၏။

ဂီတသင်္ကေတများကို အလွတ်တီးခတ်လာနိုင်ပြီဖြစ်၏။ 'ထံတျာတေရှင်'မှ အစပြုသည့် မြန်မာသီချင်းကြီးများကိုလည်း ရနေပြီဖြစ်သည်။ ထိုစဉ် ညှော်ခန်းထဲသို့ မြိုင် ဝင်ရောက်လာပြီးလျှင်-

"ညီမလေးခိုင်က ဘယ်ဆိုးလို့လဲ အတော့်ကို တီးနိုင်နေပြီနော်"

ဟု ပြောလိုက်လေရာ ခိုင်က တီးလက်ကို ခဏရပ်ထားလိုက်ပြီး-

"အဲဒါ မမရဲ့ကိုလင်းနောင်ကြီး တော်လို့ပေါ့ မဟုတ်ဘူးလား မမ...ဟိဟိ..."ဟု ပြန်ပြောလိုက်လေသည်။ ထိုအခါ မြိုင်မှာ ပျာပျာသလဲ ဖြစ်သွားရာက-



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့...ဟဲ့ ဘယ်လိုပြောလိုက်တာလဲ နိုင်ရယ်။ မမတို့က ရှိုးရှိုးသားသားပါဟဲ့"ဟု ရှက်သွေးဖြန်းသည့် မျက်နှာလေးဖြင့် ငြင်းချက်ထုတ်လိုက်သည့်တွင် နိုင်က–

"မမမြိုင်ကို သတိထားကြည့်နေမိတာ ကြာပြီသိလား။ အခု တလော မမမြိုင် သိပ်ကိုရွှီးထုတ်တာပဲ။ အဲဒါဘာကြောင့်လဲ မမမြိုင့်ရဲ့။ ကိုလင်းနောင်ကြောင့်မဟုတ်လို့ ဘယ်သူ့ကြောင့်ရမှာလဲ"

"အယ်...ကောင်မလေး ကြည့်စမ်း...ကြည့်စမ်း"

မြိုင်မှာ ရှယ်ရယ်လေးရယ်လိုက်ရင်း နိုင်၏ကျောပြင်ကို လက်သီးဆုပ်လေးဖြင့် ထုမည့်ဟန်အပြင်လိုက်တွင်–

"ရှက်မနေပါနဲ့မမမြိုင်ရယ်...ညီမတို့လည်း မမမြိုင်ကို ကိုလင်းနောင်နဲ့ဆို သဘောတူကြပါတယ်။ ပြီးတော့လည်း မမမြိုင်နဲ့ ကိုလင်းနောင်က သိပ်ရှေ့သွားနောက်လိုက် ညီကြတာပဲ။ စိတ်ကူးမလွဲပါနဲ့ မမမြိုင်ရယ်"

ဟူသောအသံနှင့်အတူ ကြိုင်ဝင်ရောက်လာခြင်း ဖြစ်ပေသည်။ မြိုင်က မျက်စလေးချီလိုက်ပြီးလျှင်–

"ဟော...လာပြန်ပြီလား နောက်တစ်ယောက်။ တော်ကြပါတော့ တော်ကြာ မေမေကြားသွားလို့ ဟုတ်ပေ့ဖြစ်နေပါဦးမယ်ကွယ်"

"နားမေ့ာက်ပြီးသားတောင်ဖြစ်သေး။ မေမေကလည်း သဘောတူလောက်ပါတယ်။ ပါးစပ်များက မောင်လင်းနောင်၊ မောင်လင်းနောင်နဲ့ တနောင်ထဲနောင်နေတာ မမမြိုင်ရဲ့"

"ကဲပါကွယ် မင်းတို့ပြောချင်သလိုသာ ပြောကြပါတော့ မမမြိုင် အရှုံးပေးပါပြီ"

ထိုစဉ်မှာပင် ညှော်စနံ့ဝသို့ လင်းနောင် ရောက်ရှိလာကာ–





"ဟော...ဒီညီအစ်မတွေ ဘာများဖြစ်ကြပါလိမ့်"ဟူသော အသံနှင့်အတူ ညှော်စနံ့ထဲသို့ ဝင်ရောက်၍လာလေသည်။

လင်းနောင်မှာ ပြောက်ပြင်ပိုးပုဆိုးနှင့် လက်ရှည်အကျီအကွက်စိမ်းအစိမ်းနုရောင်ကို ဝတ်ဆင်၍ထားလေ၏။ ဘိုကေကိုလည်း ကြော့နေအောင် ဖြီးသင်ထားလေရာ ရှင်းသန့်ချောမောသည့် ရုပ်ရည်ကို အတိုင်းသား မြင်တွေ့နေရလေသည်။

"ဘာမှမဟုတ်ပါဘူး ကိုလင်းနောင်ရယ်။ ဟိုအကြောင်း၊ ဒီအကြောင်းတွေပါ ဟီဟီ..."

ကြိုင်က ရယ်ရယ်မောမောလေး ပြောလိုက်၏။ မြိုင်က မသိမသာလေး မျက်စောင်းလှမ်းထိုးလိုက်သည်။

"ညီမလေးနိုင်၊ မနေ့ကတက်ပေးခဲ့တဲ့ လက်ကွက်တွေ ကျေညက်နေပြီလား"

လင်းနောင်က စန္ဒရားအနားသွားရပ်ရာမှ မေးလိုက်လေ၏။

"ဟုတ်ကဲ့ အစ်ကိုလင်းနောင်။ နိုင် ရနေပါပြီ"

"ဒါဆိုလည်း တီးပြပါဦး။ နားထောင်ကြည့်ရအောင်"

နိုင်ခေါင်းကလေးညိတ်၍ ပြလိုက်ပြီးနောက် စန္ဒရားလေးလုတ်လေးများကို ကီးခတ်လိုက်လေသည်။ လင်းနောင် သေသေချာချာနားထောင်နေရာမှ–

"ဘယ်သံတွဲလုံးထည့်တီး...ဟုတ်ပြီ...နိုင်က သိပ်ဉာဏ်ကောင်းတာပါလား"

ထို့နောက် သူစန္ဒရားခုံတွင်ဝင်ထိုင်ကာ တီးကွက်အသစ်များကို တက်ပေးနေလေတော့သည်။ မြိုင်က အနားမှနေ၍ လက်ဖက်ရည် ဖျော်တိုက်လိုက်၊ လက်ဖက်သုတ်ကျွေးလိုက်ဖြင့် ရှိနေလေရာ လင်းနောင်က–



www.burmeseclassic.com

www.burmeseclassic.com



"သြော်... မြိုင်ရယ်။ အားနာဖို့တောင် ကောင်းနေပါပြီ။ ကျွန်တော့်အတွက် ဒုက္ခမရှာပါနဲ့လားမြိုင်"

ဟု ပြောလိုက်လေရာ မြိုင်က အသာခေါင်းယမ်း၍ ပြလိုက်ပြီးနောက်–

"ဒုက္ခရှာတာမဟုတ်ပါဘူး ကိုလင်းနောင်... အိမ်ရှင်ကောင်းပီသအောင် မြိုင်က ကျင့်ကြံနေထိုင်နေတာပါ ဟင်းဟင်း..."ဟူ၍ ရယ်ရယ်မောမောလေး ပြောလိုက်လေ၏။ ထိုအခါ အနားတွင် ထိုင်လျက်ရှိသည့် ကြိုင်က–

"ကိုလင်းနောင်ရယ်။ မမမြိုင် စေတနာရှိလို့ ကျွေးတာကို ငြင်းမနေစမ်းပါနဲ့ရှင်"

ဟု ဝင်ပြောလိုက်သည်ကြောင့် မြိုင်၏မျက်နှာမှာ ရှက်သွေးလေးများ ဖြာဝေသွားရလေ၏။ လင်းနောင်မှာ ထိုကဲ့သို့ပင် တစ်နေကုန် တစ်နေ့ခန်းနေထိုင်ကာ ပီယာနိုအတီးသင်ပေးရင်း ကျွေး ဘစားလိုက်၊ မြိုင်တို့၊ ကြိုင်တို့၊ လှိုင်တို့နှင့် စကားပြောလိုက်ဖြင့် ရှိနေခဲ့လေ၏။ လင်းနောင်အား သူငယ်ချင်းများက–

"ဟေ့ကောင်လင်းနောင်...မင်း ပီယာနို သွားသင်ပေးနေတာလား။ ဒါမှမဟုတ် တစ်အိမ်လုံးရဲ့အလုပ်တွေကို သိမ်းကျုံးလုပ်ပေးနေတာများလားကွာ"ဟု နောက်ကြပြောင်ကြသည့်အထိ ဖြစ်ခဲ့ရသည်။ လင်းနောင်ကိုယ်တိုင်လည်း သူတို့၏ မြိုင်နန်းရိပ်မြုံ အိမ်ကြီးတွင် ပျော်မွေ့၍နေမိပြီ ဖြစ်လေ၏။

အထူးသဖြင့်–

မိန်းမချော မိန်းမလှလေး 'မြိုင့်'အပေါ်ဝယ် အကြင်နာပွားနေမိပြီ ဖြစ်တော့သည်။ ထို့ကြောင့်လည်း "ယောကျ်ားကြိုက်တော့ ဆိုက်ဆိုက်လာ"ဟူသော စကားနှယ် သူကျင့်သုံးနေမိခြင်းပါတည်း။





'မြိုင့်'ဘက်မှလည်း သူ့အပေါ်ဝယ် မသိမသာလေး စိတ်ဝင်စားဟန်ပြနေပြီဟု သူတွက်ဆထားခဲ့လေ၏။ မြိုင်၏အကြည့်၊ မြိုင်၏အပြုအမူ၊ မြိုင်၏ အပြောအဆိုလေးများသည် သူ၏ရင်ကို လှိုက်ခုန်စေခဲ့လေ၏။

စင်စစ်တော့ သူနှင့်မြိုင်တို့သည်...

"ဟော...မောင်လင်းနောင် ရောက်နေတာနဲ့ အတော်ပဲဟေ့"

ဦးခိုင်ထွန်း၏ အသံကို ရုတ်တရက် ကြားလိုက်ရလေ၏။ လင်းနောင်၏အတွေးများလည်း ရပ်ဆိုင်းသွားကြလေသည်။

"ဦး မင်းအတွက် အလုပ်ပြောလာခဲ့တယ် မောင်လင်းနောင်... ဦးရဲ့မိတ်ဆွေ နိုင်ငံရေးသမားကြီးတစ်ဦးရဲ့ အကူအညီနဲ့ပေါ့ကွာ"

ဦးခိုင်ထွန်း ကုလားထိုင်မှာဝင်ထိုင်ပြီး အားတက်သရော လှမ်းပြောလိုက်လေ၏။ လင်းနောင်က–

"ဟုတ်လားဦးရဲ့...ဘာအလုပ်များပါလိမ့် ဦး"ဟု စိတ်ဝင်တစားလှမ်းမေးလိုက်သည်တွင် ဦးခိုင်ထွန်းက–

"မန်နေဂျာဆိုပါတော့ မောင်လင်းနောင်ရယ်။ လစာလည်း သုံးရာပေးမယ် ပြောတယ်ကွဲ့။ ဘယ်နှယ့်လဲ သဘောကျရဲ့ မဟုတ်လား မောင်လင်းနောင်ရဲ့"ဟူ၍ ပြန်လည်မေးမြန်းလိုက်လေရာ လင်းနောင်က–

"လစာကတော့ မက်လောက်ပါပေရဲ့ဦးရယ်... လုပ်ငန်းက ဘာလုပ်ရမှာလဲ ဦး"

"မျက်နှာဖြူ ကုမ္ပဏီကြီးတစ်ခုမှာကွဲ့"

"ခင်ဗျာ..."



www.burmeseclassic.com

www.burmeseclassic.com



လင်းနောင်၏ ပြုံးပြုံးပျာပျာ ဖြစ်သွားဟန်ကိုကြည့်ပြီး ဦးခိုင်ထွန်းက–

"ဘာဖြစ်လို့လဲ မောင်လင်းနောင်ရဲ့"

"ကျွန်တော့်ကို ခွင့်လွှတ်ပါဦး။ ကျွန်တော် တိုင်းတစ်ပါးသားရဲ့ အောက်မှာ ကျွန်မခံနိုင်ဘူးခင်ဗျ"

"ဟင်..."

လင်းနောင်၏အသံမှာ ရုတ်ခြည်းပင် မာကျော၍သွားလေ၏။

ဦးခိုင်ထွန်းရော၊ မြိုင့်တို့ ညီအစ်မတစ်တွေပါ လင်းနောင်၏ ထိုမျှအထိ ပြောင်းလဲမှုကို တအံ့တဩဖြင့် ငေးကြည့်နေကြလေသည်။

"ဒီလောကကြီး၊ ဆန္ဒစွဲကြီးမနေစမ်းပါနဲ့ မောင်လင်းနောင်ရယ်။ လူဆိုတာ လိုက်လျောညီထွေ နေတတ်ရမှာပေါ့ကွာ။ ဒီခေတ်၊ ဒီကာလကြီးမှာ သူတို့လက်အောက်မှာ ဝင်မလုပ်လို့ရမလား မောင်လင်းနောင်ရ။ စိတ်ကိုလျှော့မှပေါ့ကွယ်"

ဦးခိုင်ထွန်းက ဖျောင်းဖျပြောဆိုနေလေ၏။ ထိုစဉ် မြိုင်ကလည်း လှမ်း၍ ဖခင်ဖြစ်သူအား–

"ဖေဖေကလည်း လူတစ်ကိုယ် အကြိုက်တစ်မျိုး ဆိုတာလိုပေါ့။ ကိုလင်းနောင်မှ စိတ်မဝင်စားတာကို ဇွတ်ကြီးတိုက်တွန်းမနေပါနဲ့ ဖေဖေရယ်"ဟူ၍ ဝင်ပြောလိုက်လေသည်။

ခိုင်ကလည်း နှုတ်ခမ်းလေးရှုတ်ရှုတ် လုပ်လိုက်ရာက–

"ဟုတ်တယ်ဖေဖေ .အစ်ကိုလင်းနောင် စိတ်မဝင်စားတာဘဲကောင်းတယ်။ တော်ကြာ သမီး ပီယာနိုအသင်ပျက်နေဦးမယ်"ဟူ၍ ပြောလိုက်လေရာ ဦးခိုင်ထွန်းမှာ တဟားဟားရယ်မောလိုက်ပြီးလျှင်–





"ဖေဖေ အရုံးပေးပါပြီ သမီးတို့ရယ်"ဟူ၍ပြောကာ ဧည့်ခန်းထဲမှ ထ၍ထွက်သွားလေတော့သည်။

*　　*　　*

"ချစ်သမျှ...ကို××မြင်းမိုရ်ရွှေတောင်လုံး××သာမလေး××လေးဆူ××ဒီပါ××သီတာ××ရေမြေ××ဆုံးစေတော့လေး××"

"ချစ်သမျှကို..."

အလွန်ပင် သာယာနာပျော်ဖွယ်ရာကောင်းလွန်းလှသည့် သီချင်းသံသည် 'မြိုင်နန်းရိပ်မြုံ'ခြံကြီးထဲဝယ် ထွက်ပေါ်လျက်ရှိနေပေသည်။

သီချင်းနှင့်အတူ စန္ဒရားလက်သံ လက်ကွက်များကလည်း မြိုင်ဆိုင်လွန်းလှပေ၏။ စန္ဒရားခုံတွင်ထိုင်ကာ စိတ်ပါလက်ပါဖြင့် တီးခတ်သီဆိုနေသူမှာ လင်းနောင် ဖြစ်လေ၏။

လင်းနောင် 'မြိုင်နန်းရိပ်မြုံ'ခြံကြီးထဲသို့ ရောက်ရှိလာချိန်ဝယ် အိမ်ပေါက်ဝဝယ် ဒေါ်ဇာယုကြီးက ဆီးပြီးပြောသည်။

"မောင့်လင်းနောင်ရေ...ကြိုင်၊ လှိုင်၊ ခိုင် ညီအစ်မတွေကို သူတို့ဖအေကြီးက ဘယ်ဆိုလားပဲ ခေါ်သွားမကွဲ့။ မြိုင်တော့ အပေါ်ထပ်မှာ ရှိနေပါတယ်"

အချိန်မှာ နေ့တစ်နေ့၏ အလှဆုံးသော အချိန်ဖြစ်သည့် ညနေဆည်းဆာအချိန် ဖြစ်လေသည်။ တစ်ခြံလုံး ရိပ်ရိပ်ဆိုင်းဆိုင်း၊ မှိုင်းမှိုင်းညို့ညို့ဖြင့် ရှိနေလေ၏။

စင်စစ်တော့ သည်နေ့က လင်းနောင် လာရောက်ရသည့်နေ့



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။ မြိုင်၏မျက်နှာလေးကို မြင်တွေ့လိုသည့် စိတ်ဆန္ဒဇောဖြင့် လင်းနောင် ထွက်လာခဲ့ခြင်းဖြစ်သည်။ ယခု မြိုင်ရှိနေသည်ဆိုသောကြောင့် သူ့ညှော်ခန်းထဲမှာ သွားစောင့်နေလိုက်သည်။

စောင့်ရင်းဖြင့် ပျင်းပျင်းရှိလာရာက လင်းနောင်သည် စန္ဒရားခုံပေါ်တွင်ထိုင်ကာ 'ချစ်သမျှကို'ပတ်ပျိုးကို အမှတ်မထင်ဖြင့် ဆိုမိလိုက်ခြင်း ဖြစ်တော့သည်။

"တူပြိုင်××ဂုလှိုင်××စကား့သစ္စာတိုင်××ချစ်လို့ရယ်တဲ့မကုန်××ငြော် ချစ်လို့ရယ်တဲ့မကုန်××× ဝသုန်ဤမြေ××× သိကြားစေ××သက်သေညွှန်း×××"

အနုပညာဆိုကော့လည်း ဈာန်ဝင်စားသွားသည်နှင့် အားလုံးကိုဘာမှ သတိမထားမိပါလေတော့။ သူ စိတ်လွှတ်ကိုယ်လွှတ် တီးခတ်သီဆိုနေပါလေသည်။

'ချစ်သမျှကို'ပတ်ပျိုးကြီး တစ်ပုဒ်လုံး သီဆိုတီးခတ်ဖြစ်လိုက်လေသည်။

"ဟော...ကိုလင်းနောင် ရောက်နေတာကိုး"

စကားသံနှင့်အတူ မြိုင် ဝင်ရောက်၍လာလေသည်။ မြိုင်သည် ရေချိုးပြီးစ ဖြစ်ဟန်တူသည်။ မြိုင့်ထံမှ ရှင်မတောင်သနပ်ခါးနံ့ သင်းသင်းလေး လွင့်ပျံ့လာသည်ကို ရှူရှိုက်ရသည်။

"ဒေါ်စာယုကြီးလာပြောလို့ ကိုလင်းနောင် အောက်မှာရောက်နေတာတော့ သိပါတယ်။ မြိုင် ရေချိုးခေါင်းလျှော်နေလို့ နည်းနည်းလေးကြာသွားတာ..."

"ရပါတယ် မြိုင်ရယ်"

မြိုင်သည် မထိုင်သေးဘဲ စန္ဒရားခုံရှိရာဆီသို့ လျှောက်လာ၏။





လင်းနောင်က မြိုင့်အား မမိုတ်မသုန်ဖြင့် ကြည့်နေဖြစ်၏။ မြိုင်သည် ကောဝါရောင်၊ အပေါ်ကျက်အောက်ဆင်တူ ဝတ်ဆင်ထား၏။ ပိုးသား ပျော့ပျော့အစကို ချုပ်ဝတ်ထားသောကြောင့် မြိုင်၏ ကိုယ်လုံးအလှမှာ ဘင်းတင်းရင်းရင်းဖြင့် ပေါ်လွင်နေပေတော့သည်။ လက်ပြတ်အင်္ကျီဝတ်ခဲ့လှသည့်မြိုင်မှာ ထိုနေ့က ရှားရှားပါးပါးပင် လက်ပြတ်အင်္ကျီဝတ်ထား၏။

ထို့ကြောင့် သူ၏လုံးဝန်းသည့် လက်မောင်းသားများကို မြင်တွေ့ရလေသည်။ မြိုင်၏ လက်မောင်းနှစ်ဖက်စလုံးတွင် မွေးညှင်းနုနုလေးများ စိမ်းညို့စွာ ပေါက်ရောက်လျက်ရှိလေ၏။ မြိုင်မှာ မိန်းကလေးများထဲတွင် အရပ်မြင့်သည့်အထဲ ပါသူဖြစ်ပေရာ သူမ၏ အရပ်အမောင်းမှာ သူမ၏ ရှိုက်ဖိုကြီးငယ်အသွယ်သွယ်နှင့် လိုက်ဖက်ညီလှပေ၏။

ဖွံ့ထွားသောရင်၊ သေးကျဉ်သောခါးနှင့် စွင့်ကားသည့် တင်အလှကို ပိုင်ဆိုင်ထားသည်။ မြိုင်သည် ယခုကဲ့သို့ ဝတ်ဆင်ထားလိုက်သည်တွင် သူမ၏အလှမှာ ထင်လင်းစွာ ပေါ်လွင်နေပေ၏။

လင်းနောင်သည်ပင်လျှင် မြိုင်၏ခန္ဓာကိုယ်အလှကို မည်မျှအထိရှိလိမ့်မည် မထင်ခဲ့။ ခါတိုင်းဆို ထူထဲဖားလျားသော အဝတ်အထည်များကိုသာ ဝတ်ဆင်ထားတတ်သည်ကြောင့် မြိုင်၏ကိုယ်လုံးအလှကို ဖုံးကွယ်ထားသလို ဖြစ်နေခဲ့ရသည်။

ယခုတော့

မြိုင်မှာ ရေချိုးပြီးစလည်းဖြစ်–

ပိုးသားပိတ်စကိုလည်း ဝတ်ဆင်ထားသည်တွင် မြိုင်၏ပကတိကို မြင်တွေ့နေရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မြိုင်သည် ခေါင်းမှဆံပင်များကို မထုံးဖွဲ့ဘဲ ဖားလျားချထားလေရာ ရှည်လျားမည်းမှောင်သည့် ဆံပင်များသည် မြိုင်၏ပေါင်လယ်လောက်တွင် ဝဲ၍နေပေ၏။

မျက်နှာကိုမူ သနပ်ခါးရေကျဲ ပါးပါးလေးလူးထား၏။ ဖြူဝင်းသည့်မျက်နှာလေး ပိုဖြူလာသလိုလိုရှိသည်။

မြိုင်၏ စင်ရော်တောင်မျက်ခုံး၊ ကော့ညွတ်ကွေးသည့် မျက်တောင်၊ သောက်ရှူးကြွယ်သီနှောင် မျက်လုံးတို့ကို မြင်တွေ့ရ၏။ မြိုင်၏မျက်လုံးများမှာ တဖျတ်ဖျတ်တောက်ပ၍ နေလေသည်။

ထို့နောက် ပေါ်လွင်ချွန်မြသည့်နှာတံ၊ ပုံပန်းကျနသည့် နှုတ်ခမ်းစုစုရဲရဲလေးများကြောင့် မြိုင်၏မျက်နှာသည် ငေးကြည့်ချင်စရာကောင်းလောက်အောင် ချောမောလှပ၍ နေပေသည်။

လင်းနောင်သည် မြိုင်အား ငေးမောကြည့်ရှုနေရာမှ မှင်တက်မိသလို ဖြစ်သွားရလေသည်။ ရင်တွေလှိုင်ခုန်၍ လာကြလေသည်။ သူ၏နှုတ်မှ ထွက်ပေါ်လာသည့် စကားသံတို့သည်ပင် တုန်တုန်ယင်ယင်ဖြစ်၍ နေကြလေသည်။

"သိပ်လှနေပါလား မြိုင်ရဲ့"

"အမလေး ကိုလင်းနောင်ရယ်။ မြိုင့်ကိုများ ကြည့်နေလိုက်တာ မမြင်ဖူးတာ ကျနေတာပဲ"

မြိုင်က စန္ဒရားခုံကိုမှီနွဲ့၍ ရပ်လိုက်ရာမှ မျက်လုံးတစ်ချက်ဝေ့ကြည့်ရင်း ပြောလိုက်လေသည်။ လင်းနောင်သည် သူနှင့် နီးနီးကပ်ကပ် လာ၍ရပ်သည့်မြိုင်ကို မော့ကြည့်ကာ အသက်ရှူမှား၍သွားရလေ၏။

မြိုင်၏အလှက 'အသေအချာကြည့်လေ၊ လှလေ'ဆိုသော အလှ





…ပင် ဖြစ်လေသည်။ မြိုင်က လင်းနောင်အား အကြည့်လိုက်တွင် …ကြည့်ချင်း ဆုံစည်းသွားကြလေ၏။

လင်းနောင်မှာ ထိုနေ့က ဘန်ကောက်ပုဆိုး ရေညှိရောင်နှင့် …အင်္ကျီလက်တို အဝါစင်းလေးကို ဝတ်ထားသည်။ ဆံပင်ကိုလည်း …ဘော့စမစ်တစ်တိုက်ကာ နဖူးပြင်အားလုံးပေါ်သည်အထိ နောက်သို့ …န်ပြီးဖြီးထားလေရာ ညီညာသည့်နဖူးပြင်ထက်မှ မဟာနဖူးထောင့် …်းလေးများမှာ ပေါ်လွင်၍နေပေ၏။

မြိုင်က လင်းနောင်၏ယောကျာ်းပီသစွာ ချောမောသည့်ရုပ်ရည်…ို မျက်လုံးမလွှဲသွေဘဲ အသေအချာပင် ကြည့်နေဖြစ်လိုက်သည်။

တစ်ဦး၏ရင်ခုန်သံကို တစ်ဦးကကြားနိုင်လောက်သည့် အနေအထားမှာ ရှိကြလေ၏။ မြိုင်သည် မတ်တတ်ရပ်နေရာမှ အနီးရှိ…ထိုင်ခုံတွင် ထိုင်ချလိုက်ကာ လေသံလေးဖြင့်–

"ကိုလင်းနောင်"

"မြိုင်"

"စောစောက ကိုလင်းနောင်ဆိုသွားတာ ဘာသီချင်းလဲဟင်။ …းထောင်လို့ အကောင်းသားပဲ ကိုလင်းနောင်…နော်"

လင်းနောင်က သက်ပြင်းတစ်ချက်ကို ရှိုက်လိုက်ပြီး–

"သစ္စာတိုင် ပတ်ပျိုးသီချင်းတစ်ပုဒ် မြိုင်ရဲ့။ 'ချစ်သမျှကို'လို့ …ခေါ်တယ်။ အမျိုးသားက သူချစ်သူအမျိုးသမီးလေးကို ဘယ်လောက်…ချစ်တယ်ဆိုတာ ဖွဲ့နွဲ့ပုံခိုင်းပြထားတာတွေကို ဂုဏ်မြောက်လွန်းအောင် …ရေးထားခဲ့တာပဲမြိုင်ရဲ့။ 'ချစ်လို့ရယ်တဲ့မကုန် ဝသုန်ဤမြေ သိကြားစေ…သက်သေညွှန်း'ဆိုတဲ့ စကားတွေဟာ ဘယ်လောက်များလှသလဲလို့ မြိုင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်နော်။ ကိုလင်းနောင်"

"မြိုင်"

"ရှင်"

တစ်ဦးနှင့်တစ်ဦး မမှိတ်မသုန်ဖြင့် ကြည့်ဖြစ်လိုက်ကြသည်။ ပြီးမှ လင်းနောင်က–

"ကိုယ်လည်း အဲဒီလိုမျိုး ရေးတတ်ချင်လိုက်တာ မြိုင်ရယ်။ သိလား"

မြိုင်က မျက်လုံးလေးတစ်ချက်ဝင့်၍ ကြည့်ကာ–

"ဘာလဲ၊ ကိုလင်းနောင်မှာ အဲဒီလိုမျိုး ရေးရမယ့်သူ ရှိနေပြီပေါ့ ဟုတ်လား"

လင်းနောင်က ခေါင်းလေးညိတ်၍ပြလိုက်သည်တွင် မြိုင်က–

"ဘယ်သူလဲဟင် ကိုလင်းနောင်"

"ဘယ်သူရှိရမှာလဲ. မြိုင်ရယ်။ ဟောဒီက မြိုင်ပဲပေါ့"

"ရှင်"

မြိုင် မျက်လုံးလေးအဝိုင်းသားဖြင့် လှမ်းလို့အကြည့်တွင် လင်းနောင်က သူမ၏ ခန္ဓာကိုယ်လေးအား ဆွေ့ခနဲဖြင့် ရင်ခွင်ထဲ ဆွဲသွင်းလိုက်လေတော့သည်။

"အို...ကိုလင်းနောင်...လွှတ်ပါ"

မြိုင်က လင်းနောင်၏ ရင်ခွင်ထဲမှ ဟန်ဆောင်ရုန်းကလေး ရုန်းလျက်ရှိနေလေ၏။ လင်းနောင်က ပို၍တင်းကျပ်စွာ ပွေ့ဖက်ထား လိုက်ရင်း–

"မလွှတ်ဘူးမြိုင်...ကိုယ်လေ မြိုင့်ကို သိပ်ချစ်နေမိပြီ။ သိပ် စွဲလမ်းနေမိပြီ မြိုင်"





"အို..."

မြိုင်၏မျက်နှာပြင်သည် ရှက်သွေးတို့ဖြင့် ရဲရဲနီလျက် ရှိနေချေ သည်။ လင်းနောင်က–

"မြိုင်ကော ကိုယ့်ကို ချစ်တယ်မဟုတ်လားမြိုင်။ ပြောစမ်းပါ မြိုင်ရဲ့...ကိုယ်ကြားချင်လွန်းလို့ပါ"

ဟု တတွတ်တွတ်ပြောဆိုလိုက်ရင်း မြိုင်၏ပါးပြင်နုနုဖက်အား ဘယ်ပြန်ညာပြန် နမ်းရှုပ်လိုက်သည်။ ထို့နောက် သူမ၏တဆတ်ဆတ် တုန်ခါလျက်ရှိသော နှင်းဆီငုံဖူးနှုတ်ခမ်းလေးကို ငုံ့၍နမ်းမည်အပြု တွင်–

"အို...ဖယ်ပါ။ အဲဒီလောက်ကြီး အတင့်မရဲနဲ့လေ။ လူတွေဝင် လာဦးမယ်...လွှတ်ပါကိုလင်းနောင်ရယ်။ ရှက်ကြီးခိုးပါရဲ့"

မြိုင်သည် ရှက်သွေးရဲသည့် မျက်နှာလေးဖြင့် တောင်းပန်နေ လေ၏။ ထိုအခါ လင်းနောင်က–

"ချစ်တယ်လို့ပြောမှ လွှတ်မယ်မြိုင်"

"ဟုတ်တယ်၊ မချစ်ဘဲနဲ့ ဒီလိုကြီးအဖက်ခံပါလိမ့်မယ်၊ အား ကြီးကြီး..."

စကားအဆုံးတွင် မြိုင်က မျက်စောင်းတစ်ချက် လှမ်းထိုးလိုက် လေ၏။ လင်းနောင်မှာ ထိုအဖြေစကားကြောင့် ဝမ်းသာအားရဖြစ်၍ သွားကာ–

"မြိုင်ရယ်...ဒါဆို ကိုယ့်ကိုချစ်တယ်ပေါ့နော်။ ကိုယ် ဝမ်းသာ လိုက်တာ မြိုင်ရယ်"

ပြောရင်းဖြင့် မြိုင်၏မေးဖျားလေးကို လက်တစ်ဖက်ဖြင့် ပင့်၍ ကိုင်ကာ သူငုံ့၍ နမ်းမည်အပြုလိုက်တွင် အိမ်ရှေ့တွင် ကားတစ်စီး ထိုးဆိုက်လာသံကို ကြားလိုက်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ...ကိုယ်တော် အသားယူမနေနဲ့တော့။ တကတဲ အိမ်ရှေ့မှာ ဖေဖေတို့ ရောက်လာကြပြီ"ဟု မြိုင်က မျက်စလေးချီ၍ပြောလိုက်ကာ လင်းနောင်၏ရင်ခွင်ထဲမှ ရုန်းထွက်သွားလေ၏။ ထို့နောက် ထဘီ ပြင်၍စည်းကာ အင်္ကျီအနားများကို ဆွဲဆန့်လျက်ရှိလေသည်။

"သူ တော်တော်ဆိုးတယ်"

မြိုင်က ချစ်မျက်စောင်းလေးတစ်ချက်ဖြင့် လှမ်းကြည့်ပြန်လေ၏။ လင်းနောင် ဣန္ဒြေမပျက်ပင် စန္ဒရားခုံတွင် ဝင်၍ထိုင်လိုက်ကာ ခလုတ်လေးများကို ခပ်ဖွဖွလေး တို့ထိကစားနေလေသည်။

မြိုင်က လင်းနောင်နှင့် ခပ်လှမ်းလှမ်းရှိထိုင်ခုံတွင် အေးအေးဆေးဆေးဟန်ဖြင့် ထိုင်နေလေသည်။ အိမ်ပေါ်သို့ထက်လာကြသည့် ခြေသံများကို ကြားရပြီးနောက်–

"ဟော...မောင်လင်းနောင် ရောက်နေတာကိုးကွဲ့"

ဟူသော အသံနှင့်အတူ ဦးခိုင်ထွန်း ပေါ်၍လာလေ၏။

"ဟုတ်ကဲ့ဦး...ကျွန်တော်လည်း ပျင်းပျင်းရှိတာနဲ့ လျှောက်လာခဲ့တာဦး"

လင်းနောင် တရိုတသေဖြင့် ပြန်ဖြေလိုက်၏။

"ဦးတို့က ပါတီပွဲတစ်ခုကို သွားကြတာကွယ့်။ ကဲကဲ...သမီးနဲ့ စကားပြောကြဦး...ဦးလည်း အဝတ်အစား သွားလဲလိုက်ဦးမယ်"

"ဟုတ်ကဲ့ပါ ခင်ဗျ"

ဦးခိုင်ထွန်းထွက်သွားပြီး မကြာမီမှာပင် ဧည့်ခန်းထဲသို့ ကြိုင်၊ လှိုင်၊ ခိုင် ညီအစ်မသုံးဖော် ပြုံးစိစိမျက်နှာထားဖြင့် ဝင်ရောက်လာကြလေသည်။ ခိုင်က–





"အစ်ကိုလင်းနောင် ရောက်နေတာကြာပြီလား"ဟု လှမ်းမေးလိုက်သည်တွင် လင်းနောင် ခေါင်းခါလိုက်ပြီးနောက်–

"သိပ်မကြာသေးဘူးခိုင်...ခိုင်တို့တွေ ဘယ်သူမှမရှိကြတာနဲ့ ဟောဟိုကမြိုင်နဲ့ နှစ်ယောက်ထိုင်စကားပြောနေကြတာ"

"ကောင်းတာပေါ့ အစ်ကိုလင်းနောင်ရယ်။ နော့...မဟုတ်ဘူးလား မမမြိုင်"

"ကောင်မလေးနော်"

ကြိုင်၊ လှိုင်၊ ခိုင် ညီအစ်မသုံးဖော်တို့ တခစ်ခစ် ရယ်မောလိုက်ကြလေ၏။ မြိုင်က သူမ၏ညီမများအား မျက်စောင်းတခဲခဲဖြင့် ရှိနေလေတော့သည်။ လင်းနောင် ထိုင်ရာမှ ထရပ်လိုက်ပြီးလျှင်–

"မြိုင်...ကိုယ်သွားတော့မယ်နော်"ဟု နှုတ်ဆက်ကာ ဧည့်ခန်းထဲမှ ထွက်လာလိုက်သည်။ ကြိုင်တို့၊ လှိုင်တို့၊ ခိုင်တို့ကို သူနှုတ်မဆက်ဖြစ်တော့။

ကောင်မလေးတွေက အလွန်ပင် အစအနောက်သန်ပုံရလေ၏။ သူလည်း 'မြိုင့်'ရှေ့မှာဖြစ်သောကြောင့် မျက်နှာထူပူကာ အားတုံ့အားနာဖြစ်လာသောကြောင့် ထပြန်ခဲ့ခြင်းဖြစ်၏။

အပြင်တွင် လမ်းမီးများ လင်းလက်နေကြပြီဖြစ်၏။ သူဗျိုင်းရေအိုးစင်လမ်းဘက်ဆီသို့ လျှောက်၍လာခဲ့ကာ ထိုနေရာမှနေ၍ မြို့ထဲသို့ ဘတ်စ်ကားစီးကာ ပြန်လာခဲ့သည်။

သူ၏ရင်ထဲဝယ် 'မြိုင်'၏မေတ္တာကို ရရှိလိုက်ပြီဖြစ်သဖြင့် မိတီလှိုင်းဂယက်လေးများ ပြည့်လျှံလာအောင် ထလျက်ရှိကြလေသည်။

"မြိုင်ရယ်...ကိုယ်ဟာ မမီတဲ့ပန်းကို တုံးခုလို့လှမ်းတဲ့အဖြစ်မျိုးများလားကွယ်။ ကိုယ့်အခြေအနေနဲ့ မြိုင်တို့နဲ့က အတော်ကွာလှမ်း



www.burmeseclassic.com

www.burmeseclassic.com



နေကြတာပဲ။ မြို့င်တို့က လူချမ်းသာတွေ ကိုယ်က...ကိုယ်က...”

လင်းနောင်သည် ထိုစိတ်အတွေးမဆုံးမီမှာပင် မျက်လုံးတွေ အရောင်ပြောင်းလဲ၍သွားကြလေ၏။

ဖိတ်ဖိတ်လက်၍လာလေသည်။ အေးစက်မာကျော၍ လာလေသည်။

အမှန်ဆို သူတို့မိသားစုလည်း လူချမ်းသာဖြစ်စေနိုင်သည့် အခွင့်အရေးမျိုး ရရှိခဲ့ကြသည်။

သို့ပေမယ့်..

‘တောက်...’ဟူသော နာကြည်းစွာဖြင့် ထွက်ပေါ်လာသံကို လင်းနောင်ထံမှ ကြားလိုက်ရလေ၏။

လင်းနောင်၏အတွေးတို့ ဝေဝါးလျက် ရှိနေကြလေသည်။ အတိတ်လွင်ပြင်ဆီသို့ ပြန်လည်၍ စိတ်ရောက်လျက်ရှိလေ၏။

ထို့ကြောင့်–

သူသည် သူနေထိုင်ရာ ဘရတ်ကင်း(ဘိုကလေးဈေးလမ်း)လမ်းရှိ အိမ်ခန်းသို့ ပြန်ရောက်သည်နှင့် အိမ်ထဲသို့ ကပျာကယာဝင်ရောက်လာကာ သူ့ခုတင်အောက်တွင် ထားရှိသည့် သံသေတ္တာလေးအား ဆွဲထုတ်လိုက်လေ၏။ ထို့နောက် သေတ္တာကိုဖွင့်ကာအထဲမှ စာအုပ်လေးတစ်အုပ်ကို ထုတ်ယူလိုက်လေ၏။

စာအုပ်လေးမှာ အတော်ပင်ဟောင်းနွမ်းနေပြီဖြစ်ပေရာ နှစ်တွေ မနည်းကြာခဲ့ပြီဆိုတာကို ဖော်ပြနေသည်သို့ ရှိလေ၏။ စာအုပ်လေးမှာ ‘ဒိုင်ယာရီ’စာအုပ်လေး ဖြစ်လေ၏။

စာအုပ်အဖုံးပေါ်တွင် နာမည်တစ်ခုကို ရေးထိုးထားလေသည်။ ထိုနာမည်မှာ ‘ရေချမ်း’ဟူသော နာမည်ဖြစ်လေ၏။





လင်းနောင် မျက်မှောင်တစ်ချက်ကုတ်လိုက်ပြီး စာအုပ်လေးထဲမှ ဓာတ်ပုံတစ်ပုံကို ထုတ်ယူလိုက်၏။

ဓာတ်ပုံမှာ မိသားစုသုံးဦး ရိုက်ကူးထားသည့်ပုံ ဖြစ်လေသည်။ ဖခင်ဖြစ်သူမှာ အသက်သုံးဆယ်ကျော်ကျော်၊ လေးဆယ်ဝန်းကျင်ခန့် ရှိပုံရပြီး မိခင်ဖြစ်သူမှာ အသက်သုံးဆယ်ခန့်ဟု ထင်မှတ်ရပေသည်။

သူတို့နှစ်ယောက်၏ အလယ်တွင် သူတို့၏ သားငယ်လေး တစ်ယောက် ရပ်လျက်ရှိ၏။ ထိုကလေးမှာ အသက်ငါးနှစ်၊ ခြောက်နှစ် အရွယ်လောက် ရှိပေမည်။ ဓာတ်ပုံထဲတွင် မိသားစုသုံးယောက်စလုံး ရယ်ရယ်မောမော၊ ပြုံးပြုံးရွှင်ရွှင်ဖြင့် ရှိကြပေသည်။

လင်းနောင်သည် ထိုဓာတ်ပုံလေးကို လက်တစ်ဖက်ဖြင့်ကိုင်၍ ကြည့်နေရာမှ မျက်ရည်များရစ်ဝဲ၍ လာကြလေသည်။ စာအုပ်လေးကို လှန်၍ ဖတ်မည်ပြင်လိုက်ပြီးတော့မှ မဖတ်ဖြစ်တော့။

စင်စစ်တော့–

သူ ဖတ်စရာလည်း မလိုအပ်ပါတော့ချေ။ အကြောင်းမှာမူ သူသည် ထိုစာအုပ်ထဲတွင်ပါရှိသည့် အကြောင်းအရာမှန်သမျှတို့အား ‘၏၊ သည်၊ ၍’ မလွဲ အလွတ်ကျေညက်နေသောကြောင့်ပင် ဖြစ်ပါသတည်း။

လင်းနောင်သည် ဓာတ်ပုံကို အသေအချာစူးစိုက်၍ကြည့်ရာက–

“အဖေ သားကိုခွင့်လွှတ်ပါအဖေ...သား အခုလို ချစ်သူရှာလိုက်တာဟာ သားရဲ့ရည်ရွယ်ချက် ပျက်သွားတာမဟုတ်ပါဘူး။ သားရဲ့ ရည်ရွယ်ချက် ပြည့်ဝဖို့အတွက် သား ဆက်လက်ကြိုးပမ်းနေမှာပါ အဖေရယ်”ဟူ၍ ဆွေးမြည့်စွာဖြင့် ပြောလိုက်ပါတော့သတည်း။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း(နှစ်)

www.burmeseclassic.com

www.burmeseclassic.com

"အဲဒီတော့ အိုင်ပီရယ်...
အခု လှိုင်သိုဟဲ့ မိန်းကလေးကို
သတ်ပြီးတဲ့အခါမှာလည်း လူသတ်သမားဟာ
စာတန်းကို သွေးနဲ့ရေးခဲ့ဦးမှာပဲ အိုင်ပီရဲ့
ဒီတစ်ခါ ဘယ်လိုရေးမလဲဆိုတော့
"ပန်ပြာခွက်နဲ့ ကျောက်စက်ရေ" လို့
ရေးခဲ့လိမ့်မယ် အိုင်ပီရဲ့"

အိုင်ပီဦးဒီပါသည် စုံထောက်ရန်ပိုင်အား
တအံ့တသြဖြင့် လှမ်းကြည့်လိုက်ကာ...

# အခန်း(၁)

တစ်နေ့သ၌ အင်းစိန်စီအိုင်ဒီ ရုံးဝင်းအတွင်းတွင် ဖွင့်လှစ်ထားသည့် ကာကာလက်ဖက်ရည်ဆိုင်လေးထဲဝယ် စုံထောက်ကျော်တစ်စုတို့သည် စုဝေးကာ ထိုင်လျက်ရှိကြပြီး လက်ဖက်ရည်သောက်ခြင်း၊ ရေနွေးကြမ်း အဖန်တလဲလဲတောင်းခြင်း၊ ရောက်တတ်ရာရာတွေ ပြောဆိုနေကြခြင်းဟူသော လွန်စွာအရေးပါလှသည့် အလုပ်ကြီးအကိုင်ကြီးများကို လုပ်လျက်ရှိနေကြပေသည်။

အချိန်မှာ နံနက်ကိုးနာရီသာသာခန့်ရှိကာ စုံထောက်မင်းကြီးလည်း ရောက်ရှိနေပြီဖြစ်လေ၏။ သို့ရာတွင် ယခုတလော အမှုအခင်းများ နည်းပါးလှသောကြောင့် စုံထောက်မင်းကြီး 'မစ္စတာကရစ်ပင်'လည်း 'အိုးဂေါ့...အိုး...ငရဲ..."ဟူသော အသံများနှင့် ကင်းဝေးနေလေရာ ရာသီဥတုမှာ အထူးပင်ကောင်းမွန်လျက်ရှိပေ၏။ ထို့ကြောင့်ပင် အိုင်ပီဦးဒီပါ၊ အိုင်ပီလှတိုး၊ အိုင်ပီစိုင်းမြင့်၊ အိုင်ပီ



www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်ဝင်း အစရှိသူတို့မှာ ကာကာဆိုင်တွင် စိတ်အေးလက်အေး ကျောက်ချ၍ နေထိုင်ကြခြင်းပင် ဖြစ်တော့သည်။

ယခုလည်း အိုင်ပီဦးဒီပါသည် ဆေးပြင်းလိပ်ကို ဖွာလိုက်ပြီးနောက်-

"အင်း..ကျုပ်တို့လူကြီးကို သတိရတယ်ဗျာ"

ဟူ၍ အဆက်အစပ်မရှိ ပြောလိုက်လေသည်။ ထိုအခါ စုံထောက်ကျော်မြင့်က-

"ဘယ်သူ့ကိုပြောတာလဲ အိုင်ပီရဲ့"ဟူ၍ လှမ်းမေးလိုက်သည်တွင် ဦးဒီပါက ဆေးပြင်းလိပ်ကိုခဲလျက်သားဖြင့် စုံထောက်ကျော်မြင့်အား မျက်လုံးတစ်ချက်ခွေ၍ကြည့်ကာ-

"ဟော့ကောင်ကျော်မြင့်ရ...ဘာမေးနေစရာ လိုသေးလို့လဲကွာ။ ငါတို့စီအိုင်ဒီရဲ့ အကျော်အမော် စုံထောက်ရန်ပိုင်ကို ပြောတာပေါ့ကွ။ ကိုရန်ပိုင်ကလွဲလို့ ဘယ်သူရှိရဦးမှာလဲ"

ဟု မကျေမချမ်းဖြင့် ပြန်ပြောလိုက်လေ၏။

အိုင်ပီဝင်းမြင့်က ရေနွေးကြမ်းငုံ့သောက်နေရာမှ-

"ဟုတ်ပါရဲ့ ဦးဒီပါရယ်။ ဘာလိုလိုနဲ့ ကိုရန်ပိုင်သွားတာ သုံးလေးလလောက်တော့ ရှိပြီထင်ရဲ့"ဟု ဝင်ပြောလိုက်သည်တွင် အိုင်ပီလှတိုးက-

"အေးဗျ...တော်တော့ တော်ပါသေးရဲ့။ ဒီလူ စီအိုင်ဒီမှာ ရှိမနေတုန်း အမှုကြီးတွေမဖြစ်ခဲ့လို့ ကျုပ်တို့နာမည်မပျက်တာ ဟဲဟဲ"

ဟု ပခုံးတစ်ဖက်တွန့်ကာ ပြောလိုက်လေသည်။

ထိုအခါ စုံထောက်ရန်ပိုင်အပေါ်ဝယ် မနာလိုမရှုဆိမ့် အမြဲဖြစ်နေကာ ပြိုင်ဘက်တစ်ယောက်နှယ် သတ်မှတ်ထားသည့် အိုင်ပီ





ဉာဏ်ဝင်းက မျက်နှာကြီးကို ရှုံ့မဲ့လိုက်ပြီးလျှင်-

"ခင်ဗျားတို့နဲ့တော့ ခက်တော့တာပါပဲဗျာ။ 'ဘုန်းကြီးရှူးနဲ့ လေ့လူး'ဆိုတာလိုတော့ ဖြစ်နေပြန်ပါပြီ။ တစ်ခါလာလည်း စုံထောက်ရန်ပိုင်၊ စုံထောက်ရန်ပိုင်နဲ့ ကြားရတာ နားကြားပြင်းကတတ်လိုက်တာဗျာ။ ဒီမယ်အိုင်ပီတို့ရဲ့...ဓါးကွက်လောက်တော့ ငှက်တိုင်းလှတယ်ဆိုတာ မှတ်ထားကြပေတော့ဗျာ"ဟို အသားလွတ်ကြီး ပြောချလိုက်လေရာ အိုင်ပီဦးဒီပါက သူ၏ကြီးမားကျယ်ပြန့်လှသည့် လက်ဝါးကြီးဖြင့် စားပွဲခုံကို ဝုန်းခနဲနေအောင် ပုတ်လိုက်ပြီးနောက်-

"ဒီမယ်အိုင်ပီဉာဏ်ဝင်းရဲ့... 'လူပြောမသန်၊ လူသန်မပြော' ဆိုတာ ကြားဖူးမှာပေါ့။ ပါးစပ်ကလေးနဲ့တော့ လူတိုင်းတတ်ကြတာပေါ့ အိုင်ပီဉာဏ်ဝင်းရယ်...တကယ်လက်တွေ့လုပ်တော့မှ အလွဲလွဲအချော်ချော်တွေ ဖြစ်တော့တာကိုးဗျ။ ယုန်တောင်ပြေး၊ ခွေးမြောက်လိုက်တာ ဖြစ်တော့တာကိုးဗျ။ ဟဲဟဲ...ဒီမယ်ကိုဉာဏ်ဝင်း ကျုပ်တို့စီအိုင်ဒီရဲ့သက်တမ်းတစ်လျှောက်လုံးမှာ ခင်ဗျားဖော်ထုတ်နိုင်ခဲ့တဲ့အမှု ဘယ်နှမှုများရှိခဲ့ပါသလဲဗျာ။ ပြောစမ်းပါဦးဗျ... ဟဲ ဟဲ ဟဲ..."

ဟု ပြောလိုက်လေရာ အိုင်ပီဉာဏ်ဝင်းမှာ အနာပေါ်တုတ်ကျသွားသည့်နှယ် အခံရခက်၍သွားရာမှ မျက်နှာကြီးရှုပ်ပုပ်ဖြင့်-

"ဒါတော့ အိုင်ပီဦးဒီပါရယ်...ကျုပ်မှ အစွမ်းပြခွင့် မကြုံခဲ့သေးတာကိုးဗျ။ လူဆိုတာ အလှည့်သင့်မှ အစွမ်းပြနိုင်ပေမှာပေါ့"ဟု အတွန့်တက်လိုက်လေ၏။

"ဟုတ်ပါတယ် ကိုဉာဏ်ဝင်းရယ်...အိုင်ပီဉာဏ်ဝင်းရယ်"ဟူ၍ ငေါ်တော့တော့ ပြောလိုက်သည့်တွင် အိုင်ပီဉာဏ်ဝင်းမှာ ကာကာလက်ဖက်ရည်ဆိုင်လေးထဲမှ ဘောက်ဆတ်ဘောက်ဆတ်လုပ်ကာ



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားလေ၏။ ကုန်ရစ်ခဲ့ကြသည့် စုံထောက်ကျော်များမှာ အိုင် ဉာဏ်ဝင်းကိုကြည့်ကာ ရယ်မော၍ နေကြလေတော့သည်။ အိုင် တင်ဝင်းက–

"အိုင်ဆေးဦးဒီပါ... ကျုပ်တို့လူကြီး ဆပ်စ်ဖိုင်း အချခံရတ ဘယ်လောက်ပါလိမ့်"ဟု မေးလိုက်သည်တွင် ဦးဒီပါက–

"ခြောက်လလေဗျာ။ ခင်ဗျားတို့လည်း သိကြမှာပေါ့။ မင်းကြီး ရှိင်းရှိင်းစိုင်းစိုင်း ပြန်ပြောလို့ဆိုပြီး အထက်အညာကျေးက 'ခင်ဦး ဆိုတဲ့မြို့ကလေးကို ပို့ပစ်လိုက်တာလေဗျာ။ အင်း...ကျုပ်တို့ ကိုရန်ပ ကလည်း သူမှန်တယ်လို့ထင်ရင်တော့ စုံထောက်မင်းကြီး မစွတ ကရစ်ပင်ကို မဆိုထားနဲ့ ဘုရင်ခံထိတောင် တက်ပြောမယ့်အစား ကိုတင်ဝင်းရ"

ဟု ဆိုလိုက်လေရာ အိုင်ပ်တင်ဝင်းကလည်း ခေါင်းတွင်တွ ညိတ်လိုက်ရာမှ–

"ဟုတ်ပါ့ဦးဒီပါရယ်...ကိုရန်ပိုင်လို လူမျိုးကတော့ တကယ် ရှားမှရှားပါဗျာ။ အရည်အသွေးစိတ်ဓာတ်၊ ဥပဓိရုပ်ရည် ဘာမှ အပြစ်ပြောစရာ မရှိတဲ့သူပါဗျာ။ ဒီလူ နှလောက်ဆို 'ခင်ဦး'မှ ပျင်းရှိနေရောပေါ့"

ဟု ပြောလိုက်လေလျှင် အိုင်ပီဦးဒီပါက ဆေးတံကို လ တစ်ဖက်ဖြင့် ခါထုတ်နေရာမှ–

"မဟုတ်ဘူး အိုင်ပီတင်ဝင်းရေ... တစ်လောလေးက ကျုပ် ကိုရန်ပိုင်ဆီက စာတစ်စောင် ရောက်လာသဗျ။ စာထဲမှာ ဘာ ရေးထားသလဲဆိုတော့ သူ ခင်ဦးမှာနေရတာ သိပ်ကိုချမ်းမြေ့ပါတ တဲ့ဗျ။ တောတောင်ရေမြေ ရှုခင်းလေးတွေကိုကြည့်ပြီး စိတ်သ





သစ်တွေ ဖြစ်လာတယ်တဲ့ဗျာ။ ဒါ့ကြောင့် သူ့ကို ခင်ဦး ဆပ်စ်ဖိုင်း လိုက်တဲ့ မင်းကြီးကို ကျေးဇူးတင်ပါတယ်တဲ့ဗျ။ တကယ်လို့ သူ့ကို င်သက်လုံး ပြန်မခေါ်တော့ရင်တောင် သူကန့်ကွက်မှာ မဟုတ်တော့ ဘူးတဲ့ဗျာ"

ဟု ပြောလိုက်လေရာ ကြားရသည့် စုံထောက်ကျော်အပေါင်း မှာ ဝိုင်းဝန်းရယ်မောလိုက်ကြပါသတည်း။

"ဟားဟားဟား ကိုရန်ပိုင်...ကိုရန်ပိုင် ကျလည်းကျတဲ့လူဗျာ။ ဆိုဒီလူ ခင်ဦးက မပြန်တော့ဘူးပေါ့ ဟုတ်လားဦးဒီပါ"

အိုင်ပီဝင်းမြင့်က မေးလိုက်သည်တွင် ဦးဒီပါက–

"ပြောတာပါပဲဗျာ။ ကျုပ်တော့ ကံဆိုးမိုးမှောင်ကျပြီ ထင်ပါရဲ့ ..."

ဟု ညည်းညူလိုက်လေရာ အိုင်ပီလှတိုးက–

"ဘာဖြစ်လို့ ကံဆိုးမိုးမှောင်ကျရမှာလဲ အိုင်ပီကြီးရဲ့"

ဟု နားမလည်သလိုဖြင့် လှမ်းကြည့်ရင်း မေးလိုက်ပြန်လေရာ ပီဦးဒီပါက–

"ခင်ဗျားတို့အားလုံးလည်း သိကြတဲ့အတိုင်းပဲလေဗျာ...စီအိုင်ဒီ ကျုပ်နာမည်ကောင်းရနေတာဟာ ကျုပ်ရဲ့ အစွမ်းအစကြောင့် ဟုတ်ဘဲ စုံထောက်ရန်ပိုင်ရဲ့ ပံ့ပိုးပေးမှုတွေကြောင့်ဆိုတာတွေကို သဗျာ"

ဟု ဝန်ခံပြောဆိုလိုက်သည်တွင် အိုင်ပီလှတိုးက–

"ကလေးကအစ သိနေကြတာပဲ အိုင်ပီကြီးရယ်"

ဟူ၍ ခပ်တည်တည်ဖြင့် စလိုက်လေရာ တဝါးဝါးပွဲကျသွား ပြန်လေ၏။ အိုင်ပီဦးဒီပါက သူ၏ ဝဖြိုးကြီးမားလွန်းသည့် ခန္ဓာ ယ်ကြီးကို နေရာရွှေ့၍ ထိုင်လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တော့ ကောင်းကောင်းကိုမရယ်နိုင်ဘူး အိုင်ပီတို့ရယ်။ ဗွ…မပြောကောင်းမဆိုကောင်း ခုနေခါများ အမှုကြီးကြီးဖြစ်လိုက်လို့ကတော့ ကျုပ်ငိုချင်းချရမယ့်ကိန်းပါပဲဗျာ။ ဘာတဲ့ ဖိုးစိန်ကြီးငိုသလိုသာ 'အကြံခက်ပါသနော်… စုံထောက်ရန်ပိုင်မရှိတဲ့ အရေးရယ်ကြောင့် အမယ်လေး ကျုပ်တို့ ဘာမှမတတ်နိုင်ဘဲ…မတတ်နိုင်ကြပါဘဲ… အဲ…အဲ…"လို့သာ ငိုလိုက်ချင်တော့တာပါပဲဗျာ"

ဟူ၍ သံနေသံထားနှင့်ပါ ဆိုပြလိုက်သည်တွင် အားလုံးရယ်မောလိုက်ကြပေ၏။

"ဟား ဟား ဟား ဟား ဦးဒီပါက ဒါတွေလည်း ရတာကိုးခင်ဗျ။ ဒါနဲ့များ စုံထောက်အဖွဲ့ထဲ ဝင်လာရသေးတယ်ဗျာ။ ဟား ဟား ဟား…"

စုံထောက်ကျော်များ ရယ်မော၍မဆုံးခင်မှာပင် ရုံးစေလေးမောင်ဘတူ ကပျာကယာဖြင့် ရောက်ရှိလာပြီးလျှင်–

"ဆရာတို့…ဆရာတို့…ဆရာတို့ကို မင်းကြီးက အခုချက်ချင်းလာခဲ့ကြပါတဲ့"ဟု ပြောလိုက်လေရာ အားလုံးထလိုက်ကြပြီးလျှင်–

"ဘုရားကယ်တော်မူပါ"

"အိုး ဂေါ့…"

"ငရဲ"

ဟူသော စကားများနှင့်အတူ မင်းကြီး၏ရုံးခန်းဆီသို့ သုတ်ခြေတင်ကာ အပြေးအလွှား သွားရောက်နေကြလေတော့သည်။

မင်းကြီး၏ အခန်းထဲသို့ရောက်သည်နှင့်ပင် မင်းကြီးက–

"လူကလေးတို့ ဖောလင်း…ဖောလင်း…"ဟူသော စကားကို နှာခေါင်းကြီးနီလျက်သားဖြင့် တွင်တွင်ကြီး ပြောနေလေ၏။





စုံထောက်မင်းကြီး မစ္စတာကရစ်ပင်၏ မျက်နှာကိုကြည့်ကာ ဘစ်စုံတစ်ရာတော့ဖြစ်ပြီဟု စုံထောက်ကျော်များက ထင်မြင်လိုက်ကြသည်။

သူတို့အားလုံး တန်းစီ၍ပြီးသွားသည်တွင် မင်းကြီးက–

"လူကလေးတို့၊ ဗဟန်းအပိုင် ငါးထပ်ကြီးနားမှာ လူသတ်မှုဖြစ်တယ်လို့ ဗဟန်းဂါတ်တဲက လှမ်းဖုန်းဆက်တယ်။ အဲဒါ လူကလေးတို့အားလုံး အမြန်လိုက်သွားကြပေတော့…"

ဟု ပြောလိုက်လေသည်တွင် စုံထောက်ကျော်တစ်စုတို့က သံပြိုင်ဖြင့်–

"ကောင်းပါပြီ မင်းကြီး"ဟု ပြန်ပြောလိုက်ကြလေ၏။ မင်းကြီးက ဆက်လက်၍ ပြောပြန်သည်မှာ–

"အသတ်ခံရတာ ဘယ်သူ…။ ဘာ့ကြောင့် အသတ်ခံရတယ်။ ပြီးတော့ ဘယ်သူက သတ်သွားတာလဲဆိုတာ တစ်ခါတည်းဖော်ထုတ်နိုင်အောင် ကြိုးစားခဲ့ကြ လူကလေးတို့"

"ကောင်းပါပြီ မင်းကြီး…"

စုံထောက်မင်းကြီး မစ္စတာကရစ်ပင်သည် အိုင်ပီဦးဒီပါအား လက်ညှိုးထိုးလိုက်ပြီးလျှင်–

"လူကလေးမောင်ဒီပါ…။ လူကလေး ဒီအမှုကို ဖော်ထုတ်နိုင်အောင် ကြိုးစားပါ။ ဘယ်လိုလဲ လူကလေးမောင်ဒီပါ ရက်စ်အော်နိုး…"

အိုင်ပီဦးဒီပါက အယောင်ယောင်အမှားမှားဖြင့်–

"နိုးမင်းကြီး…ဆော့ရီး…ရက်စ်ရက်စ်မင်းကြီး"ဟူ၍ ပြန်ပြောလိုက်သည်ကြောင့် စုံထောက်ကျော်များ ပြုံးစိစိဖြစ်သွားကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလူကလေးတို့...သွားကြပေတော့"

"ဟုတ်ကဲ့ပါ မင်းကြီး"

စုံထောက်ကျော်များက ဆလု အသီးသီးရိုက်လိုက်ကြပြီးနောက် မင်းကြီး၏အခန်းထဲမှ အလျှိုအလျှိုဖြင့် ထွက်သွားကြလေတော့သည်။

မကြာမီမှာပင်–

ပို့ဒ်ကားတစ်စီးနှင့် အော်စတင်အေဖော်တီး ကားလေးတစ်စီး တို့သည် စုံထောက်ကျော်များကိုတင်ဆောင်ကာ စီအိုင်ဒီဝင်းအတွင်းမှ မောင်းနှင်ထွက်ခွာသွားကြလေတော့သည်။

* * *

'မြိုင်နန်းရိပ်မြုံ' ခြံကြီး၏ရှေ့တွင် လူတွေရုတ်ရုတ်သဲသဲဖြစ်၍ နေလေသည်။ အုတ်အော်သောင်းတင်းဖြင့်လည်း တစ်ယောက်တစ် ပေါက် ဆူညံစွာဖြင့် ဝေဖန်ပြောဆိုလျက် ရှိကြလေ၏။

"သူဌေးကြီးဦးခိုင်ထွန်း အသတ်ခံလိုက်ရတယ်ဆို"

"ဟုတ်တယ်။ သူ့ရဲ့စာဖတ်ခန်းထဲမှာ၊ ရင်ဝမှာ ဓားတန်းလန်း စိုက်ပြီး သေနေတာတဲ့ကွ"

"ဒီလောက်တောင် သဘောမနော ကောင်းလွန်းတဲ့ လူကိုများ ကွာ။ ဘယ်လိုသကောင့်သားက လုပ်ကြံသတ်ဖြတ်သွားပါလိမ့်"

"ဒါတော့ကွာ သူ့အကြောင်းနဲ့သူ ရှိကြလို့နေမှာပေါ့။ ဘယ်သူမှ တော့ အဖျော်တမ်း လူသတ်မယ်မဟုတ်ပါဘူး။ လောကကြီးထဲမှာ ငါတို့မသိသေးတာတွေက အများကြီးလေကွာ။ တစ်ခါတစ်ရံမှာ လူတစ်ယောက်ကို အပြင်ပန်းကကြည့်ပြီး ဆုံးဖြတ်တာတွေဟာ





အင်မတန်မှားယွင်းတတ်တယ်ကွ။ ဥပမာကွာ 'မြိုင်နန်းရိပ်မြုံ' ရဲ့ ခြံကြီးရှင်သူဌေးကြီးခိုင်ထွန်းက ငါတို့လိုရပ်ကွက်ထဲက ဆင်းရဲသား တွေကို ပေးကမ်းဝေငှ စွန့်ကြဲတာနဲ့ပဲ ငါတို့က သူ့ကို လူကောင်း တစ်ယောက်လို့ သတ်မှတ်ရတော့မှာလားကွ။ စေတနာသဒ္ဓါတရား အလွန်ကောင်းမွန်တယ်လို့ ဆိုရတော့မှာလား။ ဒါက အခု သူ့ရဲ့ လုပ်ရပ်ကွ။ သူဟာ တစ်ချိန်က ဘာလုပ်ခဲ့တယ်ဆိုတာ ငါတို့လည်း သိနိုင်ကြတာမှ မဟုတ်တာကွာ။ ဒီတော့ကွာ သူ့သဘောသူဆောင် တယ်လို့ပဲ သဘောထားလိုက်ကြတာပေါ့"

"ဟုတ်ပါပြီကွာ...ဟုတ်ပါပြီ"

ဦးခိုင်ထွန်း အသတ်ခံလိုက်ရသည်ဆိုသော သတင်းသည် ငါးထပ်ကြီးဝန်းကျင်တွင် တမုဟုတ်ချင်းပျံ့နှံ့၍သွားကာ 'မြိုင်နန်း ရိပ်မြုံ' ခြံကြီးဆီသို့ ယောက်ျားမိန်းမ အပျိုအအို ကလေးသူငယ်များပါ မကျန် အပြေးအလွှား ရောက်လာကြလေ၏။

"ဟယ်...ဦးခိုင်ထွန်းကြီး သနားပါတယ်ဟယ်"

"ဟုတ်ပါရဲ့ကောင်မရယ်...သူတော်ကောင်းကြီးကိုမှ လုပ်ရက် တယ်ဟယ်...ကျွတ်...ကျွတ်.."

"ပစ္စည်းလိုချင်လို့ ဖြစ်မှာပေါ့ဟဲ့"

"ပြောတတ်ပါဖူးဟယ်"

"လာဟေ့...ခြံထဲဝင်ကြည့်ကြရအောင်"

လူအုပ်စုသည် ခြံဝတွင် ပြုံတစ်ပြုံတစ်လုပ်လျက် ရှိကြလေရာ အပေါက်ဝတွင် စောင့်လျက်ရှိသော ဗဟန်းဂါတ်တဲမှ ပုလိပ်သားလေး သည် လက်မှာကိုင်စွဲထားသည့် နံပါတ်တုတ်ကို တရွှယ်ရွှယ်ဖြင့်–

"ဟိတ်...အားလုံး နောက်ကိုဆုတ်လိုက်ကြစမ်း။ လူသတ်မှု



www.burmeseclassic.com

www.burmeseclassic.com



ရပါတယ်ဆိုမှ 'မျောက်ပွဲများပြနေတယ် မှတ်နေလားမသိဘူး။ ခြံထဲဝင်ဖို့ စိတ်ကူးမနေကြနဲ့။ တစ်ခါတည်း ဆွဲထည့်ပစ်လိုက်မယ်။ ဘာမှတ်နေလဲ မသိဘူး"ဟု ခြိမ်းခြောက်လိုက်လေရာ သုံးလေးဆယ်ခန့်ရှိ လူအုပ်စုမှာ အနည်းငယ် နောက်သို့ရှဲသွားကြလေ၏။

"ဝေးဝေးဆုတ်...ဝေးဝေးဆုတ်...အတော်လေးနေရင် စီအိုင်ဒီက စုံထောက်ကြီးတွေ ရောက်လာကြတော့မှာ...ကိုယ်နဲ့လည်း ဆိုင်တာမဟုတ်ဘဲနဲ့ အလကားလာရှုပ်နေကြတယ်။ ကျောင်းမှန်းကန်မှန်းသိအောင် ပြမှနဲ့တူရဲ..."

ပုလိပ်သားလေးသည် အခွင့်အရေးရရှိခိုက် အာဏာပါဝါတွေပြလျက်ရှိလေ၏။ ထိုအခါ လူအုပ်စုထဲမှ မိန်းမကြီးတစ်ယောက်က–

"အမယ်လေးတော်...ကြက်တူရွေးကတော်တော် မယ်ဘော်ကကဲဆိုတာ ဒါမျိုးပေါ့"ဟူ၍ မကြားတကြားပြောလိုက်လေရာ အားလုံးဝိုင်း၍ ရယ်မောလိုက်ကြလေ၏။

"ဟိတ်ကြစမ်း ငြိမ်ကြစမ်း... ဟိုမှာတွေ့လား။ စီအိုင်ဒီက ကားတွေ လမ်းထဲဝင်လာနေပြီ"

ဗဟန်းဂါတ်တဲမှ ပုလိပ်လေးက လက်ညွှန်ပြရင်း ပြောလိုက်လေ၏။

ကင်းဘဲလ်လမ်း(ယခုဒါးထပ်ကြီးဘုရားလမ်း)ထဲသို့ အော်စတင်ကားလေးနှစ်စီးတို့က ရှေ့ဆင့်နောက်ဆင့် ဝင်ရောက်၍လာကြ၏။ မကြာမီမှာပင် 'မြိုင်နန်းရိပ်မြုံ' ခြံဝသို့ရောက်ရှိလာကာ စက်ရှိန်သတ်လိုက်ကြစဉ် ပုလိပ်သားလေး ကပျာကယာဖြင့် ပြေးကပ်၍သွားကာ–

"ဆရာတို့ရောက်လာကြပြီကိုး... လူသတ်မှုဖြစ်တာ ဟောဟိုအိမ်ကြီးပေါ်မှာဂါ ဆရာတို့...အဲဒီမှာ ကျွန်တော်တို့ ဗဟန်းဂါတ်က





ဥာနာအုပ်ကြီးဦးသက်ဆွေ ဆရာတို့ကို စောင့်ကြိုနေပါတယ်ဆရာတို့။ ကျွန်တော်ကတော့ ဗဟန်းဂါတ်က စာသင်ပုလိပ်လေး မောင်ဘကျော်ပါခင်ဗျာ"ဟု ပြောဆိုလိုက်လေရာ ရွှတ်တီးရွှတ်နောက် ပြောဆိုရာတွင် ဝါသနာထက်သန်လှသည့် အိုင်ပီလှတိုးက–

"ယူအာကလဲဗားမင်း၊ ဘဲရီးဂွဒ် လူကလေးမောင်ဘကျော်"ဟူ၍ စုံထောက်မင်းကြီးမစ္စတာကရစ်ပင်၏လေသံကို တု၍ပြောလိုက်လေရာ ကားလေးထဲတွင် လိုက်ပါလာကြသည့် အိုင်ပီတင်ဝင်း၊ အိုင်ပီဝင်းမြင့်နှင့် အိုင်ပီဦးဒီပါတို့မှာ တဝါးဝါးဖြင့် ရယ်မောလိုက်ကြပေသည်။

ရှေ့မှကားတွင် အိုင်ပီဦးဒီပါ၊ အိုင်ပီလှတိုး၊ အိုင်ပီတင်ဝင်းနှင့် အိုင်ပီဝင်းမြင့်တို့ လိုက်ပါလာကြပြီး နောက်မှကားပေါ်တွင် အိုင်ပီဉာဏ်ဝင်း၊ အိုင်ပီထက်ခေါင်နှင့် အိုင်ပီဦးမိုးသာတို့ လိုက်ပါလာကြပေသည်။ အိုင်ပီဦးဒီပါတို့၏ကားလေး ခြံဝမှာရပ်နေသဖြင့် နောက်မှနေ၍ ဟွန်းသံတတီတီပေးလျက် ရှိလေသည်။

အိုင်ပီဦးဒီပါက ဆေးပြင်းလိပ်ကို မီးညှိလိုက်ရင်း–

"ကောင်းပြီ မောင်ဘကျော်။ ခြံထဲကို လူစိမ်းလုံးဝ အဝင်မခံ ..."

'စိတ်ချပါ ဆရာကြီးခင်ဗျ..."

ပုလိပ်သားလေးက ဆလုရိုက်၍ အလေးပြုလိုက်လေသည်။ ဦးဒီပါတို့ကားလေး ခြံထဲသို့ မောင်းဝင်လာလေသည်။

"အိမ်ကြီးက ဟိုးလို့ပါလား"

အိုင်ပီဝင်းမြင့်က နှစ်ဆောင်ပြိုင်အိမ်ကြီးကို ဖျတ်ခနဲကြည့်ကာ ပြောလိုက်၏။ အိမ်ကြီး၏ ဆင်ဝင်အောက်တွင် ရိုင်ဖယ်သေနတ်ကိုင်ဆောင်ထားသည့် ပုလိပ်နှစ်ယောက် အဆင်သင့် စောင့်ကြပ်လျက်



www.burmeseclassic.com

www.burmeseclassic.com



ရှိကြလေ၏။ ကားထိုးရပ်လိုက်သည်နှင့် ဦးဒီပါတို့လူစု အလုအယက် ဆင်းသက်လိုက်ကြသည်။

"စီအိုင်ဒီက ဆရာတို့ထင်ပါရဲ့။ အိမ်ပေါ်ကို ကြွကြပါခင်ဗျာ။ အခင်းဖြစ်တာ အိမ်အပေါ်ထပ်မှာပါ"

ပုလိပ်သားလေးတစ်ယောက်က တရိုတသေဖြင့် လှမ်းပြောလိုက်လေသည်။ ထို့ကြောင့် ဦးဒီပါက ရှေ့မှနေ၍ဦးဆောင်ကာ ခံ့ညားထည်ဝါလှသည့် လှေကားကြီးပေါ်သို့ တက်ရောက်လာခဲ့လေသည်။ အိမ်ကြီးပေါ်သို့အရောက် လှေကားဝတွင်ရပ်ကာ ရုပ်ရည်ရူပကာယ တင့်တယ်လှပသော မိန်းကလေးတစ်ဦးက–

"ကြွကြပါရှင်...ကြွကြပါ...အင်းစိန်စီအိုင်ဒီက စုံထောက်မင်းတွေ ကြွလာမယ်ဆိုလို့ ကျွန်မမျှော်နေတာပါရှင်။ လူသတ်သမားဟာ ဖေဖေ့ရဲ့ နှလုံးသားတည့်တည့်နေရာကို ရက်ရက်စက်စက် ဓားနဲ့ ထိုးသတ်သွားတာပါရှင်။ လူသတ်သမားကို မိအောင်ဖမ်းဆီးပေးကြဖို့ ကျွန်မ တောင်းပန်ပါတယ်ရှင်"ဟု ပြောလိုက်ရာမှ 'အင့်'ခနဲ ငိုကြွေးလိုက်လေသည်။

အိုင်ပီတင်ဝင်းတို့လူသိုက် ထိုမိန်းမချောလေးအား တအံ့တသြဖြင့် ကြည့်ရှုလျက်ရှိကြပေ၏။ အိုင်ပီဦးဒီပါက လူကြီးပီပီ ဖျောင်းဖျပြောဆိုလိုက်သည်။

"မငိုပါနဲ့မိန်းကလေးရယ်...သူ့ကံပါလို့ ဖြစ်ရတယ်လို့ပဲ သဘောထားမှ ဖြေသာပေလိမ့်မယ်ကွဲ့။ ဒါ့ကြောင့်မို့လည်း မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးက 'သဗ္ဗေသတ္တာ ကမ္မသကာ'လို့ ဟောကြားတော်မူခဲ့တာ မဟုတ်လားကွဲ့။ ဦးတို့လည်း စိတ်မကောင်းပါဘူး မိန်းကလေးရယ်"





"ကျွန်မလည်း တရားနဲ့ဖြေပါတယ်ဦးရယ်။ ဒါပေမဲ့ ဘယ်လိုမှ ဖြေဆည်မရနိုင်ဘူးရှင်။ ဖေဖေ့အဖြစ်က ဆိုးရွားလွန်းလှပါတယ်ရှင်"

"ဦးတို့ အဲဒီအခင်းဖြစ်နေရာကို သွားကြမယ်မိန်းကလေး"

"ဟုတ်ကဲ့ပါရှင်"

သူမသည် မျက်ရည်စများကိုသိမ်းကာ နှစ်ဆောင်ပြိုင်အိမ်ကြီး၏ တစ်ဖက်ခြမ်းဆီသို့ အိုင်ပီဦးဒီပါတို့လူစုအား ခေါ်ဆောင်သွားလေ၏။ အိမ်ကြီးမှာ အဆောင်အဆောင်အခန်းခန်းဖြင့် ကြီးကျယ်ခမ်းနားစွာ ဆောက်လုပ်ထားခြင်းဖြစ်၏။ ဟိုဘက်ဆောင်နှင့်သည်ဘက်ဆောင် အတော်ပင် ကွာလှမ်းသည်ကို တွေ့ရ၏။

"ကျွန်မတို့ ညီအစ်မလေးယောက်က ဒီဘက်အခြမ်းမှာ နေကြတယ် ဦးရဲ့..."

"သြော်..."

"ဖေဖေက တစ်ယောက်တည်း သီးခြား ဟိုဘက်အခြမ်းမှာ နေတာလေ။ အိမ်ကြီးက ကြီးမားကျယ်ပြန့်လွန်းအားကြီးတော့ ဟိုဘက်မှာ ဘာတွေဖြစ်တယ်ဆိုတာ ကျွန်မတို့ မကြားသိခဲ့ရပါဘူးရှင်။ ပြီးတော့ ညက မိုးကလည်း သဲသဲမဲမဲရွာသေးတယ် မဟုတ်လားရှင်"

"ဟုတ်တယ်မိန်းကလေး။ ညက သန်းခေါင်ကျော်လောက်မှာ မိုးရွာခဲ့တယ်"

အိုင်ပီဦးဒီပါနှင့် သူမတို့ စကားတပြောပြောနှင့် လျှောက်လာနေကြ၏။ သူမက မျက်လွှာလေးချကာ–

"ကျွန်မနာမည်က 'မြိုင်'တဲ့ရှင့်။ ညီအစ်မလေးယောက်ထဲမှာ အကြီးဆုံးပါရှင်။ ကျွန်မအောက်မှာက ကြိုင်၊ လှိုင်၊ ခိုင်ဆိုပြီး ရှိကြပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



မြိုင်မှာ ပြောရင်းဆိုရင်းဖြင့် စကားအရှိန် ရလာဟန်တူသည်။

"ဗဟန်းဂါတ်တဲက ဌာနာအုပ်ဆိုတာ ရောက်နေပြီ။ ခြံထဲက လူတွေကို စစ်မေးနေပါတယ်ဦး"

"ဟုတ်လား မြိုင်"

သူတို့သည် အခန်းပေါင်းများစွာကို ကျော်ဖြတ်ပြီးနောက် မြိုင်သည် တွေတွေလေးရပ်ကာ လက်ညွှန်ပြလိုက်ပြီးလျှင်-

"ဖေဖေ အသတ်ခံရတာ အဲဒီအခန်းထဲမှာပါပဲ။ ကျွန်မ မကြည့်နိုင်တော့ပါဘူးရှင်။ အောက်ထပ်ဧည့်ခန်းကပဲ စောင့်ပါတော့မယ်"ဟု မျက်လုံးအဝိုင်းသားဖြင့် ပြောလိုက်ကာ အိမ်ကြီး၏ လေသာဆောင်ဘက်သို့ လျှောက်သွားလေ၏။ မြိုင် ခပ်လှမ်းလှမ်းသို့ ရောက်ရှိသွားသည်တွင် အိုင်ပီဝင်းမြင့်က-

"ဖအေသေလို့ ပူဆွေးသောကဖြစ်နေတာဘောင် လှနေရက်သေးပါလား အိုင်ပီတို့ရယ်...ကျုပ်ဖြင့် သူ့ကို သနားတာနဲ့ပဲ ဒီအမှုကို ပေါ်အောင်ဖော်ထုတ်တော့မယ်ဗျာ"

ဟု ပြောလိုက်လေရာ အိုင်ပီတင်ဝင်းက ပြုံးစိစိဖြင့် လှမ်းကြည့်လိုက်ရင်း-

"ဟုတ်ပါ့မလား ကိုယ့်လူရယ်။ တရားခံဖမ်းတယ်ဆိုတာ စိတ်ကူးထဲမှာတော့ အလွယ်သားဗျ...ဟဲဟဲ"

ဟု ရယ်မောရင်း နောက်ပြောင်လိုက်လေ၏။ ထိုအခါ အိုင်ပီဝင်းမြင့်မှာ ရှုံ့ရှုံ့ရှဲရှဲဖြင့် ဒေါသထွက်၍သွားကာ-

"ဒီလောက်အထင်သေးလှတာ စောင့်ကြည့်နေကြ...။ ဝင်းမြင့် ဘာကောင်လဲဆိုတာ သိစေရမယ်။ စီအိုင်ဒီမှာ စုံထောက်ရန်ပိုင်တစ်ယောက်ပဲ အစွမ်းအစရှိတာမှ မဟုတ်တာဗျာ"





ဟု စကားကြီးစကားကျယ်တွေ ပြော၍နေလေတော့သည်။ စုံထောက်ကြီးဦးဒီပါက သူ၏လူများကို တစ်ချက်ဝေ့၍ ကြည့်လိုက်ရာမှ-

"ကဲ...အားလုံးရယ်ဒီ။ အပြောလေးတွေလျှော့ပြီး အလုပ်လေးတွေနဲ့ သက်သေပြနိုင်ဖို့အတွက် သူဌေးကြီးဦးခိုင်ထွန်း ဘယ်လို အသတ်ခံထားရတယ်ဆိုတာ ကြည့်လိုက်ကြစို့ရဲ့"

ဟုဆိုကာ သူ၏ပူထွက်နေသော ဗိုက်ကြီးကို မနိုင့်တနိုင်ဖြင့် သယ်ဆောင်ကာ အိပ်ပုံအိပ်ပုံဖြင့် စာကြည့်ခန်းအတွင်းသို့ ဝင်ရောက်သွားပါတော့သတည်း။

အခန်း၏အတွင်းဝယ် မြင်တွေ့လိုက်ရသည်မှာ-

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

"**ဘုန်းတော်ကြီးလို့ သက်တော်ရှည်** ဆိုပါလား အိုင်ပီတို့ရဲ့"

အိုင်ပီတင်ဝင်းက နံရံပေါ်တွင် သွေးဖြင့်ရေးသားထားသည့် စာတန်းကို လှမ်းဖတ်ရင်း ပြောလိုက်ခြင်းဖြစ်၏။

စာကြည့်ခန်းမှာ အတော်ပင် ကျယ်ဝန်းလှပေ၏။

အခန်းကျယ်ကြီးထဲတွင် စားပွဲကုလားထိုင်များကို ခင်းကျင်းထားသည်။ နံရံကပ်ဗီရိုကြီးထဲတွင် စာအုပ်များကို အစီအရီဖြင့် ထားရှိသည်ကို မြင်တွေ့ရလေ၏။ စာကြည့်ခန်းမှာ နှစ်ဆောင်ပြိုင် အိမ်ကြီး၏ အတွင်းဘက်တွင် ပြုလုပ်ထားခြင်းကြောင့် ပြတင်းပေါက်များ တပ်ဆင်ထားခြင်း မရှိပါချေ။

သို့ရာတွင် မျက်နှာကြက်များ လေးငါးနေရာခန့်တွင် ပန်ကာကြီးများကို တပ်ဆင်၍ထား၏။ အခန်းထဲတွင် မီးခလုတ်များကို ဖွင့်၍ထားခြင်းကြောင့် လင်းရှင်းစွာဖြင့် မြင်တွေ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြင်ရသည်က ရင်တုန်စရာကောင်းလွန်းလှသည့် အနိဋ္ဌာရုံ မြင်ကွင်းတစ်ခုဖြစ်လေသည်။ မဟော်ဂနီရောင် ပြောင်လက်တောက်ပနေသော စာရေးစားပွဲကြီး၏နောက်ဝယ် ကျောမှီပါရှိသည့် ကုလားထိုင်ကြီးတစ်လုံး ရှိ၏။ ထိုကုလားထိုင်ကြီးပေါ်ဝယ် ခွေခေါက်ခေါက် အနေအထားဖြင့် လူကြီးတစ်ယောက် သေဆုံးနေခြင်းဖြစ်လေသည်။ ထိုလူကြီး၏ ဝဲဘက်ရင်အုံတွင် ဓားမြှောင်တစ်ချောင်း စိုက်ဝင်လျက်ရှိ၏။ ထိုဒဏ်ရာမှသွေးများသည် စီးကျလာကာ ကြမ်းပြင်တစ်လျှောက် အိုင်ထွန်း၍နေပေသည်။ ထိုလူကြီး တစ်ကိုယ်လုံးမှာလည်း သွေးတို့ဖြင့် ခြင်းခြင်းနီနေပေသည်။

ထိုလူကြီးမှာ 'မြိုင်နန်းရိပ်မြုံ'၏အရှင်သခင် သွင်းကုန်ထုတ်ကုန် ကုမ္ပဏီကြီးကို ပိုင်ဆိုင်ထားရှိသည့် သူဌေးကြီးဦးခိုင်ထွန်းပင် ဖြစ်ပါသတည်း။ ဦးခိုင်ထွန်းမှာ အပြင်မှပြန်ရောက်လာပြီး အဝတ်အစား မလဲရသေးခင် အသက်ခံရဟန်တူသည်။ ရွှေတောင်ပိုးပုဆိုး၊ ရင်ဖုံးအင်္ကျီ မရမ်းစေ့ရောင်တို့ကို ဝတ်ဆင်၍ထား၏။ သက်ရှိထင်ရှားရှိစဉ်က သူ၏ခံ့ထည်လွန်းသည့် နှုတ်ခမ်းမွေးကားကားကြီးမှာ 'ကုပ်' လျက်ရှိပေသည်။

"အင်း… ဒီလူကြီးမသေခင်မှာ အတော်လေး မချိမဆံ့ခံစားသွားပုံရတယ်"

အိုင်ပီလှတိုးက အလောင်း၏ရှေ့တည့်တည့်တွင် ဒူးထောက်၍ ထိုင်ချလိုက်ရင်း မှတ်ချက်ပြုလိုက်ပေရာ အိုင်ပီဝင်းမြင့်က ဟက်ခနဲ တစ်ချက်ရယ်မောလိုက်ပြီးလျှင်–

"ဟုတ်မှလည်းပြောပါ ကိုလှတိုးရယ်။ ဓားနဲ့နှလုံးသားကို အထိုးခံရတာ မချိမဆံ့ မခံရဘဲနေ့မလားဗျာ၊ ဟင်း ဟင်း"





ဟူ၍ ပြောလိုက်လေ၏။ စုံထောက်ကျော်တို့သည် ဦးခိုင်ထွန်း၏ အလောင်းအား အသေးစိတ် ကြည့်ရှုလေ့လာလျက် ရှိနေကြပေ၏။

အိုင်ပီကြီးဦးဒီပါမှာမူ အလောင်းနှင့်ခပ်လှမ်းလှမ်းတွင် ရပ်နေရာမှ ဆေးပြင်းလိပ်ကို ဖိ၍ဖွာရှိုက်နေလေသည်။

ဗဟန်းဂါတ်မှ ပုလိပ်လေးက ဦးဒီပါအနားသို့ မဝံ့မရဲဖြင့် ဘိုးကပ်၍လာကာ–

"ကျွန်တော် အလောင်းကို ခြေရာလက်ရာမပျက်အောင် အထူးဂရုပြုနေပါတယ် ဆရာကြီး"ဟု ပြောလိုက်သည်တွင် ဦးဒီပါက–

"လူကလေးတော်တယ်…အရေးအကြောင်းရှိရင် ကျုပ်ဆီလာခဲ့။ ထောက်ခံစာကောင်းကောင်း ရေးပေးလိုက်မယ်"ဟု အတည်ပေါက်နှင့် ပြောလိုက်သည်တွင် ပုလိပ်သားလေးမှာ အလေးထပ်တလဲလဲပြု၍ မဆုံးပါလေတော့။

အိုင်ပီဝင်းမြင့်က စားပွဲရှေ့တွင် ကုလားထိုင်တစ်လုံးရှိနေခြင်း၊ စားပွဲပေါ်တွင် သောက်လက်စစီးကရက်ကို သုံးလေးခုတွေ့ရှိရခြင်းများကြောင့် မျက်မှောင်ကုတ်လိုက်ရင်း–

"ကိုယ့်လူတို့…လူသတ်သမားနဲ့ ဦးခိုင်ထွန်းတို့ဟာ အချင်းမဖြစ်ပွားမီမှာ ထိုင်ပြီးစကားပြောခဲ့ကြတယ်ကွ။ လူသတ်သမားဟာ 'စတိုင်လို'စီးကရက်ကို သောက်လေ့ရှိပုံရတယ်။ ဟောဒီမှာကြည့် တွေ့ကြလား"

ဟုပြောလိုက်ကာ စီးကရက်တိုလေးများအား အိုင်ပီလှတိုးနှင့် အိုင်ပီတင်ဝင်းတို့အား လှမ်းပေးလိုက်လေ၏။

အိုင်ပီတင်ဝင်းက ရယ်ကျဲကျဲလုပ်လိုက်ရင်း–

"အင်း… ကျုပ်တို့ ကိုဝင်းမြင့်တော်မှ အတွေးအခေါ်တွေ



www.burmeseclassic.com

www.burmeseclassic.com



အတော်တိုးတက်လာပါလားဗျ'ဟု ပြောလိုက်သည်တွင် အိုင်ပီဝင်းမြင့်မှာ တဟဲဟဲဖြင့် သဘောကျ၍နေလေတော့သည်။

ထိုစဉ် ဦးဒီပါက အလောင်းရှိရာသို့ တစ်လှမ်းချင်းလျှောက်၍လာကာ–

“ဟုတ်ပြီကိုဝင်းမြင့်...ခင်ဗျားပြောသလိုမျိုး လူသတ်တရားခံဟာ သေသူဦးခိုင်ထွန်းနဲ့ မျက်နှာချင်းဆိုင်မှာ ထိုင်ပြီးစကားပြောခဲ့သေ တယ်ဆိုရင် သူနဲ့ ဦးခိုင်ထွန်းကြားမှာ စားပွဲခုံကြီးတစ်ခုလုံး ခံနေတာ ဘယ်လိုလုပ်ပြီး ဓားနဲ့လှမ်းထိုးမလဲဗျ”

ဟု မေးလိုက်လေရာ အိုင်ပီဝင်းမြင့်မှာ–

“ဗျာ...ဟို...ဒါတော့...အင်း အဲ...”ဟူ၍ တောက်တဲ့ကြီး လည်းနင်းခံရသလို ဖြစ်သွားလေ၏။ ထိုစဉ် အိုင်ပီညာဏ်ဝင်းတို့လူ အခန်းထဲသို့ ဝင်ရောက်၍လာကြကာ–

“အမယ် လူသတ်သမားက သဲလွန်စ ချန်သွားခဲ့တာပါလား ကျုပ်တို့နဲ့ ပညာစမ်းချင်တဲ့သဘောလား မသိဘူး။ ကြည့်လိုက်ကြစမ်း ကိုယ့်လူတို့ နံရံမှာရေးသွားတဲ့ စာတန်းက 'ဘုန်းတော်ကြီးလို့ သက်တော်ရှည်'ဆိုပါလားဗျ”

ဟု အိုင်ပီညာဏ်ဝင်းက ပြောလိုက်သည်တွင် အိုင်ပီဦးမိုးသာက–

“ဒါဆိုရင်တော့ ကိုညာဏ်ဝင်းရဲ့ ဒီအမှုထဲမှာ ဘုန်းကြီးတွေများ ပါဝင်ပတ်သက်နေမလားပဲဗျ”

ဟု ပြောလိုက်ပြန်လေရာ အိုင်ပီညာဏ်ဝင်းက စီးကရက်တစ်လိပ်ကိုထုတ်၍ ဟန်ပါပါဖြင့် သောက်လိုက်ပြီးလျှင်–

“သက်ရှိက်ဒ်...ပေါ့စစ်ဘယ်လ်...အိုင်ပီဦးမိုးသာ”

ဟူ၍ ဗိုလ်ဆန်ဆန်ပြန်ပြောလိုက်လေသည်။ အိုင်ပီဦးဒီပါက မကြားတကြားဖြင့်–





“အင်း... ဘုန်းကြီးရှုးနဲ့လေ့လူးတော့ တွေ့နေကြပြန်ပြီ”ဟု ပြောလိုက်လေသည်။ အိုင်ပီညာဏ်ဝင်းသည် ဦးခိုင်ထွန်း၏အလောင်းအား အမျိုးမျိုးအဖုံဖုံလှည့်ပတ်၍ ကြည့်ရှုနေလေ၏။ တချို့နေရာများတွင် မှန်ဘီလူးကိုထုတ်ယူ၍ ကြည့်နေလေ၏။

“ဘာတွေ ထူးခြားတာတွေ့လဲ အိုင်ပီညာဏ်ဝင်းရဲ့ ပြောပါဦး”

အိုင်ပီညာဏ်ဝင်းက ဦးဒီပါအား ခေါင်းခါ၍ပြလိုက်ရာက–

“ဟင်း...ဒီတစ်ခါတော့ မင်းကြီးရဲ့ရှေ့မှာ ကျုပ်မျက်နှာပန်းလှပြီပေါ့ဗျာ။ လူသတ်တရားခံကို ကျုပ်အမြန်ဆုံး ဖော်ထုတ်နိုင်ပါလိမ့်မယ်ဦးဒီပါ။ ခင်ဗျားတို့ စောင့်ကြည့်နေကြပေါ့”ဟု စီးကရက်ကိုခရင်း လက်မထောင်၍ ပြောလိုက်သည်တွင် ဦးဒီပါက–

“ဘယ်လို ဖော်ထုတ်မယ်ဆိုတာယဲ ပြောပြဦးမှပေါ့ ကိုညာဏ်ဝင်းရယ်။ ကျုပ်တို့လည်း နည်းနာယူရတာပေါ့ဗျာ မဟုတ်ဘူးလား။ ကိုလှတိုးတို့၊ ကိုတင်ဝင်းတို့ရဲ့”

ဟု လှမ်းအဖော်ညှိလိုက်ရာ အိုင်ပီလှတိုးနှင့် အိုင်ပီတင်ဝင်းတို့ကလည်း အတိုင်အဖောက်ညီစွာဖြင့်–

“ဟုတ်တာပေါ့ခင်ဗျာ။ သိပ်ဟုတ်တာပေါ့”ဟူ၍ သံပြိုင်ဖြေလိုက်ကြလေ၏။

ထိုအခါ အိုင်ပီညာဏ်ဝင်းမှာ သွေးနားထင်ထိ တက်ဆောင့်သွားပြီးလျှင်–

“ဒီလိုဗျ...မသိရင် မှတ်ထားကြပေတော့။ ခင်ဗျားတို့က စုံထောက်ရန်ပိုင်မှ စွမ်းတယ်ထင်နေတာကိုဗျ. ဟင်းဟင်း။ ဒီလိုဗျ ဒီလို... လူသတ်သမားက နံရံကိုသွေးနဲ့ရေးသွားခဲ့တာက 'ဘုန်းတော်ကြီးလို့ သက်တော်ရှည်'ဆိုတဲ့ စာတန်းပဲ ဟိုမှာကြည့်ကြလေဗျာ။ သွေးဟာ



www.burmeseclassic.com

www.burmeseclassic.com



ဒီစာတန်းကို အဓိပ္ပာယ်မဲ့ ရေးသွားတာမဟုတ်ဘူးဗျ။ အတိတ်စိမ်းသဘောမျိုးနဲ့ ရေးသွားခဲ့တာပဲ။ ကျုပ်က အဲဒီစာတန်းထဲက မလိုအပ်ဘူးထင်ရတဲ့ 'တော်'တွေကို ဖြုတ်ကြည့်လိုက်တယ်။ အဲဒီအခါမှာ 'ဘုန်းကြီးလို့သက်ရှည်'ဆိုတာပဲ ရတော့တယ်။ တစ်ခါ 'လို့'ကို ဖြုတ်လိုက်တော့ 'ဘုန်းကြီးသက်ရှည်'ပဲ ကျန်တော့တာပေါ့။ လူသတ်တရားခံဟာ သက်ရှည်လို့အမည်ရတဲ့ 'ဘုန်းကြီးလူထွက်'တစ်ယောက်ဖြစ်ပါလိမ့်မယ်။ အဲဒီတော့ ကျုပ်က ခုချိန်ကစပြီး 'ဘုန်းကြီးလူထွက်သက်ရှည်'ဆိုတဲ့လူတွေကို ပိုက်စိပ်တိုက်ပြီး ဖမ်းဆီးတော့မယ်လေ"

ဟု ရှင်းပြပြောဆိုလိုက်သည်တွင် အိုင်ပီဦးဒီပါတို့ လူစုမှာ တဝါးဝါး တဟားဟား ရယ်မောလိုက်ကြလေ၏။

"ဘာလဲ ခင်ဗျားတို့က ကျုပ်ကိုဆိုရင် လှောင်ချင်ပြောင်ချင်ရတာနဲ့ တွေ့ကြသေးတာပေါ့ဗျာ။ သွားမယ်။ တရားခံသွားဖမ်းတော့မယ်"

အိုင်ပီဉာဏ်ဝင်းသည် ဒေါနှင့်မောနှင့်ပြောဆိုကာ သူ့လူများကိုခေါ်ဆောင်ပြီး အချင်းဖြစ်ပွားရာ အခန်းထဲမှ ထွက်ခွာသွားလေတော့သည်။ အိုင်ပီဦးဒီပါတို့လူစုမှာ ရယ်မော၍မဆုံးနိုင်အောင် ရှိနေကြပါသတည်း။

* * *

"ကိုယ်စိတ်မကောင်း ဖြစ်ရပါတယ်မြိုင်ရယ်...ဦးလေး ဦးခိုင်ထွန်း အခုလိုအဖြစ်ဆိုးနဲ့ တိုးသွားရတာကို ကိုယ်ယူကျုံးမရလည်း ဖြစ်မိရသလို၊ ရင်ထဲမှာလည်း မခံမရပ်နိုင်အောင်ပါဘဲ မြိုင်။ ပြီးတော့





အင်ဘာစ်ယောက်လုံး ဆုံးရှုံးခဲ့ရတဲ့ ဟောဒီက 'မြိုင့်'ရင်ထဲက သောကအပူကိုလည်း မျှဝေခံစားမိပါတယ်မြိုင်ရယ် မြိုင်. ."

လင်းနောင်က စကားတွေ တသီကြီးပြောရာမှ နောက်ဆုံးတွင် 'မြိုင်'ဟုခေါ်လိုက်ကာ ပခုံးလေးတစ်ဖက်အား သိုင်းဖက်လိုက်၏။

သူတို့နှစ်ဦးသည် ခြံအတွင်းရှိ သစ်ပင်ကြီးတစ်ပင်အောက်က ခုံလေးတစ်ခုပေါ်တွင် ယှဉ်တွဲကာဖြင့် ထိုင်နေကြခြင်းဖြစ်၏။ သည်နေ့နံနက်က ဦးခိုင်ထွန်းအတွက် ရက်လည်ဆွမ်းသွတ်ပွဲ ပြုလုပ်ခဲ့ကြလေ၏။ လင်းနောင်သည် ဦးခိုင်ထွန်းသေဆုံးသည့်ရက်မှစကာ ရက်လည်ပြီးသည်အထိ ထိုအိမ်ကြီးမှာပင်နေထိုင်ကာ အလုံးစုံသိမ်းကျုံးလုပ်ကိုင်ပေးနေခဲ့လေ၏။

မြိုင်က လင်းနောင်၏ခပ်ချောင်ချောင်ဖြစ်သွားသည့် မျက်နှာကို လှမ်း၍ကြည့်ကာ-

"ကိုနောင်"

"မြိုင်"

"ကိုနောင် မြိုင့်အတွက်နဲ့ အတော်ပင်ပန်းသွားမှာပဲနော်။ အအိပ်ပျက်၊ အစားပျက်နဲ့ဆိုတော့"

"သြော်...မြိုင်ရယ် ဒါမျိုးကိစ္စက လွှဲရှောင်လို့ရတာမျိုးမှ မဟုတ်တာကွယ်။ ပြီးတော့လည်း ကိုယ်နဲ့မြိုင်ဟာ အားနာရမယ့်သူတွေမှ မဟုတ်ကြတာ မြိုင်ရဲ့။ တစ်ချိန်ချိန်မှာ ကိုယ်တို့ဟာ..."

"ကိုနောင်နော်...နားရက်စရာတွေ လာပြောမနေနဲ့ သိလား..."

စကားသံနှင့်အတူ မြိုင်၏ ချစ်မျက်စောင်းလေး တစ်ချက်ကျရောက်လာ၏။ လင်းနောင် ပြုံးလိုက်ရင်း-

"သြော်...ကိုနောင်က မြိုင့်ကို တမင်စိတ်ပြောင်းလဲလာအောင်



www.burmeseclassic.com

www.burmeseclassic.com



စတာပါ။ မြိုင်ရဲ့ သောကဝေဒနာလေးတွေ အနည်းအပါးပျောက်လို့ ပျောက်ငြားပေါ့ မြိုင်ရယ်"

မြိုင်သည် ပြောလိုက်မှပင် မျက်ရည်လေးရစ်ဝဲ၍လာကာ–

"သေသောသူ ကြာရင်မေ့ဆိုပေမယ့် ဘယ်မှာ လွယ်လွယ်နဲ့ မေ့ပျောက်နိုင်မှာလဲ ကိုနောင်ရယ်။ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်မြိုင်...ကိုယ်လည်း ဦးကို သတိတရ ရှိနေမိပါတယ်ကွယ်"

လင်းနောင်က ထိုစကားကိုဆိုပြီး မသိမသာဖြင့် မြိုင်အား မျက်လုံးတစ်ချက်ဝေ့၍ ကြည့်လိုက်လေ၏။ မြိုင်က မျက်လွှာလေး ချထားသဖြင့် လင်းနောင် ကြည့်လိုက်သည်ကို တွေ့မြင်လိုက်ခြင်း မရှိပါပေ။

"သြော်...ဒါနဲ့မြိုင်...စုံထောက်ဘက်က လူတွေလာပြီး မေးကြ မြန်းကြတယ်ဆို ဘာတွေထူးခြားသေးလဲဟင်"

ဟု လင်းနောင်က စီးကရက်တစ်လိပ်ကို မီးညှိရင်း မေးလိုက်လေရာ မြိုင်က မျက်နှာလေးကိုငဲ့လိုက်ရင်း–

"မေးကြတာတော့ စုံတကာစေ့နေတာပါပဲ ကိုနောင်ရယ်။ သူတို့အထဲမှာ အိုင်ပီဉာဏ်ဝင်းဆိုတဲ့ လူကတော့ အတော်လေး ကြိုးစားပုံရရဲ့"

ဟု ပြန်ပြောလိုက်သည်တွင် လင်းနောင်က–

"ဘာဖြစ်လို့လဲမြိုင်ရဲ့။ ပြောပါဦး"

မြိုင် သက်ပြင်းလေးတစ်ချက် ချလိုက်ပြီးလျှင်–

"သူကတော့ ခဏခဏ ရောက်ရောက်လာပြီး ဟိုလူခေါ်မေး၊ ဒီလူခေါ်မေး လုပ်နေတာပဲ။ ပြီးတော့လည်း အိမ်ကို အဝင်အထွက် ဘယ်သူတွေရှိသလဲတဲ့ မေးတယ်"





"အဲဒီတော့ မြိုင်က..."

"မြိုင်လည်း ပြောလိုက်တာပေါ့။ နိုင်ငံရေးနယ်ပယ်ထဲက လူကြီးတစ်ယောက်ရဲ့သား ရောဘတ်မေအောင် တစ်ယောက်တော့ရှိတယ်လို့..."

"သြော်..."

"အဲဒီတော့ သူလည်း 'ရောဘတ်မေအောင်'ကို စစ်ဆေးမေးမြန်းဖို့ ခက်သွားပုံရတယ်။ ဘာမှမပြောတော့ဘူး ကိုနောင်..."

လင်းနောင်သည် မြိုင်တို့ဂေဟာကြီးသို့ ရောက်ရှိလာစဉ်အတွင်း 'ရောဘတ်မေအောင်'နှင့် သုံးလေးကြိမ် ဆုံစည်းခဲ့ဖူး၏။ ရောဘတ်မေအောင်မှာ ဖခင်၏ 'စိန်နားကပ်ရောင်ကြောင့် ပါးပြောင်'နေသူဖြစ်လေသည်။ အသက်နှစ်ဆယ်ကျော်၊ အစိတ်ခန့်ရှိပြီး အမြဲတမ်းလိုလို ဘောင်းဘီရှည်ဝတ်ဆင်တတ်သူ ဖြစ်လေ၏။ 'ရောဘတ်မေအောင်' 'မြိုင်နန်းရိပ်မြုံ'ဂေဟာကြီးသို့ စက်ကျနေခြင်းမှာ ညီအစ်မလေးဖော်ထဲမှ တစ်ယောက်ယောက်အား ချိန်ရွယ်နေခြင်းဟု ခန့်မှန်းထားမိရသည်။ 'ရောဘတ်မေအောင်'က ခေတ်ရေ့ပြေးသည့် လူငယ်ပီသစွာပင် 'ပျက်စီးမှု'အပေါင်းတို့ဖြင့် စုံညီနေသူဖြစ်လေသည်။

ဦးခိုင်ထွန်းက 'ရောဘတ်မေအောင်'အား ပစားပေးခြင်းမှာ သူသည် စီးပွားရေးနယ်ပယ်၌ နိုင်ငံရေးအရှိန်အဝါရှိသည့် 'ဦးမေအောင်'၏အရိပ်ကို ခိုလှုံနေရသောကြောင့်ပင် ဖြစ်လေ၏။ 'ရောဘတ်မေအောင်'သည် အခွင့်အရေးသမား တစ်ဦးဖြစ်လေရာ သူသည် ဦးခိုင်ထွန်းထံမှ မကြာခဏ ငွေချေးခြင်းများအပြင် သမီးချော လေးယောက်ရှိသည့် ဦးခိုင်ထွန်းအိမ်သို့လည်း ချောင်းပေါက်မတတ်အောင် ဖိုဒ်ကားလေးတစ်စီးဖြင့် စက်ကျနေသူဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူသည် အလွန်တရာ ချောမောလှပလွန်းသည့် ညီအစ်မလေး ဖော်ထဲတွင် မည်သူ့ကို ရွေးချယ်ရမှန်းမသိဘဲ မြိုင်လိုလို၊ ကြိုင်လိုလို၊ လှိုင်လိုလို၊ နိုင်လိုလိုဖြင့် ညီအစ်မလေးယောက်စလုံးကို ရစ်နေသူ ဖြစ်လေသည်။

ယခု ဦးခိုင်ထွန်း အသတ်ခံလိုက်ရသည့်အမှုကြီးတွင် 'ရောဘတ်မေအောင်'သည်လည်း ရန်ကုန်ပုလိပ်အဖွဲ့ကြီး၏ မျက်လုံးဒေါက်ထောက် အကြည့်ခံရသူ ဖြစ်လာရ၏။ သို့ရာတွင် သူ၏ဖခင်မျက်နှာကြောင့် တရားဝင်ဆွဲလွှဲခြင်းများတော့ မလုပ်ကြသေး။ 'ရောဘတ်မေအောင်'အား စောင့်ကြည့်၍နေကြလေ၏။

လင်းနော်သည် ရောဘတ်မေအောင်၏အကြောင်းအား 'မြိုင်' ထံ မေးမြန်းပြီးနောက် သက်ပြင်းတစ်ချက်ကို ကျိတ်၍ချလိုက်ကာ–

"အင်းပေါ့မြိုင်ရယ်...တရားခံဖော်ထုတ်ပေးဖို့ရာက ပုလိပ်တို့၊ စုံထောက်တို့အလုပ် မဟုတ်လား။ ကိုနော်တို့က တရားခံမြန်မြန်ဖမ်းမိနိုင်ပါစေလို့ ဆုတောင်းပေးရုံကလွဲလို့ ဘာမှတတ်နိုင်ကြတာမှ မဟုတ်တာဘဲမြိုင်ရယ်...မြိုင်..."

"ရှင်...ကိုနော်"

လင်းနော်က မြိုင်၏ပခုံးစွန်းလေးတစ်ဖက်အား တယုတယဖြင့် ဆုပ်ကိုင်လိုက်ရာမှ–

"ကိုနော်ပြန်တော့မယ်နော်...မြိုင်"

မြိုင်က မျက်လုံးတွဲကြီးများဖြင့် စောင်းငဲ့ကာကြည့်လိုက်၏။ ပြီးမှ...

"ကောင်းပြီကိုနော်။ မနက်ဖြန် လာဦးမယ်မဟုတ်လားကိုနော်ဟင်"





"အခုစား မပျက်ကွက်ဝံ့ကြောင်းပါ ထိပ်ထားလေးဘုရား"ဟူ၍ လင်းနော်က ပြန်ပြောလိုက်သည်တွင် 'မြိုင်'မှာ ချစ်မျက်စောင်းလေးဖြင့် လှမ်းကြည့်နေပါတော့သတည်း။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၃)

"မြည်းလိုလူကလေးတွေ၊ ဝက်လိုလူကလေးတွေ ဗဲရီးပူးဝါဒဲမစ်ချ်...သတင်းစာတွေထဲမှာ ကျွန်ုပ်တို့စီအိုင်ဒီက စုံထောက်တွေကို ရှုတ်ချထားလိုက်ကြတာ ကျွန်ုပ်မျက်နှာ ဘယ်မှာထားရမလဲ လူကလေးတို့...အမှုတစ်ခုမပေါ်သေးဘူး။ တစ်ခုက ထပ်တက်လာပြန်ပြီ။ အိုးငရဲဂေါ်ဒ်...လူကလေးတို့ကြောင့် ကျွန်ုပ် အင်္ဂလန်ကို ဘင်သံနဲ့ ပြန်ရတော့မယ် လူကလေးတို့...ဘုရားသခင် ."

စုံထောက်မင်းကြီး မစ္စတာကရစ်ပင်၏ ရုံးခန်းအတွင်း ဝယ် ဖြစ်လေ၏။ အိုင်ပီဦးဒီပါ အစရှိသည့် စီအိုင်ဒီမှ စုံထောက်ကျော်တို့သည် မင်းကြီး၏ရှေ့တွင်တန်းစီကာ ရပ်လျက်ရှိနေကြ၏။ မင်းကြီးက သူတို့ရှေ့တွင် ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း အထက်ပါကဲ့သို့ 'ခိ'ညည်းသလို ညည်းလိုက်ခြင်းဖြစ်ပေသည်။ မစ္စတာကရစ်ပင်၏ မျက်နှာပြင်တစ်ခုလုံးသည် အမှည့်လွန်လျက်ရှိသော ကျိုးအိုသီး



www.burmeseclassic.com

www.burmeseclassic.com



တစ်လုံးနှယ် ရဲရဲတွတ်၍နေပေသည်။ အထူးသဖြင့် သူ၏ကြီးမား ချွန်ထက်လှသည့် နှာခေါင်းကြီးသည် အထူးပင် နီရဲလျက်ရှိလေသည်။ စုံထောက်မင်းကြီး၏ဒေါသမှာ အမြင့်ဆုံးဒီဂရီသို့ ရောက်ရှိနေပြီဖြစ်သောကြောင့် စုံထောက်ကျော်တစ်စုတို့သည် မျက်နှာသေလေးများဖြင့် ငြိမ်သက်တိတ်ဆိတ်၍ နေကြပေသည်။

မစ္စတာကာရစ်ပင်သည် စားပွဲပေါ်တွင်ရှိသည့် ယနေ့ထုတ် သတင်းစာနှစ်စောင်ကို ဆွဲယူလိုက်ပြီးလျှင် အိုင်ပီဦးဒီပါဆီသို့ ပစ်ပေးလိုက်ရင်း–

"လူကလေး၊ အဲဒီသတင်းစာတွေထဲက ကျွန်ုပ်တို့စီအိုင်ဒီကို အပုပ်ချထားတဲ့ ကျောဖုံးသတင်းတွေ အားလုံးကြားရအောင် ဖတ်ပြလိုက် လူကလေး"

ဟု ပြောလိုက်လေရာ အိုင်ပီဦးဒီပါက–

"ဟုတ်ကဲ့ပါ မင်းကြီး"ဟု တရိုတသေဖြင့် ပြန်ပြောကာ ဦးစွာ မြန်မာ့အလင်းသတင်းစာတွေမှ သတင်းအား ဖတ်ပြလိုက်လေ၏။

"အဟမ်း...အဟမ်း...သတင်းခေါင်းစီးကို ခြောက်လိုင်းစာလုံးမည်းကြီးတွေနဲ့ ဟောဒီလိုရေးထားတယ် ကိုယ့်လူတို့..."

***"စီအိုင်ဒီ ဘာလုပ်နေသလဲ...'မြိုင်နန်းရိပ်မြုံ' ခြံကြီးထဲတွင် လူသတ်မှုတစ်မှု ထပ်မံဖြစ်ပွား"***တဲ့။

ယမန်နေ့ညဦးပိုင်းက ကင်းဘဲလ်လမ်းရှိ မြိုင်နန်းရိပ်မြုံခြံကြီးထဲရှိ နှစ်ဆောင်ပြိုင်အိမ်ကြီးပေါ်ဝယ် လူသတ်မှုတစ်မှု ထပ်မံပေါ်ပေါက်ခဲ့၏။

ဓားဖြင့် အချက်ပေါင်းများစွာ အထိုးခံရသဖြင့် သေဆုံးသွားခဲ့ရသူမှာ 'ကြိုင်'ဟုအမည်ရသော မိန်းမချော၊ မိန်းမလှလေးပင်ဖြစ်၏။





လွန်ခဲ့သည့် တစ်လကျော်ခန့်ကလည်း ထိုအိမ်ကြီးပေါ်ဝယ် လူသတ်မှုဖြစ်ပွားခဲ့ရာတွင် ယခုသတင်းရေးနေသည့် အချိန်ကာလအထိ တရားခံကို ဖမ်းဆီးနိုင်ခြင်း မရှိခဲ့သေးပါချေ။ အဆိုပါ လူသတ်မှုတွင် မြိုင်နန်းရိပ်မြုံခြံကြီး၏ အရှင်သခင်ဖြစ်သော သူဌေးကြီးဦးခိုင်ထွန်း သေဆုံးခဲ့ရခြင်းဖြစ်၏။

ယခုထပ်မံ၍ အသတ်ခံလိုက်ရသည့် 'ကြိုင်'မှာ သေဆုံးသွားခဲ့ရသူ သူဌေးကြီးဦးခိုင်ထွန်း၏ သမီးဖြစ်သည်ဟုသိရှိခဲ့ရ၏။ အထက်ပါ လူသတ်မှုများနှင့်ပတ်သက်၍ အင်းစိန်စီအိုင်ဒီမှ စုံထောက်ကျော်များ လိုက်လံစုံစမ်းနေခဲ့ကြသော်လည်း တရားခံကို ဖော်ထုတ်ပေးနိုင်ခြင်း မရှိခဲ့ပါချေ။ ပြည်သူအများ အားကိုးအားထားပြုနေကြရသည့် 'စီအိုင်ဒီ' အနေဖြင့် ထိုအမှုများကို ပေါ်ပေါက်စေရန်အတွက် အထူးတလည် လုံ့လဝီရိယဖြင့် ကြိုးပမ်းဖို့ လိုနေပြီဖြစ်ကြောင်းကိုလည်း ပြောသံဆိုသံများအား ကြားသိခဲ့ရပေသည်။

အဆိုပါ အမှုများနှင့်ပတ်သက်၍ ရန်ကုန်သူ၊ ရန်ကုန်သားများ အလွန်ပင် စိတ်ဝင်စားလျက်ရှိကြပေရာ နေရာတကာတိုင်းတွင် ထို အကြောင်းများကိုသာ ပြောဆိုလျက်ရှိနေကြပေ၏။

ကျွန်ုပ်တို့မှာ စီအိုင်ဒီ၏ အစွမ်းအစကိုသာ စောင့်ကြည့်ရန် အာသီသပြင်းပြလျက် ရှိနေကြပေတော့သည် "တဲ့ဗျ" ရေးထားလိုက်ပုံက မခံချင်စရာ ကောင်းလိုက်တာဗျာ"

ဟု အိုင်ပီဦးဒီပါက ပြောဆိုလိုက်ကာ 'သူရိယ'သတင်းစာတွင် ပါရှိသည့် နောက်ကျောဖုံးသတင်းအား ဖတ်ပြလိုက်ပြန်၏။ စုံထောက်မင်းကြီး မစ္စတာကာရစ်ပင်မှာ သူ၏ကုလားထိုင်ကြီးပေါ်ဝယ် ခြေပစ် လက်ပစ်ထိုင်လျက် ရှိပေသည်။ အိုင်ပီဦးဒီပါက–



www.burmeseclassic.com

www.burmeseclassic.com



“အဟမ်း…ဒီမှာရေးထားတဲ့ ခေါင်းစီးကိုတော့ ကျုပ်ကြိုက်သဗျ။ ဘာတဲ့… **‘စီအိုင်ဒီမှာ စုံထောက်ရန်ပိုင် မရှိမဖြစ်လိုအပ်နေ ပြန်ပေါ့’** တဲ့ဗျ။ ကိုယ့်လူတို့ရဲ့”

ဟု အားရဝမ်းသာလှမ်းပြောလိုက်ပြီးလျှင် ဆက်လက်၍ ဖတ်ပြလိုက်လေသည်။

“ကျွန်ုပ်တို့၏ မှုခင်းသတင်းထောက်ထံမှ”

ယမန်နေ့ညပိုင်းက ကင်းဘဲလ်လမ်းထဲရှိ နှစ်ဆောင်ပြိုင်အိမ်ကြီးတစ်လုံးပေါ်ဝယ် ကြိုင်(၂၄နှစ်)ဟူသော မိန်းကလေးအသတ်ခံခဲ့ရ၏။ ကြိုင်၏တစ်ကိုယ်လုံးဝယ် ဓားဒဏ်ရာဗရပွဖြင့် သေဆုံးလျက်ရှိသည်ကို တွေ့ရှိခဲ့ကြရသည်။ ကြိုင်မှာ လွန်ခဲ့သော တစ်လခွဲခန့်က ထိုအိမ်ကြီး၏စာဖတ်ခန်းထဲဝယ် အသတ်ခံခဲ့ရသည့် သူဌေးကြီးဦးခိုင်ထွန်း၏ သမီးဖြစ်သည်ဟု သိရှိခဲ့ရသည်။ သေဆုံးသွားခဲ့ရသူ ဦးခိုင်ထွန်းတွင် မြိုင်၊ ကြိုင်၊ လှိုင်၊ ခိုင် ဟူသော သမီးလေးယောက်ရှိသည်ဟု သိရှိရ၏။

‘ကြိုင်’မှာ ဒုတိယသမီးဖြစ်လေသည်။ လူသတ်သမားသည် ‘ကြိုင်’ကို သတ်သွားပြီးနောက် မည်သည့်ပစ္စည်းမှ ယူဆောင်သွားခဲ့ခြင်းမရှိဟု သိရှိခဲ့ရသည်။ ပထမလူသတ်မှုအား မဖော်ထုတ်နိုင်ခင်မှာပင် ထိုအိမ်ကြီး၌ ထပ်မံ၍ လူသတ်မှုဖြစ်ပေါ်ခဲ့ပြန်လေရာ ထိုအမှုများနှင့်ပတ်သက်၍ ပြည်သူလူထုမှာ အထူးပင် စိတ်ဝင်စား၍နေကြပေ၏။

စီအိုင်ဒီမှ စုံထောက်ကျော်တို့ ကြိုးစားဖော်ထုတ်နေကြသော်လည်း ဦးခိုင်ထွန်းအား သတ်ဖြတ်သွားသည့် တရားခံ၏သတင်းအစအနကိုပင် မရရှိကြသေးသည့်အတွက် ပြည်သူလူထုမှာ အားမလို အားမရ ဖြစ်နေကြပေ၏။ ပထမအမှုအား မဖော်ထုတ်နိုင်ခင်မှာပင် ထိုအိမ်ကြီး၌ပင် လူသတ်မှုထပ်မံ၍ ဖြစ်ပွားခဲ့ရသည့်အတွက် အနီးအနားနေ ပြည်သူတို့ ထိတ်လန့်တကြားဖြင့် ကျီးလန့်စာစား ဖြစ်ခဲ့ကြရလေသည်။

ယခုအခါတွင် စီအိုင်ဒီ၏ အားအထားရဆုံးသော စုံထောက်တစ်ယောက်ဖြစ်ခဲ့သလို၊ အမှုပေါင်းများစွာအား ဖော်ထုတ်ပေးနိုင်ခဲ့သည့် ပြည်သူများ၏အချစ်တော် စုံထောက်ရန်ပိုင်မှာ နယ်မြို့ငယ်လေးတစ်မြို့သို့ အပြစ်ပေးပြောင်းရွှေ့ခံထားခဲ့ရသဖြင့် ‘စီအိုင်ဒီ’မှာ အလွန်ပင် အားလျော့လျက် ရှိနေပေသည်။ ထို့ကြောင့်လည်း လူသတ်မှုများအား မဖော်ထုတ်ခဲ့ခြင်းပင် ဖြစ်နိုင်ပေသည်။

ရန်ကုန်ရွှေမြို့တော်သူ မြို့တော်သားများမှာ ‘စုံထောက်ရန်ပိုင်’အား အထူးပင် မျှော်လင့်လျက်ရှိနေကြသည်ကို ကျွန်ုပ်တို့ ကြားသိခဲ့ရပေသည်။ “တဲ့ဗျ. အင်း ဒီသူရိယမှာရေးထားတဲ့ သတင်းကတော့ မဆိုးပေဘူးဗျ”

ဟု စုံထောက်ကြီးအိုင်ပီဦးဒီပါက ဖတ်၍အပြီးတွင် မှတ်ချက်ပြုလိုက်ပေသည်။

အိုင်ပီဦးဒီပါက သတင်းစာများကို မင်းကြီး၏စားပွဲပေါ်တွင် ပြန်တင်ထားလိုက်လေ၏။ စုံထောက်မင်းကြီး မစ္စတာကာရစ်ပင်မှာ ကိုယ်ကိုမတ်မတ်ထား၍ ထိုင်လိုက်ပြီးလျှင် သူ၏ရှေ့တွင် စိတ်တန်းကာဖြင့် ရပ်လျက်ရှိနေကြသည့် သူ၏စုံထောက်ကျော်များအား တစ်ဦးစီ လိုက်လံ၍ ကြည့်ရှုလျက်ရှိနေလေ၏။ ပြီးတော့မှ—

“လူကလေးတို့ ကြားကြပြီနော်…ကျွန်ုပ်တို့ စီအိုင်ဒီ ဘယ်လောက်များ သိက္ခာကျနေသလဲဆိုတာ ကျွန်ုပ်တော့ ကိုယ့်မျက်နှာကိုယ် ဓားနဲ့လှီးပစ်လိုက်ချင်တော့တာပဲ လူကလေးတို့”







www.burmeseclassic.com

www.burmeseclassic.com



ဟု မြန်မာစကား မပီကလာပီကလာဖြင့် ပြောလိုက်ကာ အိုင်ပီဦးဒီပါအား စူးစိုက်၍ကြည့်လိုက်ရင်း–

"လူကလေးမောင်ဒီပါ"

"ခင်ဗျာ မင်းကြီး…အမိန့်ရှိပါခင်ဗျာ"

"လူကလေး ဒီအမှုတွေကို မဖော်ထုတ်ပေးနိုင်ဘူးလား လူကလေး…"

အိုင်ပီကြီးဦးဒီပါသည် မင်းကြီး၏ ထိုအမေးစကားကြောင့် အကျပ်ရိုက်လျက် ရှိနေလေ၏။ သူ ဘာဖြေလို့ ဖြေရမှန်းမသိအောင် ဖြစ်၍နေလေသည်။

"လူကလေး ကျွန်ုပ်မေးနေတယ်လေ"

"မှန်ပါမင်းကြီးခင်ဗျား …ကျွန်ုပ်ကြိုးစားနေပါတယ်"

"နိုး… နိုး… လူကလေး. ပူးဝါးမင်း… လူကလေး အိုင်ပီဉာဏ်ဝင်း"

မစ္စတာကရစ်ပင်၏ မျက်လုံးအကြည့်က အိုင်ပီဉာဏ်ဝင်းထံသို့ ကျရောက်၍လာ၏။ အိုင်ပီဉာဏ်ဝင်း ကပျာကယာဖြင့်–

"ရက်စ်မင်းကြီး…"

"အမှုမှန်ပေါ်ဖို့ နီးစပ်ပြီလားလူကလေး.. လူကလေး ဖမ်းဆီးထားတဲ့ 'ဘုန်းကြီးလူထွက်သက်ရှည်'ဆိုတာတွေကိုရော စစ်ဆေးပြီးပြီလား"

"မှန်ပါမင်းကြီး…"

အိုင်ပီဦးဒီပါ၊ အိုင်ပီလှတိုး၊ အိုင်ပီတင်ဝင်း၊ အိုင်ပီဝင်းမြင့်တို့ မင်းကြီး၏အမေးစကားကြောင့် မအောင့်နိုင်ဘဲ ခပ်အုပ်အုပ်ရယ်မိလိုက်ကြလေသည်။ အိုင်ပီဉာဏ်ဝင်းက မကျေမချမ်းဖြင့် မင်းကြီး





…သိအောင် စောင်းငဲ့၍ကြည့်လိုက်၏။ သူသည် မင်းကြီးအား အဖြေ…းရန် အကောင်းဆုံးသော စကားလုံးတွေကို ရွေးချယ်နေမိ၏။

အိုင်ပီဉာဏ်ဝင်းက ရန်ကုန်တစ်ဝိုက်ရှိ 'သက်ရှည်'အမည်ရှိသည့် …ုန်းကြီးလူထွက်များကို ဖမ်းဆီးခဲ့ရာတွင် လူဦးရေနှစ်ဆယ်ကျော်ခန့် …ရှိခဲ့သည်။ သို့ရာတွင် သူတို့အား စစ်မေးကြည့်သည့်အခါဝယ် …ူဌေးကြီးဦးခိုင်ထွန်း အသတ်ခံရမှုနှင့် မည်သို့မျှ ပတ်သက်နိုင်ခြင်း …ရှိသည်ကြောင့် အိုင်ပီဉာဏ်ဝင်း လက်လျှော့ကာ အားလုံးပြန်လွှတ်…ေးခဲ့ရလေသည်။ ထို့ကြောင့်ပင် သူ့အား အိုင်ပီဦးဒီပါတို့လူစုက …က်ရယ်ပြု၍နေကြသည် မဟုတ်ပါလား။ အိုင်ပီဉာဏ်ဝင်းမှာ အပြော…ြီးခဲ့သော်လည်း လက်တွေ့တွင် သက်သေမပြနိုင်ခဲ့သည်ကြောင့် …က်နှာမဖော်ရဲအောင်ပင် လွန်စွာရှက်ရွံ့လျက် ရှိနေလေ၏။

"လူကလေး၊ ကျွန်ုပ်မေးနေတယ် ပလိစ့်အန်းဆာမီ"

"မှန်ပါမင်းကြီး …သူတို့အားလုံးကို ခိုင်လုံမှုမရှိတာကြောင့် ပြန်လွှတ်ပေးခဲ့ရပါတယ်"

"အိုး…ဂေါ့ဒ်…ဘုရားသခင်"

မစ္စတာကရစ်ပင်သည် မျက်လုံးကြီးအပြူးသားဖြင့် အိုင်ပီဉာဏ်ဝင်းအား ငေးကြည့်နေလေ၏။ ပြီးမှ စကားသံ လေးလေးပင်ပင်ကြီးဖြင့်–

"ယူအာ ပူးဝါးမင်း မြည်းလိုသတ္တဝါ၊ ဝက်လိုသတ္တဝါ ဘာမှအသုံးမကျဘူး…အားလုံးက ကျွန်ုပ်တို့ စီအိုင်ဒီကို လက်ညှိုးဝိုင်းထိုးနေကြပြီ။ ဘယ်လိုလုပ်ကြမှာလဲ လူကလေးတို့"

ဟု ပြောလိုက်လေရာ စုံထောက်ကျော်တစ်စုတို့မှာ ခေါင်းမဖော်ရဲအောင် ဖြစ်နေကြတော့သည်။ မင်းကြီးက သူတို့အားလုံး၏ရှေ့တွင် လာရောက်၍ရပ်လိုက်ရင်း–



www.burmeseclassic.com

www.burmeseclassic.com



“တစ်မှုမပေါ်သေးဘူး၊ တစ်မှုကထပ်တိုးလာပြန်ပြီ။ ဘု
သခင်ကယ်တော်မူပါ…လူကလေးတို့လို ညံ့လှဖျင်းလှတဲ့သူ
ကျွန်ုပ် ဘယ်လိုအလုပ်လုပ်ရမှာလဲ လူကလေးတို့ရဲ့။ ကျွန်ုပ်
အထက်က ထုလှထောင်းလှပြီ။ ဘုရင်ခံကလည်း အပြစ်လှမ်း
နေတယ်။ လူကလေးတို့အထဲက ဒီ‘မားဒါးကေ့စ်’နှစ်မှုကို ဖော်ထု
ပေးနိုင်တဲ့သူ မရှိကြတော့ဘူးလား။ ဟူးဟက်ဖ်မ်…ဘယ်သူ ကျွန်ုပ်
ကူညီနိုင်သလဲ လူကလေးတို့ ပြောကြစမ်းပါ”

စုံထောက်ကျော်များသည် တုတ်တုတ်မျှ မလှုပ်ကြပါ
စုံထောက်မင်းကြီး၏နှာခေါင်းသည် တစ်စထက်တစ်စ နီရဲလာလ
ရှိ၏။ မျက်လုံးတွေထဲမှ ဒေါသ၏အငွေ့အသက်များကို တွေ့ရှိရ
သည်။ အိုင်ပီဦးဒီပါသည် အရဲစွန့်ကာ မင်းကြီးအား–

“မင်းကြီးခင်ဗျား။ ကျွန်ုပ်တစ်ခု တင်ပြအကြံပြုချင်ပါတ
ခင်ဗျား…”ဟူ၍ပြောလိုက်သည်တွင် မစ္စတာကရစ်ပင်သည် မျက်
ကြီးပြူး၍ ကြည့်လိုက်ရင်း–

“ဘာပြောမှာလဲ။ လူကလေးမောင်ဒီပါရဲ့”

ဟု ခွင့်ပြုလိုက်သဖြင့် အိုင်ပီဦးဒီပါက

“အခုဖြစ်ပေါ်နေတဲ့ ရှုပ်ထွေးလှတဲ့အမှုတွေကို အခုလက်
စီအိုင်ဒီမှာရှိနေတဲ့ ကျွန်ုပ်တို့တစ်တွေ ဖော်ထုတ်နိုင်စွမ်း မရှိကြဘူး
ထင်ပါတယ် မင်းကြီး…”

“အင်း”

“အဲဒါကြောင့် ဒီအမှုတွေကို ဖော်ထုတ်နိုင်ဖို့အတွက် ကျွန်
တို့ထက် နေရာတကာမှာ သာလွန်လှပြီး စွမ်းရည်ထက်မြက်လွန်းလှ
စုံထောက်ရန်ပိုင်ကို ပြန်လည်ခေါ်ယူသင့်တယ်လို့ အကြံပြုချင်ပါတ





ကြီးခင်ဗျား…သူရိယသတင်းစာမှာလည်း အဲဒီအတိုင်း ရေးသား
တာ တွေ့ရှိရပါတယ်”

အိုင်ပီဦးဒီပါသည် ထိုစကားကို အရဲစွန့်၍ပြောလိုက်ပြီးလျှင်
ကြီး၏မျက်နှာအား ဖျတ်ခနဲ အကဲခတ် ကြည့်ရှုလိုက်လေ၏။
ာကရစ်ပင်သည် သူ၏စကားအပေါ်တွင် ကျေနပ်နှစ်သက်သွား
ရှိသည်ကို တွေ့ရှိလိုက်ရ၏။

စုံထောက်ရန်ပိုင်အား မင်းကြီးကို ပြန်လည်၍ မချေမငံပြောဆိုမှု
င့် ‘ခင်ဦး’ဟုခေါ်သော အညာမြို့ငယ်လေးတစ်မြို့သို့ အပြစ်ပေး
ာင်ခဲ့ခြင်းဖြစ်၏။ စုံထောက်ရန်ပိုင်သည် စုံထောက်မင်းကြီး
ာကရစ်ပင်အား တောင်းပန်ခြင်းမပြုဘဲ ပို့ဆောင်ရာဒေသသို့
ရှောရှူရှူ သွားရောက်ခဲ့လေ၏။

“အင်း…ကျွန်ုပ်တို့ စီအိုင်ဒီမှာလည်း လူကလေးမောင်ရန်ပိုင်
ာ့တာနဲ့ကမောက်ကမတွေဖြစ်တော့တာကိုး …ဟုတ်ပြီလူကလေး
ာင်ဒီပါ…ကျွန်ုပ်ခွင့်ပြုပါတယ်။ မောင်ရန်ပိုင်ကို အမြန်ဆုံးပြန်လာဖို့
ကြိုးပို့လိုက်ပါ မောင်ဒီပါ”

“ကောင်းလှပါပြီ မင်းကြီးခင်ဗျား…ကျွန်ုပ် အခုပဲ သံကြိုးသွား
ိုလိုက်ပါ့မယ်”

အိုင်ပီဦးဒီပါသည် ဝမ်းသာအားရဖြင့် ပြန်ပြောလိုက်လေ၏။
င်ပီဘုဏ်ဝင်းမှာမူ မျက်နှာကြီးသုန်မှုန်၍ နေလေတော့သည်။ အိုင်ပီ
လှတိုးက မသိမသာလက်မရှေ့ထောင်၍ အိုင်ပီဦးဒီပါအား ပြလိုက်
သ၏။ အိုင်ပီဦးဒီပါနှင့် စုံထောက်ရန်ပိုင်တို့မှာ အလွန်ပင် ရင်းနှီး
င်ကြသူများ ဖြစ်ကြလေရာ ယခုကဲ့သို့ မင်းကြီးထံမှ ပြန်ခေါ်ခွင့်
ခဲ့သည်တွင် အိုင်ပီဦးဒီပါမှာ ကျိတ်၍ဝမ်းသာနေမိလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



စုံထောက်ရန်ပိုင်အပေါ်ဝယ် ဂျယ်လက်စီရှိကြသည့် အိုင်ပီ ခေါင်၊ အိုင်ပီဦးမိုးသာနှင့် အိုင်ပီဘုကျော်ဝင်းတို့လူစုမှာမူ မျက်နှာကြီး ရှုံ့မဲ့၍နေကြပေတော့သည်။ မင်းကြီးက–

“ဂက်အောက်လူကလေးတို့…ဂက်အောက်”ဟူ၍ ပြောလိုက် လေရာ စုံထောက်ကျော်အားလုံးတို့သည် အလျှိုအလျှိုဖြင့် မင်းကြီး၏ အခန်းထဲမှ ထွက်ခွာသွားကြလေတော့သည်။

* * *

လမ်း၏ဝဲယာနှစ်ဖက်တို့တွင် လယ်ကွင်းပြင်စိမ်းစိမ်းမြမြတို့သည် တမျှော်တခေါ်ကြီးဖြင့် မြသားကမ္ဗလာကြီး ခင်းကျင်းထားသည်သို့ ရှိလေ၏။ လယ်ကွင်းပြင်များ၏အဆုံးဆီတွင် ပြာပြာမှိုင်းမှိုင်း တောင် တန်းများက ကာဆီးထားကြလေ၏။

လမ်း၏ဝဲဘက်ကပ်လျက်တွင် ရေများတသွင်သွင်စီးဆင်းလျက် ရှိသည့် ချောင်းလေးတစ်ခုရှိသည်။ ထိုချောင်းပေါင်အတိုင်း လူရွယ် တစ်ယောက်သည် ခပ်သွက်သွက်လျှောက်လှမ်းလျက် ရှိနေပေ၏။

အရှေ့ဘက်ဆီတွင် နေဝန်းသည် ထွက်ပေါ်စဖြစ်လေ၏။ ဗျိုင်း ငှက်တစ်အုပ်တို့သည် ပျံသန်းရင်း အစာရှာဖွေလျက် ရှိကြသည်။ လူရွယ်သည် အသက်ကိုပြင်းပြင်းရှူသွင်းရင်း လျှောက်လှမ်းလျက် ရှိရာမှ ချောင်းဘေးတစ်နေရာတွင် ရပ်လိုက်ကာ နေလုံးကိုကြည့်ရင်း ကျန်းမာရေးလှုပ်ရှားမှုများကို ပြုလုပ်၍နေလေ၏။ ထိုလူရွယ်၏ လှုပ်ရှားပုံ၊ လှုပ်ရှားဟန်များမှာ လွန်စွာကြည့်ရှု၍ ကောင်းလှပေ၏။

လူရွယ်မှာ အသက်သုံးဆယ်ဝန်းကျင်ခန့်ရှိကာ ရှည်လျားသည့်





အရပ်နှင့်လိုက်ဖက်သည့် ခန္ဓာကိုယ်အချိုးအဆက်ရှိလေသည်။ သူသည် ဘာကီရောင်ဘောင်းဘီရှည်နှင့် စပို့ရှပ်အဖြူတစ်ထည်ကို ဝတ်ဆင် ထားလေရာ သူ၏ တောင့်တင်းကျစ်လျစ်သည့် ခန္ဓာကိုယ်အား အတိုင်းသားမြင်တွေ့နိုင်ပေသည်။ သူ၏ခေါင်းထက်မှ ဆံပင်များသည် လှိုင်းတွန့်ခွေကောက်ကောက်လေးများ ဖြစ်ကြလေ၏။ နဖူးပြင်မှာ လည်း မဟာနဖူးဟုခေါ်တွင်သည့် လှပကျယ်ဝန်းသည့် နဖူးမျိုးဖြစ် သည်။ မျက်ခုံးတို့က ထူထဲမည်းမှောင်ကြပြီး မျက်လုံးတို့မှာ အရောင် ဖိတ်ဖိတ်လက်မျှ ရူးရှတောက်ပြောင်လျက်ရှိကြ၏။ နှာတံမှာ ဖြောင့် တန်းပြီး နှာသီးများမှာ ခပ်ချွန်ချွန်လေးရှိသည်။ နှုတ်ခမ်းအစုံမှာမူ ပါးလျှလျှရှိ၏။ မျက်နှာမှာ လေးထောင့်ဆန်သော အမျိုးအစားထဲတွင် ပါဝင်ပုံရ၏။ လေးထောင့်ဆန်သော မေးရိုးနှင့် တင်းရင်းပါးလျသည့် နှုတ်ခမ်းတို့က သူ၏စိတ်ဓာတ် ခိုင်မာပြတ်သားမှုကို ပြသနေသည်သို့ ရှိလေ၏။ သူသည် ကျန်းမာရေးလှုပ်ရှားမှုကို စိတ်အားထက်သန်စွာဖြင့် ၁၅မိနစ်ခန့် ပြုလုပ်လိုက်လေသည်။ သူ၏ ကြေးနီရောင်သန်းနေသည့် အသားအရေမှာ တက်သစ်စ နေရောင်ခြည်၏အောက်ဝယ် ဝင်းပ ကြည်လင်၍ နေလေတော့သည်။

လူရွယ်သည် လေ့ကျင့်ခန်းပြုလုပ်ပြီးသွားသည်နှင့် မြို့ငယ်လေး ဆီသို့ လှမ်းမျှော်၍ ကြည့်လိုက်လေသည်။ ထိုစဉ် ပုလိပ်ယူနီဖောင်း ဝတ်ဆင်ထားသူတစ်ယောက်သည် မြောင်းပေါင်အတိုင်း သူရှိရာ ဘက်ဆီသို့ ခပ်သွက်သွက် လျှောက်လှမ်း၍လာသည်ကို တွေ့လိုက်ရ လေ၏။

ခင်ဦးဂါတ်ဌာနမှ စာသင်ပုလိပ်လေးမောင်ဘတူ ဖြစ်လေသည်။ မောင်ဘတူသည် သူ့ရှေ့သို့ရောက်သည်နှင့် အရိုအသေပြုလိုက်ရာ–



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ...ဆရာ့အတွက် ရန်ကုန်စုံထောက်မင်းကြီးဆီက သံကြိုးစာရောက်လာတယ်လို့ ဌာနာအုပ်ဦးမြမောင်က ပြောပါတယ်ဆရာ။ အဲဒါ ဆရာ့ကို အမြန်သွားခေါ်ပါဆိုလို့ ဆရာလမ်းလျှောက်တဲ့နောက် ကျွန်တော်လိုက်တာပါ ဆရာရန်ပိုင်..."

ထိုလူရှယ်မှာ အင်းစိန်စီအိုင်ဒီမှ နာမည်ကျော်စုံထောက်ရန်ပိုင်ပင် ဖြစ်ပါသတည်း။ သူသည် ပုလိပ်လေးအား ခပ်ယဲ့ယဲ့အပြုံးဖြင့် လှမ်းကြည့်လိုက်ရင်း-

"မင်းကြီးက ကိုယ့်ကိုပြန်ခေါ်တဲ့စာပဲ ဖြစ်မှာပေါ့ မောင်ဘတူရယ်...ရန်ကုန်ကင်းဘဲလ်လမ်းမှာက လူသတ်မှုတွေ ဆက်တိုက်ဖြစ်နေတယ် မဟုတ်လားကွ။ မင်းကြီးခေါင်းကို ဆင်နင်းပြီပေါ့ မောင်ဘတူရယ် ဟား ဟား ဟား ဟား ဟား"

ဟုပြောလိုက်ရင်း ရယ်မော၍နေလေ၏။ သူသည် စုံထောက်မင်းကြီး မစ္စတာကာရစ်ပင်အား တုံ့ပြန်ပြောဆိုခဲ့မှုကြောင့် မင်းကြီးက သူ့အား နယ်နှင်ဒဏ်ပေးခဲ့ခြင်းဖြစ်လေသည်။ သူ ခင်ဦးမြို့လေးသို့ ရောက်ရှိလာခဲ့သည်မှာ သုံးလခန့်ရှိခဲ့ပြီဖြစ်၏။ သည်မှာက နယ်မြို့လေးဖြစ်သဖြင့် အမှုအခင်းလည်း သိပ်ရှိလှသည်မဟုတ်။ ပြီးတော့ လူတွေကလည်း လောဘဒေါသမောဟတွေ နည်းပါးကြသည့် တောသူတောင်သား ရိုးသားကြသူတွေ ဖြစ်ကြပေရာ ရာဇဝတ်မှု၊ ဒုစရိုက်မှုများနှင့် ကင်းရှင်းကြပေ၏။

စုံထောက်ရန်ပိုင်သည် ရန်ကုန်မှာနေထိုင်ရသည်ထက် ယခုလို နယ်မြို့ကလေးတွင် နေထိုင်ရခြင်းကို ပိုမို၍ နှစ်ခြိုက်နေမိရလေသည်။ သဘာဝရေမြေ တောတောင်များ၏သန့်ရှင်းသာယာ လှပမှုများကြောင့် သူ၏စိတ်တွေ လန်းဆန်းလာရပေသည်။ ရန်ကုန်တွင် အမှုများနှင့်





နပန်းလုံးနေရရာမှ ယခုလို နယ်မြို့ကလေးသို့ ရောက်ရှိလာရခြင်းကို သူပို၍ နှစ်သက်မိရလေသည်။ သူနှင့်မင်းကြီးတို့ ဖြစ်ပျက်ခဲ့ရပုံအား ပြန်လည်၍ တွေးမိရာက သူပြုံးဖြစ်လိုက်လေသည်။

သည်စဉ်တုန်းက ရန်ကုန်တွင် တစ်ကိုယ်တော် လူဆိုးဓားပြ 'မိုက်ခဲ'အင်မတန် ဆိုးသွမ်းသောင်းကျန်းနေသည့် အချိန်ကာလဖြစ်၏။ တော်ကြာလုယက်သွားပြန်ပြီ၊ ဓားပြတိုက်သွားပြန်ပြီ၊ လူသတ်သွားပြန်ပြီ စသဖြင့် အမှုကြီးတွေ ဆက်တိုက်ဖြစ်နေခဲ့လေ၏။ စီအိုင်ဒီမှ စုံထောက်ကျော်တို့လည်း အပူတပြင်း ကြိုးစားလျက်ရှိကြသည့်အချိန်။ ထိုအချိန်တွင် မင်းကြီးက သူ့အား ခေါ်ယူ၍တွေ့ဆုံကာ-

"လူကလေးမောင်ရန်ပိုင်... ကျွန်ုပ် မိုက်ခဲကိုအလိုရှိတယ် ကျွန်ုပ်အား မိုက်ခဲကို အမြန်ဆုံး ဖမ်းဆီးပေးပါ လူကလေး..."

ဟု အမိန့်ဆန့်ဆန့် ပြောဆိုခဲ့သည်တွင် သူက-

"အိုင်ဆေး မင်းကြီးခင်ဗျား လူဆိုးဓားပြ ဖမ်းတယ်ဆိုတာပဲ့ဘာ ကြက်ကလေး၊ ငှက်ကလေးတွေဖမ်းသလို မလွယ်ကူလှပါဘူးခင်ဗျာ။ ပြီးတော့ မိုက်ခဲဆိုတဲ့ လူဆိုးဓားပြဟာလည်း အင်မတန် အဆိုပ်အတောက်ပြင်းလှတဲ့သူ ဖြစ်တယ်ခင်ဗျ။ အရည်အသွေးကလည်း ရှိရပါတယ်။ လူဆိုးတစ်ယောက်ကို ဖမ်းမိဖို့ဆိုတာက အဲဒီလူဆိုးရဲ့ အရည်အသွေးပေါ်မှာ မူတည်ပါတယ်။ သူ့အစွမ်းထက်လေ၊ ဖမ်းမိဖို့ ခက်လေ၊ ရက်ကြာရှည်လေပါပဲ မင်းကြီးခင်ဗျား..."

ဟု ပြန်လည်၍ချေပ ပြောဆိုခဲ့လေ၏။ ထိုအခါ မင်းကြီး၏ နှာခေါင်းကြီး နီရဲ၍သွားပြီးလျှင်-

"ကျွန်ုပ်ကို ဆင်ခြေတွေပေးမနေပါနဲ့ လူကလေး... ကျွန်ုပ် လူဆိုးမိုက်ခဲကို အမြန်ဆုံးလိုချင်တယ်။ လူလလေးဖမ်းပေးပါ...ဒူးယူ ပရော့မစ်"



www.burmeseclassic.com

www.burmeseclassic.com



"နိုး မင်းကြီး...ကျုပ် ကတိမပေးနိုင်ပါဘူး"

"အိုး ဂေါ်ဒ်...ယူအာ ဗဲရီးဖူးလ်လစ်ရှ်"

စုံထောက်မင်းကြီး မစ္စတာကရစ်ပင်သည် နှာခေါင်းကြီးတင် နီရဲရဲမကတော့ဘဲ မျက်နှာကြီးတစ်ခုလုံး ရဲရဲတွတ်၍လာလေ၏။ သူသည် စုံထောက်ရန်ပိုင်အား လက်ညှိုးငေါက်ငေါက်ထိုးကာ—

"ဂက်အောက်ရှုကလေး ဂက်အောက်...ယူကိုးအဝေး..."

ဤသို့ဖြင့် သူသည် စုံထောက်မင်းကြီး မစ္စတာကရစ်ပင်၏ ဒေါမာန်ရှကာ ခင်ဦးဆိုသော မြို့ကလေးသို့ လွင့်ခဲ့ရခြင်းပင် ဖြစ်ပါသတည်း။

ခင်ဦးမြို့ကလေးသို့ သူရထားတတန်၊ ကားတတန်ဖြင့် ရောက်ရှိလာခဲ့ရသည်။ ခင်ဦးဂါတ်တဲမှ ဌာနာပိုင်ကြီးဦးမြမောင်က သူ့အား နွေးထွေးစွာ ကြိုဆိုခဲ့လေသည်။

"စီအိုင်ဒီက နာမည်ကျော်စုံထောက်ရန်ပိုင်ကို ကြိုဆိုပါတယ်ဗျာ။ အခုလို သိကျွမ်းတွေ့ဆုံခွင့်ရတာကိုလည်း ကျုပ်ဂုဏ်ယူမိတယ်ဗျာ။ ကိုရန်ပိုင်ရဲ့...ဒီမှာ ခင်ဗျားစိတ်ကြိုက် လွတ်လွတ်လပ်လပ်၊ အေးအေး ဆေးဆေးသာ နေပေတော့ဗျာ..."

ဂါတ်တဲမှ ပုလိပ်အားလုံးကလည်း သူ့အား ပစားပေးခဲ့ကြလေသည်။ ထို့ကြောင့် သူသည် ခင်ဦးမြို့ကလေးတွင် ပျော်ရွှင်စွာဖြင့် နေသားတကျ ဖြစ်နေလေတော့သည်။ သူ ခင်ဦးဂါတ်တဲလေးအတွင်းသို့ ဝင်ရောက်လာသည်တွင် ဌာနာအုပ်ကြီးဦးမြမောင်က ဆီး၍ပြောလိုက်လေသည်။

"အိုင်ဆေးရေ...အိုင်ဆေးအတွက် သံကြိုးစာရောက်နေတယ်။ စီအိုင်ဒီက မင်းကြီးရဲ့ဆီက။ ကိုရန်ပိုင်...ရော့"





စုံထောက်ရန်ပိုင်သည် ဦးမြမောင်လှမ်းပေးသည့် သံကြိုးစာကို ယူကာ ဖွင့်၍ဖတ်လိုက်လေ၏။

***"ကိုရန်ပိုင်"***

***"ဒီသံကြိုးစာရတာနဲ့ စီအိုင်ဒီကို ချက်ချင်းပြန်လာခဲ့ဖို့ မင်းကြီးက ပြောပါတယ်"***

***"အိုင်ဗီဦးဒီပါ"***

သံကြိုးစာမှာ သူကြိုတင် တွေးထင်ထားသည့်အတိုင်းပင် ဖြစ်နေလေသည်။

"မင်းကြီးက ကျွန်တော့်ကိုပြန်ခေါ်တာ ဦးမြမောင်"

"ကျုပ်လည်း အဲဒီလိုပဲ ထင်မိထားတယ် ကိုရန်ပိုင်ရဲ့။ ဒီလိုပါပဲဗျာ...အထက်လူကြီးတွေဆိုတာ အခုတစ်မျိုး၊ တော်ကြာတစ်မျိုး ဆိုတာလိုပေါ့။ ဒါနဲ့ ခင်ဗျား ဘယ်တော့သွားမလဲ ကိုရန်ပိုင်"

စုံထောက်ရန်ပိုင်သည် သူ၏အင်္ကျီအိတ်ထဲမှ ဂလေစီယာ စီးကရက်ဘူးကို ထုတ်လိုက်ပြီးလျှင် တစ်လိပ်နှိုက်ယူ မီးညှိလိုက်ပြီးမှ—

"ဖြည်းဖြည်းပေါ့ ဦးမြမောင်ရယ်...နေရာဒေသတစ်ခုဆိုတာ ရှေ့ကဖို့ လွယ်လှတာမဟုတ်ဘူးဗျ။ ကျွန်တော် ခင်ဦးမှာ လေ့လာစရာလေးတွေ ရှိသေးတယ်ဗျ၊မကုန်သေးဘူး။ ပြီးတော့လည်း မန္တလေးတောင်နဲ့ မဟာမြတ်မုနိကို ဖူးမြော်ချင်သေးသလို၊ စစ်ကိုင်းမင်းကွန်း-ဘက်ဆီလည်း ရောက်ချင်သေးတယ်ဗျ။ ကျွန်တော့် အဲဒီကိစ္စတွေ ဆောင်ရွက်ပြီးတော့မှ ရန်ကုန်ဆင်းမယ် ဦးမြမောင်"

ဟု ပြောလိုက်သည်တွင် ဌာနာအုပ်ကြီးဦးမြမောင်မှာ တဟဲဟဲ ရယ်မောရင်းဖြင့်—

"ကောင်းတယ်ကိုရန်ပိုင်ရေ...ကောင်းတယ်...မျက်နှာမြို့တွေကို



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုလည်း ပညာပြန်ပေးတဲ့သူ ရှိဦးမှပေါ့ဗျာ။ သူ့တို့ပြောသမျှ အမြဲခေါင်းညိတ်နေတဲ့ သူတွေချည့်ပဲ မဟုတ်လား ကိုရန်ပိုင်ရဲ့...”

ဟု ပြန်ပြောလိုက်လေ၏။ စုံထောက်ရန်ပိုင်က စီးကရက်ကို ဖွာရှိုက်၍နေရာမှ–

“ဟုတ်တယ်ဦးမြမောင်၊ လွှတ်တော်ဝန်းက လွှတ်လိုက်ပြီးတော့မှ ကျွန်တော် ချက်ချင်း ပြန်မသွားနိုင်ဘူး။ ‘လှိုင်းနင်းတိုင်းမ်’ ဆိုတာက ရှိသေးတယ်လေဗျာ။ မဟုတ်ဘူးလား ကိုမြမောင်ရဲ့”

“ဟုတ်ပါတယ် ကိုရန်ပိုင်ရယ်...ဒါက ကိုယ့်အခွင့်အရေးပဲလေ ဗျာ...”

“ကဲ ဌာနာအုပ်မင်းခင်ဗျား...ကျွန်တော့်ကို ခွင့်ပြုပါဦးခင်ဗျာ။ ပြင်ဆင်စရာလေးတွေ နည်းနည်းရှိလို့ခင်ဗျ”

“ဟာ ကိုရန်ပိုင်ရယ်...ခွင့်တောင်းနေစရာမလိုပါဘူးဗျ။ သဘောရှိ ကလောဟိပါဗျ။ ကဲရိုးအွန်...ကဲရိုးအွန်”

“သိုင်းကျူး ဦးမြမောင်”

စုံထောက်ရန်ပိုင်သည် ခင်ဦးဌာနာအုပ်ကြီး ဦးမြမောင်အား နှုတ်ဆက်စကားဆိုကာ သူ၏အခန်းလေးဆီသို့ လျှောက်လာခဲ့လေ၏။ ထိုသို့လျှောက်လာရင်းဖြင့် စုံထောက်ရန်ပိုင်က စိတ်မှနေ၍–

“အင်း...တရားခံမဖမ်းရတာ အတော်ကြာကြာလို့ ပျင်းတောင် နေပြီ။ တရားခံတွေရေ...မင်းတို့အတွက် ငါလာပြီဟေ့။ စုံထောက် ရန်ပိုင်လာပြီ” ဟူ၍ ပြောလိုက်မိပါသတည်း။

* * *



# အခန်း(၄)

“လူကလေးတို့။ ကျွန်ုပ်ခေါင်းကို ဆင်နင်းပြန်ပြီ လူကလေးတို့။ အခုလေးတင်ပဲ ဗဟန်းဂါတ်တဲက ဖုန်းလှမ်းဆက်တယ်။ ‘မြင့်နန်း ရိပ်မြုံ’ခြံကြီးထဲမှာ လူသတ်မှုဖြစ်ပြန်တဲ့။ ဒီတစ်ခါအသတ်ခံရတာက လှိုင်ဆိုတဲ့ မိန်းကလေးတဲ့။ အို...ဂေါ့...ဘုရားသခင်ကယ်တော်မူပါ...။ လူသတ်မှုတွေက ဒီခြံကြီးထဲမှာပဲ ထပ်တလဲလဲ ဖြစ်နေပါလား လူကလေးတို့”

စုံထောက်မင်းကြီး မစ္စတာကရစ်ပင်၏ အသံသည် လူစင်စစ်မှ ခိုတစ်ကောင်၏ အသွင်သဏ္ဍာန်အလား ညည်းညူလျက် ရှိနေပေတော့သည်။ သူသည် စိတ်ရှုပ်ထွေးဟန်ဖြင့် စီတန်းကာရပ်လျက်ရှိကြသည့် စီအိုင်ဒီ စုံထောက်ကျော်ကြီးများ၏ရှေ့ဝယ် ဟိုသည်လျှောက်လှမ်း လျက်ရှိနေပေ၏။ ထုံးစံအတိုင်းပင် အိုင်ပီဦးဒီပါ ဦးဆောင်သည့် စုံထောက်ကျော်များမှာလည်း ရင်ခုန်နှုတ်ပိတ်၍ ငြိမ်သက်နေကြပေသည်။



www.burmeseclassic.com

www.burmeseclassic.com



အိုင်ပီလှတိုးက စုံထောက်မင်းကြီး၏အလစ်တွင် အိုင်ပီဦးဒီပါအား ပခုံးတစ်ဖက်ကို အသာတွန့်၍ ပြလိုက်လေ၏။ မင်းကြီးက စကားတွေဆက်လက်၍ ပြောနေလေ၏။

"ကျွန်ုပ်အံ့အားသင့်နေမိတယ် လူကလေးတို့။ အချိန်ကာလ သုံးလကျော်လေးအတွင်းမှာ အိမ်ကြီးတစ်အိမ်ထဲက မိသားစုသုံးဦး အသတ်ခံခဲ့ရတယ်။ ကျွန်ုပ်တို့လူတွေ ဦးခိုင်ထွန်းကို သတ်သွားတဲ့ တရားခံကို ရှာဖွေနေကြစဉ်မှာပဲ မိန်းကလေးနှစ်ယောက် ဆက်တိုက် အသတ်ခံသွားရပြန်တယ်။ ကျွန်ုပ် ဘယ်လိုခေါင်းဖော်ရဲတော့မှာလဲ လူကလေးတို့ရဲ့။ အိုး...ငရဲ...ကျွန်ုပ်ကို ကယ်တင်ကြပါဦး လူကလေးတို့"

စုံထောက်မင်းကြီး ဖြစ်ပျက်နေပုံမှာ ရယ်စရာလည်းကောင်း၊ သနားစရာလည်းကောင်း၍နေလေရာ စုံထောက်ကျော်တို့မှာ ပြုံးစိစိ ဖြစ်နေကြပေတော့သည်။

"လူကလေး မောင်ဒီပါ"

"ဟုတ်ကဲ့မင်းကြီး...အမိန့်ရှိပါခင်ဗျာ"

"လူကလေးမောင်ရန်ပိုင် ရောက်မလာသေးပါလားကွဲ့"

"မှန်ပါမင်းကြီးခင်ဗျား...ကျွန်တော် အသေအချာ သံကြိုးရိုက်ခဲ့ပါတယ်။ ကျွန်တော်လည်း ကိုရန်ပိုင် ဘာ့ကြောင့် နောက်ကျနေသလဲဆိုတာ တွေးနေမိပါတယ် မင်းကြီးခင်ဗျား"

"မှန်ပါတယ်လူကလေး...မောင်ရန်ပိုင် ရောက်သင့်တဲ့အချိန် ဖြစ်တယ်။ ကျွန်ုပ် သူ့ကို သိပ်မျှော်နေမိတယ် လူကလေးတို့... ကျွန်ုပ်ကို ကယ်တင်နိုင်မယ့်သူဟာ လူကလေးမောင်ရန်ပိုင်ပဲ ဖြစ်မယ် လူကလေးတို့..."





"မှန်ပါတယ် မင်းကြီးခင်ဗျား"

အိုင်ပီဦးဒီပါမှာ စုံထောက်မင်းကြီးမစ္စတာကာရစ်ပင်နှင့် အထူးသလပေးဖြောင့်လျက် ရှိနေပေ၏။ ကင်းဘဲလ်လမ်းရှိ 'မြိုင်နန်းရိပ်မြုံ' ခြံကြီးထဲဝယ် လူသတ်မှုများ ဆက်တိုက်ဖြစ်ခဲ့လေသည်။ ပထမဆုံး အသတ်ခံရသူက သူဌေးကြီးဦးခိုင်ထွန်း၊ ပြီးတော့ ဒုတိယသမီးကြိုင်၊ နောက် တတိယမြောက်သမီးလေးလှိုင်။

လူသတ်သမားသည် ထိုမိသားစုအား အငြိုးအတေးကြီးမားစွာဖြင့် တစ်ယောက်ပြီးတစ်ယောက် ရှင်းပစ်နေခြင်းဖြစ်သည်ဟု ထင်မှတ်ရပေသည်။ နေ့စဉ်ထုတ် သတင်းစာများကလည်း ထိုလူသတ်မှုများ၏ တရားခံကို မဖော်ထုတ်နိုင်ခြင်းအတွက် 'စီအိုင်ဒီ'အား ရှုတ်ချပြစ်တင် ဝေဖန်လျက် ရှိနေကြလေသည်။

စုံထောက်မင်းကြီး မစ္စတာကာရစ်ပင်သည် သူ၏စုံထောက်ကျော်များအား အားမလိုအားမရဟန်ဖြင့် ဝေ့ဝိုက်၍ ကြည့်ရှုရာမှ–

"လူကလေး မောင်ဉာဏ်ဝင်း"

"ခင်ဗျား...မင်းကြီး..."

"လူကလေးရဲ့ကြိုးပမ်းမှုကို ပြောပါဦးလူကလေး။ တရားခံကို မိဖို့ နီးစပ်ပြီလားလူကလေး..."

အိုင်ပီဉာဏ်ဝင်းသည် မင်းကြီးအား မဝံ့မရဲဖြင့် ကြည့်လိုက်ကာ–

"မှန်ပါမင်းကြီးခင်ဗျား... တရားခံဟာ သိပ်ကိုခြေရာဖျောက်ကောင်းတဲ့သူ ဖြစ်နေပါတယ်။ ဒါပေမဲ့ သူ ကြာရှည်ပြေးနိုင်တော့မှာ မဟုတ်ပါဘူး။ ကျွန်တော်မျိုး ကွိခနဲ ဖမ်းမိတော့မှာပါမင်းကြီး"

ဟူ၍ ကြွားလုံးထုတ်လိုက်လေသည်တွင် အိုင်ပီတင်ဝင်းက ကြောတကြောဖြင့်–

www.burmeseclassic.com



"ဘယ်တော့လဲ ကိုညဏ်ဝင်း။ ကမ္ဘာလဆန်း ၁ ရက်နေ့ကျမှ လား"ဟူ၍ ပြောလိုက်လေရာ စုံထောက်ကျော်တစ်စုတို့သည် မင်းကြီး ရှေ့မှာပင် မအောင့်အည်းနိုင်ကြတော့ဘဲ အသံထွက်၍ ရယ်လိုက်မိကြ သည်တွင် မစ္စတာကရစ်ပင်မှာ မျက်ထောင့်နီကြီးများဖြင့် ဝေ့ကြည့် လိုက်ပြီးလျှင်–

"ရှက်တယ်လူကလေးတို့ ရှက်တယ်...ဆိုင်းလင့်"

မင်းကြီး၏ အရိပ်သုံးပွါးမရွေးသည့် ဒေါသကို သိရှိပြီးဖြစ်ကြ သည့် အိုင်ပီတစ်စုဝို့မှာ ဇက်ကလေးများ ပု၍သွားကြရလေ၏။ ထိုစဉ်မှာပင် မင်းကြီးရုံးခန်း၏ ဆင်နားရွက်တံခါးကို ကျွီခနဲ တွန်း ဖွင့်သံကို ကြားလိုက်ကြရပြီးနောက် စည်းချက်ကျနသည့် ရှူးဖိနပ်သံ တဒေါက်ဒေါက်ပေးကာ လျှောက်လှမ်းလာနေသည့် လူတစ်ယောက် အား 'ဘွားခနဲ'တွေ့လိုက်ကြသည်တွင် စုံထောက်ကျော်တစ်စုတို့မှာ တအံ့တသြဖြင့်–

"စုံထောက်ရန်ပိုင်"

"ဟာ...ကိုရန်ပိုင်"

"အတော်ပဲ ကိုရန်ပိုင်ရေ"

ဟူသော အာမေဋိတ်သံဝေ့ ထွက်ပေါ်၍လာကြလေ၏။

စုံထောက်ရန်ပိုင်သည် သက္ကလတ် ဘောင်းဘီရှည်အညိုနှင့် ဖလေဇာကုတ်အင်္ကျီ အညိုရောင်ဖားဖားကြီးကို ဝတ်ထားလေ၏၊ ပခုံးသက်ဝယ် လွန်စွာကြီးမားလှသည့် လွယ်အိတ်ကြီးတစ်လုံးကို လွယ်ထားပြီး ဦးခေါင်းထက်ဝယ် အညိုရောင်ဦးထုပ်ကြီးတစ်လုံးကို ခပ်ငိုက်ငိုက်ဆောင်း၍ထားလေ၏။ သူသည် တန်းစီကာရပ်လျက် ရှိကြသည့် လုပ်ဖော်ကိုင်ဖက် စုံထောက်ကျော်များအား လက်မြှောက်၍





နှုတ်ဆက်လိုက်ရာက အိုင်ပီကြီးဦးဒိပါအား တစ်ချက်လှမ်း၍ ကြည့် လိုက်ရင်း–

"ဦး နေကောင်းတယ်နော်"ဟူ၍ နှုတ်ခွန်းဆက်လိုက်လေသည်။ ထို့နောက် သူသည် စုံထောက်မင်းကြီးရှေ့သို့ လျှောက်သွားလိုက် လေသည်။ ပြီးလျှင် မင်းကြီး၏စားပွဲရှေ့မှ ကုလားထိုင်အား ဆွဲယူ ကာ ထိုင်ချလိုက်လေသည်။ စုံထောက်မင်းကြီး မစ္စတာကရစ်ပင်သည် သူ့ရှေ့တွင် အခန့်သားထိုင်လျက်ရှိသော စုံထောက်ရန်ပိုင်အား လှမ်း၍ ကြည့်လိုက်ပြီးလျှင်–

"လူကလေး...ရောက်လာပြီနော်"

"ဟုတ်ကဲ့ . မင်းကြီး"

စုံထောက်ရန်ပိုင်သည် ဂလေစီယာစီးကရက်တစ်လိပ်အား ထုတ် ယူ၍ မီးညှိကာ အေးအေးဆေးဆေး ဖွာရှိုက်လျက် ရှိနေလေသည်။ သူ၏အမူအရာမှာ စုံထောက်မင်းကြီး၏ရှေ့တွင် ထိုင်နေသည်နှင့် မတူဘဲ အေးဆေးလွတ်လပ်လျက် ရှိလွန်းလှပေ၏။ စီအိုင်ဒီရှိ တခြားသော စုံထောက်ကျော်တို့မှာ ကိုရန်ပိုင်ကဲ့သို့ မင်းကြီးရှေ့တွင် ထိုင်ရဲဖို့ဝေးစွ၊ ကောင်းစွာပင် ရပ်ရဲကြသူများ မဟုတ်ကြပါပေ။ စုံထောက်မင်းကြီး မစ္စတာကရစ်ပင်သည် ပျော့ပျောင်းသည့်လေသံ၊ ချိုသာသည့် မျက်နှာပေးဖြင့်–

"လူကလေးမောင်ရန်ပိုင် . ကျုပ် လူကလေးကို အားကြီးမျှော် နေမိတယ်။ ကျုပ်တို့စီအိုင်ဒီ လူတကာရဲ့ တံဘွေးခွက်မှာ ပက်လက် မျောနေမိပြီလူကလေးရဲ့။ ကင်းဘဲလ်လမ်း (ငါးထပ်ကြီးဘုရား လမ်း)ထဲမှာ ဆက်တိုက်လိုဖြစ်ခဲ့တဲ့ လူသတ်မှုတွေကို မဖော်ထုတ် နိုင်သေးဘူး လူကလေး... ကျုပ်မျက်နှာ ဘယ်မှာသွားထားရမှန်း



www.burmeseclassic.com

www.burmeseclassic.com



မသိတော့ပါဘူး လူကလေးမောင်ရန်ပိုင်ရယ်။ ကျေးဇူးပြု၍ ကျွန်ုပ်ကို ကယ်တင်ပါ လူကလေး...ဒူးယူဟက်ပ်မီ"

ဟု ပြောလိုက်သည်တွင် စုံထောက်ရန်ပိုင်မှာ ပလေစီယာ စီးကရက်ကို ခဲထားရင်းဖြင့်–

"မှန်ပါတယ်မင်းကြီးခင်ဗျ။ မြို့င်နန်းရိပ်မြုံအိမ်ကြီးက သူဌေးကြီး ဦးခိုင်ထွန်း ပထမဦးဆုံး အသတ်ခံခဲ့ရတယ်။ သူပြီးတော့ သမီးနှစ်ယောက်ဖြစ်တဲ့ ကြိုင်နဲ့လှိုင် အသတ်ခံရပြန်တယ်။ လူသတ်သမားဟာ အငြိုးအတေးတစ်ခုကြောင့် အခဲမကျေနိုင်ဘဲ ကလဲ့စားချေနေဟန် ရှိတယ် မင်းကြီးခင်ဗျ။ အဲဒီလူသတ်မှုတွေအားလုံးရဲ့ တရားခံဟာ တစ်ယောက်တည်းပဲ ဖြစ်လိမ့်မယ်လို့ ယူဆလို့ရပါတယ် မင်းကြီး"

ဟု ပြန်ပြောလိုက်သည်တွင် မစ္စတာကရစ်ပင်မှာ စိတ်အားထက်သန်စွာဖြင့်–

"ဟုတ်လား လူကလေးမောင်ရန်ပိုင်။ ဒီလိုဆိုရင် တရားခံကို လူကလေး ကျွန်ုပ်လက်ကို အပ်နှံနိုင်လိမ့်မယ်ထင်ပါရဲ့။ ဟုတ်ရဲ့လား လူကလေးရဲ့"ဟူ၍ ပြောလိုက်သည်တွင် စုံထောက်ရန်ပိုင်က စီးကရက်ကို ထိုးချေလိုက်ရင်း–

"ကျွန်တော် အစွမ်းကုန်ကြိုးစားပါ့မယ် မင်းကြီးခင်ဗျ"

"ကောင်းပြီလူကလေး ကောင်းပြီ။ ကျွန်ုပ် လူကလေးရဲ့ အခြေစကားကို ကျေနပ်နှစ်သက်မှု ရှိပါတယ် လူကလေး။ လှိုင်ဆိုတဲ့ မိန်းကလေးရဲ့အလောင်းကို လူကလေး သွားကြည့်လိုက်ပါ"

"ဟုတ်ကဲ့ပါမင်းကြီး။ ကျွန်တော် အခုပဲ အိုင်ပီကြီးဦးဒီပါကို ခေါ်ပြီး သွားလိုက်ပါ့မယ်ခင်ဗျာ"

"ဘဲရီးဂွဒ်လူကလေး...ဂိုး အွန်"

"ဟုတ်ကဲ့ မင်းကြီး"





စုံထောက်ရန်ပိုင်သည် စီးကရက်တစ်လိပ်ကိုထုတ်၍ မီးညှိလိုက်ပြီးနောက် မင်းကြီးစားပွဲရှေ့မှ ထလာခဲ့လေသည်။ ထို့နောက် အိုင်ပီဦးဒီပါအား "ဦး၊ အခင်းဖြစ်နေရာကို သွားကြမယ်"ဟု ပြောကာ စုံထောက်မင်းကြီး၏ရုံးခန်းထဲမှ ထွက်သွားလေတော့သည်။ ကျန်ရှိသည့် စုံထောက်ကျော်များအား မစ္စတာကရစ်ပင်က–

"လူကလေးတို့အားလုံး ကော့စ်ဖြစ်တဲ့နေရာကို လိုက်သွားကြပါ။ ပြီးတော့ လူကလေးမောင်ရန်ပိုင်ရဲ့ လုပ်ပုံကိုင်ပုံတွေကို နည်းနာယူကြ၊ မှတ်သားကြပေတော့ လူကလေးတို့"

ဟု ပြောလိုက်သည်တွင် အိုင်ပီဉာဏ်ဝင်းတို့လူစုမှာ အောင့်သက်သက်ဖြင့်–

"ဟုတ်ကဲ့ပါမင်းကြီး"ဟူ၍ ပြောလိုက်ကြရလေသည်။ ထို့နောက် မင်းကြီး၏ရုံးခန်းထဲမှ အလုအယက် ထွက်လာကြပြီးလျှင် ရုံးရှေ့တွင် ရပ်ထားသည့် အော်စတင်ကားလေးများထဲသို့ ဝင်ထိုင်လိုက်ကြလေ၏။

ထိုအချိန်တွင် အိုင်ပီဦးဒီပါမှာ သူ၏ဖို့ဒ်ကားလေးပေါ်တွင် စုံထောက်ရန်ပိုင်အား တင်ဆောင်ကာ စီအိုင်ဒီရုံးဝင်းအတွင်းမှ မောင်းထွက်လာခဲ့ပြီဖြစ်၏။ အိုင်ပီဦးဒီပါက ကားလေးကို မောင်းနှင်လျက်ရှိရာမှ–

"အိုင်ဆေးကိုရန်ပိုင်...ကျုပ်ဖြင့် ခင်ဗျားပြန်ရောက်လာတာကို အတိုင်းမသိ ဝမ်းသာသွားမိတယ်ဗျာ။ တကယ်ပါပဲ"ဟူ၍ လှိုက်လှိုက်လှဲလှဲ ပြောလိုက်လေ၏။ ထိုအခါ ကိုရန်ပိုင်က သောက်လက်စ စီးကရက်တိုကို အပြင်ဘက်သို့ ကောက်ထုတ်ပစ်ပြီးနောက်–

"ဦး ဝမ်းသာသွားမယ်ဆိုတာ ကျွန်တော်ယုံကြည်ပါခင်ဗျာ...



www.burmeseclassic.com

www.burmeseclassic.com



ဘာ့ကြောင့်လဲဆိုတော့ ဦးသာ လူသတ်မှုတွေကို မဖော်ထုတ်နိုင်ခဲ့တ ကြောင့် စိတ်ပျက်အားငယ်နေတဲ့အချိန်လေ...ဒီလိုအချိန်မျိုးမှာ ဦ ချစ်ခင်အားကိုးတဲ့ ကျွန်တော့်ကို မြင်တွေ့လိုက်ရုံနဲ့ပဲ ဦးရဲ့စိတ်ဆ ချဉ်ခြင်းတွေ ပြည့်ဝသွားပြီပေါ့ဦးရယ်...ဟုတ်တယ်မဟုတ်လားဦးရဲ့

ဟု ရယ်ရယ်မောမောလေး ပြန်ပြောလိုက်လေ၏။ အိုင်ပီကြ ဦးဒီပါက သူ၏ဖို့ဒ်ကားလေးကို အပြင်းမောင်းနှင်လျက်ရှိလေ ကားလေးသည် မကြာမီမှာပင် ရွှေဂုံတိုင်ဘက်ဆီသို့ ရောက်ရှိလာ လေ၏။ စုံထောက်ရန်ပိုင်က စီးကရက်တစ်လိပ်ကို မီးညှိလိုက်ရင် ဖြင့်–

"အိုင်ဆေးဦးရဲ့။ ကျွန်တော်လည်း အမှုအကြောင်းချင်းရာတွေ ဘာတစ်ခုမှ ဂဃနဏ မသိရသေးဘူး။ ပြီးတော့ မအူကုန်းထိပ်ဈ 'ခါလာကြီး'ရဲ့တိုရှည်ကို မစားရတာလည်း ကြာပြီဦးရဲ့။ စိတ်မှ တယ်ဆန်းကြယ်သားဦးရယ်။ ကျွန်တော် ခင်ဦးရောက်နေတုန်း ရောက်နေခိုက်လေးမှာ ရန်ကုန်မှာရှိတဲ့ တခြားဘာကိုမှ သတိမရဘဲ ဘာမဆိုင်ညာမဆိုင်၊ ခါလာကြီးရဲ့တိုရှည်ကို သတိရနေမိသဗျဦးရဲ့ ဟားဟားဟားဟား"

ဟုပြောကာ ရယ်မောရှုနေလေတော့၏။ အိုင်ပီဦးဒီပါက ကား စက်ရှိန်ကိုသတ်လိုက်ပြီး ကိုရန်ပိုင်ဘက်သို့လှည့်ကာ–

"အိုင်ဆေးရ...ပြောပါဦး။ ဒါဆို အခုကျုပ်ကားလေးကို မ ကုန်းဘက် ဦးတည်ရမယ်ဆိုပါတော့ ဟုတ်လားကိုရန်ပိုင်"

ဟုမေးလိုက်သည်တွင် စုံထောက်ရန်ပိုင်က စီးကရက်ကိုသုံးလေး ဖွာရှိုက်ပြီးမှ–

"သိပ်ဟုတ်တာပေါ့ဦးရယ်... အဲဒီမှာ တိုရှည်စားရင်း အ





...ကြောင်းကို ဦးကပြောပြပေါ့။ ဒီလိုရှိတယ်ဦးရဲ့ အမှုတစ်ခုကို စုံစမ်း ...ထောက်လှမ်းတဲ့နေရာမှာ သူ့ရဲ့နောက်ခံအကြောင်းချင်းရာကို ကျေညက် ...အောင် သိဖို့လိုတယ်ဦးရဲ့။ အမှုတစ်ခုဖြစ်တယ်၊ လူသတ်မှုတစ်ခု ...တယ်ဆိုဘာ ချက်ချင်းလက်ငင်းကြီး ကောက်ကာငင်ကာ ဖြစ်တာ ...တွေက ရှားပါတယ်ဦးရယ်...အသေအချာ အကွက်ချစီစဉ်ပြီးမှ ဖြစ် ...ကြတာ များပါတယ်၊"

ဟုပြောလိုက်သည်တွင်၊ အိုင်ပီဦးဒီပါက သူကားလေးကို တာမွေ ...က်သို့ ချိုးကွေ့လိုက်ရင်း–

"ကော့စ်ဖြစ်တဲ့ နေရာမှာမတွေ့လို့ မင်းကြီး ဆူနေပါဦးမယ် ...ရန်ပိုင်ရယ်။ ခင်ဗျားက အခုမှ နယ်နှင်ဒဏ်က လွတ်မြောက်လာသူ ...ဟုတ်လားဗျ"

ဟု စိုးရိမ်မကင်းစွာဖြင့် ပြောလိုက်သည်တွင် ကိုရန်ပိုင်မှာ ...ဟားဟား ရယ်မောလိုက်ရင်းဖြင့်–

"ဦးရယ်...တွေးပူမနေစမ်းပါနဲ့ ခင်ဗျာ။ ဖြစ်သမျှအကြောင်း ...ကောင်းချည်းပေါ့။ မင်းကြီးအလုပ်နိုင်ဆုံးက ကျွန်တော့်ကို အလုပ် ...တ်ပစ်ရုံကလွဲလို့ ဘာမှမရှိပါဘူးဦးရဲ့"

ဟူ၍ ပြန်ပြောလိုက်လေ၏။ ထိုအခါ အိုင်ပီဦးဒီပါမှာ စုံထောက် ...ပိုင်အား လေးစားသောအကြည့်ဖြင့် ကြည့်မိလိုက်တော့သည်။

သူတို့နှင့် စုံထောက်ရန်ပိုင်မှာ ပြဒါးတစ်လမ်း သံတစ်လမ်း ...ဘာလို ဖြစ်လေသည်။ သူတို့တစ်တွေက မျက်နှာဖြူမင်းကြီးကို ...မလောက် ကြောက်ရွံ့ကြသော်လည်း စုံထောက်ရန်ပိုင်မှာမူ လုံးဝ ...ရေးစိုက်သူမဟုတ်ပါပေ။ တစ်ဖန် သူတို့တစ်တွေက ရာထူးတိုးရေး၊ ...ည်ကောင်းလက်မှတ် ရရှိရေး၊ ဘုရင်ခံ၏ ဒါဘာပွဲ တက်ရောက်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ရရှိရေး လုံးပန်းနေကြချိန်တွင် စုံထောက်ရန်ပိုင်မှာ ဒါတွေအားလုံးကို သူနှင့်မဆိုင်သလို နေထိုင်ခဲ့သူဖြစ်၏။

အိုင်ပီဦးဒီပါမှာ စုံထောက်ရန်ပိုင်၏ စွမ်းဆောင်မှုများဖြင့် စီအိုင်ဒီတွင် သတင်းမွှေးခဲ့ရလေသည်။ စုံထောက်ရန်ပိုင်မရှိသည်နှင့် ဦးဒီပါမှာ ခြေကျိုးလက်ကျိုးသဖွယ် ဖြစ်ခဲ့ရလေ၏။ စင်စစ် သူတစ်ပါး၏နှာခေါင်းပေါက်ဖြင့် အသက်ရှူခြင်းမှာ မကောင်းသော်လည်း ဦးဒီပါမှာ ထိုအလုပ်ကိုပင် မလွှဲသာမရှောင်သာ လုပ်ကိုင်နေရတော့သည်။

"ဦးရယ်...ကျွန်တော်က ဒီအလုပ်ကို ဝါသနာကြီးမားလွန်းလို့ လုပ်နေတာပါ။ ကျွန်တော့်စိတ်ထဲမှာ တရားခံကို ဖမ်းမိရေးကလွဲလို့ တခြား ဘာမှမရှိပါဘူး။ ခုလိုကာလကြီး မကောင်းတုန်းမှာ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကျွန်တော်တတ်နိုင်တဲ့ဘက်က အကာအကွယ်ပေး စောင့်ရှောက်နေတဲ့သဘောပါပဲ။ ကျွန်တော်ဦးကို စေတနာရှိပါတယ်"

ဟူသော စုံထောက်ရန်ပိုင် ပြောခဲ့ဖူးသည့် စကားလေးများကို ဦးဒီပါ ပြန်လည်၍ကြားယောင်သည်။

စုံထောက်ရန်ပိုင်က စီးကရက်ဘစ်လိပ်ကို မီးညှိလိုက်ပြန်ရင်း–

"သြော် ဒါနဲ့ဦး ဒီနေ့ညစာကို 'မင်တိုမင်ရှင်'ဟိုတယ်မှာ ဦးကို ကျွန်တော်လိုက်ကျွေးပါ့မယ်"

ဟု ပြောလိုက်လေရာ ဦးဒီပါက ခေါင်းကိုခါယမ်း၍ပြလိုက်ပြီး–

"မဟုတ်တာ ကိုရန်ပိုင်ရယ်...ခင်ဗျားက အခုမှ နယ်ကပြန်ရောက်လာတဲ့သူလေဗျာ။ ဒကာခံစရာရှိရင် ကျုပ်ကပဲ ဒကာခံရမှာပေါ့ဗျာ။ ဒီမယ်ကိုရန်ပိုင်...ဒီနေ့မနက်စာရော ညစာရော၊ ကျုပ်ကျွေး





ပါမယ်ဗျ... ဟဲ ဟဲ"

အိုင်ပီဦးဒီပါက ထိုသို့ပြန်ပြောလိုက်ရင်းဖြင့် သူ၏ကားလေးကို ဒါလာကြီးတိုရှည်ဆိုင်ရှေ့တွင် ထိုးရပ်လိုက်လေ၏။ ထို့နောက် ကားတံခါးကိုဖွင့်၍ နှစ်ယောက်သားဆင်းသက်လာခဲ့ကြကာ ဆိုင်အတွင်းသို့ ဝင်ရောက်လာခဲ့ကြလေသည်။ ဆိုင်ထဲတွင် စားသောက်နေကြသည့်သူများဖြင့် စည်ကားလျက်ရှိနေလေ၏။

အတွင်းဘက်ကျကျ စားပွဲတွင် ဝင်ထိုင်လိုက်ကြပြီးလျှင် တိုရှည်နှစ်ပွဲနှင့် မတ်ပဲကြော်များအား မှာယူကာ စားသောက်ကြလေသည်။ စုံထောက်ရန်ပိုင်သည် မြိန်ရေရှက်ရေဖြင့် စားသောက်လျက်ရှိ၏။

"ကောင်းလိုက်တဲ့တိုရှည် ဦးရယ်...ပါးစပ်ထဲကို အရသာရှိနေတာပဲ"

"ဒါဆို တပ်ယူဦးလေ ကိုရန်ပိုင်ရဲ့"

"ရပြီဦး. ဘယ်အရာမဆို စားကောင်းတိုင်း မစားရဘူးတဲ့။ စိတ်ကိုဖြတ်နိုင်ရမယ်တဲ့ ခင်ဗျ"

စုံထောက်ရန်ပိုင်က ထိုသို့ပြောပြီး ရေနွေးကြမ်းတစ်ခွက်ကို သောက်နေလေသည်။ အိုင်ပီဦးဒီပါမှာ စားလို့တစ်ဝက် မကျိုးသေး၊ စုံထောက်ရန်ပိုင် စီးကရက်တစ်လိပ်ကိုဖွာရင်း ဦးဒီပါ စားသောက်၍ အပြီးကို စောင့်နေလေသည်။ ဦးဒီပါက စားသောက်ခြင်းကို လက်စသတ်လိုက်ကာ–

"ဒီလို ကိုရန်ပိုင်ရဲ့...အခု လူသတ်မှုတွေ ဆက်တိုက်ဖြစ်ခဲ့တဲ့နေရာက ကင်းဘဲလ်လမ်း 'မြင်နန်းရိပ်မြုံ'ခြံကြီးထဲမှာ။ ပထမဆုံး အသတ်ခံရသူက သွင်းကုန်ထုတ်ကုန်သူဌေးကြီး ဦးခိုင်ထွန်း"

"ဟုတ်ကဲ့အိုင်ပီ"



www.burmeseclassic.com

www.burmeseclassic.com



"ဦးခိုင်ထွန်းဟာ သူ့ရဲ့စာဖတ်ခန်းထဲမှာ ဓားနဲ့ အချက်ပေါင်းများစွာ အထိုးခံရပြီး သေဆုံးသွားခဲ့တာဖြစ်တယ်။ လူသတ်သမားဟာ နံရံမှာသွေးနဲ့ ဘာရေးသွားသလဲဆိုတော့ ဒီလို ကိုရန်ပိုင်ရဲ့"

"ဟုတ်ကဲ့ဦး"

"ဘုန်းတော်ကြီးလို့ သက်တော်ရှည်တဲ့ဗျ"

"အဆန်းပါလားအိုင်ပီရဲ့...လုပ်ပါဦး၊ ဆက်ပါဦး ဒါနဲ့ ..."

"ထုံးစံအတိုင်းပေါ့ ကိုရန်ပိုင်ရယ်။ ကျုပ်တို့ စီအိုင်ဒီမှာက တတ်ယောင်ကားတွေက အများကြီးလေဗျာ။ အားလုံးက ဆရာတွေချည်းပဲ။ တပည့်တစ်ယောက်မှ မရှိဘူးမဟုတ်လား။ ဒီအထဲမှာ အဆိုးဆုံးက အိုင်ပီဉာဏ်ဝင်းဗျ ကိုရန်ပိုင်ရဲ့"

"ဟုတ်ကဲ့အိုင်ပီ"

"အိုင်ပီဉာဏ်ဝင်းက အဲဒီစာတန်းကို အဓိပ္ပာယ်ကောက်ပြီး ဘုန်းကြီးလူထွက် သက်ရှည်တွေကိုဖမ်းပြီး စစ်ဆေးခဲ့သဗျ။ ဒါပေမဲ့ ခုတ်ရာတခြား၊ ရှရာတခြားဖြစ်နေတာပါပဲ ကိုရန်ပိုင်ရယ်"

"ဟုတ်ကဲ့အိုင်ပီ။ နောက်ကောခင်ဗျ"

"အင်း...ဦးခိုင်ထွန်း အသတ်ခံရလို့ တစ်လလောက်ပဲ ရှိဦးမယ်၊ သူ့ရဲ့ဒုတိယသမီး 'ကြိုင်'အသတ်ခံလိုက်ရပြန်တယ်။ ဒီတစ်ခါမှာလည်း လူသတ်သမားက နံရံပေါ်မှာ သွေးနဲ့စာရေးသွားခဲ့ပြန်တယ်ဗျ။ ဘယ်လိုရေးထားတာလဲဆိုတော့ တို့တစ်တွေ ရေချမ်းအိုးကြီး ဆိုပဲဗျာ။ အတော့်ကို ထူးဆန်းပါပေရဲ့ ကိုရန်ပိုင်ရယ်"

စုံထောက်ရန်ပိုင်သည် အိုင်ပီဦးဒီပါ ပြောပြသည့်အချက်များအား မျက်မှောင်ကြုတ်ကာဖြင့် အာရုံစူးစိုက်လျက် ရှိနေလေ၏။

"ဒီတစ်ခါမှာလည်း အိုင်ပီဦးမိုးသာတို့လူစုဟာ ရေချမ်းဆိုတဲ့





လူတွေကိုဖမ်းပြီး စစ်ဆေးခဲ့ကြပြန်တယ်။ ဒါပေမဲ့ ကိုရန်ပိုင်ရယ်။ အခြေအမြစ်မရှိ လေဖမ်းဒန်းစီးနေကြတဲ့ သူတို့ရဲ့လုပ်ရပ်တွေက မဟုတ်လေတော့ အားလုံးပြန်လွှတ်ခဲ့ရတာပေါ့"

စုံထောက်ရန်ပိုင်သည် ဂလေစီယာ စီးကရက်တစ်လိပ်ကိုထုတ်၍ မီးညှိလိုက်ရင်း–

"ဒါဆို အိုင်ပီပြောသလိုဆိုရင် ဦးခိုင်ထွန်း အသတ်ခံရစဉ်က 'ဘုန်းတော်ကြီးလို့သက်တော်ရှည်'လို့ရေးခဲ့ပြီး 'ကြိုင်'အသတ်ခံရတဲ့အခါမှာ 'တို့တစ်တွေရေချမ်းအိုးကြီး'လို့ ရေးခဲ့တယ်နော်"

"ဟုတ်တယ်ကိုရန်ပိုင် အဲဒီအတိုင်းပါပဲ။ ကျုပ်တော့ဖြင့် ဘာတွေမှန်းကို မသိတော့ပါဘူးဗျာ"

"အိုင်ပီ ဦးဒီပါ"

စုံထောက်ရန်ပိုင်က စူးရှတောက်ပြောင်သည့် မျက်လုံးများဖြင့် လှမ်းကြည့်ကာ ခေါ်လိုက်လေသည်။ သူက ဦးဒီပါအား တစ်ခါတစ်ရံတွင် 'ဦး'ဟူ၍လည်းကောင်း၊ တစ်ခါတစ်ရံ၌ 'အိုင်ပီ'ဟူ၍လည်းကောင်း ခေါ်ဝေါ်တတ်ပေသည်။

"ကိုရန်ပိုင်"

"လုပ်ဗျာ... အခင်းဖြစ်နေရာကို သွားကြစို့ရဲ့။ လမ်းကျမှ ကျွန်တော်တွေးမိတာလေး ပြောပြမယ်အိုင်ပီ"

"ကောင်းပြီ ကိုရန်ပိုင်"

ဦးဒီပါက ကျသင့်ငွေကို ရှင်းပေးလိုက်ပြီးနောက် သူ၏ကားလေးဆီသို့ သူ၏လေးလံလှသည့် ခန္ဓာကိုယ်ကြီးကိုသယ်ဆောင်ကာ အိပဲ့အိပဲ့ဖြင့် လျှောက်သွားလေ၏။ နှစ်ဦးသား ကားပေါ်သို့ရောက်ရှိအပြီးတွင် ဖို့ဒ်ကားလေးကိုမောင်းနှင်၍ ထွက်လာခဲ့ကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



စုံထောက်ရန်ပိုင်က ဂလေစီယာစီးကရက်ကို ခဲထားရင်း–

"အိုင်ပီပြောတဲ့ အချက်တွေမှာ အခြေခံပြီး ကျွန်တော်ဆက်စပ်တွေးခေါ်ကြည့်လိုက်တဲ့အခါမှာ တရားခံဟာ အတော့်ကို အငြိုးအတေးကြီးမားတဲ့သူတစ်ယောက်ဖြစ်မယ် အိုင်ပီရဲ့။ ပြီးတော့လည်း ဖြစ်ပျက်ခဲ့တဲ့ လူသတ်မှုအားလုံးရဲ့ တရားခံဟာ တစ်ဦးတစ်ယောက်တည်းဖြစ်ဖို့များနေတယ် အိုင်ပီ..."

"ဟုတ်လား ကိုရန်ပိုင်"

အိုင်ပီဦးဒီပါသည် ကားလေးကို ဗျိုင်းရေအိုးစင်လမ်းလေးထဲသို့ ချိုးကွေ့၍ ဝင်လာခဲ့လေ၏။ စုံထောက်ရန်ပိုင်က သူ၏ထင်မြင်ချက်၊ သုံးသပ်ချက်တွေကို စိတ်ဝင်တစား ပြောဆို၍လာလေသည်။

"အဲဒီတော့ အိုင်ပီရယ်...အခု လှိုင်ဆိုတဲ့မိန်းကလေးကို သတ်ပြီးတဲ့အခါမှာလည်း လူသတ်သမားဟာ စာတန်းကို သွေးနဲ့ရေးခဲ့ဦးမှာပဲ အိုင်ပီရဲ့။ ဒီတစ်ခါ ဘယ်လိုရေးမလဲဆိုတော့ 'ဖန်ပြာခွက်နဲ့ ကျောက်စက်ရေ'လို့ ရေးခဲ့လိမ့်မယ် အိုင်ပီရဲ့"

အိုင်ပီဦးဒီပါသည် စုံထောက်ရန်ပိုင်အား တအံ့တသြဖြင့် လှမ်းကြည့်လိုက်ကာ–

"ကိုရန်ပိုင်ရယ်...ခင်ဗျား ဒါတွေကို ဘယ်လိုလုပ်ပြီး သိနေတာလဲဟင်။ ဒီနေ့မှ နယ်ကရောက်လာတဲ့ သူတစ်ယောက်က အမှုတွေနဲ့ပတ်သက်ပြီး သိလှပါလားဗျာ"

ဟု တအံ့တသြဖြင့် ရေရွတ်လိုက်သည်တွင် စုံထောက်ရန်ပိုင်မှာ ပြုံးစိစိလေးလုပ်လိုက်ရင်း–

"အိုင်ပီရယ်...ကျွန်တော်တို့ စုံထောက်ပညာဆိုတာ 'တွေးကြည့်တာက ပြေးကြည့်တာထက်မှန်'တဲ့ ပညာမျိုးလေဗျာ။ ဒီလိုပဲ ဖြစ်နိုင်ခြေ





ရှိတာတွေကို ဆက်စပ်တွေးခေါ်ကြည့်ရတာပေါ့။ ဒါပေမဲ့ တစ်ခါတလေကျတော့လည်း မှန်းချက်နဲ့နှမ်းထွက်မကိုက်တာတွေတော့ ရှိတတ်ပါတယ် အိုင်ပီ"

"ခင်ဗျားအတွက်တော့ ရှားပါးလွန်းလှပါတယ် ကိုရန်ပိုင်ရယ်"

အိုင်ပီဦးဒီပါသည် ထိုစကားကိုဆိုလိုက်ရင်းဖြင့် သူ၏ဖို့ဒ်ကားလေးကို ကင်းဘဲလ်လမ်း(ယခု ငါးထပ်ကြီးဘုရားလမ်း)လေးအတွင်းသို့ မောင်းနှင်ဝင်ရောက်လာခဲ့ပါတော့သတည်း။

လမ်းထဲတွင်တော့ လူတွေလူတွေမှာ ဟိုသည်ပြေးလွှား သွားလာနေကြရင်းဖြင့် စကားတွေ အုတ်အော်သောင်းတင်း ပြောဆိုလျက်ရှိနေကြပေ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၅)

"အိုင်ပိ ဟိုမှာရပ်ပြီး စကားပြောနေကြတဲ့နှစ်ယောက်က..."

ဦးဒီပါ၏ ဖို့ဒ်ကားလေး 'မြိုင်နန်းရိပ်မြုံ'ခြံကြီးထဲသို့ မောင်းဝင်လာခဲ့သည်တွင် စုံထောက်ရန်ပိုင်က အိမ်ကြီး၏ဆင်ဝင်အောက်တွင် ရပ်ကာ စကားပြောလျက်ရှိကြသည့် လူရွယ်တစ်ယောက်နှင့် အမျိုးသမီးတစ်ဦးတို့ကို လှမ်းမြင်ရာမှ မေးလိုက်ခြင်းဖြစ်လေသည်။ ထိုအခါ အိုင်ပီဦးဒီပါက–

"မိန်းကလေးရဲ့နာမည်က 'မြိုင်'တဲ့ကိုရန်ပိုင်ရဲ့။ သူဌေးကြီး ဦးခိုင်ထွန်းမှာ မြိုင်၊ ကြိုင်၊ လှိုင်၊ ခိုင် ဆိုပြီး သမီးလေးယောက် ရှိတယ်ဗျ။ အခုရပ်ပြီး စကားပြောနေတာဟာ အကြီးဆုံးသမီးဖြစ်တဲ့ မြိုင်ပဲ ကိုရန်ပိုင်"

ဟု ရှင်းပြလိုက်သည်တွင် စုံထောက်ရန်ပိုင်သည် စီးကရက်ကို မီးညှိလိုက်ပြီးနောက်–



www.burmeseclassic.com

www.burmeseclassic.com



"တယ်လည်း ကျက်သရေရှိပြီး မြန်မာဆန်လှတဲ့မိန်းကလေး ပါလား ဦးရယ်"

ဟူ၍ မှတ်ချက်ပြုလိုက်ပေသည်။ အိမ်ကြီး၏ရှေ့တွင် စီအိုင်ဒီမှ အော်စတင်ကားနှစ်စီးနှင့် စုံထောက်မင်းကြီး၏ကားလေးတို့ ရပ်ထား လေ၏။ အိမ်ကြီး၏အဝင်ဝတွင် ဗဟန်းဂါတ်မှ ပုလိပ်လေးတစ်ယောက် သေနတ်ပိုက်ကာ စောင့်လျက်ရှိလေ၏။ အိုင်ပီဦးဒီပါက သူ၏ကား လေးကို အိမ်ကြီး၏ဆင်ဝင်အောက်တွင် ထိုးရပ်လိုက်လေသည်။

ထိုအခါ မြိုင်သည် ဦးဒီပါအား မြင်တွေ့၍သွားကာ-

"ဟော...ဦးက အခုမှရောက်လာပေတာကိုး။ တခြားစုံထောက် တွေရောက်နေကြတာ အတော်တောင်ကြာပြီဦးရဲ့"

ဟူ၍ နှုတ်ဆက်လိုက်လေရာ အိုင်ပီဦးဒီပါသည် ကားတံခါးကို ဖွင့်၍ဆင်းလိုက်ပြီးနောက်-

"ဟုတ်တယ်မြိုင်ရေ...ဟောဒီက ကျုပ်တို့ရဲ့လူ ရောက်လာလို့ နည်းနည်းနောက်ကျသွားရတာကွဲ့"

ဟူ၍ ပြန်ပြောလိုက်သည်တွင် မြိုင်သည် မျက်လုံးလေးဝင့်ကာ ဖြင့် ကားတံခါးကိုဖွင့်၍ ဆင်းသက်လာသည့် အရပ်ထောင်ထောင် မောင်းမောင်း၊ ဥပဓိရုပ်ကောင်းကောင်းဖြင့်ဖြစ်သည့် စုံထောက်ရန်ပိုင် ကိုလှမ်း၍ ဖျတ်ခနဲကြည့်လိုက်လေသည်။ စုံထောက်ရန်ပိုင်ကလည်း 'မြိုင်'အား ပြန်၍အကြည့်လိုက်ဖြစ်သောကြောင့် သူ၏ စူးရှတောက် ပြောင်လွန်းလှသည့် မျက်လုံးများ၏အကြည့်ဒဏ်ကို မခံနိုင်ဘဲ အရင် ဦးစွာ မျက်လွှာချ၍သွားလေ၏။

မြိုင်သည် မျက်စောင်းတို့ကို ပုတ်ခတ်ပုတ်ခတ်လုပ်လျက် ရှိနေ လေသည်။ မြိုင်၏စိတ်ထဲဝယ် ယောကျ်ားပီသခဲ့ညားသည့် စုံထောက်





ရန်ပိုင်အပေါ်ဝယ် အလိုလိုနေရင်းပင် လေးစားကြည်ညိုစိတ်များ ပေါ်ထွန်း၍နေမိလေ၏။ အိုင်ပီဦးဒီပါက သူမအား ကြည့်လိုက်ကာ-

"မြိုင်..."

"ရှင်...ဦး..."

"သူက ကျုပ်တို့စီအိုင်ဒီက စုံထောက်ရန်ပိုင်"

"ရှင်..."

မြိုင်၏ပါးစပ်စုစုလေး မပွင့်တပွင့်ဖွင့်ဟ၍ သွားလေ၏။ မျက်လုံး အစုံမှာလည်း ဝိုင်းစက်၍သွားကြလေသည်။ သူမသည် အလွန်ပင် အံ့အားသင့်၍ သွားဟန်ရှိလေ၏။

"ကိုရန်ပိုင်...ဒီမိန်းကလေးက 'မြိုင်'တဲ့"

စုံထောက်ရန်ပိုင်သည် ခေါင်းကို ဆတ်ခနဲညိတ်လိုက်ပြီး-

"ဟုတ်ကဲ့ပါမြိုင်... အခုလိုသိရတာ ဝမ်းသာပါတယ်ခင်ဗျာ။ ဒါပေမဲ့ မြိုင်...မြိုင်ခံစားနေရတဲ့ သောကဝေဒနာတွေအတွက်လည်း စိတ်မကောင်း ဖြစ်နေမိပါတယ်ခင်ဗျာ။ ကိုယ်ချင်းလည်း စာနာမိရပါ တယ်မြိုင်"

"ကျေးဇူးတင်ပါတယ် ကိုရန်ပိုင်...ကျွန်မ ရှင့်သတင်းတွေကို ကြားဖူး၊ ဖတ်ဖူးထားပါတယ်။ ရှင်လိုက်တဲ့အမှုမှန်သမျှ မပေါ်ဘူး ဆိုတာ၊ မရှိဘူးဆိုတာလည်း သိပါတယ်ရှင်"

စုံထောက်ရန်ပိုင်သည် ရယ်ရယ်မောမော လုပ်လိုက်ရင်း-

"ဟုတ်ရဲ့လား မြိုင်ရဲ့။ မြိုင်က ကျွန်တော့်အကြောင်းတွေ တော်တော်သိနေပါလား ဟင်း ဟင်း ဟင်း"

"ကိုရန်ပိုင်က နာမည်ကျော်တစ်ယောက်ပဲလေ။ အခုလို ရှင် ရောက်လာတာ မြိုင် ဝမ်းသာအားတက်မိပါတယ်ရှင်။ မြိုင့်အဖေနဲ့



www.burmeseclassic.com

www.burmeseclassic.com



မြိုင့်ညီမတွေကို သတ်သွားတဲ့တရားခံကို အမြန်ဆုံးဖော်ထုတ်ပေးပါရှင် ကျွန်မတောင်းပန်ပါတယ်"

"သြော်...မြိုင်ရယ်...။ ဒါဟာ ကျွန်တော့်တာဝန်လေးဗျား တောင်းပန်နေဖို့ မလိုအပ်ပါဘူးဗျာ။ စိတ်ချမြိုင် ကျွန်တော်အစွမ်းကုန်ကြိုးစားပါ့မယ်"

"ကျေးဇူးပါပဲ ကိုရန်ပိုင်ရယ်"

စကားပြောရင်းဖြင့် စုံထောက်ရန်ပိုင်က မြိုင်နှင့်မလှမ်းမကမ်းတွင်ရပ်ကာ အကဲခတ်ကြည့်ရှုနေသည့် ဘောင်းဘီရှည်အဖြူ၊ စပို့ရှပ်အစင်းကြားဝတ်ဆင်ထားသည့် လူရွယ်အား လှမ်း၍ကြည့်လိုက်ပြီးလျှင်-

"သူက ဘယ်သူလဲမြိုင်"ဟု မေးလိုက်လေ၏။ ထိုအခါ မြိုင်က-

"ရောဘတ်မေအောင်တဲ့ ကိုရန်ပိုင်။ မြိုင်တို့ရဲ့ မိတ်ဆွေဆိုပါတော့"ဟူ၍ ပြန်ပြောလိုက်လေသည်။

ရောဘတ်မေအောင်ကလည်း စုံထောက်ရန်ပိုင်အား တစ်ချက်ပြန်၍ကြည့်ကာ-

"ဟုတ်ပါတယ် စုံထောက်ကြီး...ကျုပ် ရောဘတ်မေအောင်ပါ" ဟူ၍ ဝင်ပြောလိုက်လေရာ စုံထောက်ရန်ပိုင် စီးကရက်တိုကို နင်းချေလိုက်ရင်း-

"ဟုတ်ပါပြီကိုမေအောင်ရယ် ကျုပ်တစ်ခုပဲ ခင်ဗျားကို မေတ္တာရပ်ခံချင်ပါတယ်ဗျာ။ ဒါကတော့ အခုရက်ပိုင်းအတွင်းမှာ ညအိပ်ညနေခရီးထွက်မယ်ဆိုရင် ကျုပ်တို့ဆီကို အကြောင်းကြား၊ အသိပေးပြီးမှ သွားလာဖို့ပဲ ကိုမေအောင်"

ဟု တည်ကြည်သောမျက်နှာထားဖြင့် ပြောလိုက်သည်တွင်





ရောဘတ်မေအောင်သည် အောင့်သက်သက်အမူအရာဖြင့် ခေါင်းတစ်ချက်ညိတ်ပြကာ 'မြိုင်'အား နှုတ်ဆက်၍ ထိုနေရာမှ ခပ်သွက်သွက် ထွက်ခွာသွားလေတော့သည်။ အိုင်ပီဦးဒီပါက 'မြိုင်'အားလှမ်း၍ မေးလိုက်လေသည်။

"အခင်းဖြစ်တာက ဘယ်မှာလဲမြိုင်"

"အိမ်ပေါ်ထပ်က လှိုင့်ရဲ့အိပ်ခန်းထဲမှာပါဦး။ မြိုင် လိုက်ပြပါ့မယ်"

"ကောင်းပြီမြိုင်...လာဗျို့ကိုရန်ပိုင်"

ဦးဒီပါက စုံထောက်ရန်ပိုင်အား လှည့်၍ခေါ်လိုက်လေရာ-

"ဦးသွားနှင့်လိုက်ပါ... ကျွန်တော် နောက်မှလိုက်လာခဲ့ပါ့မယ်" ဟူ၍ပြောရင်း စုံထောက်ရန်ပိုင်သည် အိမ်ပေါက်ဝမှ လှည့်ထွက်သွားလေ၏။ ဦးဒီပါသည် ကိုယ့်လူအကြောင်းကို ကိုယ်အသိဆုံးဖြစ်သောကြောင့် မည်သည့်စကားကိုမျှ မေးမြန်းခြင်းမပြုတော့ဘဲ အိမ်ကြီး၏အပေါ်ထပ်ဆီသို့ မြိုင်နှင့်အတူ တက်ရောက်၍သွားလေ၏။

"အင်း...မိန်းကလေးတို့မိသားစုလည်း ဘယ်ပုံဂြိုဟ်ဆိုးတွေက နှိပ်စက်နေကြတယ် မသိဘူး။ အသတ်ခံရတာ တစ်ယောက်ပြီးတစ်ယောက်ဆိုတာလို ဖြစ်နေတော့တာကိုး"

ဦးဒီပါက ထိုသို့ပြောလိုက်လေရာ မြိုင်သည် ကျလာလုမျက်ရည်ဥများကို ထိန်းရင်း-

"ဟုတ်ပါရဲ့ဦးရယ်...ကျွန်မတို့ရဲ့ 'မြိုင်နန်းရိပ်မြုံ'အိမ်ကြီးဟာ ကျိန်စာများ မိနေလေသလား မသိပါဘူးရှင်။ အကုသိုလ်တွေ ဆက်တိုက်ဝင်နေတော့တာပါပဲ။ အခုလည်း မြိုင်တို့ညီအစ်မတစ်တွေ သင့်ဝိရိယနဲ့ ဂရုတစိုက်ရှိကြတဲ့ ကြားထဲက 'လှိုင်'အသတ်ခံလိုက်ရပြန်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



မနေ့က မြိုင်တို့ညီအစ်မသုံးယောက် ဧည့်ခန်းမှာ ထိုင်စကားပြော ဖြစ်ကြတယ်ဦးရဲ့။ ပြီးတော့ စိတ်ပြေလက်ပျောက်ဆိုသလိုပဲ ညီမလေး ခိုင်ရဲ့ ပီယာနိုလက်သံကို နားထောင်ခဲ့ကြပါတယ်။ မြိုင်တို့တွေ အိပ်ရာဝင်ကြတော့ ည ၁၁ နာရီတောင် ကျော်နေပါပြီ။ မနက်လင်း တော့မှ ညီမလေးလှိုင် အသတ်ခံလိုက်ရပြန်ပြီဆိုတာ သိလိုက်ရတော့ တာပါ။ ဩော်...ကံဆိုးရှာတဲ့ ညီမလေးလှိုင်ရယ်"

မြိုင်၏အသံသည် ဆွေးမြည့်ကြေကွဲလျက် ရှိချေသည်။ မျက်ဝန်း ဆီတွင် မျက်ရည်ဥတို့ တွဲလွဲခိုလျက် ရှိကြလေ၏။ အိုင်ပီဦးဒီပါသည် ဆေးပြင်းလိပ်ကို မီးညှိလိုက်ပြီးနောက်–

"ဒါပေမဲ့မြိုင်ရယ် ..ဘာမှ ပူမနေပါနဲ့တော့။ ဦးတို့ရဲ့ စီအိုင်ဒီက နာမည်ကျော်စုံထောက်ရန်ပိုင် ရောက်ရှိလာ ပြီ။ မကြာခင်မှာ တရားခံ ကို ဖမ်းမိတော့မှာပါ။ ဒါဆိုရင် 'မြိုင်'တို့ရဲ့ အန္တရာယ်တွေလည်း ရပ်တန်းကရပ်သွားတော့မှာပေါ့ မဟုတ်ဘူးလားမြိုင်"

မြိုင်က ခေါင်းကလေးကို စောင်းငဲ့၍ကြည့်လိုက်ရာက–

"သူ စွမ်းဆောင်နိုင်လိမ့်မယ်လို့ မြိုင်ယုံကြည်ခဲ့ပါတယ်ဦး"

ဟူ၍ ပြောလိုက်လေရာ အိုင်ပီဦးဒီပါသည် လက်ဖျောက်တစ် ချက် တီးလိုက်ပြီးလျှင်–

"ဟုတ်လိုက်လေမြိုင်ရယ်"ဟု အားတက်သရော ပြောလိုက်လေ တော့သည်။ သို့နှင့် အခင်းဖြစ်ရာ လှိုင်၏အခန်းဝရှေ့သို့ ရောက်ရှိ လာခဲ့ကြ၏။ အခန်းပေါက်ဝတွင် ပုလိပ်သားနှစ်ယောက် စောင့်ကြပ် လျက် ရှိနေကြလေသည်။ မြိုင်က လက်ညှိုးလှမ်း၍ ထိုးလိုက်ကာ–

"အဲဒီအခန်းထဲမှာ လှိုင်အသတ်ခံခဲ့တာပါဦး။ မြိုင် အောက်က ပြန်စောင့်နေပါ့မယ်"





"ကောင်းပြီ မြိုင်"

မြိုင်သည် ထိုနေရာမှ ချာခနဲလှည့်ထွက်သွားလေသည်။ အိုင်ပီ ဦးဒီပါက စိတ်ကိုတင်းလိုက်ပြီးလျှင် အခင်းဖြစ်ပွားခဲ့ရာ အခန်းထဲသို့ လှမ်းဝင်လိုက်ပါတော့သတည်း။

အထဲတွင်..

* * *

အခန်းမှာ ပေ ၂၀ ပတ်လည်ခန့် ကျယ်ဝန်းကာ နံရံများတွင် အစိမ်းနုရောင်ဆေးများ သုတ်လိမ်းထားပေသည်။ မျက်နှာကြက်ပန်ကာ ကြီးတစ်လုံး တပ်ဆင်၍ထား၏။ ပန်ကာကြီးမှာ ယခုတိုင် ချာလပတ် လည်လျက် ရှိနေဆဲပင် ဖြစ်လေသည်။ အခန်း၏ထောင့်တွင် ခုတင် တစ်လုံးခင်းထားသည် ကိုတွေ့ရပြီး ခုတင်ပေါ်တွင် မိန်းမပျိုလေး တစ်ယောက် ပိုးလိုးပက် လက်ဖြင့် မြင်မကောင်းလှစွာ သေဆုံးနေ လေ၏။

အိပ်ရာခင်း အဖြူပေါ်ဝယ် သွေးခြင်းခြင်း နီလျက်ရှိသည်။ မိန်းကလေး၏ ဝဲဘက်ရင်အုံထက်ဝယ် ဓားမြှောင်တစ်ချောင်းသည် နက်ရှိုင်းလှစွာ စူးဝင်၍နေလေ၏။ သူမသည် ညာဘက်သို့ အနည်း ငယ်စောင်းလျက်ရှိကာ ခါးဝတ်ထဘီမှာ ပြေလျော့ကာကျနေလေ၏။

ညဝတ်ဘလောက်စ်အကျႌနှင့် ပိုးပျော့ပြောင်ထဘီကို ဝတ်ဆင် ထားသဖြင့် မိန်းကလေး၏ တင်းရင်းဖွံ့ထွားသည့် အသားစိုင်တို့မှာ လှစ်ဟပြသနေသည်သို့ ရှိနေလေတော့သည်။ သေးကျဉ်သည့်ခါး၊ ရွှင့်ကားသည့်တင်နှင့် သွယ်တန်းသည့်ပေါင်တံရှည်များကို မြင်တွေ့



www.burmeseclassic.com

www.burmeseclassic.com



ရလေ၏။ မိန်းကလေး၏မျက်နှာမှာ သေခါနီးတွင် လွန်စွာနာကျင်သွားသည့်ဝေဒနာကို ခံစားသွားပုံရလေသည်။

မိန်းကလေး၏ ခုတင်ပတ်ပတ်လည်တွင် စီအိုင်ဒီမှ စုံထောက်ကျော်တို့ ဝိုင်းစုလျက်ရှိနေကြပေသည်။ အခင်းဖြစ်ရပ်၊ ဓာတ်ပုံမှတ်တမ်းအား ပုံသဏ္ဌာန်အမျိုးမျိုးပြောင်း၍ ရိုက်ကူးလျက်ရှိနေသည်ကိုလည်း မြင်တွေ့ရပေ၏။ ပေကြိုးဖြင့်တိုင်းတာနေသူ၊ မှန်ဘီလူးထုတ်ကာဖြင့် အသေးစိတ်ကြည့်ရှုနေသူ စုံထောက်ကျော်တို့ကိုလည်း မြင်တွေ့ရပေ၏။

အထူးသဖြင့် အိုင်ပီဦးမိုးသာနှင့် အိုင်ပီဉာဏ်ဝင်းတို့ လူစုမှာ လွန်စွာအလုပ်များနေကြဟန်ရှိကြ၏။ အိုင်ပီလှတိုး၊ အိုင်ပီဝင်းမြင့်နှင့် အိုင်ပီတင်ဝင်းတို့မှာ ဟိုယောင်ယောင်သည်ယောင်ယောင်ဖြင့် မိုးတိုးမတ်တတ်ရှိနေကြ၏။ စုံထောက်မင်းကြီး မစ္စတာကရစ်ပင်သည် အခန်းထဲရှိ ကုလားထိုင်တစ်လုံးပေါ်ဝယ် အခန့်သားထိုင်ကာ သူ၏လူများ လုပ်ကိုင်နေကြသည်များအား မျက်ထောင့်နီကြီးဖြင့် တစ်စေ့တစောင်း ကြည့်ရှုနေလေသည်။

အိုင်ပီဦးဒီပါသည် အခန်းထဲသို့ရောက်ရှိလာသည်နှင့်ပင် နံရံတွင် သွေးဖြင့်ရေးထားခဲ့သည့် စာတန်းအား လှမ်း၍ဖတ်ရှုမိကာ မျက်လုံးအပြူးသားဖြင့် အံ့အားသင့်၍ မဆုံးပါလေတော့။ အကြောင်းမူ နံရံတွင် ရေးထားလေသည့်စာတန်းမှာ စုံထောက်ရန်ပိုင် ကြိုတင်ပြောခဲ့သလိုပင် ထပ်တူထပ်မျှ ဖြစ်နေသောကြောင့်ပါတည်း။

"ဒီတစ်ခါ ဘယ်လိုရေးမလဲဆိုတော့ 'ဖန်ပြာခွက်နဲ့ကျောက်စက်ရေ' လို့ ရေးခဲ့လိမ့်မယ်အိုင်ပီရဲ့"





"သွေးထွက်အောင်ကို မှန်ပေတယ် ကိုရန်ပိုင်ရယ်။ ခင်ဗျား ကြိုတင်ပြောခဲ့သလိုပါပဲဗျာ။ ဒက်ထိပါပဲ။ ကြည့်ပါဦး နံရံမှာရေးသွားခဲ့တာက 'ဖန်ပြာခွက်နဲ့ကျောက်စက်ရေ' တဲ့ဗျာ"

အိုင်ပီဦးဒီပါက တစ်ယောက်တည်း တတွတ်တွတ်ဖြင့် ပြောဆိုနေသည်တွင် စုံထောက်မင်းကြီးမစ္စတာကရစ်ပင်က လှမ်းကြည့်လိုက်ပြီးလျှင်–

"အိုး... လူကလေးမောင်ဒီပါ ဘာတွေ ပြောနေတာလဲကွဲ့။ လူကလေးမောင်ရန်ပိုင်ကော ဘယ်မှာလဲကွဲ့"

ဟူ၍ မေးလိုက်လေရာ ဦးဒီပါက–

"ဒီလိုပါမင်းကြီးခင်ဗျား...ကိုရန်ပိုင်က လမ်းမှာကြိုပြီးပြောခဲ့တာက လူသတ်သမားက 'ဖန်ပြာခွက်နဲ့ကျောက်စက်ရေ' ဆိုတဲ့ စာတန်းကို ရေးသွားလိမ့်မယ်တဲ့။ အခုဒီမှာ ကိုရန်ပိုင်ပြောတဲ့အတိုင်း တွေ့လိုက်ရလို့ပါ မင်းကြီး..."

ဟု ပြောလိုက်သည်တွင် မစ္စတာကရစ်ပင်မှာ မျက်မှောင်ကြုတ်လိုက်ရာက–

"အိုးဂေါ့ဒ်... အလွန်အံ့သြဖွယ်ရာပါလား။ ဒီအတိုင်းဆို လူကလေးမောင်ရန်ပိုင်က လူသတ်သမားကို မိနေပြီထင်ရဲ့။ လူကလေးမောင်ရန်ပိုင်ဘယ်မှာလဲ...ကျုပ်ကိုပြောပါ။ ဝဲအက်စ်...မောင်ရန်ပိုင်"

ဟု ပြောလိုက်သည်တွင် အသံစာက်သံသည် အခန်းပေါက်ဝမှ ထွက်ပေါ်လာလေ၏။

"ကျွန်တော် ဒီမှာပါမင်းကြီး" ဟူသော အသံနှင့်အတူ စုံထောက်ရန်ပိုင် အခန်းတွင်းသို့ ဝင်ရောက်လာလေသည်။ စုံထောက်ရန်ပိုင်အား မြင်တွေ့လိုက်ကြသည်တွင် အိုင်ပီဦးမိုးသာ၊ အိုင်ပီဉာဏ်ဝင်းတို့လူစုမှာ



www.burmeseclassic.com

www.burmeseclassic.com



မသိမသာရှဲ၍ နောက်သို့ ခပ်ဖြည်းဖြည်းဆုတ်သွားကြလေ၏။ အိုင်ပီ ဦးဒီပါက–

"ဒါပေါ့ဗျ အိုင်ပီလူတိုးရဲ့။ နေလာနှင်းပျောက်ဆိုတာ ဟဲ ဟဲ..." ဟု ပြောလိုက်လေရာ အိုင်ပီဉာဏ်ဝင်းတို့လူစုမှာ ရှုံ့ရှုံ့ရှဲရှဲဖြစ်၍ သွားကြလေသည်။

စုံထောက်မင်းကြီး မစ္စတာကရစ်ပင်က စုံထောက်ရန်ပိုင်အား တစ်ချက်စူးစိုက်၍ ကြည့်လိုက်ကာ–

"ကျွန်ုပ်ရောက်နှင့်နေတာ ကြာပြီလူကလေး...လူကလေး ဘယ်တွေ သဝေထိုးနေသလဲကွဲ့" ဟု မေးလိုက်သည်တွင် စုံထောက်ရန်ပိုင်က စီးကရက်တစ်လိပ်ကိုထုတ်၍ မီးညှိကာ ဖွာရှိုက်လိုက်ပြီးမှ လွန်စွာလေယူလေသိမ်း ကောင်းလှစွာဖြင့် 'လန်ဒန်မြို့ကြီးသား စတိုင်လ်ဖမ်းကာ အင်္ဂလိပ်လို လှမ်းပြောလိုက်လေသည်။

"သဝေလျှောက်ထိုးနေတာ မဟုတ်ပါဘူး မင်းကြီး။ အမှုနဲ့ ပတ်သက်ပြီး သွားလာလှုပ်ရှားနေတာပါ"

ကျန်သော စုံထောက်ကျော်တစ်စုတို့သည် စုံထောက်မင်းကြီးအား ပြန်လှန်၍ပြောဆိုရဲသည့် စုံထောက်ရန်ပိုင်ကို အကဲခတ်ကြည့်ရှုလျက် ရှိနေကြပေသည်။ အိုင်ပီဦးဒီပါသည် ထိုသို့ ပြန်လှန်ပြောဆိုနေခြင်း အတွက် စိုးရိမ်မကင်းဖြစ်၍နေလေသည်။

သို့ရာတွင် စုံထောက်မင်းကြီး မစ္စတာကရစ်ပင်သည် မျက်နှာ ချိုချိုသာသာ၊ လေသံပျော့ပျော့ပျောင်းပျောင်းဖြင့်–

"ဟုတ်လားလူကလေးရဲ့...ကျွန်ုပ် လူကလေးကို အားကိုးပါတယ်။ တရားခံကိုမိဖို့ နီးစပ်နေပြီလား လူကလေး"

ဟု မေးမြန်းလိုက်သည်တွင် စုံထောက်ရန်ပိုင်က–





"ဟုတ်ကဲ့မင်းကြီးခင်ဗျာ။ နီးစပ်နေပြီလို့ပြောရင် ရနေပါပြီ။ ခုလောလောဆယ် ကျွန်တော်သိရသလောက် ပြောရမယ်ဆိုရင် ဒီ လူသတ်မှုတွေအားလုံးရဲ့ တရားခံဟာ တစ်ဦးတစ်ယောက်တည်းပဲ ဖြစ်တယ် ဆိုတာရယ်၊ ရန်ငြိုးရန်စတစ်ခုခုကြောင့် အခဲမကျေနိုင်ဘဲ ကလဲ့စားလိုက်ချေနေတယ် ဆိုတာရယ်၊ ပြီးတော့တရားခံဟာ အင်မတန် စိတ်ကူးယဉ်ဆန်သူတစ်ယောက် ဖြစ်တယ်ဆိုတာရယ် အဲဒီအချက် တွေကို ခန့်မှန်းလို့ရနေပါတယ်။ မင်းကြီးခင်ဗျား...မကြာခင်မှာ တရားခံကို ဖော်ထုတ်နိုင်ပါလိမ့်မယ်"

ဟု ရှင်းပြပြောဆိုလိုက်သည်တွင် မစ္စတာကရစ်ပင်က–

"ဗဲရီးဂွဒ်ကလေး ဗဲရီးကလဲဗား...ကျွန်ုပ် လူကလေးကို ချီးကျူး ပါတယ်။ ဗဲရီးသင့်ခ်...ကဲရီးအွန် လူကလေး ကျွန်ုပ်သွားမယ်"

"ကောင်းပါပြီ မင်းကြီးခင်ဗျား.. စိတ်ချလက်ချသာ သွားပါ"

"သတင်းထူးတာနဲ့ ကျွန်ုပ်ကိုဆက်သွယ်ပါ။ လူကလေးမောင် ရန်ပိုင်။ ကျွန်ုပ်တစ်ချိန်လုံး စီအိုင်ဒီမှာရှိနေပါ့မယ်"

"ကောင်းပါပြီ မင်းကြီး"

မစ္စတာကရစ်ပင်သည် စိတ်မချနိုင်သေးဘဲ သူ၏စုံထောက်ကျော် များကိုလည်း တဖွဖွမှာကြားပြီးလျှင် အချင်းဖြစ်ရာ အခန်းထဲမှ ထွက်ခွာသွားလေတော့သည်။

မစ္စတာကရစ်ပင် ထွက်သွားသည်နှင့် အိုင်ပီဦးဒီပါက–

"အင်း.. အခုမှပဲ လွတ်လွတ်လပ်လပ် အသက်ရှူရတော့တယ်" ဟူ၍ပြောလိုက်လေရာ အားလုံးဝိုင်း၍ ရယ်မောလိုက်ကြပေတော့သည်။ စုံထောက်ရန်ပိုင်သည် လိုင်၏အလောင်းရှိရာ ခုတင်ဆီသို့ တစ်လှမ်း ချင်းနှင်းကာ လျှောက်သွားလေသည်။ ထို့နောက် သူသည် 'လိုင်၏



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာနှင့် အနီးကပ်ဆုံးသောနေရာတွင် ဒူးတုပ်၍ ထိုင်ချလိုက်ပြီးလျှင် မှန်ဘီလူးကိုထုတ်ယူ၍ 'လှိုင်'၏အလောင်းအား အသေအချာကြည့်ရှုစစ်ဆေး၍နေလေသည်။

"အပိုတွေလုပ်မနေပါနဲ့ ကိုယ့်လူရယ် ဟဲဟဲ..."

အိုင်ပီဉာဏ်ဝင်းထံမှ လွန်စွာသေးသိမ်လှစွာဖြင့် ပြောလိုက်သည့်အသံကို ကြားလိုက်ကြရ၏။ ထိုအခါ အိုင်ပီဦးဒီပါက-

"ဟေ့လူ ကိုဉာဏ်ဝင်း...ခင်ဗျား အဲဒီလိုတော့ မပြောနဲ့လေဗျာ။ ဒါ လုပ်ငန်းလုပ်နေတာဗျ"ဟု မကျေမချမ်းလေသံဖြင့် ပြန်ပြောလိုက်လေရာ ကိုရန်ပိုင်သည် နောက်ဘက်သို့ လှည့်၍ပင်မကြည့်ဘဲ-

"သြော်...အိုင်ပီရယ် ပြောမနေစမ်းပါနဲ့ခင်ဗျာ။ ချွေးလေးခန့်လို့ ဖုန်မထပါဘူး အိုင်ပီရယ်"

ဟူ၍ သာသာနှင့်နာနာနှက်လိုက်လေရာ အိုင်ပီဉာဏ်ဝင်းမှာ မျက်နှာကြီးမည်းတက်၍သွားပြီးလျှင် အိုင်ပီဦးမိုးသာနှင့် အိုင်ပီထက်ခေါင်တို့အား ခေါ်ဆောင်ကာ စကားကြီးစကားကျယ်ပြော၍ ထွက်ခွာသွားကြလေ၏။

"သွားကြမယ်ဗျို့ ..ဒီမှာရှိနေတဲ့ အလောင်းကောင်ကြီး ကြည့်နေလို့ ဘာမှအကျိုးရှိလာမှာ မဟုတ်ဘူး။ အချိန်ကုန်တယ်ဗျာ။ တရားခံလွတ်သွားလိမ့်မယ်ဗျ။ မြန်မြန်လေး လုပ်ကြပေတော့"

အိုင်ပီတင်ဝင်းသည် မျက်နှာရယ်ကျဲကျဲလုပ်လိုက်ရာမှ-

"နေပါဦး ကိုဉာဏ်ဝင်းရဲ့။ ခင်ဗျားက တရားခံဘယ်သူဆိုတာ သိနေပြီပေါ့ ဟုတ်စ"

ဟူ၍ မေးလိုက်လေရာ အိုင်ပီဉာဏ်ဝင်းသည် မျက်နှာကြီးရှုံ့မဲ့လိုက်ပြီးလျှင်-





"နိုးနိုး...ဒီကိစ္စ ခင်ဗျားတို့ဉာဏ်မမီဘူးဗျ၊ ပြောလို့မဖြစ်ဘူး။ သြော်...ခင်ဗျားတို့လုပ်တာနဲ့ နှောင့်နှေးကုန်ပါပြီဗျာ။ သွားမယ်"ဟု ပြောဆိုကာ အခန်းထဲမှ ထွက်ခွာသွားကြလေတော့သည်။ အိုင်ပီလှတိုးက-

"အတော်အပြောကြီးတဲ့လူဗျ။ ကျုပ် စီအိုင်ဒီမှာရောက်နေတာ ဆယ်နှစ်တောင်ကျော်ပြီ။ ဒီလူဖမ်းမိတဲ့ တရားခံဆိုလို့ တစ်ယောက်တလေမှ ရှိခဲ့သေးတာ မဟုတ်ဘူး"

ဟူ၍ပြောလိုက်သည်တွင် အိုင်ပီဦးဒီပါက ဆေးပြင်းလိပ်ဖွာနေရာမှ- "ဟုတ်ပါ့ဗျာ။ သေတာတောင် အပြောလျှော့မယ့်သူ မဟုတ်ဘူးဗျ။ ကိုရန်ပိုင်ရဲ့"ဟူ၍ ဝင်ပြောလိုက်လေ၏။

ထိုအခါ လှိုင်၏အလောင်းအား သူ၏ ချစ်သူရည်းစားတစ်ယောက်နှယ် စူးစူးစိုက်စိုက် အနီးကပ်ကြည့်ရှုလျက်ရှိသည့် စုံထောက်ရန်ပိုင်က-

"အိုင်ဆေး အိုင်ပီဦးဒီပါ။ လူဆိုတာ ကိုယ့်ရဲ့အကျင့်ဗီဇကို ဖျောက်နိုင်ခဲလှပါတယ်ဗျာ။ အကြွားသန်တဲ့သူတွေဟာ ဒီလိုပဲ ငါတကော ကောတတ်ကြတယ် အိုင်ပီရဲ့...ထားလိုက်ပါဗျာ။ ဒီလူနဲ့ ပ..်သက်ပြီး စိတ်ရှုပ်ခံမနေပါနဲ့။ ကျွန်တော်လည်း ဒီမိန်းကလေးရဲ့ ဒ..လောင်းကို အသေးစိတ် စစ်ဆေးပြီးသွားပါပြီ။ ဒါကြောင့် ဆေးရုံကို သယ်ခိုင်းလို့ရပါပြီ အိုင်ပီ။ ပြီးရင် သွားကြတာပေါ့"

ဟုပြောလိုက်ရင်း အလောင်းကို စိမ်ပြေနပြေ ကြည့်နေရာမှ ထလာလေသည်။ အိုင်ပီဦးဒီပါက ဇဟာန်းဂါတ်တဲမှ ပုလိပ်သားလေးများအား အလောင်းသယ်ဆောင်ရန် ညွှန်ကြားလိုက်လေသည်။ ထို့နောက် အခန်းထဲမှအပြင်သို့ ထွက်လာခဲ့ကြတော့သည်။ အိမ်အောက်ထပ်သို့ ဆင်းလာခဲ့ကြရင်း စုံထောက်ရန်ပိုင်က-



www.burmeseclassic.com

www.burmeseclassic.com



"ဪ...ဦး...ကျွန်တော် မြိုင့်ကို နှုတ်ဆက်လိုက်ပါဦးမယ်ဗျာ" ဟူ၍ပြောကာ အိမ်အောက်ထပ်ရှိ ဧည့်ခန်းထဲတွင် ကျုံ့ကျုံ့လေး ငေးငေးငူငူထိုင်လျက်ရှိသည့် မြိုင်ရှိရာသို့ လျှောက်လာခဲ့လေ၏။

"ဟော...ကိုရန်ပိုင်"

"မြိုင်...ကျွန်တော်တို့ ပြန်ပါဦးမယ်"

"ဟုတ်ကဲ့ ကိုရန်ပိုင်"

"နောက်နေ့တွေမှ ကျွန်တော်သိချင်တာလေးတွေ မေးချင်သေးလို့ လာခဲ့ပါဦးမယ် မြိုင်"

"ဟုတ်ကဲ့ ကိုရန်ပိုင်။ ဪ ..အအေးလေး သောက်သွားကြပါဦးလားရှင့်..."

"မ...ဘာမြိုင်ရယ်.. မြိုင့်မှာ ဒီလောက်တောင် သောကတွေဖိစီးနေတဲ့ကြားထဲမှာ..."

မြိုင်သည် စုံထောက်ရန်ပိုင်အား မျက်လုံးတစ်ချက် ဝင့်၍ကြည့်လိုက်လေသည်။ စုံထောက်ရန်ပိုင် မသိကျိုးကျွန်ပြုကာ ဂလေစီယာစီးကရက်တစ်လိပ်ကိုထုတ်၍ မီးညှိလိုက်ပြီးနောက်-

"ကဲ...မြိုင် ကျွန်တော်တို့ပြန်မယ်။ အားမငယ်ပါနဲ့မြိုင်။ ခြံအဝင်ဝမှာ ကျွန်တော်တို့ စီအိုင်ဒီကလူတွေ စောင့်ကြပ်ကြည့်နေကြမှာပါ"

"ကျေးဇူးပါပဲရှင်ရယ်။ မြိုင်တော့ သွေးပျက်ခမန်းကို ဖြစ်နေပါပြီရှင်"

မျက်နှာငယ်လေးဖြင့် ပြောလိုက်သည့်မြိုင်အား စုံထောက်ရန်ပိုင်သည် သနားကြင်နာ၍ သွားမိပါတော့သတည်း။

* * *



# အခန်း(၆)

အိုင်ပီဦးဒီပါသည် သူ၏ဖို့ဒ်ကားလေးကို မြို့ထဲသို့ ဦးတည်ကာ မောင်းနှင်လာခဲ့လေသည်။ စုံထောက်ရန်ပိုင်က စကားမဆိုဘဲ သူ့အကြိုက်ဆုံး ဂလေစီယာစီးကရက်ကို တစ်လိပ်ပြီးတစ်လိပ် ထုတ်သောက်ရင်း လိုက်ပါလာလေ၏။

လမ်းမကြီးပေါ်တွင် မော်တော်ကားများ၊ ဘတ်စ်ကားများ၊ ယန် ...းများ ဥဒဟိုဖြင့် သွားလာမောင်းနှင် ပြေးဆွဲနေကြလေ၏။ ရွှေရောင်တဝင်းဝင်းဖြင့် သပ္ပာယ်လှစွာသော ဆူးလေစေတီတော်မြတ်ကို ဖူးတွေ့ရလေသည်။ အိုင်ပီဦးဒီပါက သူ၏ကားလေးကို ဂီယာပြောင်းထိုးလိုက်ရာမှ-

"အိုင်ဆေး ကိုရန်ပိုင်။ ကျုပ်တို့ 'မင်တိုမင်ရှင်'ဟိုတယ်ကိုပဲ သွားကြမှာ မဟုတ်လားဗျ"

ဟူ၍ မေးလိုက်လေရာ စုံထောက်ရန်ပိုင်သည် သူ၏လက်ထဲမှ



www.burmeseclassic.com

www.burmeseclassic.com



စီးကရက်တိုကို လမ်းဘေးသို့ တောက်ထုတ်ပစ်လိုက်ရင်း–

"အဲဒီမှာပဲ ကောင်းပါတယ်ဦးရယ်။ အေးအေးဆေးဆေးရှိသလို အစားအသောက်လည်း ကောင်းတယ်မဟုတ်လား"

ဟု ပြန်ပြောလိုက်လေ၏။ ထိုအခါ ဦးဒီပါက သူ၏ကားလေးကို မောင်ထော်လေးလမ်း(ယခုဗိုလ်ဆွန်ပက်လမ်း)ထဲသို့ ချိုးကွေ့လိုက်ကာ–

"ဟုတ်တယ်ဗျ အိုင်ဆေးရ၊ ဆိတ်ဦးနှောက်ကြော်တို့၊ ဆိတ်သားခါးပတ်ကြော်တို့၊ သိပ်ကျော်ကြားတယ်။ ပြောရင်းတောင် သွားရည်ကျလာပြီကိုရန်ပိုင်ရေ... ဟား ဟား ဟား ဟား"

ဟူ၍ ရယ်မောလိုက်လေရာ စုံထောက်ရန်ပိုင်သည် စီးကရက်ကို မီးညှိလိုက်ပြီးနောက်–

"အိုင်ပီရယ် တောမှာရောက်ပြီး တောစာတွေနဲ့ နှစ်ပါးသွားနေရတဲ့ ကျွန်တော့်ကိုများ ကိုယ်ချင်းစာပါဦးလားခင်ဗျာ"

ဟု ပြန်ပြောလိုက်လေရာ အိုင်ပီဦးဒီပါက–

"အိုင်ဆေးရာ...ခင်ဗျားက ရောက်ရာနေရာမှာ ပျော်အောင်နေတတ်တယ်။ တွေ့ရာလူနဲ့ တည့်အောင်ပေါင်းတတ်တယ်။ ပြီးတော့ ရတာရှိတာလေးနဲ့လည်း ရောင့်ရဲတင်းတိမ် စားသောက်နိုင်တယ်မဟုတ်လား။ ဒီတော့ ခင်ဗျားအတွက်က အဆန်းမဟုတ်တော့ဘူးပေါ့ ကိုရန်ပိုင်ရယ်"ဟု ပြောလိုက်ရင်း ကားလေးကို မင်တိုမင်ရှင်ဟိုတယ်ရှေ့သို့ ထိုးရပ်လိုက်လေ၏။

ကိုရန်ပိုင်က စီးကရက်တစ်လိပ်ကို မီးညှိလိုက်ပြီးနောက်–

"အိုင်ပီပြောတာကိုလည်း ကျွန်တော် မငြင်းဆန်လိုဘူးခင်ဗျ။ ဒါပေမဲ့ဦးရယ် လူဆိုတာ အကောင်းမကြိုက်တဲ့သူ ဘယ်မှာရှိပါ့မလဲ





ခင်ဗျာ။ အာရုံငါးပါးတွေအပေါ်မှာ တွယ်ငြိတတ်ကြတာချည်းပါပဲ။ ဒါပေမဲ့ မရနိုင်တာ၊ မဖြစ်နိုင်တာကို စွဲလမ်းတမ်းတနေတာမျိုးကတော့ မိုက်မဲပေတာပေါ့ အိုင်ပီရယ်။ ဒါကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးကလည်း 'ဒုက္ခ'လို့ ဟောကြားတော်မူခဲ့တယ် မဟုတ်လားခင်ဗျာ။ ဦးပဲ စဉ်းစားကြည့်ပါခင်ဗျာ။ ခင်ဦးလို နေရာဒေသမျိုးမှာ ဘယ့်မှာလာပြီး ရန်ကုန်မြို့ကြီးပေါ်က ဟိုတယ်တွေလို၊ စားကောင်းသောက်ဖွယ်တွေ ရနိုင်မှာလဲဦးရဲ့။ ဒီတော့ ကိုယ့်စိတ်ကိုယ် ဖြေသိမ့်ပြီးနေရတော့တာပေါ့ ဦးရယ်။ ကိုယ့်ဒုက္ခကိုယ် မရှာတော့တဲ့ သဘောပေါ့"

ဟု အချက်ကျကျပြောလိုက်ကာ မင်တိုမင်ရှင်ဟိုတယ်ပေါ်သို့ တက်လာခဲ့တော့သည်။ ဟိုတယ်အပေါ်ထပ်ရှိ သီးသန့်အခန်းလေးထဲတွင် ဝင်ထိုင်လိုက်ကြပြီးနောက် စားသောက်ဖွယ်ရာများကို မှာကြားလိုက်ကြသည်။ စုံထောက်ရန်ပိုင်က စီးကရက်တစ်လိပ်ကို မီးညှိလိုက်ပြီးလျှင်–

"ဦးရယ် ကျွန်တော်ဖြင့် မြိုင်ဆိုတဲ့မိန်းကလေးလို ကျက်သရေရှိတာမျိုး၊ မြန်မာဆန်ဆန်လှရက်တာမျိုး မတွေ့ဖူးသေးခဲ့ဘူး ဦးရယ်။ ပြီးတော့ သောကအပူတွေနဲ့ ပြည့်လျှံနေတဲ့သူ့ကိုပဲ သနားနေမိတယ် အိုင်ပီ"

ဟူ၍ ကောက်ကာငင်ကာဖြင့် ပြောလိုက်လေရာ ဦးဒီပါက အနည်းငယ်ပြုံးလိုက်ရာက–

"ကျုပ်ဖြင့် ကိုရန်ပိုင့်နှုတ်က ဒီလိုစကားမျိုးပြောတာ မကြားမိခဲ့သေးဘူး။ ဘာလဲ အိုင်ဆေးက မိန်းကလေးကို စိတ်ဝင်စားနေပြီပေါ့ ဟုတ်လား ကိုရန်ပိုင်"ဟူ၍ မေးလိုက်သည်တွင် စုံထောက်ရန်ပိုင်က ခေါင်းကိုခါယမ်းပြလိုက်ရင်း–



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ဆိုလိုတာက အဲဒီလိုသဘောမျိုး မဟုတ်ပါဘူးဦးရဲ့၊ မြို့ရဲ့ ပကတိရုပ်သွင်နဲ့ ပကတိဘဝကို တွေ့မြင်ပြီး မှတ်ချက်ပြုတဲ့ သဘောမျိုးလောက်ပါ ဦးရယ်။ ဦးလိုတာတွေ ဆွဲတွေးမနေစမ်းပါနဲ့ ခင်ဗျာ...ကျွန်တော်ပြောတာ ရိုးရိုးသားသားပါဦးရဲ့"

ဟူ၍ ပျာပျာသလဲဖြင့် ငြင်းဆန်နေသည်ကြောင့် အိုင်ပီဦးဒီပါမှာ ကိုရန်ပိုင်ကိုကြည့်ကာ ရယ်မောရှိနေပေတော့သည်။

'ဘွိုင်' ကုလားလေးသည် မကြာမီမှာပင် သူတို့စားပွဲသို့ စားသောက်ဖွယ်ရာများ လာရောက်၍ချထားပေးလေသည်။ ဆိတ်သားခါးပတ်ကြော်၊ ဆိတ်ဦးနှောက်နှင့် ကြက်သားကီးမားတို့၏ ရနံ့များသည် နှာဝကို ချူလျက်ရှိနေကြပေ၏။ ကုလားပဲဟင်း၏ မဆလာနံ့ သင်းသင်းကြောင့် ဟာနေသောဗိုက်သည် ပို၍ဟာလာသယောင်ယောင်ရှိလေသည်။

'ဘွိုင်'က ထမင်းအုပ်ထဲမှ ထမင်းများကို ပန်းကန်များထဲသို့ ဇွန်းတစ်ချောင်းဖြင့် ခပ်ထည့်ပေးလိုက်လေ၏။ အားလုံးပြင်ဆင်၍ပြီးသည်နှင့် ဘွိုင်သည် အခန်းထဲမှ ပြန်ထွက်သွားသည်။ ထိုအခါ အိုင်ပီဦးဒီပါက–

"အိုင်ဆေးရေ...မြိန်မြိန်ရှက်ရှက်လေး စားကြ၊ သောက်လိုက်ကြစို့ရဲ့"

"ဟုတ်ကဲ့ပါဦး"

ထိုသို့ ပြောလိုက်ပြီးလျှင် ကိုရန်ပိုင်က ဇွန်းနှင့်ခက်ရင်းကို ကျွမ်းကျင်စွာ ကိုင်ဆောင်ပြီးလျှင် စတင်၍ စားသောက်နေပေတော့သည်။ အိုင်ပီဦးဒီပါက စားရင်းသောက်ရင်းဖြင့်–

"အိုင်ဆေးကိုရန်ပိုင်...လှိုင် အသတ်ခံရမှုနဲ့ပတ်သက်ပြီး ခင်ဗျား





ရဲ့အမြင်ကို ပြောပြစမ်းပါဦးဗျ။ မှန်တာဝန်ခံရရင် ကျုပ်ဘာတစ်ခုမှကိုသနကမသိသေးဘူးဗျ အိုင်ဆေးရ"ဟူ၍ပြောလိုက်လေရာ စုံထောက်ရန်ပိုင်သည် ဇွန်းနှင့်ခက်ရင်းကို ထမင်းပွဲပေါ် အသာပြန်ချထားလိုက်ပြီး–

"လူသတ်သမားဟာ မြိုင်နန်းရိပ်မြုံအိမ်ကြီးထဲကို တိတ်တဆိတ်ဝင်ရောက်လာခဲ့တယ် အိုင်ပီ။ ပြီးတော့ အပေါ်ထပ်မှာရှိတဲ့ လှိုင်ဆိုတဲ့ မိန်းကလေးရဲ့ အခန်းထဲကိုရောက်လာပြီး 'လှိုင်'ကို ဓားနဲ့ထိုးသတ်ခဲ့တာ ဖြစ်တယ်အိုင်ပီ။ အဲဒီအချိန်မှာ လှိုင်ဟာ အိပ်မောကျနေပါပြီ။ လူသတ်သမားဟာ လှိုင့်ကိုသတ်ပြီးတာနဲ့ နံရံကို သွေးနဲ့စာရေးခဲ့တယ်။ ပြီးတော့မှ ဒီအိမ်ကြီးထဲက ထွက်သွားခဲ့တာအိုင်ပီရဲ့"

"သူ အိမ်ထဲကို ဘယ်လိုဝင်ရောက်ခဲ့တာလဲ ကိုရန်ပိုင်"

"ကျွန်တော် အဲဒီခြံထဲရောက်ရောက်ချင်း အိမ်ပေါ်ကိုမတက်သေးဘဲ မြိုင်နန်းရိပ်မြုံအိမ်ကြီးကို အပြင်ကပတ်ပြီး ကြည့်ရှုခဲ့တယ် အိုင်ပီ။ အိမ်ကြီးရဲ့ ဘေးပတ်ပတ်လည်တွေမှာ သရက်ပင်တွေ၊ မရမ်းပင်တွေ၊ သရဖီပင်တွေ ပေါက်ရောက်နေကြတယ် အိုင်ပီရဲ့။ တစ်နေရာမှာတော့ သရက်ကိုင်းတစ်ကိုင်းက အိမ်ကြီးရဲ့ ပြတင်းပေါက်ကို ထိုးထွက်နေတာ တွေ့ခဲ့ရတယ်ဦး။ ကျွန်တော့်အထင်ပြောရရင်တော့ လူသတ်သမားဟာ အဲဒီ သရက်ကိုင်းကတစ်ဆင့် အိမ်ကြီးပေါ်ကို ရောက်လာခဲ့တာပဲဖြစ်မယ် အိုင်ပီ။ ပြီးတော့လည်း အိမ်ကြီးရဲ့ နောက်ဖေးတန်းလျားမှာနေကြတဲ့ ခြံစောင့်တို့၊ မာလီတို့၊ ထမင်းချက်တို့နဲ့ တွေ့ပြီး မေးမြန်းကြည့်ပြီးခဲ့ပြီ ဦးရဲ့"

"တကယ်လည်း မြန်ဆန်သွက်လက်လှပါပေတယ်၊ ကိုရန်ပိုင်ရယ်..."



www.burmeseclassic.com

www.burmeseclassic.com



"သြော်ဦးရယ်. ပြဖွယ်ရှိတဲ့အမှုကို အချိန်မဆိုင်းဘဲ ချက်ချင်းလက်ငင်းဆောင်ရွက်ရမယ်လို့ မြတ်ဗုဒ္ဓက ဟောကြားတော်မူထားခဲ့တယ် မဟုတ်လားခင်ဗျာ။ ပြီးတော့လည်း အမှုတစ်ခုရဲ့ သဲလွန်စဆိုတာဟာလည်း မထင်မှတ်တဲ့နေရာ၊ မမျှော်လင့်တဲ့အကြောင်းချင်းရာတွေဆီကလည်း ရတတ်တာမျိုး မဟုတ်လားအိုင်ပီရဲ့။ ဒါ့ကြောင့်ပါ"

"ဟုတ်ပါတယ် ကိုရန်ပိုင်"

"တကယ်တော့ 'မေးပါများစကားရ'ဆိုတာ ကျွန်တော်တို့ စုံထောက်တွေအတွက် သိပ်ကိုက်ညီတဲ့ စကားပဲဦးရဲ့။ ကျွန်တော် အဲဒီအတိုင်းပဲ လိုက်နာကျင့်သုံးပါတယ်။ နေပါဦးအိုင်ပီရယ်။ အစားကို လက်စသတ်လိုက်ပြီးတော့မှ အမှုအကြောင်း ဆက်ကြတာကောင်းပါတယ်"

"ဟုတ်ပြီ ကိုရန်ပိုင်"

ထို့နောက် နှစ်ဦးသား စားသောက်ခြင်းကို လက်စသတ်လိုက်ကြ၏။ စုံထောက်ရန်ပိုင်က ဂလေစီယာစီးကရက်ကို မီးညှိဖွာသည်။ ဦးဒီပါက ဆေးပြင်းလိပ်ကိုခဲလေ၏။ စုံထောက်ရန်ပိုင်သည် အမှုအကြောင်းကို စတင်လိုက်လေတော့သည်။

"ဒီလိုအိုင်ပီရဲ့။ ကျွန်တော်နယ်ရောက်နေပေမယ့် သူရိယတို့၊ မြန်မာ့အလင်းတို့ကတစ်ဆင့် ကင်းဘဲလ်လမ်း (ငါးထပ်ကြီးဘုရားလမ်း)အိမ်ကြီးက လူသတ်မှုသတင်းတွေ သိရှိနေခဲ့ပါတယ်။ ကျွန်တော်တို့ စီအိုင်ဒီက စုံထောက်တွေကို ခြေရာဖျောက်နိုင်ခဲ့တာကြောင့် ကျွန်တော် စိတ်လည်းဝင်စားနေမိခဲ့ပါတယ်။ အဲဒီလိုနေတုန်းမှာ မင်းကြီးက မြန်ခေါ်တာကြောင့် ကျွန်တော်ပြန်ရောက်လာခဲ့တယ်။ ကျွန်တော်ရောက်တဲ့နေ့မှာပဲ အဲဒီ 'မြိုင်နန်းရိပ်မြုံ'အိမ်ကြီးက လှိုင်ဆိုတဲ့





ဒိန်းကလေး အသတ်ခံလိုက်ရပြန်တယ်။ တကယ်တော့ လူသတ်သမားဟာ အသေအချာအကွက်ချပြီး ကြံစည်ခဲ့တာပဲဖြစ်တယ် အိုင်ပီ"

"ဟုတ်တဲ့ ကိုရန်ပိုင်"

စုံထောက်ရန်ပိုင် ရှင်းပြနေသည်များကို စိတ်ဝင်တစားနားထောင်နေရသဖြင့် အိုင်ပီဦးဒီပါသည် ဆေးပြင်းလိပ်ဖွာရှိုက်ရန်ကိုပင် သတိမရရှိခဲ့တော့ပါချေ။ ကိုရန်ပိုင်က ပါးစပ်မှစီးကရက်တိုကို ဆွဲယူပစ်လိုက်ပြီးလျှင်–

"ပထမဆုံး အသတ်ခံရတာက ဦးနိုင်ထွန်း။ နောက် ကြိုင်၊ ပြီးတော့ လှိုင်နော် အိုင်ပီ"

"ဟုတ်ပါတယ် ကိုရန်ပိုင်"

"လူသတ်သမားဟာ သတ်ပြီးသွားလေတိုင်းလည်း နံရံမှာသွေးနဲ့ စာရေးခဲ့ပြန်တယ်။ တကယ်တော့ ဒီစာတွေဟာ ကျွန်တော်တို့ ခပ်ငယ်ငယ်အရွယ်က အော်ဟစ်သီဆိုခဲ့ကြတဲ့ဟာတွေပါပဲ အိုင်ပီ။ အဆန်းတကြယ် မရှိလှပါဘူး။ ဘာတဲ့...'ဘုန်းတော်ကြီးလို့သက်တော်ရှည်' တဲ့။ 'တို့တစ်တွေရေချမ်းအိုးကြီး'တဲ့။ နောက် 'ဖန်ပြာခွက်နဲ့ ကျောက်စက်ရေ'လို့ လာပြန်တယ်။ အဲဒီမှာ ကျန်နေသေးတာက 'အမောပြေအောင် တိုက်ပါ့မမ'ဆိုတာပဲ အိုင်ပီ"

"ဟုတ်ပါရဲ့ ကိုရန်ပိုင်ရယ်။ ခင်ဗျား အခုလိုရှင်းပြတော့လည်း ဆင်းနေတာပါပဲလားဗျာ။ ကျုပ်တို့ဖြင့် အဲဒီလိုမျိုး တွေးကိုမတွေးမိခဲ့ပါဘူး။ တော်ပါပေတယ် ကိုရန်ပိုင်ရယ်" အိုင်ပီဦးဒီပါ၏ စကားကြောင့် စုံထောက်ရန်ပိုင်သည် ခပ်ယဲ့ယဲ့လေး ပြုံးလိုက်ကာ–

"ဦးကလည်း ကိုယ့်ငါးချဉ် ကိုယ်ချဉ်နေပြန်ပါပြီ။ တကယ်တော့ ကျွန်တော်လည်း လူထဲကလူပါပဲဦးရယ်။ သိပ်ပြီးတော့လည်း အထင်ကြီးမနေပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးကိုရန်ပိုင်ရဲ့။ ချီးမြှောက်သင့်တဲ့သူကို ချီးမြှောက်တာဟာ မင်္ဂလာတစ်ပါးပဲမဟုတ်လား အိုင်ဆေးရာ။ အဲဒါတွေ ထားလိုက်ပါတော့ အမှုအကြောင်းကို ဆက်ပါဦး"

စုံထောက်ရန်ပိုင်သည် လွန်စွာလေးနက်သည့် အမူအရာဖြင့်–

"လူသတ်သမားဟာ မြိုင်နန်းရိပ်မြုံ မိသားစုတွေထဲက နောက်ထပ်တစ်ယောက် ထပ်ပြီးသုတ်သင်လိမ့်ဦးမယ် အိုင်ပီ။ ဒီတစ်ခါတော့ အဲဒီလိုမျိုး ထပ်မဖြစ်ရအောင် ကျွန်တော်တို့ ထိန်းကြရလိမ့်မယ်ဦး"

အိုင်ပီဦးဒီပါက ကိုရန်ပိုင်အား စူးစိုက်၍ကြည့်လိုက်ကာ–

"ကိုရန်ပိုင် ဘာ့ကြောင့် အဲဒီလိုမျိုး အတ္တိမပြောနိုင်ရတာလဲ ပြောပြပါဦး"

စုံထောက်ရန်ပိုင်က သောက်လက်စဂီးကရက်ကို ဆေးလိပ်ခွက်ထဲသို့ ထိုးချေလိုက်ရင်းဖြင့်–

"ကျွန်တော်ပြောပြီးခဲ့ပြီလေ အိုင်ပီရဲ့။ ကျွန်တော်တို့ရဲ့ စုံထောက်ပညာဟာ ဆက်စပ်တွေးခေါ်ယူတဲ့ ပညာရပ်တစ်ခုဆိုတာကို။ အခု လည်း ကျွန်တော်က ဖြစ်နိုင်ခြေတွေကို ကောက်ချက်ဆွဲယူပြီး စဉ်းစား တွေးခေါ်ကြည့်လိုက်တာ အိုင်ပီ"

"ဒါဆို ကျန်နေသေးတဲ့မြိုင်နဲ့ခိုင်တို့ ညီအစ်မနှစ်ယောက်အတွက် စိုးရိမ်စရာပေါ့ ကိုရန်ပိုင်ရယ်။ ကျုပ်တို့ ဒါကိုကာကွယ်တဲ့အနေနဲ့ သူတို့နှစ်ယောက်ကို ထိန်းခေါ်ထားလိုက်ရင် ကောင်းမယ်ထင်ရဲ့"

"ဒီလောက်လည်း မစိုးရိမ်ပါနဲ့ အိုင်ပီ။ ကျွန်တော် အဲဒီအဆင့်မရောက်ခင် လူသတ်တရားခံကို ဖမ်းဆီးနိုင်ပါလိမ့်မယ်"

"ဟုတ်လားကိုရန်ပိုင်။ ဒါဆို အိုင်ဆေးက တရားခံဘယ်သူဆိုတာ သိနေပြီပေါ့"





စုံထောက်ရန်ပိုင်သည် ရယ်မောလိုက်ပြီးလျှင်–

"ဒီလောက်ကြီးလည်း မလွယ်ဘူးအိုင်ပီရဲ့။ ခန့်မှန်းချက်ကိုသာ ပြောတာ။ ဒါပေမဲ့ မကြာပါဘူးအိုင်ပီ။ ကျွန်တော့်သုံးလေးရက်လောက် အချိန်ပေးစုံစမ်းလိုက်ရင် အနီးစပ်ဆုံးဖြစ်လာတော့မှာပါ။ ကဲ..စကား ပြောလို့တော့ ကောင်းပါရဲ့ အိုင်ပီရယ်။ ဒါပေမဲ့ ပြန်ကြဦးစို့ရဲ့။ ကျွန်တော်လည်း ခရီးသိပ်ပန်းလာတော့ နားချင်နေပြီအိုင်ပီ"

"ကောင်းပြီလေ ကိုရန်ပိုင် ကျုပ် ခင်ဗျားကို အိမ်တိုင်ရာရောက် လိုက်ပို့ပေးပါမယ်ဗျာ"

အိုင်ပီဦးဒီပါအား စုံထောက်ရန်ပိုင်က အသာလက်ကာပြလိုက်ရာမှ–

"နိုးနိုးအိုင်ပီ...ကျွန်တော်က ပုဇွန်တောင်တင်ပဲဟာ။ ခြေသြောင်းလက်ဆန့် လျှောက်သွားလိုက်တော့မယ်။ အိုင်ပီက ဘောက်ထော်အထိ ပြန်ရမှာ မဟုတ်လား။ လမ်းလည်း ကြုံတာမဟုတ်ဘူး အိုင်ပီရဲ့။ တော်ကြာ အပြန်နောက်ကျလို့ ဒေါ်ဒေါ်မြက ဆူပူနေပါဦးမယ် အိုင်ပီရယ်" ပြော၍အပြီးတွင် ကိုရန်ပိုင်က မပွင့်တပွင့်အပြုံးဖြင့် လှမ်း၍ကြည့်လိုက်ကာ ဂလေစီယာစီးကရက်တစ်လိပ်အား မီးညှိ၍ ရှိုက်ဖွာနေလေသည်။

အိုင်ပီဦးဒီပါမှာ ကိုရန်ပိုင် ထည့်ပြောလိုက်သည့် 'ဒေါ်ဒေါ်မြ' ဆိုသောစကားကြောင့် အနည်းငယ်တွန့်၍ သွားရလေ၏။ ကိုရန်ပိုင်က အိုင်ပီဦးဒီပါ၏ ဇနီးဖြစ်သူ ဒေါ်မြတင်အား ဒေါ်ဒေါ်မြဟူ၍ ခေါ်ခဲ့လေ၏။ ထို့အပြင် ဦးဒီပါ၏အိမ်သို့လည်း ဝင်ထွက်သွားလာနေကျဖြစ်သောကြောင့် ဒေါ်မြတင်၏ ဦးဒီပါအပေါ် ဆူဆူပူပူလုပ်တတ်မှုကိုလည်း သိရှိ၍နေပေ၏။ ဦးဒီပါ အလုပ်မှနောက်ကျ၍ ပြန်လာ



www.burmeseclassic.com

www.burmeseclassic.com



လေတိုင်း ဒေါ်မြတင်က ဆုပူအပြစ်တင်လေသည်။ ထိုအခြင်းအရာကို သိနေသောကြောင့် စုံထောက်ရန်ပိုင်က ပြောလိုက်ခြင်းဖြစ်၏။ အိုင်ပီ ဦးဒီပါမှာ 'လူကြီးရှက်တော့ရယ်'ဆိုသလို ပြုံးဖြဲဖြဲလုပ်လိုက်ရင်း–

"ဟုတ်ပါရဲ့ ကိုရန်ပိုင်ရယ် ..ကျုပ်ဖြင့် ဒီမိန်းမတစ်ယောက်နဲ့တော့ ဒုက္ခပါပဲဗျာ"ဟူ၍ ပြောလိုက်လေတော့သည်။ ထို့နောက် ကျသင့်ငွေများကို ရှင်းပေးလိုက်ပြီးလျှင် နှစ်ယောက်သားမှာ မင်တိုမင်ရှင် ဟိုတယ်ကြီးပေါ်မှ ဆင်းသက်လာကြတော့၏။ အောက်သို့ရောက်ရှိကြသည်တွင် ကိုရန်ပိုင်က–

"သွားမယ်အိုင်ပီ...နောက်နေ့မှ တွေ့ကြတာပေါ့"

ဟူ၍ပြောလိုက်ကာ ဆက်လက်၍ လျှောက်သွားလေ၏။ အိုင်ပီ ဦးဒီပါမှာ သူ၏ကားလေးထဲသို့ဝင်ထိုင်ကာ စက်နှိုး၍ မောင်းထွက်လာလေ၏။ သူ၏လက်မှနာရီကို ကြည့်လိုက်သည်တွင် ညနေခြောက်နာရီခွဲနေပြီဖြစ်ကြောင်း ပြသ၍နေလေရာ ဦးဒီပါမှာ စိတ်ပျက်လက်ပျက်လေသံကြီးဖြင့်–

"အင်း...ဒီအတိုင်းဆို မြန်မြန် စကားများရဦးတော့မှာပဲ"

ဟူ၍ ညည်းတွားလိုက်မိလေတော့သည်။

* * *

"ဆောရီးမြိုင်ရယ်...ကိုနောင် ခရီးသွားနေတုန်း လှိုင် တစ်ယောက် ခုလိုမျိုးဖြစ်သွားရတာကို ကိုနောင် စိတ်မကောင်းဖြစ်ရပါတယ်မြိုင်ရယ်။ မြိုင်နဲ့ ထပ်တူထပ်မျှပါပဲ။ အင်း...မြိုင်လည်း ဘယ်ဘဝက ဝဋ်ကြွေးကြောင့် သောကတွေနဲ့ ရင်ဆိုင်တွေ့ကြုံနေရတာပါလိမ့် မြိုင့်ရယ်"





အချိန်မှာ ညနေခင်းအချိန် ဖြစ်လေသည်။

'မြိုင်နန်းရိပ်မြုံ'ခြံကြီးထဲရှိ သရက်ပင်ကြီးအောက်က ဒန်းပုခက်လေးပေါ်ဝယ် လင်းနောင်နှင့်မြိုင်တို့ ချစ်သူနှစ်ဦး ပူးပူးကပ်ကပ်ကပ်ထိုင်လျက်ရှိနေကြလေ၏။

လင်းနောင်က 'လှိုင့်'ကိစ္စတွင် သူရောက်ရှိမလာရခြင်းအကြောင်းကို ပြောပြ၍နေလေသည်။ မြိုင်သည် မျက်တောင်များကို ပုတ်ခတ်ပုတ်ခတ်လုပ်လိုက်ရင်း–

"ဘယ်တတ်နိုင်ပါ့မလဲ ကိုနောင်ရယ်။ 'သဗ္ဗေသတ္တာ ကမ္မသကာ' လို့ ဆိုထားခဲ့လေတော့ 'မြိုင်'တို့တစ်တွေဟာ ကံစီမံရာကို ခံကြရမှာပဲပေါ့ မဟုတ်ဘူးလား။ မြိုင်အရာရာကို တရားနဲ့ဖြေပါတယ် ကိုနောင်"

မြိုင်၏ညီညာသော နဖူးပြင်ထက်မှ ဆံနွယ်လေးများသည် လေဖျတ်ခနဲတိုးလိုက်သည်ကြောင့် ကပိုကရိုလွင့်ပျံ့ဝဲကျ၍ လာလေသည်။ မြိုင်သည် ပိုးသားအင်္ကျီလက်ရှည်မရမ်းစေ့ရောင်နှင့် ဘရိုကိတ်ထဘီခရမ်းရောင်တို့ကိုတွဲ၍ ဝတ်ဆင်ထားလေသည်။ ထို့ကြောင့် မြိုင်၏ ဖြူစင်ဝင်းမွတ်သည့် အသားအရေတို့သည် ပို၍ပေါ်လွင်လာကြဟန် ရှိလေသည်။ မြိုင်သည် ဆံပင်များကို တစ်ပတ်လျှိုဆံထုံးထုံးနှောင်ကာ ကျောဘက်သို့ချထားလေ၏။

မြိုင်၏အလှသည် တည်ငြိမ်ရင့်ကျက်လွန်းလှပေသည်။လင်းနောင်က ယောပုဆိုးအနက်ရောင်နှင့် ကော်လံပြတ် အင်္ကျီအဖြူလက်ရှည်ကို သေသေသပ်သပ်လေး ဝတ်၍ထား၏။ ခေါင်းထက်မှ လှိုင်းတွန့်ဆံပင်များကိုလည်း ကော့စ်မစ်တစ်တိုက်ကာ ပိပိရိရိလေး ဖြီးထားလေသည်။ သူက မြိုင်၏တစောင်းအနေအထားဖြင့် မြင်တွေ့နေရသည့် မျက်နှာလေးအား မမှိတ်မသုန်ဖြင့် ကြည့်နေရာမှ–



www.burmeseclassic.com

www.burmeseclassic.com



'မြိုင်'ဟုခေါ်လိုက်လေရာ မြိုင်သည် မျက်နှာလေးကို သူ့ဘက်သို့ ဖျတ်ခနဲလှည့်လိုက်ပြီးလျှင်–

"ဟင်...ကိုနောင်"ဟူ၍ ပြန်လည်ထူးလိုက်ရင်း မျက်လုံးလေးပင့်၍ကြည့်လိုက်သည်တွင် နှစ်ဦးသားတို့၏အကြည့်များမှာ ဆုံစည်း၍သွားကြလေတော့သည်။ 'ချစ်သူတို့ဟူသည် တစ်ယောက်မျက်နှာကိုတစ်ယောက်ကြည့်ကြရာ၌ တင်းတိမ်ရောင့်ရဲမှု အလျှင်းမရှိ'ဟူ၍ ဆိုထားသည်နှင့်အညီ သူတို့နှစ်ယောက်လည်း တစ်ယောက်ကိုတစ်ယောက် အားမရစတမ်း ကြည့်နေမိကြလေသည်။

ပထမဦးစွာ အကြည့်ကိုလွှဲသွေပစ်လိုက်သူက 'မြိုင်'။

"ပြောလေ ကိုနောင်ရယ်။ မြိုင်မနေတတ်တော့ဘူး"

လင်းနောင်က မြိုင်၏သွယ်လျလျ လက်ဖဝါးတစ်ဖက်ကို လှမ်း၍ဆုပ်ကိုင်လိုက်ရင်း–

"အတူနေချင်ပြီ မြိုင်ရယ်"ဟူ၍ ပြောလိုက်လေရာ မြိုင်၏မျက်နှာပြင်တစ်ခုလုံးမှာ ရှက်သွေးတို့ဖြင့် ရဲရဲနီသွားပေတော့သည်။ ပြီးမှ မြိုင်သည် သက်ပြင်းလေးတစ်ချက်ကို ဖြည်းလေးစွာချလိုက်ရာမှ–

"မဖြစ်သေးဘူးလေ ကိုနောင်ရဲ့။ ပတ်ဝန်းကျင်က မြိုင့်ကို ဝိုင်းလက်ညှိုးထိုးကြမှာပေါ့။ ဖအေရော၊ ညီမနှစ်ယောက်ရောပါ အသတ်ခံရလို့ သေဆုံးသွားကြတာ ဘာကြာသေးလို့လဲ ကိုနောင်ရယ်။ ပြီးတော့ တရားခံတောင် ပေါ်သေးတာမဟုတ်ဘူး။ ဒီကြားထဲ မြိုင်အိမ်ထောင်ပြုလိုက်မယ်ဆိုရင် မြိုင့်လောက် မိုက်မဲတဲ့သူ ရှိပါဦးမလား ကိုနောင်ရဲ့။ ဖြည်းဖြည်းပေါ့ကိုနောင်။ မြိုင်က ဘွက်ပြေးမယ့်သူမှ မဟုတ်တာဘဲ...နော်"





မြိုင်သည် ပြော၍အပြီးတွင် လင်းနောင်အား မျက်လုံးတစ်ချက်ပင့်၍ကြည့်လိုက်လေ၏။ လင်းနောင် သက်ပြင်းတစ်ချက် ကျိတ်ချလိုက်ပြီး–

"ဟုတ်တော့ဟုတ်ပါတယ် မြိုင်ရယ်။ ကိုနောင်လည်း အဲဒီအကြောင်းတွေကို တွေးတော့တွေးမိပါတယ်။ ဪ...ဒါနဲ့မြိုင်အမှုတွေကကော ပေါ်ဖို့နီးစပ်နေပြီလား"

မြိုင်သည် ခေါင်းကလေး ဆတ်ခနဲညိတ်၍ပြလိုက်ရာက–

"စုံထောက်ရန်ပိုင်ဆိုတာ ရောက်လာတယ် ကိုနောင်ရဲ့"

"ဟင်..."

"ဟုတ်တယ် ကိုနောင်။ သူပဲ ဒီအမှုတွေအားလုံးကို ကိုင်တွယ်နေတာ။ မြိုင်တော့လေ သူ့ကိုကြည့်ရတာနဲ့ပဲ အားရနေပြီ။ မြိုင်စိတ်ထဲမှာလည်း သူဟာ တရားခံကို ဖမ်းဆီးပေးနိုင်လိမ့်မယ်လို့ ယုံကြည်နေမိတယ် ကိုနောင်"

လင်းနောင်က မျှော်လင့်ချက်တို့ဖြင့် တက်ကြွလျက်ရှိသည့် မြိုင်၏မျက်နှာအား မသိမသာ လှမ်း၍ကြည့်လိုက်လေသည်။ မြိုင်၏မျက်ဝန်းတို့သည် စူးရှတောက်ပြောင်လျက်ရှိကာ ပါးလျသည့်နှုတ်ခမ်းနှစ်လွှာမှာလည်း တင်းတင်းစေ့လျက် ရှိချေ၏။

လင်းနောင် လေပူတစ်ချက်ကို ဟူးခနဲမှုတ်ထုတ်လိုက်ကာ–

"အင်း...ကိုနောင်လည်း သူ့အကြောင်းတွေကို သတင်းစာမှာ ဖတ်ခဲ့ဖူးတယ် မြိုင်။ လူကတော့ အတော်လေး ထက်မြက်ပုံရတယ် ထင်ရဲ့"

"ယောကျ်ားမပီသသနဲ့ အားကိုးချင်စရာ ရုပ်ရည်မျိုးရှိတယ် ကိုနောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား မြိုင်"

လင်းနောင်သည် ခပ်ယဲ့ယဲ့ပြုံးလိုက်ရင်း မတ်တတ်ရပ်လိုက်ကာ–

"ကိုနောင် ပြန်မယ်မြိုင်"

"ဟင်...မြန်တော့မလား ကိုနောင်ရဲ့။ ထမင်းစားပြီးမှပြန်လေ"

မြိုင်က လင်းနောင်အား မျက်လုံးအဝိုင်းသားဖြင့် ကြည့်ကာ ပြောလိုက်လေသည်။ လင်းနောင် ခေါင်းယမ်း၍ပြလိုက်ရင်း–

"မစားတော့ဘူးမြိုင်။ လုပ်စရာလေးတွေရှိသေးလို့ သွားမယ်နော် မြိုင်"

ချစ်သူ့မျက်နှာလှလှလေးကို တစ်ချက်ကြည့်လိုက်ကာ လင်းနောင်လှည့်ထွက်မည်အပြုတွင် ခြံထဲသို့ ဆိုင်ကယ်တစ်စီး မောင်းဝင်လာသည်ကို မြင်တွေ့လိုက်ရလေသည်။

စစ်သုံးဘီအက်စ်အေ ဆိုင်ကယ်ကြီးကိုစီးဝင်လာသူမှာ သက္ကလတ် ဦးထုပ်အညိုကြီးကို ခပ်ငိုက်ငိုက်ဆောင်း၍ထားကာ ကာကီရောင် ဘောင်းဘီရှည်နှင့် ကာကီရောင်အင်္ကျီလက်တိုကို ဝတ်ထားလေသည်။

လင်းနောင် မျက်မှောင်တစ်ချက်ကုတ်လိုက်ပြီး–

"ဘယ်သူလဲ မြိုင်"

"မြိုင်လည်း အဲဒါကြည့်နေတာ..."

ဆိုင်ကယ်စီးလာသူသည် သူတို့နှစ်ယောက်ရှိရာသို့ ဆိုင်ကယ်ကို ဦးတည်မောင်းနှင်၍လာကာ မလှမ်းမကမ်းတွင် ထိုးရပ်လိုက်ပြီး ဆိုင်ကယ်ပေါ်မှ ဆင်းလျှောက်လာလေ၏။ ထိုသူမှာ အရပ်အမောင်း မြင့်မားထွားကျိုင်းသူဖြစ်ကာ လမ်းလျှောက်လာသည့်ဟန်မှာလည်း စတိုင်လ်ကျနလှပေသည်။





ထိုသူသည် လင်းနောင်နှင့်မြိုင်တို့ နှစ်ယောက်ရှေ့ လက်တစ်ကမ်းအကွာလောက်တွင် ရပ်လိုက်ပြီးလျှင်–

"မြိုင် နေကောင်းတယ်နော်"ဟု နှုတ်ဆက်လိုက်ကာ ဦးခေါင်းသက်မှ ဦးထုပ်ကြီးအား ဆွဲ၍ချွတ်လိုက်လေသည်။ ထိုအခါမှ မြိုင်သည် မှတ်မိသွားပြီး–

"ဟင်...ကိုရန်ပိုင်"

ဟူသော အာမေဍိတ်သံလေး ထွက်ပေါ်၍လာလေသည်။ စုံထောက်ရန်ပိုင်က ဂလေစီယာ စီးကရက်တစ်လိပ်ကိုနှိုက်ထုတ်၍ မီးညှိလိုက်ပြီးလျှင်–

"ဟုတ်ပါတယ်မြိုင်...ကျွန်တော်ရန်ပိုင်ပါ။ စုံထောက်ရန်ပိုင်ပါ" ဟု တည်ကြည်ခံ့ညားသည့်လေသံဖြင့် ပြန်ပြောလိုက်လေ၏။ လင်းနောင်သည် သူ့ရှေ့တွင်ရပ်လျက်ရှိသော စုံထောက်ရန်ပိုင်အား စူးစိုက်၍ ကြည့်နေမိလေသည်။

မြိုင်က မျက်နှာလေးကိုပြုံးလိုက်ပြီး–

"ညီမလေးလှိုင်ရဲ့ ရက်လည်ဆွမ်းသွတ်တဲ့နေ့ကတောင် ကိုရန်ပိုင်များ လာမလားလို့။ မြိုင် မျှော်နေမိသေးတယ်"

"ဟုတ်လားမြိုင် ..ကျွန်တော် သတိတော့ရပါရဲ့။ ဒါပေမဲ့ အလုပ်လေးတွေ မပြီးပြတ်တာကြောင့် ရောက်မလာဖြစ်ခဲ့တာပါမြိုင်။ ဆောရီးနော် မြိုင်"

"ရပါတယ် ကိုရန်ပိုင်ရယ်"

စုံထောက်ရန်ပိုင်က စီးကရက်ခဲထားလျက်မှ မြိုင်၏ဘေးတွင် ယှဉ်တွဲကာရပ်လျက်ရှိသည့် 'လင်းနောင်အား လှမ်းကြည့်လိုက်ရာမှ–

"သူက ဘယ်သူလဲမြိုင်ရဲ့"ဟူ၍ မေးလိုက်လေသည်။ ထိုအခါ



www.burmeseclassic.com

www.burmeseclassic.com



မြိုင်က–

“မြိုင်ရဲ့မိတ်ဆွေဆိုပါတော့ရှင်...နာမည်က ကိုလင်းနောင်တဲ့။ ညီမလေး ခိုင်ကို ပီယာနိုလာသင်ပေးနေတာလေ”

“ဟုတ်လားမြိုင်ရဲ့။ ခုလိုတွေ့ရတာ ဝမ်းသာပါတယ် ကိုလင်းနောင်”

စုံထောက်ရန်ပိုင်က လက်တစ်ဖက်ကို ကမ်းပေးလိုက်သဖြင့် လင်းနောင်ကလည်း ယဉ်ကျေးမှုအရပြန်၍ လက်ဆွဲနှုတ်ဆက်လိုက်ရလေသည်။ နှုတ်မှလည်း–

“ဟုတ်ကဲ့ကိုရန်ပိုင်။ ကျွန်တော်ကလည်း စီအိုင်ဒီက နာမည်ကျော်စုံထောက်တစ်ယောက်နဲ့ တွေ့သိရတဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ် ကိုရန်ပိုင်”

မြိုင်က သူတို့နှစ်ဦးကိုကြည့်ရင်း ပြုံးတုံ့တုံ့လေးရှိ၍ နေလေသည်။ စုံထောက်ရန်ပိုင်က လင်းနောင်အား စူးစိုက်၍ ကြည့်လိုက်ကာ–

“အေးဗျာ...ကိုလင်းနောင်။ ကျွန်တော်လည်း တစ်ခါတစ်ခါတော့ ခင်ဗျားတို့လို နုနုရွရွလေးနေပြီး ပီယာနိုလေးဘာလေး တီးချင်မိတယ်ဗျာ”

“အချိန်မရွေးပါ ကိုရန်ပိုင်ရယ်။ ကိုရန်ပိုင် ဆန္ဒရှိလို့ကတော့ ကျွန်တော် သင်ကြားပြသပေးနိုင်ပါတယ်”

“ကျေးဇူးကိုလင်းနောင်။ ဒါပေမဲ့ဗျာ... ကျွန်တော့်ဘဝပေးအခြေအနေက အဲဒီလိုမျိုး နေခွင့်မပေးသေးဘူးဗျ။ တစ်နေ့ပေါ့ဗျာ”

စုံထောက်ရန်ပိုင်က ထိုသို့ပြောလိုက်ပြီးနောက် ‘မြိုင့်’ဘက်သို့လှည့်ကာ–





“မြိုင် ကျွန်တော့်ကို ခွင့်ပြုပါဦး”

“ဟင်...သွားတော့မှာလား ကိုရန်ပိုင်ရဲ့”

“ဟုတ်တယ်မြိုင်...အလုပ်လေးတွေ ရှိသေးလို့ ကိုလင်းနောင်။ သွားမယ်နော်”

“ကောင်းပါပြီ စုံထောက်ကြီးရယ်”

စုံထောက်ရန်ပိုင်သည် သူ၏ ဘီအက်စ်ဧေ စစ်သုံးဆိုင်ကယ်ကြီးအားမောင်းနှင်ကာ ‘မြိုင်နန်းရိပ်မြုံ’ခြံကြီးထဲမှ ထွက်ခွာသွားလေတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၇)

အနက်ရောင်ဖို့ဒ် ကား လေးတစ်စီး ပုဇွန်တောင်၊ ဆိပ်ကန်လမ်း ထဲသို့ မောင်းနှင်ဝင်ရောက်၍ လာလေသည်။ ထိုကားလေးသည် သုံးထပ်တိုက်တစ်ခု၏ရှေ့တွင် ရပ်နားသွားပြီးလျှင် ကားလေးထဲမှ လူတစ်ယောက် ဆင်းသက်၍လာလေသည်။ ထိုသူမှာ စီအိုင်ဒီမှ အိုင်ပီ ဦးဒီပါပင် ဖြစ်လေ၏။

ဦးဒီပါသည် စံထောက်ရန်ပိုင်နေထိုင်သည့် ပထမထပ်သို့ တက်ရောက်လာခဲ့ပြီးလျှင် တံခါးကိုသုံးချက်ဆင့်၍ ခေါက်လိုက်လေ၏။

"ဝင်ခဲ့ပါအိုင်ပီ။ တံခါးက စေ့ရုံစေ့ထားတာပါ"

ဟူသော အတွင်းမှလှမ်းအော်ပြောလိုက်သည့် စံထောက်ရန်ပိုင်၏အသံကို ကြားလိုက်ရသဖြင့် ဦးဒီပါက တံခါးကိုတွန်းဖွင့်၍ ဝင်လာခဲ့သည်။

စံထောက်ရန်ပိုင်မှာ သူလေ့ကျင့်သင်ကြားပေးထားသည့် [illegible]လေး



www.burmeseclassic.com

www.burmeseclassic.com



များအား မှာကြားနေရာမှ လှမ်း၍–

"ထိုင်လေဦးရဲ့...ဒီမှာ ကျွန်တော့်နင်းဂျားလေးတွေနဲ့ အလုပ်များနေလို့ခင်ဗျာ"

"ရပါတယ် ကိုရန်ပိုင်ရယ်"

ဦးဒီပါက ဆေးပြင်းလိပ်ကိုထုတ်ကာ မီးညှိလိုက်ပြီး မှာရှိက်ရင်း စောင့်ဆိုင်းနေလေသည်။ စုံထောက်ရန်ပိုင်သည် တချို့သော ကိစ္စရပ်များတွင် သူ၏ကလေးများအား မှာကြားခိုင်းစေတတ်ပေသည်။

သူ အထူးလေ့ကျင့်သင်ကြားပေးထားသည့် ချာတိတ်လေးများကလည်း သူ့ခိုင်းစေချက်အတိုင်း တသွေမတိမ်းလုပ်ဆောင်ပေးနိုင်ခဲ့ကြလေသည်။

"ဟုတ်ပြီ 'အားတိ'တို့...မှာကြားတာတွေ အားလုံးမှတ်မိကြပြီနော်"

အသက်ဆယ့်တစ်နှစ်အရွယ် ကောင်လေးသုံးယောက်က ပြိုင်တူ ခေါင်းညိတ်၍ ပြလိုက်ကြလေ၏။ စုံထောက်ရန်ပိုင်သည် သူတို့အတွက် မုန့်ဖိုးများထုတ်၍ ပေးလိုက်ကာ–

"ကဲ ဒါဖြင့်သွားကြပေတော့...အကြောင်းထူးတာနဲ့ အမြန်ဆုံးလာသတင်းပို့ကြ"

ကောင်လေးတွေ အခန်းထဲမှ ထွက်သွားကြတော့မှ စုံထောက်ရန်ပိုင်သည် အိုင်ပီဦးဒီပါ၏အနားတွင် လာရောက်၍ထိုင်လေသည်။ ဦးဒီပါက ဆေးပြင်းလိပ်ခဲလျက်ဖြင့် လှမ်းကြည့်လိုက်ကာ–

"အိုင်ဆေးရ...ပျောက်ချက်သား ကောင်းလှပါလားဗျ။ ကျုပ်ဖြင့် ရုံးမှာများ ရောက်လာမလားလို့ နေ့တိုင်းတမျှော်မျှော်နဲ့...မင်းကြီးကလည်း တမေးတည်းမေးနေလေရဲ့ဗျာ"





ဟူ၍ပြောလိုက်လေရာ စုံထောက်ရန်ပိုင်သည် နှုတ်ခမ်းကို ဘွန့်သည်ဆိုရုံမျှလေး ပြုံးလိုက်ပြီးလျှင်–

"ဦးရယ်..တရားခံကို ရုံးမှာဖမ်းလို့မရနိုင်ဘူးလေဗျာ။ ကျွန်တော်ရုံးလာနေလို့ တရားခံကို ဘယ်လိုဖမ်းဆီးနိုင်ပါ့မလဲ ခင်ဗျ"

ဟူ၍ ပြန်ပြောလိုက်ရင်း ဂလေစီယာ စီးကရက်ကိုယူ၍ မီးညှိလိုက်လေသည်။ ထိုအခါ အိုင်ပီဦးဒီပါက–

"အခုကော နီးစပ်ပြီလား ကိုရန်ပိုင်ရဲ့"

ဟု မေးလိုက်ပြန်သည်တွင် စုံထောက်ရန်ပိုင်က–

"သြော် ဦးရယ်... ကျွန်တော်လက်က လွတ်အောင်ပြေးနိုင်တဲ့ တရားခံကော ရှိခဲ့ဖူးလို့လားဦးရဲ့။ မကြာခင်မှာ တရားခံကို အပ်နှံနိုင်တော့မှာပါ"

ဟု ပြန်ပြောလိုက်သည်ကြောင့် အိုင်ပီဦးဒီပါ၏ မျက်နှာကြီး ဝင်းထိန်၍သွားလေတော့သည်။ စုံထောက်ရန်ပိုင်က စီးကရက်ကို အားရအောင် ဖွာရှိုက်လိုက်ပြီးနောက်–

"တကယ်တော့ အမှုက ရှင်းနေပါတယ် အိုင်ပီရဲ့။ 'မြိုင်နန်းရိပ်မြုံ'ခြံကြီးထဲမှာဖြစ်ပွားခဲ့တဲ့ လူသတ်မှုတွေကို ကျူးလွန်ခဲ့တဲ့တရားခံဟာ ဒီခြံကြီးထဲကို ရင်းရင်းနှီးနှီး ဝင်ထွက်သွားလာနေတဲ့သူပဲ ဖြစ်ဖို့များတယ်လေ။ အဲဒီမှာ ကျွန်တော် 'ရောဘတ်မေအောင်'နဲ့ 'ကိုလင်းနောင်'တို့နှစ်ယောက်ကို သွားတွေ့တယ်"

"ဟုတ်ကဲ့ ကိုရန်ပိုင်"

"ရောဘတ်မေအောင်ဟာ ဖခင်ဖြစ်သူနဲ့ အရှိန်အဝါကိုသုံးပြီး 'မြိုင်နန်းရိပ်မြုံ'ခြံကြီးထဲကို ဘာခါးမရှိအားမရှိ ဝင်ထွက်နိုင်ခဲ့တယ်။ မြိုင်တို့ ညီအစ်မလေးဖော်နဲ့လည်း ရင်းနှီးခွင့်ရယူနိုင်ခဲ့တယ် အိုင်ပီ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်စုံစမ်းကြည့်တော့ ရောဘတ်မေအောင်ဟာ အင်မတန်ရုပ်ချောတဲ့လူတစ်ယောက်ဆိုတာ သိခဲ့ရတယ်အိုင်ပီ"

အိုင်ပီဦးဒီပါသည် ကိုရန်ပိုင်ရှင်းပြနေသည်များအား ဆေးပြင်းလိပ်ခဲလျက်ဖြင့် နားစွင့်လျက်ရှိနေပေ၏။

"တစ်ခါ ခိုင်ဆိုတဲ့ကလေးမလေးကို ပိယာနိုလာသင်ပေးတဲ့ ကိုလင်းနောင်ဟာလည်း ဒီခြံကြီးထဲကို အချိန်မရွေး ဝင်ထွက်နိုင်သူဖြစ်တယ် အိုင်ပီ။ ပြောရရင်တော့ ရောဘတ်မေအောင်နဲ့ ကိုလင်းနောင်တို့ဟာ ဒီခြံနဲ့ဒီအိမ်ကြီးအကြောင်းကို ဂဃနဏ သိရှိသူတွေ ဖြစ်ကြတယ်အိုင်ပီ"

"အိုင်ဆေး ကိုရန်ပိုင်။ ဒီလိုဆိုရင် လူသတ်မှုတွေရဲ့တရားခံဟာ သူတို့နှစ်ယောက်ထဲက တစ်ယောက်ပေါ့ဟုတ်လား" ဟူ၍ ဦးဒီပါက မျက်မှောင်ကြုတ်၍ကြည့်ရင်း မေးလိုက်သည်တွင် စုံထောက်ရန်ပိုင်က စီးကရက်တစ်လိပ်ထုတ်ယူ၍ မီးညှိလိုက်ပြီးနောက်–

"ဟုတ်တယ်အိုင်ပီ။ ဒီအတိုင်း တွေးလို့ရနေပါတယ်။ ဒါပေမဲ့ ဘာ့ကြောင့်ဆိုတဲ့ အကြောင်းခြင်းရာ ခိုင်လုံမှုလိုနေတယ် အိုင်ပီရဲ့။ လူသုံးယောက်ကို ရက်ရက်စက်စက် ချေဖျက်ပစ်ဖို့ဆိုတာက မလွယ်လှဘူး အိုင်ပီ။ ကလဲ့စားဆိုတဲ့အချက်နဲ့ ပတ်သက်နိုင်တယ် အိုင်ပီ။ ဒါကြောင့် ဒီအမှုကြီးတွေ ဖြစ်ပွားလာစေတဲ့ နောက်ခံအကြောင်းအချက်အလက်တွေကို ကျွန်တော်ရှာဖွေနေပါတယ် အိုင်ပီ။ မကြာတော့ပါဘူး။ တရားခံကို မင်းကြီးလက် အပ်နိုင်တော့မှာပါ အိုင်ပီရဲ့"

"ဟုတ်ပြီကိုရန်ပိုင်။ ကျုပ် မင်းကြီးကို ဆက်လက်တင်ပြလိုက်ပါ့မယ်"

ဦးဒီပါအား စုံထောက်ရန်ပိုင်က လက်ကာ၍ပြလိုက်ကာ–





"မလိုပါဘူးဦးရယ်...တရားခံဖမ်းမယ့်နေ့ကျတော့မှပဲ ကျွန်တော် မင်းကြီးနဲ့ တွေ့လိုက်ပါ့မယ်။ စကားပုံရှိသားနဲ့အိုင်ပီရယ် ဘာတဲ့... မပြီးခင် ဗမာမမြင်စေနဲ့ဆိုလားပဲ"

"ကောင်းပြီ ကိုရန်ပိုင်။ ဒါဖြင့် ကျုပ်သွားတော့မယ်"

"ဟုတ်ကဲ့ပါဦး"

"ကျုပ်နဲ့တော့ အဆက်သွယ်မပြတ်ပါနဲ့ ကိုရန်ပိုင်ရယ်။ ကျုပ်လည်း မကြာမကြာ လာခဲ့ပါ့မယ်"

"ဟုတ်ကဲ့ပါအိုင်ပီရဲ့။ အကြောင်းထူးတာနဲ့ ကျွန်တော် ဦးကို လာခေါ်မှာပါ"

"ဟုတ်လိုက်လေ ကိုရန်ပိုင်ရယ်"

အိုင်ပီဦးဒီပါသည် စုံထောက်ရန်ပိုင်အား နှုတ်ဆက်ကာ အခန်းထဲမှ ထွက်ခွာသွားလေတော့သည်။ စုံထောက်ရန်ပိုင်က သူစုဆောင်းထားသည့် အချက်အလက်များအား ပြန်လည်ဖတ်ရှု သုံးသပ်ရင်း ကျန်ရစ်ခဲ့လေ၏။

"အင်း...တကယ်တော့ ဦးခိုင်ထွန်းဟာ အညာမြို့လေးတစ်မြို့ကနေ ရန်ကုန်ရောက်လာတဲ့သူပဲ။ အဲဒီတုန်းက သူ့ရဲ့နာမည်က 'ဘထိုက်'တဲ့။ ဘထိုက်ဟာ အရင်က အတော်လေးဆင်းရဲခဲ့သတဲ့။ နောက်တော့ သူဘာဖြစ်လို့ လူချမ်းသာ ဖြစ်လာခဲ့တာပါလိမ့်"

စုံထောက်ရန်ပိုင်သည် အတွေးများဖြင့် ချာချာလည်၍ နေပေတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ အိုင်ပီရေ။ ရှေ့ကမြင်ရတဲ့ ခြံဝင်းကျယ်နဲ့ အိမ်ကြီးဟာ ဦးမေအောင်ရဲ့ ဂေဟာပေါ့ဗျာ"

အင်းလျားလမ်းအတိုင်း ကားလေးကို မောင်းဝင်လာရာမှ အိုင်ပီ ဦးဒီပါ၏ဘေးဝယ် ထိုင်လျက်ရှိသော စုံထောက်ရန်ပိုင်က လက်ညွှန်ပြကာ ပြောလိုက်ခြင်းဖြစ်၏။ ထိုအခါ ဦးဒီပါသည် တအံ့တသြဖြင့် လှမ်းကြည့်လိုက်ပြီးလျှင်–

"တယ်လည်းချမ်းသာလှပါလား ကိုရန်ပိုင်ရဲ့။ ခြံဝင်းကျယ်ကြီးထဲမှာ ဆောက်ထားတဲ့တိုက်ကြီးကလည်း ဟီးလို့ပါလားဗျာ"

ဟူ၍ပြောလိုက်လေရာ စုံထောက်ရန်ပိုင်က ဂလေစီယာစီးကရက် တစ်လိပ်ကိုထုတ်၍ မီးညှိလိုက်ရာက–

"အိုင်ပီကလည်းဗျာ။ ကျားကိုက်ပါတယ်ဆိုမှ နာတာရှည်လားလို့ မေးနေရသေးလားခင်ဗျာ။ ဒီလောက်ကြီးကျယ်တဲ့ နိုင်ငံရေးသမားကြီး တစ်ယောက်ဟာ ဒီလောက်တော့ ပိုင်ဆိုင်ခွင့်ရှိပေတာပေါ့ဗျာ မဟုတ်ဘူးလား။ ဟင်း ဟင်း ဟင်း ဟင်း"

ဟူ၍ စုံထောက်ရန်ပိုင်သည် ပြောအပြီးတွင် ရယ်မောနေပေတော့သည်။ ဦးဒီပါက ခြံဝင်းအတွင်းသို့ ကားကိုမောင်းဝင်လာခဲ့ကာ တိုက်ကြီး၏ရှေ့တွင် ထိုးရပ်လိုက်လေသည်။ သူတို့၏ စီအိုင်ဒီမှ ကားလေးရပ်လိုက်သည်နှင့် ကားဘေးသို့ လူထွားကြီးနှစ်ဦး အပြေးအလွှား ရောက်ရှိ၍လာကြကာ–

"ဘယ်သူနဲ့တွေ့ချင်လို့လဲဗျ။ ဘာကိစ္စလဲ"

ဟူ၍ မချေမငံသော အပြောအဆို၊ ရှုံ့သိုးသိုး အမူအရာတို့ဖြင့် မေးလိုက်လေရာ စုံထောက်ရန်ပိုင်သည် ပခုံးတစ်ဖက်ကို ဆတ်ခနဲ တွန့်လိုက်ပြီးနောက် ကားတံခါးကိုဖွင့်၍ ဆင်းလိုက်လေ၏။ ထို့နောက်





လွှန်ဖွာတည်ငြိမ် အေးဆေးလှသည့် လေသံဖြင့်–

"မင်းတို့ ဆရာကြီးဦးမေအောင်ကို သွားပြောလိုက်ကြ။ စီအိုင်ဒီက စုံထောက်ရန်ပိုင်နဲ့ အိုင်ပီဦးဒီပါတို့ ရောက်လာကြတယ်ဆိုတာ"

ဟုပြောလိုက်သည်တွင် လူထွားကြီးနှစ်ယောက်စလုံးမှာ 'လေသံတွေ၊ မျက်နှာအမူအရာတွေ ပြောင်းလဲသွားကြပြီးလျှင်–

"ဟုတ်ကဲ့ခင်ဗျာ...ဟုတ်ကဲ့ပါ။ ဆရာတို့ ကြွကြပါခင်ဗျာ။ အောက်ထပ်က ဧည့်ခန်းမှာ ထိုင်စောင့်နေကြပါခင်ဗျာ။ ကျွန်တော်တို့ ဆရာကြီးကို သွားပြောပေးပါမယ်"

ဟုဆိုကာ ဧည့်ခန်းဆီသို့ ခေါ်ဆောင်သွားကြလေ၏။

ဦးမေအောင့်၏ ဧည့်ခန်းမှာ ခေတ်မီပစ္စည်းများ၊ ပရိဘောဂများဖြင့် ဖွဲ့စည်းတည်ဆောက်၍ထားလေရာ အလွန်ပင် ခံ့ထည်၍နေလေသည်။ အခန်းတစ်ခုလုံးကို ဆေးအပြာသုတ်၍ထားကာ နံရံများတွင် ရေဆေးပန်းချီကားကြီးများ၊ ဆီဆေးပန်းချီကားကြီးများကို ချိတ်ဆွဲ၍ထားလေ၏။ မတ်ရပ်ဗီရိုကြီးတစ်ခုပေါ်ဝယ် လှပ၍ကျက်သရေရှိသည့် မြန်မာ့စောင်းကောက်တစ်လက်တင်ထားသည်ကို တွေ့ရလေ၏။ စောင်းကောက်ကို မှန်စီရွှေချ၍ ထားလေသည်။ ထို့ကြောင့် အပြင်ပန်းအားဖြင့် ကြည့်မည်ဆိုပါလျှင် ဦးမေအောင်သည် မြန်မာမှုကို မြတ်နိုးသူတစ်ဦးဟု ထင်မှတ်ရမည်ဖြစ်ပေ၏။

အိုင်ပီဦးဒီပါက ဆေးပြင်းလိပ်ကို မီးညှိလိုက်ရင်း–

"အိုင်ဆေးကိုရန်ပိုင်...ခင်ဗျား ဒီငတိကြီးဆီ ဘာကိစ္စနဲ့လာခဲ့တာလဲဗျ။ ပလိစ်တဲလ်မိ ပြောပါဦးဗျ"

ဟု မေးလိုက်သည်တွင် စုံထောက်ရန်ပိုင်က ပြုံးတုံ့တုံ့လုပ်လိုက်ရာက–



www.burmeseclassic.com

www.burmeseclassic.com



"သြော် ဦးရယ့်... ကျွန်တော့်အကြောင်းလည်း သိသားနဲ့။ ကျွန်တော်က အဓိပ္ပာယ်ရှိတဲ့အလုပ်တွေပဲ ရွေးလုပ်တတ်သူပါဦးရဲ့။ ဟင်း ဟင်း"

ဟူ၍စကားအဆုံးတွင် ရယ်မောလိုက်ပေသည်။ ထိုအခါ အိုင်ပီ ဦးဒီပါက–

"ဟုတ်ပါတယ်ကိုရန်ပိုင်ရယ်...ဟုတ်ပါတယ်။ ကျုပ်ကလည်း ခင်ဗျားရဲ့ အရည်အသွေးကိုသိရက်နဲ့ တမင်မေးနေမိတာပါဗျာ။ ဟော..."

ပြောနေရင်းဖြင့် ဦးဒီပါသည် စကားစကိုဖြတ်လိုက်ခြင်းဖြစ်၏။ သူ၏နားထဲတွင် ဧည့်ခန်းဆီသို့လျှောက်လှမ်းလာနေသည့် ခြေသံတဖျတ်ဖျတ်ကို ကြားလိုက်ရသောကြောင့်ပင် ဖြစ်လေသည်။ ဦးဒီပါအား စုံထောက်ရန်ပိုင်က အသာလက်ကာ၍ပြလိုက်ကာ ဂလေစီယာ စီးကရက်တစ်လိပ်ကို မီးညှိလိုက်လေသည်။

ထိုစဉ်မှာပင် ဧည့်ခန်းဝတွင် လူတစ်ယောက် ဘွားခနဲပေါ်လာလေ၏။

ထိုသူမှာ အသက်ငါးဆယ်ဝန်းကျင် အရွယ်ခန့်ရှိ၏။

သူ၏မျက်နှာမှာ ထူထူထဲထဲ၊ မည်းမည်းကားကား၊ နှုတ်ခမ်းမွေးများကြောင့် ပို၍ခံ့ညားနေဟန်ရှိလေသည်။ သူသည် ပန်းနုရောင် ခေါင်းပေါင်းကိုပေါင်း၍ထားကာ ရင်ဖုံးအင်္ကျီနံ့သာရောင်ကို ဝတ်ဆင်၍ထား၏။ အောက်တွင် တောင်ရှည်ရွှေတောင်ပိုးပုဆိုး ရွှေဖလားရောင်ကို ခါးပတ်ပတ်၍ ဝတ်ထားလေသည်။ သူသည် ဧည့်ခန်းရှိဆိုဖာထိုင်ခုံများပေါ်ဝယ် ကျကျနနထိုင်လျက် ရှိနေကြသည့် အိုင်ပီဦးဒီပါနှင့် စုံထောက်ရန်ပိုင်တို့ကို စေ့၍ကြည့်လိုက်ပြီးလျှင် မျက်မှောင်





အနည်းငယ်ကြုတ်လိုက်ပြီး–

"ကျုပ်ကို တွေ့ချင်တယ်ဆိုတဲ့ကိစ္စက..."ဟူ၍ မေးလိုက်ရင်း စုံထောက်ရန်ပိုင်နှင့် မျက်နှာချင်းဆိုင်ထိုင်ခုံတွင် ဝင်၍ထိုင်လိုက်လေ၏။ စုံထောက်ရန်ပိုင်က ထိုသူ၏မျက်လုံးများကို တည့်တည့်စူးစိုက်၍ ကြည့်လိုက်ရာမှ–

"အန်ကယ်ဦးမေအောင် ထင်ပါရဲ့"

"ဟုတ်တယ်...ကျုပ်မေအောင်ပါ။ မောင်ရင်က"

စုံထောက်ရန်ပိုင်သည် သူ့နံဘေးတွင်ထိုင်လျက်ရှိသော ဦးဒီပါအား ညွှန်ပြလိုက်ရင်း–

"ကျွန်တော်တို့က စီအိုင်ဒီကပါအန်ကယ်။ ဟောဒါက အိုင်ပီ ဦးဒီပါတဲ့ခင်ဗျ။ ကျွန်တော်က အိုင်အိုရန်ပိုင်ပါ။ စီအိုင်ဒီမှာတော့ ကျွန်တော့်ကို စုံထောက်ရန်ပိုင်လို့ ခေါ်ကြပါတယ် အန်ကယ်"

ဟူ၍ ရှင်းပြပြောဆိုလိုက်လေသည်။

ထိုအခါ ထိုခေတ် ထိုကာလက လွှတ်စွာရေပန်းစားလျက်ရှိသည့် နိုင်ငံရေး အဖွဲ့အစည်းကြီးတစ်ခု၏ ခေါင်းဆောင်တစ်ဦးဖြစ်သော ဦးမေအောင်၏မျက်နှာ အနည်းငယ်ပြုံးယောင်သန်းသွားပြီးလျှင်–

"သြော်...စုံထောက်ရန်ပိုင်ဆိုတာ မောင်ရင်ကိုး။ ကျုပ်က အတော် အသက်ကြီးလှပြီလို့ ထင်နေတာ။ မောင်ရင့်အကြောင်းတွေကို ကျုပ် သတင်းစာတွေထဲမှာ ဖတ်ရပါတယ်။ မောင်ရင်က နာမည်ကြီးတစ်ယောက်ပေပဲ။ ပြောပါစုံထောက်ရန်ပိုင်။ ကျုပ် ဘာအကူအညီပေးရမလဲ ဆိုတာကိုကိုး"

ဟု ဖော်ရွေစွာဖြင့် ပြန်ပြောလိုက်လေ၏။

"ဟုတ်ကဲ့ပါအန်ကယ်...ကျွန်တော် အန်ကယ့်ကို ကြိုတင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အသိပေးချင်တာလေး ရှိလို့ပါခင်ဗျာ။ ကိစ္စကတော့ အန်ကယ်ရဲ့ သားဖြစ်တဲ့ ရောဘတ်မေအောင်နဲ့ ပတ်သက်နေပါတယ်ခင်ဗျာ"

"ရောဘတ်မေအောင်ဟုတ်လား မောင်ရန်ပိုင်"

ဦးမေအောင်၏ မျက်ခုံးတစ်ဖက် မြင့်တက်၍သွားရာက အံ့အားသင့်စွာဖြင့် ပြန်လည်မေးလိုက်သည်တွင် စုံထောက်ရန်ပိုင်က စီးကရက်မီးညှိ၍ ဖွာရှိုက်လိုက်ပြီးနောက်–

"ဟုတ်ပါတယ် အန်ကယ်"

"ဒီကောင်၊ ဘာတွေပြဿနာတက်နေပြန်ပြီလဲ မောင်ရန်ပိုင်ရဲ့"

"ဒီလိုပါ အန်ကယ်"

စုံထောက်ရန်ပိုင်သည် ဦးမေအောင်၏အနားသို့ တိုးကပ်၍သွားလိုက်ကာ နှစ်ကိုယ်ကြားစကားကဲ့ ပြောဆိုနေလေ၏။ ဦးဒီပါက ကြားရလိုကြားရငြား နားစွင့်သေးသော်လည်း ဘာတွေပြောနေမှန်း သဲကွဲစွာ ကြားရခြင်းမရှိ။ ဦးမေအောင်မှာ ခေါင်းတဆတ်ဆတ်ညိတ်ပြလျက်ဖြင့် ပါးစပ်မှ တအင်းအင်းရွတ်ဆို၍နေလေသည်။ ထို့နောက်မှ စကားသံထွက်ပေါ်လာ၏။

"အဲဒါပါပဲ အန်ကယ်ရယ်။ ကျွန်တော်က အဲဒီအကြောင်းကိုပဲ အန်ကယ့်ကို လေးလေးစားစားနဲ့ ကြိုတင်အသိပေးထားဖို့ လာခဲ့တာပါ အန်ကယ်"

"ဟုတ်ပြီလေ မောင်ရန်ပိုင်။ ကဲရီးအွန်...ကျုပ်ခွင့်ပြုပါတယ်ကွယ်"

"ကျေးဇူးတင်လိုက်တာ အန်ကယ်ရယ်။ ဒါဖြင့် ကျွန်တော်တို့ကို ခွင့်ပြုပါဦး အန်ကယ်။ တခြား စီစဉ်စရာလေးတွေရှိသေးလို့...အိုင်ပီပြန်ကြရအောင်"





စုံထောက်ရန်ပိုင်က မတ်တတ်ထ၍ရပ်ရင်း ပြောလိုက်သောကြောင့် ဦးဒီပါမှာ ဘာမသိညာမသိဖြင့် ထ၍ရပ်လိုက်ရလေသည်။

ဦးဒီပါသည် ရာထူးအားဖြင့် ကိုရန်ပိုင်ထက် မြင့်သော်လည်း တကယ်တမ်းဦးဆောင်၍ လှုပ်ရှားနေရသူမှာ ကိုရန်ပိုင်သာလျှင် ဖြစ်ပေသည်။ ကိုရန်ပိုင်၏ခြေလှမ်းကို အိုင်ပီဦးဒီပါ လိုက်၍မမီပါချေ။ ယခုလည်း...

ဦးမေအောင်အိမ်သို့ လိုက်ပါလာခဲ့ရသော်လည်း အဘယ်အကြောင်းကိစ္စဆိုသည်ကို ဦးဒီပါ သိရှိရခြင်း မရှိသေးပါချေ။ စုံထောက်ရန်ပိုင်ကလည်း သူ၏အမှုအကျင့်အတိုင်းပင် မည်သို့မျှ ပြောဆိုခြင်း မပြုခဲ့သေးချေ။

ဦးမေအောင်အား နှုတ်ဆက်ကြပြီးလျှင် ထိုဂေဟာကြီးထဲမှ အိုင်ပီဦးဒီပါ၏ ဖို့ဒ်ကားလေးကိုမောင်းနှင်ကာ ထွက်ခွာလာခဲ့ကြတော့သည်။

အိုင်ပီဦးဒီပါသည် သူ၏ကားလေးကို ဂရုတစိုက်ဖြင့် မောင်းနှင်လာလျက် ရှိလေ၏။ စုံထောက်ရန်ပိုင်မှာမူ စီးကရက်တစ်လိပ်ခဲလျက်ဖြင့် မျက်လုံးများမှေးစင်းရင်း တစ်စုံတစ်ရာကို တွေးတောလာပုံရလေသည်။

"အိုင်ဆေးရ အမှုအကြောင်းလေး၊ ဘာလေး ပြောစမ်းပါဦးဗျာ။ ကျုပ်ဖြင့် ဦးမေအောင့်အိမ်မှာ ငုတ်တုတ်ကြီးကို ဖြစ်ရောပဲ"

အိုင်ပီဦးဒီပါက ထိုကဲ့သို့ လှမ်းပြောလိုက်သည်တွင် စုံထောက်ရန်ပိုင်မှာ ခဲထားသည့် စီးကရက်ကို ပါးစပ်မှဖြုတ်လိုက်ရင်း–

"မလောစမ်းပါနဲ့ဦးရယ်...အချိန်တန်တော့ သိရမှာပေါ့ခင်ဗျာ။ ဒါပေမဲ့ဦးရယ် ကျွန်တော် ဘာပဲလုပ်လုပ် ကျွန်တော်လုပ်သမျှတွေဟာ ဦးအတွက်ပဲဆိုတာတော့ သဘောပေါက်ပေးထားပါ ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ပြန်ပြောလိုက်လေသည်။ ထိုအခါ ဦးဒီပါမှာ ပျာပျာသလဲဖြင့်–

"ဆောရီးကိုရန်ပိုင်…ကျုပ် ဆန္ဒစောသွားမိတယ်ဗျာ"

"ရပါတယ် အိုင်ပီရယ်… ဩော်အိုင်ပီ ဘရုတ်ဒ်ကင်းလမ်း (ဘိုကလေးဈေးလမ်း)ကိုမောင်းဗျာ။ တောခြောက်တဲ့အစီအစဉ် ဒီနေ့စလိုက်တာပဲ အိုင်ပီရဲ့"

"နေစမ်းပါဦးအိုင်ဆေးရဲ့။ ဘိုကလေးဈေးလမ်းမှာ ဘယ်သူများရှိနေလို့လဲ"

"လင်းနောင်…ပီယာနိုလင်းနောင်"

"ဟုတ်ပြီကိုရန်ပိုင်…ဟုတ်ပြီ။ ကျုပ် ခပ်ရေးရေးတော့ သဘောပေါက်လာပါပြီဗျ။ လင်းနောင်ဆိုတာ မြိုင်နန်းရိပ်မြုံခြံကြီးထဲကို ဝင်ထွက်သွားလာနေတဲ့ ဟိုဖြူဖြူချောချောလူမဟုတ်လား ကိုရန်ပိုင်ရဲ့"

"ဟုတ်ပါတယ်အိုင်ပီ။ သူဟာ ခိုင့်ရဲ့ စန္ဒရားသင်ပေးတဲ့ဆရာဖြစ်သလို၊ မြိုင့်ရဲ့ချစ်သူ ဖြစ်တယ်ဆိုတာလည်း ကျွန်တော် စုံစမ်းသိရှိပြီးခဲ့ပြီအိုင်ပီ။ မကြာခင်ကာလမှာ လင်းနောင်ဘာလဲဆိုတာ သိရတော့မှာပါအိုင်ပီ"

"ဟုတ်လိုက်လေ ကိုရန်ပိုင်ရယ်"

နှုတ်မှလှိုက်လှဲစွာဖြင့် ရေရွတ်လိုက်ပြီးနောက် အိုင်ပီဦးဒီပါသည် သူ၏ဖို့ဒ်ကားလေးကို ကမ်းနားလမ်းမှ ကွေ့ပတ်လျက်ဖြင့် ဘိုကလေးဈေးလမ်းဆီသို့ ဦးတည်မောင်းနှင်၍ လာခဲ့လေတော့သည်။

စုံထောက်ရန်ပိုင်မှာ သူကြိုက်နှစ်သက်သည့် ဂလေစီယာစီးကရက်ကိုခဲကာ မှိန်းလျက် လိုက်ပါလာခဲ့ပါသတည်း။

* * *





"×××ချစ်သမျှကို××မြင်းမိုရ်ရွှေတောင်××လုံးသာပလေး××လေးဆူဒီပါ×××သီတာရေမြေ××ဆုံး××စေတော့×××လေး×××"

လင်းနောင်၏ အိမ်လေးရှေ့သို့ ကားထိုးရပ်လိုက်သည်နှင့် အတွင်းမှ ပျံ့လွင့်လာသည့် သီချင်းသံကို ကြားလိုက်ကြရပေသည်။ သီချင်းသံနှင့်အတူ သာယာငြိမ့်ညောင်းလှသည့် စန္ဒရားလက်သံကို ပီပီသသကြားရလေသည်။

အိုင်ပီဦးဒီပါသည် ကားပေါ်မှ မဆင်းနိုင်လောက်အောင်ပင် ဂီတရေယဉ်ကျောဝယ် နစ်မျော၍နေမိလေသည်။ နှုတ်မှလည်း–

"အိုင်ဆေးကိုရန်ပိုင်ရဲ့…အတော့်ကို သာယာနာပျော်ဖွယ်ကောင်းတဲ့ အဆိုနဲ့အတီးပါလားဗျ။ နားဝင်ပီယံရှိလှပါလားဗျာ"ဟူ၍ ပြောမိလိုက်လေသည်။ စုံထောက်ရန်ပိုင်ကလည်း ဂလေစီယာစီးကရက်ကို ခဲလျက်သားဖြင့် ခိမ်ခံနားထောင်လျက်ရှိရာမှ–

"ကိုလင်းနောင်ရဲ့လက်သံနဲ့ အဆိုဖြစ်မယ်အိုင်ပီ"

ဟူ၍ပြန်ပြောလိုက်ရင်း ကားလေးပေါ်မှာပင် ဆက်လက်၍နားထောင်နေမိကြလေ၏။

"တူပြိုင်×××ဂုလိုဏ်×××စကားသစ္စာတိုင်×××ချစ်လို့ရယ်တဲ့ ေ ာ့ဂုန်တယ်×××ဩော် ကြိုက်လို့ရယ်တဲ့ မကုန်နိုင်တယ်×××ဝသုန်ဣမြေ××သိကြားစေ×××သက်သေညွှန်း"

စိတ်ပါလက်ပါ ;ခံစားချက်အပြည့်ဖြင့် သီဆိုတီးခတ်နေခြင်းဖြစ်သဖြင့် အဆိုရော အတီးပါ ရှာန်ဝင်လျက်ရှိလေသည်။ စုံထောက်ရန်ပိုင်က–

"ချစ်သမျှကိုပတ်ပျိုးလို့ ခေါ်တယ်အိုင်ပီ။ သစ္စာထား၊ သစ္စာတိုင်ပတ်ပျိုးတစ်ပုဒ်ပေါ့။ မောင်ကမယ့်ကို ဘယ်လောက်ချစ်တယ်၊ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



ချစ်ဘယ်ဆိုတာကို ဖော်ကျူးထားတဲ့ သီချင်းကြီးတစ်ပုဒ်ပေါ့ အိုင်ပီ"

ဟု ပြောပြလိုက်သည်တွင် ဦးဒီပါက စုံထောက်ရန်ပိုင်အား တအံ့တသြဖြင့် ကြည့်လိုက်ကာ-

"အိုင်ဆေးရာ...ခင်ဗျားကတော့လေ အရာရာကို သိနေတော့ ပါလားဗျာ"

"ကဲ...အိုင်ပီရေ ဒါတွေထားလိုက်ကြဦးစို့ရဲ့။ ခုအချိန်ဟာ ဒီလူ သိပ်ကို ဖီးလ်တက်နေတဲ့အချိန်ဗျ အိုင်ပီ။ အချိန်ကောင်းပဲ ကျွန်တော်တို့ ဝင်ကြရအောင် အိုင်ပီ"

"ကောင်းပြီလေ ကိုရန်ပိုင်"

နှစ်ဦးသား ကားပေါ်မှဆင်းသက်လိုက်ကြကာ လင်းနောင်၏ အိမ်ခန်းဆီသို့ လျှောက်လာခဲ့ကြလေသည်။ ဂီတသံမှာ ပို၍ ပီပြင်လာလေသည်။ သို့နှင့် လင်းနောင်၏ အိမ်ပေါက်ဝသို့ ရောက်လာခဲ့ကြ၏။

"တူပြိုင်xxx ဂုလိုင်xxx သစ္စာစကားတိုင်xxx ချစ်လို့ရယ်တဲ့ မကုန်နိုင်xxx"

လင်းနောင်၏ ခံစားချက်အပြည့်ပါသည့် သီချင်းသံထွက်ပေါ် နေဆဲမှာပင် စုံထောက်ရန်ပိုင်က သံဆန်ခါများ တပ်ဆင်ထားသည့် တံခါးကို လက်တစ်ဖက်ဖြင့် တဗုန်းဗုန်းပုတ်လိုက်ပြီး လှမ်းနှုတ်မှလည်း-

"ကိုလင်းနောင်"

"ဗျို့...ကိုလင်းနောင်"

"ကိုလင်းနောင်"

*အဆိုရော အတီးပါ ရုတ်တရက်ရပ်သွားပြီးနောက် အိမ်ထဲမှနေ၍* ရှုးစမ်းသောအကြည့်ဖြင့် လင်းနောင် ထွက်၍လာလေသည်။ သူသည်





တံခါးဝတွင်ရပ်လျက် ရှိသည့်သူများအား မြင်တွေ့၍သွားရာမှ-

"ဪ...ဘယ်သူများလဲမှတ်တယ် စုံထောက်ကြီးတို့ပါလား"

ဟူ၍ ပြောလိုက်လေ၏။

"ဟုတ်တယ်ကိုလင်းနောင်။ ဒီဘက်ရောက်ရင်း ခင်ဗျားဆီ လှည့်ဝင်ခဲ့တာဗျ။ စောစောကတောင် ခင်ဗျားရဲ့ 'ချစ်သမျှကို' အဆိုနဲ့ အတီးကို နားထောင်နေကြသေးတာဗျ။ ဟောဒီ ကျွန်တော့်အိုင်ပီဆို ခင်ဗျားကို အတော့်ကိုချီးကျူးနေတာ ကိုလင်းနောင်ရေ"

"ဟုတ်ရဲ့လားဗျ ကိုရန်ပိုင်ရဲ့။ ဝင်ကြလေဗျာ...ကြွပါခင်ဗျာ"

လင်းနောင်က တံခါးကိုဖွင့်၍ ပေးလိုက်လေသည်။ စုံထောက် ရန်ပိုင်နှင့် အိုင်ပီဦးဒီပါတို့နှစ်ယောက် ဝင်ထိုင်လိုက်ကြပြီး ကိုရန်ပိုင်က စီးကရက်ထုတ်၍ မီးညှိလိုက်ရင်း-

"ကိုလင်းနောင်"

"ခင်ဗျာ."

လင်းနောင်၏ ပြန်၍ကြည့်လိုက်သည့် မျက်လုံးအကြည့်များ သည် ရှုးရှတောက်ပြောင်လျက် ရှိကြပေသည်။ သူသည် ရခိုင်ပုဆိုး ...ရဲနှင့် ရှပ်အင်္ကျီအဖြူ လက်တိုလေးကို ဝတ်ဆင်ထားလေရာ သူ၏ ...ဝင်းသည့်အသားမှာ ပိုမို၍ပေါ်လွင်လျက် ရှိနေလေ၏။ စင်စစ် လင်းနောင်သည် လူချောတစ်ဦးပင်ဖြစ်ပါ၏။ မိန်းကလေးများ စွဲလမ်း နှစ်သက်တတ်သည့် ရုပ်ရည်မျိုးကို ပိုင်ဆိုင်ထားသည့် လင်းနောင်ပါ တည်း။

တစ်ဖန် သူသည် 'အနုပညာ' သမားတစ်ဦးလည်း ဖြစ်၍နေသည် ကြောင့် ဆန့်ကျင်ဘက်လိင်တို့အပေါ်တွင် အထူးပင် ညို့ယူဆွဲဆောင် အားကောင်းနိုင်လောက်ပေသည်ဟု စုံထောက်ရန်ပိုင်က လင်းနောင်ကို



www.burmeseclassic.com

www.burmeseclassic.com



ရှုးစိုက်၍ကြည့်ရင်း ကောက်ချက်ချလိုက်လေ၏။

"ခင်ဗျား ဘယ်နယ်ကလဲဗျ"

"ဗျာ..."

စုံထောက်ရန်ပိုင်၏ အဆက်အစပ်မရှိ မေးလိုက်သည့် စကားကြောင့် လင်းနောင် အံ့အားသင့်၍သွားလေသည်။ မျက်လုံးအကြောင်သားဖြင့်လည်း ငေးကြည့်နေမိလေသည်။ စုံထောက်ရန်ပိုင်က ဂလေစီယာ စီးကရက်တစ်လိပ်ကို ထုတ်ယူ၍မီးညှိကာ အေးအေးဆေးဆေး ဖွာရှိုက်ရင်း လင်းနောင်အား ကြည့်ရှုလျက်ရှိနေလေ၏။

"ကျုပ်မေးတာကိုဖြေပါ ကိုလင်းနောင်"

လင်းနောင် အောင့်သက်သက်ဖြစ်၍သွားပုံရ၏။ သူ၏ဂီတကမ္ဘာလေး တည်ဆောက်နေမှုကိုလာရောက်၍ ဖျက်ဆီးခြင်းခံလိုက်ရသဖြင့် စိတ်ထဲမကျေမချမ်း ဖြစ်နေခဲ့ရစဉ် မဆီမဆိုင်မေးလိုက်သည့် စကားကြောင့် ကျွဲမြီးတိုသွားခဲ့ရလေသည်။ ထို့ကြောင့် သူက စုံထောက်ရန်ပိုင်အား ပြန်လှန်၍ကြည့်လိုက်ရင်း–

"ဘာဖြစ်လို့ ဒီမေးခွန်းကို မေးနေရတာလဲ စုံထောက်ကြီးရဲ့။ ကျုပ်ဘာသာကျုပ် ဘယ်ကပဲဖြစ်ဖြစ်ပေါ့။ ရန်ကုန်ရွှေမြို့တော်ကြီးမှာ လွတ်လပ်စွာနေပိုင်ခွင့် ရှိပါတယ်ဗျာ"

"ဟား ဟား ဟား ဟား ဟား ဟုတ်တယ်ကိုလင်းနောင်။ ခင်ဗျားပြောတာ သိပ်ကိုဟုတ်ပါတယ်။ အပြစ်မရှိတဲ့သူတွေအားလုံး ဘယ်နေရာမှာမဆို လွတ်လပ်စွာနေပိုင်ခွင့် ရှိကြရမှာပေါ့ဗျာ။ ဟား ဟား ဟား ဟား"

လင်းနောင်သည် အကြောင်းမဲ့ရယ်မောလျက်ရှိသော စုံထောက်ရန်ပိုင်အား မမိုတ်မသုန်ဖြင့် ကြည့်ရှု၍နေလေသည်။ သူ၏သွေးများ





သည် ဒေါသကြောင့် ဆူဝေလာလျက်ရှိလေသည်။ သည်စုံထောက်တွေ သူ့ဆီကို ဘယ်အတွက်ကြောင့် ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်ရှိလာကြသည်လဲဆိုတာကိုလည်း သူ စဉ်းစားကြည့်နေဖြစ်လေသည်။ ထိုသို့ရှိဆဲ စုံထောက်ရန်ပိုင်သည် သူ့အား ရှုးစိုက်၍ကြည့်လိုက်ရာမှ–

"ဒါပေမဲ့ကိုလင်းနောင်ရယ် အပြစ်ရှိတဲ့သူတွေကိုတော့ ဖမ်းဆီးပို့ဆောင်ပေးရမှာက ကျုပ်တာဝန်ပဲပေါ့ဗျာ။ ကျုပ်ဖမ်းဆီးပို့ဆောင်ပေးခဲ့တဲ့ ဒုစရိုက်သမားတွေ မနည်းတော့ဘူးကိုလင်းနောင်"

"ဟုတ်မှာပေါ့လေဗျာ"

အိုင်ပီဦးဒီပါသည် ဆေးပြင်းလိပ်ကိုဖွာရင်း ယောက်ျားနှစ်ဦးတို့၏ စကားစစ်ထိုးပွဲကို အရသာခံ၍ ကြည့်ရှုနားထောင်လျက်ရှိ၏။ ဦးဒီပါက စုံထောက်ရန်ပိုင်နှင့် လင်းနောင်တို့နှစ်ယောက်ကို နှိုင်းယှဉ်ချိန်ထိုးနေမိလေသည်။

စုံထောက်ရန်ပိုင်က ယောက်ျားပီပီသသဖြင့် ခံ့ခံ့ညားညားရှိသူ။ လင်းနောင်မှာ ကန့်ကလျဖြင့် မိန်းမကြိုက်ရုပ်မျိုးရှိသူဟု ဦးဒီပါက တစ်ယောက်တည်းကျိတ်၍ မှတ်ချက်ပြုလိုက်လေသည်။

"ဩော်...ဒါနဲ့ စောစောကစကား ဆက်လိုက်ရအောင်လား ကိုလင်းနောင်။ ခင်ဗျားကြည့်ရတာ အထက်အညာကျေးဆီကလို့ ကျုပ်ထင်မြင်မိတယ်ဗျ ကိုလင်းနောင်။ အတိအကျပြောရမယ်ဆိုရင်တော့ဗျာ။ ခင်ဗျားဟာ ငယ်စဉ်က 'စဉ့်ကူး'ဆိုတဲ့မြို့ကလေးမှာ နေဖူးခဲ့ပါလိမ့်မယ်"

"ဗျာ"

စုံထောက်ရန်ပိုင်သည် လင်းနောင်အား ရှုးစိုက်ကာ ကြည့်ရှုလျက်ရှိ၏။ သူသည် နှုတ်ခမ်းကို တွန့်သည်ဆိုရုံလေးမျှ ပြုံးလိုက်ပြီးလျှင်–



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား အဲဒီမြို့ကလေးက ဦးရေချမ်းဆိုတာသိလား။ ပြီးတော့ ဦးဘထိုက်ဆိုတာကော ကြားဖူးရဲ့လားဗျ။ ဟား...ဟား...ဟား... ဟား...ဟား"

လင်းနောင်၏ ဖြူနုသည့်မျက်နှာပြင်ပေါ်ဝယ် သွေးရောင်များ လွှမ်း၍လာကာ-

"ခင်ဗျား ဘာတွေလာပြောနေတာလဲ ကိုရန်ပိုင်"

စုံထောက်ရန်ပိုင် လက်ကာ၍ တားလိုက်ပြီးနောက်-

"နေပါဦးကိုလင်းနောင်ရဲ့။ ကျုပ်ပြောချင်တာလေးတွေ မကုန်သေးဘူးဗျ။ ဘည်းခံပါဗျာ"

လင်းနောင်ကို ကြည့်ရသည်မှာ ဒေါသပေါက်ကွဲတော့မည့်ဟန် ရှိလေသည်။ သူသည် မနည်းပင်စိတ်ကို ချုပ်တည်းနေရဟန်တူသည်။ စုံထောက်ရန်ပိုင်က ဘာကိုမှ အရေးစိုက်ဟန်မပြဘဲ အသံသြအာကောင်းမွန်လှစွာဖြင့်-

"အခုတစ်လော ခင်ဗျားရဲ့အိမ်မှာ ပုဇွန်ဟောင်တောင်တို့၊ ဗိုလ်တထောင်ငမိုးတို့ အဝင်အထွက် ရှိနေကြတယ်ဆိုဗျ"

"ဟင်..."

လင်းနောင်၏မျက်နှာ ကွက်ခနဲပျက်၍သွားသည်။ သူသည် ကပျာကယာဖြင့် ပြန်၍ဣန္ဒြေဆည်လိုက်လေသည်။

"ဘယ်လိုလဲဗျ ကိုလင်းနောင်။ ဒီရာဇဝင်လူဆိုးလူမိုက်တွေကရော... ခင်ဗျားဆီမှာ ပီယာနို လာသင်နေကြဟန်တူရဲ့။ ဟုတ်စ ကိုလင်းနောင်"

စုံထောက်ရန်ပိုင်သည် စကားအဆုံးတွင် လှောင်ရယ်ကလေးဆက်၍ ရယ်မောနေလေ၏။ လင်းနောင်က အသာမျက်လွှာလေးလိုက်ကာ တည်ငြိမ်စွာဖြင့်-





"ခင်ဗျား ဒီတစ်ချက်တော့မှန်သွားပြီ စုံထောက်ကြီးရဲ့။ ဟုတ်တယ်ဗျ။ သူတို့နှစ်ယောက် ကျုပ်ဆီမှာ ပီယာနိုအတီး လာသင်နေကြတာ။ ကျုပ်မှာ အယုတ်အလတ်အမြတ်မရွေး သင်ကြားပေးရမယ့် ဝတ္တရားရှိတယ်လေဗျာ ကိုရန်ပိုင်ရဲ့။ သူ ဘယ်သူဘယ်ဝါဘာဆိုတာ မစိစစ်နိုင်တော့ဘူးဗျ။ ဒါပေမဲ့ဗျာ လူဆိုးသူခိုးတွေကို ပီယာနိုသင်မပေးရဘူးဆိုတဲ့ တရားဥပဒေကန့်သတ်ချက်ရှိရင်လည်း ပြောပါကိုရန်ပိုင်။ ကျုပ် သူတို့ကို ချက်ချင်းပဲ သင်တန်းကထုတ်ပယ်လိုက်ပါ့မယ်ဗျာ... ဟင်း ဟင်း ဟင်း ဟင်း ဟင်း .."

လင်းနောင်သည် မခိုးမခန့်လေး ရယ်မောလျက်ရှိနေလေသည်။ စုံထောက်ရန်ပိုင် ပခုံးတစ်ဖက်ကို မသိမသာတွန့်လိုက်ပြီးနောက် ဧည့်ခန်းအား စေ့စိုက်၍ကြည့်လိုက်ပြီးလျှင် နံရံတွင်ချိတ်ဆွဲထားသည့် ဓာတ်ပုံတစ်ပုံဆီသို့ လျှောက်သွားလိုက်လေသည်။ သူသည် ထိုဓာတ်ပုံကို ရှုးရှုးစိုက်စိုက် ကြည့်လိုက်ရာက-

"အိုင်ဆေးကိုလင်းနောင်...ဒီဓာတ်ပုံထဲမှာပါတဲ့ မိသားစုတွေက ဘယ်သူတွေလဲဗျ"

ပုံမှာ မိသားစုံသုံးဦးရိုက်ကူးထားသည့်ပုံ ဖြစ်လေသည်။ ဓာတ်ပုံတွေထဲမှ အမျိုးသားနှင့်အမျိုးသမီးတို့သည် အသက်သုံးဆယ်ဝန်းကျင်အရွယ်ခန့်ရှိကာ သူတို့စုံတွဲ၏အလယ်တွင် အသက်ဆယ်နှစ်အရွယ်ခန့် ကောင်လေးတစ်ယောက်၏ပုံကို ရယ်ရယ်မောမော၊ ပြုံးပြုံးရွှင်ရွှင်ပုံစံဖြင့် မြင်တွေ့ရလေသည်။

လင်းနောင်မှာ စုံထောက်ရန်ပိုင်၏အမေးစကားကို ချက်ချင်း မဖြေနိုင်ဘဲ အာစေးအထည့်ခံထားရသူပမာ ဖြစ်၍နေလေ၏။ စုံထောက်ရန်ပိုင်က-



www.burmeseclassic.com

www.burmeseclassic.com



"အိုင်ဆေးရ။ ဒီခဲတပ်ပုံထဲက ကလေးဟာ အိုင်ဆေးနဲ့တူသလိုလို တော့ရှိသားဗျ"ဟု ပြောလိုက်ကာ လင်းနောင်အား တစ်ချက်လှမ်း၍ ကြည့်လိုက်လေသည်။ လင်းနောင် ခေါင်းကိုအသာငုံ့လိုက်ရင်း မသိကျိုးကျွန်ပြုလိုက်လေသည်။

"ကဲ...အိုင်ပီရေ ကျွန်တော်တို့ပြန်ကြဦးစို့ရဲ့။ ကိုလင်းနောင် ပြန်ပါဦးမယ်ဗျာ။ ကျုပ်တို့ကြောင့် ခင်ဗျားအနှောင့်အယှက် ဖြစ်ရတယ်ဆိုရင် တောင်းပန်ပါတယ်ကိုလင်းနောင်။ သွားပါဦးမယ်"

ထိုစကားကို စုံထောက်ရန်ပိုင်က ပြုံးပြုံးရယ်ရယ်ဖြင့် ပြောလိုက်ခြင်းဖြစ်၏။

"ရပါတယ် ကိုရန်ပိုင်ရယ်"

စုံထောက်ရန်ပိုင်နှင့် အိုင်ပီဦးဒီပါတို့ အိမ်ခန်းလေးထဲမှအပြင်သို့ ရောက်ရှိသွားသည်နှင့်ပင် လင်းနောင်တီးခတ်လိုက်သည့် မိုးသီးမိုးပေါက်များ တဝုန်းဝုန်းကျဆင်းနေသကဲ့သို့သော စန္ဒရားလက်သံများ တဖြိုင်ဖြိုင် ပေါ်ထွက်လာသည်ကို ကြားလိုက်ကြရပေသည်။

စောစောလေးက ကြားခဲ့ရသည့် စမ်းရေစီးသံမျိုး မဟုတ်ပါလေ့တော့ စုံထောက်ရန်ပိုင်က ပခုံးတစ်ဖက်အသာတွန့်လိုက်ရင်း-

"အိုင်ပီရေ...စန္ဒရားဆရာတော့ သူ့ဒေါသတရားတွေကို စန္ဒရားရဲ့ခလုတ်လေးတွေဆီ ပို့လွှတ်နေလေရဲ့ဗျာ။ ကြားတယ်မဟုတ်လား"

"အပြောင်းအလဲကတော့ အံ့မခန်းပါပဲ ကိုရန်ပိုင်ရယ်"ဟု၍ ဦးဒီပါက ပြောလိုက်ပါတော့သတည်း။

* * *



# အခန်း(၈)

**"စုံထောက်ရန်ပိုင်က မြိုင်နန်းရိပ်မြုံ လူသတ်တရားခံကိုဖမ်းပြီ"**

"ကျွန်ုပ်တို့၏သတင်းထောက်ထံမှ"

ရန်ကုန်မြို့ ဗဟန်းကင်းဘဲလ်လမ်းရှိ 'မြိုင်နန်းရိပ်မြုံ'ခြံကြီးထဲတွင် လွန်ခဲ့သည့် လေးလခန့်ကစ၍ လူသတ်မှုများ ဆက်တိုက်ဆိုသလို ဖြစ်ပွားခဲ့ရာတွင် ပထမဦးဆုံး အသတ်ခံရသူမှာ ခြံပိုင်ရှင်သူဌေးကြီးဦးခိုင်ထွန်းဖြစ်ကာ နောက်ဆက်တိုက်ပင် တစ်လစီခန့်သာခြား၍ ဦးခိုင်ထွန်း၏သမီးများဖြစ်ကြသည့် ကြိုင်နှင့်လှိုင်တို့ အသတ်ခံခဲ့ရပြန်သည်။

လူသတ်သမားသည် အဆိုပါ သေဆုံးသွားခဲ့ရသူ သုံးဦးစလုံးအား ဓားမြှောင်ဖြင့် နှလုံးသားတည့်တည့်နေရာအား ထိုးစိုက်ကာ သတ်ဖြတ်ခဲ့ခြင်းဖြစ်၏။

အဆိုပါ လူသတ်မှုများနှင့်ပတ်သက်၍ ကြားသိရသူ ပြည်သူ



www.burmeseclassic.com

www.burmeseclassic.com



လူထုအပေါင်းမှာ ထိတ်လန့်တကြားဖြင့် ကျိုးလန့်စာစား ဖြစ်ခဲ့ကြရလေသည်။ အင်းစိန်စီအိုင်ဒီမှ စုံထောက်မင်းကြီး မစ္စတာကရစ်ပင်၏ စုံထောက်ကျော်များက အဆိုပါလူသတ်မှုများ၏ တရားခံအား ဖော်ထုတ်နိုင်ရန် ကြိုးပမ်းခဲ့ကြသော်လည်း သဲထဲရေသွန်ဆိုသကဲ့သို့ အချည်းနှီးဖြစ်ခဲ့ရလေသည်။

ထို့ကြောင့် နယ်သို့ပို့လွှတ်ထားသည့် စီအိုင်ဒီ၏နာမည်ကျော် စုံထောက်ရန်ပိုင်အား ပြန်လည်၍ ခေါ်ဆောင်ခဲ့ပြီးနောက် ယခုအခါတွင် စုံထောက်ရန်ပိုင်၏ ကြိုးပမ်းထောက်လှမ်းမှုကြောင့် အဆိုပါလူသတ်မှုများ၏ တရားခံဟု ယူဆရသူအား ဖမ်းဆီးလိုက်ပြီဖြစ်လေသည်။

လူသတ်တရားခံအဖြစ် မသင်္ကာခြင်းခံရသူမှာ ရန်ကုန်မြို့ အင်းလျားလမ်းခြံအမှတ်(...)နေ နိုင်ငံရေးလောကမှ ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်သော နာမည်ထင်ရှားသည့် ဦးမေအောင်၏သား ရောဘတ်မေအောင်(၂၃)နှစ်ဖြစ်ကြောင်း သိရှိခဲ့ရသည်။

ယခုအခါတွင် စုံထောက်ရန်ပိုင်က အမှုမှန်ပေါ်ပေါက်စေရန်အတွက် 'ရောဘတ်မေအောင်'အား အချိန်ယူစစ်ဆေးလျက်ရှိကြောင်း၊ ရောဘတ်မေအောင်သည် ထုတ်ဖော်ဝန်ခံခြင်း မပြုသေးသော်လည်း မကြာမီမှာပင် ဖြောင့်ချက်ပေးမည်ဟုယူဆရကြောင်း၊ စုံထောက်ရန်ပိုင်က ပြောကြားကြောင်း စုံစမ်းသိရှိခဲ့ရပေသည်။

မည်သို့ပင်ဆိုစေ စုံထောက်ရန်ပိုင်၏ စွမ်းဆောင်မှုအား ပြည်သူလူထုက ကျေနပ်နှစ်သက်နေကြကြောင်းများကို ရေးသားတင်ပြလိုက်ရပေသည်။

လင်းနောင်သည် မြန်မာ့အလင်းသတင်းစာတွင် ပါရှိသည့်





အဆိုပါသတင်းအား ဖတ်ရှု၍အပြီးတွင် နှုတ်ခမ်းထောင့်စွန်းနှစ်ဖက်အား တွန့်သည်ဆိုရုံလေးမျှ ယဲ့ယဲ့ပြုံးကာ သတင်းစာအား စားပွဲပေါ်သို့ ပစ်တင်လိုက်လေသည်။ နှုတ်မှလည်း–

"သြော်...ကိုရန်ပိုင်က လူသတ်တရားခံကို ဖမ်းဆီးလိုက်ပြီကိုး ဟင်း ဟင်း ဟင်း ဟင်း"

ဟူ၍ပြောလိုက်ရင်း ခပ်မှုင်းမှုင်းလေး ရယ်မောလိုက်ပေသည်။

ထို့နောက် သူသည် အဝတ်အစားများကို လဲလှယ်ဝတ်ဆင်ကာ လန်ချားတစ်စီးဖြင့် ဗဟန်းဘက်သို့ ထွက်လာခဲ့လေ၏။ လင်းနောင်သည် ယောပုဆိုးအနက်၊ ကြွေကော်လံတပ် အင်္ကျီအဖြူ၊ သက္ကလတ်ရင်ဖုံးအင်္ကျီ ပန်းနုရောင်တို့ဖြင့် လန်းဆန်းလှပလျက်ရှိလေ၏။ သူသည် လန်ချားပေါ်တွင် လွတ်လပ်စွာဖြင့်လိုက်ပါလာရင်း စတိုင်လိုစီးကရက်ကို တစ်လိပ်ပြီးတစ်လိပ် ထုတ်သောက်၍လာလေ၏။

ရွှေဂုံတိုင်ဘက်သို့အရောက်တွင် အဝေးဆီတွင် ရွှေတောင်ကြီးတစ်လုံး ပေါ်ထွန်းနေသကဲ့သို့ ဝင်းဝင်းဝါသော အဆင်းဖြင့် တင့်တယ်သပ္ပာယ်လှစွာသော ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရည်ရှူးကာ လက်အုပ်ချီ၍ ကန်တော့လိုက်လေသည်။ စိတ်ထဲမှလည်း–

"ဘုရားတပည့်တော်၏ သောကအပူများအား မဟာကရုဏာတော်ဖြင့် ငြိမ်းသတ်ပေးတော်မူပါဘုရား" ဟူ၍ ဆုတောင်းလိုက်လေ၏။ သူသည် လန်ချားအား ကင်းဘဲလ်လမ်းရှိ 'မြိုင်နန်းရိပ်မြုံ'ခြံကြီးဆီသို့ခေါ်ဆောင်၍လာကာ ခြံဝတွင်ရပ်ခိုင်းလိုက်လေ၏။ သူခြံထဲသို့ လှမ်းဝင်မည်အပြုတွင် ခြံထဲမှ လှစ်ခနဲထွက်လာသည့် 'မိုင်'နှင့် သွားဆုံစည်းမိကြပြီး–

"ဟော...မိုင်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်...အစ်ကိုလင်းနောင်"

ခိုင်သည် နံနက်စောစောစီးစီး ရှိုးအပြည့်ဖြင့် ရောက်ရှိလာသည့် လင်းနောင်ကို မျက်လုံးလေးအဝိုင်းသားဖြင့် တအံ့တသြကြည့်ရှုနေလေသည်။ ခိုင်သည် အဝါရောင်လက်ပြတ်နိုင်လွန်အင်္ကျီနှင့် ပိုးပျော့ပြောင်ထဘီ အညိုဖျော့ဖျော့ကို ဝတ်ထားလေရာ သူမ၏သေးကျဉ်သော ခါးနှင့် လိုက်ဖက်တင့်မောလှသော ရင်နှင့်တင်တို့၏ ဖွံ့ထွားမှုအလှများကို မြင်တွေ့ရလေသည်။

ခိုင်မှာ 'မြိုင်'နှင့်' အစ်တော်လေးဆင်သဖြင့် ချောမောလှပသည့် ရုပ်ရည်နှင့်အရုပ်အမောင်းကို ပိုင်ဆိုင်ထားလေသည်။ မြိုင်၏အလှမှာ တည်ငြိမ်ရင်ကျက်သည့်အလှဖြစ်ကာ ခိုင်၏အလှမှာ နုနယ်ရွှန်းသစ်သည့်အလှမျိုး ဖြစ်လေ၏။ လင်းနောင်က သူ၏ရှေ့တည့်တည့်တွင် ရပ်လျက်ရှိသောခိုင်အား အမှတ်မထင်ကြည့်လိုက်မိရင်း–

"ဘယ်သွားမလို့လဲ ခိုင်ရဲ့"

"ငါးထပ်ကြီးကျောင်းကို..."

"ဟင်"

"ဟုတ်တယ်အစ်ကိုလင်းနောင်။ လာမယ့် တနင်္ဂနွေနေ့မှာ ခိုင် ၁၈ နှစ်ပြည့်မယ်လေ။ မမမြိုင်က အဲဒီမနက်မှာ ဘုန်းကြီးတွေဖိတ်ပြီး ဆွမ်းကပ်၊ ညဘက်မှာ ခိုင့်အတွက် မွေးနေ့ပွဲလုပ်ပေးမယ်လို့ပြော တယ် အစ်ကိုလင်းနောင်။ အဲဒါ အခု ခိုင် ဘုန်းကြီးသွားလျှောက်မလို့"

"ဟုတ်လားခိုင်ရဲ့"

ခိုင်က မျက်လုံးလေးပင့်၍ကြည့်ရာက ခေါင်းလေးဆတ်ခနဲ ညိတ်၍ ပြလိုက်လေသည်။ လင်းနောင် သက်ပြင်းတစ်ချက် ကျိတ်၍ ချလိုက်ရာက–





"မြိုင်ကော အိမ်မှာရှိရဲ့လား ခိုင်ရဲ့"

ဟုမေးလိုက်သည်တွင် ခိုင်က မျက်နှာလေးတစ်ချက် ရှုံ့လိုက်ပြီးမှ–

"ရှိပါတယ် အစ်ကိုလင်းနောင်ရယ်။ အိမ်ရှေ့ဝရန်တာမှာ ထွက်ထိုင်ပြီး ရည်စားမျှော်လုပ်နေလေရဲ့။ အဲဒါ အစ်ကိုလင်းနောင်ကြီး အမြန်သာသွားပေတော့ ခစ်...ခစ်..."

ခိုင်သည် ပြော၍အပြီးတွင် ကလေးငယ်တစ်ယောက်နှယ် ရယ်မောလိုက်ပြီးနောက် ထိုနေရာမှ လှစ်ခနဲပြေးထွက်သွားလေတော့သည်။ လင်းနောင် ခြံထဲသို့ဝင်လာခဲ့လေသည်။

'မြိုင်နန်းရိပ်မြုံ'သည် ပြာလွင်လွင်ကောင်းကင်ပြင်၏အောက် ဝယ် ခံ့ညားဝင့်ထည်လွန်းစွာဖြင့် ထီးတည်းကြီး ရှိနေလေသည်။ ဆင်ဝင်ဝရန်တာဘက်တွင် မြိုင်သည် ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်ကာ သတင်းစာတစ်စောင်ကို စိတ်ဝင်တစားဖတ်လျက် ရှိနေလေသည်။

သူမသည် လင်းနောင့် ဝင်ရောက်၍လာသည်ကို မတွေ့မြင်သေး။

လင်းနောင်က နှစ်ဆောင်ပြိုင်အိမ်ကြီးဆီသို့ လျှောက်လာခဲ့ပြီးလျှင် ဆင်ဝင်ရှေ့မှာရပ်လိုက်ပြီး–

"မြိုင်..."

"ဟေး...မြိုင်"

ဟုခေါ်လိုက်လေရာ မြိုင် ဆတ်ခနဲလှမ်းကြည့်လိုက်ပြီး–

"ဟော...ကိုနောင်။ လာလေကိုနောင်ရဲ့...အပေါ်ကို တက်ခဲ့ပါလား။ ဒီမှာ သတင်းထူးတွေပါလာလို့ သိလား"

မြိုင်သည် လက်တစ်ဖက်မှ သတင်းစာကို ကိုင်မြှောက်၍ပြရင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်လေ၏။ မြိုင်၏ အမူအရာကိုကြည့်ရသည်မှာ ရွှင်လန်းနေဟန်ရှိလေ၏။ မြိုင်သည် စကားဝါရောင်ချိတ်ထဘီနှင့် နုံ့သာရောင်ဂျော်ဂျက်နိုင်လွန် အင်္ကျီလက်ရှည်လေးကို ယဉ်ကျေးသိမ်မွေ့စွာဖြင့် ဝတ်ဆင်ထားလေသည်။ တစ်ပတ်လျှိုဆံထုံးထက်ဝယ် 'စကားဝါ' ပန်းလေးတစ်ပွင့်ကို ပန်ဆင်ထားလေ၏။ သူမ၏ ဖြူနုနုမျက်နှာလေးပေါ်ဝယ် သနပ်ခါးရေကျဲလေး လူး၍ထားလေ၏။

"အောက်ဆင်းခဲ့ပါလားမြိုင်ရဲ့။ ခရေပင်ကြီးအောက်က ခုံတန်းရှည်လေးမှာ ထိုင်ကြရအောင်။ ကိုနောင်၊ မြိုင့်ကို ပြောစရာရှိလို့ လာခဲ့တာမြိုင်"

လင်းနောင်က အောက်မှနေ၍ အော်ပြောလိုက်လေသည်။ ထိုအခါမြိုင်က-

"ဒါဖြင့်လည်း ပြီးရောကိုနောင်။ မြိုင်၊ ခုပဲဆင်းလာခဲ့ပါ့မယ်"

"ကောင်းပြီ မြိုင်"

လင်းနောင်သည် မလှမ်းမကမ်းတွင်ရှိနေသည့် ခရေပင်ကြီးဆီသို့လျှောက်သွားကာ ခုံတန်းရှည်လေးပေါ်တွင် ဝင်ထိုင်လိုက်လေသည်။ ထို့နောက် သူသည် စတိုင်လိုစီးကရက်ကို မီးညှိကာဖွာရှိုက်ရင်း စဉ်းစားခန်းဝင်၍နေလေ၏။ မီးခိုးငွေ့များနှင့်အတူ သူ၏စိတ်တွေလွင့်စဉ်ပြန့်ကျဲလို့နေခဲ့လေသည်။

"ကိုနောင်၊ ဘာတွေများ ဒီလောက်တောင် စဉ်းစားနေရတာလဲ။ မြိုင်ရောက်လာတာတောင် မသိရအောင်က"

မြိုင်က မျက်လုံးစောင်းငဲ့၍ကြည့်လိုက်ရာက ခုံတန်းရှည်တွင် ဖွေ့ခနဲဝင်ထိုင်လိုက်လေသည်။ လင်းနောင်၏ မြိုင်၏ ပခုံးစွန်းလေးတစ်ဖက်ကို လှမ်း၍ဆုပ်ကိုင်လိုက်ရင်း-





"မြိုင်နဲ့ နှစ်ကိုယ်တူနေရမယ့်အရေးတွေကို တွေးနေမိတာပါ မြိုင်ရယ်။ တခြား ဘာအကြောင်းမှ မပါပါဘူး အဟင်း"

ပြောပြီး လင်းနောင်က ရယ်လိုက်လေသည်။ မြိုင်က သူ့ကို လှမ်း၍ကြည့်ရာမှ ပြုံးစစမျက်နှာပေးလေးဖြင့်-

"သြော်...ကိုနောင်ရယ် လက်ဖက်ကောင်းစားချင်ရင် ပလောင်တောင်တက်နေရမယ်ဆိုတဲ့ ဆိုရိုးစကား ရှိတယ်မဟုတ်လား ကိုနောင်ရဲ့။ ဖြည်းဖြည်းပေါ့ ကိုနောင်ရယ်။ မြိုင်က တခြားကိုထွက်ပြေးမယ့်သူမှ မဟုတ်တာ။ အဲဒါတွေထားပါဦး ကိုနောင်ရဲ့။ ဒီနေ့ထုတ်သတင်းစာတွေထဲမှာ ဖေဖေနဲ့ညီမလေးတို့ကို သတ်သွားတဲ့တရားခံ 'ရောဘတ်မေအောင်'ကို ဖမ်းလိုက်တဲ့သတင်းတွေ ပါလာတယ် ကိုနောင်"

"ကိုနောင်လည်း ဖတ်ပြီးခဲ့ပါပြီ မြိုင်"

မြိုင်သည် လင်းနောင်အား စူးစိုက်၍ကြည့်လိုက်ရာက-

"ကိုနောင်..."

"မြိုင်..."

"လူတွေဟာ ကြောက်စရာကောင်းလှပါလား ကိုနောင်ရယ်။ ခုလည်းကြည့်ပါဦး။ လူသတ်တရားခံဆိုတာ ဘယ်သူများလဲလို့ မှတ်ပါတယ်။ လက်စသတ်တော့ မြိုင်တို့အိမ်ကို ဝင်ထွက်သွားလာနေတဲ့ မြိုင်တို့နဲ့ရင်းနှီးတဲ့ ရောဘတ်မေအောင် ဖြစ်နေပါလား ကိုနောင်ရဲ့။ ဒါကြောင့်လည်း ရှေးလူကြီးတွေက ဆိုခဲ့ကြတာပေါ့လေ။ သစ်များ၊ ဝါးများကောက်တာကို မြင်တွေ့နိုင်ပေမယ့် လူကောက်တာကို မမြင်ရ၊ မတွေ့ရနိုင်ဘူးတဲ့ ကိုနောင်ရဲ့ သိလား။ ကြောက်စရာကောင်းလှပါလား ကိုနောင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



မြိုင်သည် ပြောရင်းဖြင့်ပင် ပန်းလေးနှစ်ဖက်ကို ကျုံ့လိုက်ကာ လက်ကလေးနှစ်ဖက်ကိုဖြတ်၍ ရင်ညွန့်ပေါ်တင်လိုက်လေသည်။

လင်းနောင်က မြိုင့်ကိုကြည့်ကာ သက်ပြင်းတစ်ချက် ကျိတ်ချလိုက်ကာ—

"ပြုသူအသစ် ဖြစ်သူအဟောင်း'ဆိုတဲ့ တရားသဘောနဲ့ပဲ ဆင်ခြင်ပေတော့ မြိုင်ရယ်။ ဒါမှဖြေသာမယ်မဟုတ်လား မြိုင်ရဲ့"

"ဟုတ်တော့ ဟုတ်ပါတယ်ကိုနောင်။ မြိုင် မခံမရပ်နိုင်အောင် ဖြစ်လွန်းအားကြီးလို့ပါ ကိုနောင်ရယ်။ ဒါပေမဲ့ မြိုင် တရားနဲ့ဖြေပါတယ် ကိုနောင်ရယ်"

ပြောရင်းဖြင့် မြိုင်၏စကားသံလေးများ တုန်ယင်၍လာကြကာ မြိုင်သည် စိတ်တင်းပြီး မျက်တောင်တို့ကို ပုတ်ခတ်ပုတ်ခတ်လုပ်၍ နေလေသည်။

"ကဲပါမြိုင်ရယ်...စိတ်မကောင်းစရာတွေ မေ့ပစ်လိုက်ပါတော့။ သြော် ဒါနဲ့မြိုင် လာမယ့်တနင်္ဂနွေနေ့မှာ ခိုင့်ရဲ့မွေးနေ့ညည့်ခံပွဲ လုပ်ပေးမလို့ဆို၊ စောစောက ခိုင်နဲ့တွေ့လိုက်တယ် မြိုင်ရဲ့"

မြိုင်က ခေါင်းတစ်ချက်ညိတ်ပြလိုက်ရင်း—

"ဟုတ်တယ်ကိုနောင်။ မြိုင်လည်း စိတ်တွေ မကြည်တာကြောင့်ရော၊ ခိုင်ရဲ့မွေးနေ့ညည့်ခံပွဲက နှစ်စဉ်နှစ်တိုင်း လုပ်ပေးနေကြကြောင့်ရော အခုလို ဆုံးဖြတ်လိုက်တာပဲ ကိုနောင်"

"ကောင်းပါတယ်မြိုင်ရယ်။ စိတ်အပြောင်းအလဲလည်း ဖြစ်သွားတာပေါ့။ မြိုင် ဘယ်သူတွေဖိတ်ဦးမလဲ မသိဘူး"

မြိုင်က မျက်လုံးတစ်ချက်ဝင့်၍ ကြည့်လိုက်ကာ—

"အထွေအထူးတော့ မရှိပါဘူးကိုနောင်။ အိမ်နီးပါးချင်းတချို့





ရယ်၊ ခိုင့်ရဲ့ မိတ်ဆွေသူငယ်ချင်းတချို့ရယ်ပါပဲ"

"သြော်..."

"နေဦးကိုနောင်...မြိုင် စီအိုင်ဒီက စုံထောက်တွေကိုလည်း ဖိတ်မယ်လို့ စိတ်ကူးထားတယ် ကိုနောင်ရဲ့"

လင်းနောင်က စတိုင်လို စီးကရက်တိုကိုတောက်ထုတ်၍ ပစ်လိုက်ရင်း—

"ဒီမောင်တွေက အလုပ်တွေက များပါဘိသနဲ့။ လာချင်မှလာနိုင်မှာပါ မြိုင်ရယ်"

"ဒါက သူတို့ကိစ္စလေ ကိုနောင်ရဲ့။ မြိုင့်ဘက်ကတော့ လူမှုရေးအရ ဖိတ်ရမှာပေါ့"

"ဟုတ်ပါတယ်မြိုင်...ကဲ မြိုင် ကိုနောင်လည်း ကိစ္စလေးရှိလို့ သွားဦးမှ။ ခိုင့်မွေးနေ့ညနေကျမှ ကိုနောင် စောစောလေး လာခဲ့မယ် မြိုင်...နော်..."

မြိုင်သည် လင်းနောင်အား မျက်လုံးလေးဝင့်၍ ကြည့်ရာက—

"ဟင်...ပြန်တော့မှာလား ကိုနောင်ရဲ့။ မြိုင်ဖြင့် ဘာမှတောင် ဧည့်မခံရသေးဘူး အဟင်း"

"ရပါတယ်မြိုင်ရယ်...မြိုင်နဲ့ကိုနောင်က တစိမ်းတွေမှ မဟုတ်ကြတာ..."

"ဘာရယ် ကိုနောင်ရဲ့"

မြိုင်က မျက်လုံးလေးစွေ၍ကြည့်ရင်း မေးလိုက်လေရာ လင်းနောင်က ရယ်ရယ်မောမောဖြင့်—

"သြော်...မြိုင်နဲ့ကိုနောင်နဲ့က သိပ်ချစ်ကြတဲ့ ချစ်သူတွေလို့ ပြီးတော့...ပြီးတော့...ဟို...သိပ်ကို...သိပ်ကို..."



www.burmeseclassic.com

www.burmeseclassic.com



"ကိုနောင် နော်...နားရွက်စရာ ပြောမနေနဲ့သိလား...ဟင်း"

"ဟား ဟား ဟား ဟား ဟား"

လင်းနောင်သည် ထိုနေ့က အထူးပင် အူမြူးလျက်ရှိနေပေ၏။ သူသည် မြိုင်ကိုနှုတ်ဆက်ကာ ခြံထဲမှ ပြန်ထွက်လာခဲ့လေသည်။ သူ၏ စိတ်အတွေးထဲဝယ် တစ်နေရာသို့ အရေးတကြီးသွားရောက်ဖို့ လိုအပ်နေပြီဆိုခြင်းကို တွက်ဆမိသည့်အတွက် ခြံအပြင်သို့ ရောက်ရှိလာသည်တွင် လန်ချားတစ်စီးအား လက်ခုပ်တီး၍ ခေါ်လိုက်ကာ တက်လိုက်သွားလေ၏။

ထိုအချင်းအရာကို ခြံအပြင်ဘက်ရှိ တစ်နေရာမှ စောင့်ဆိုင်းကြည့်ရှုလျက်ရှိကြသည့် လူငယ်လေးနှစ်ဦးက မြင်တွေ့လိုက်ကြလေသည်။

"အားတီ...အဲဒီလူ လန်ချားနဲ့လစ်သွားပြီကွ"

"မြင်ပါတယ်ငမိုးရာ...ဒီလန်ချားပြေးတာလောက်တော့ အပျော်ပဲဆိုပြီး စောင့်ကြည့်နေတာကွ"

"မြင်ရပါသေးတယ်ကွ။ သိပ်ပြီး ကပ်လိုက်သွားရင်လည်း တစ်ဖက်က ရိပ်မိသွားမှာ စိုးရသေးတယ်ကွ"

စင်စစ် ထိုချာတိတ်လေးနှစ်ဦးတို့မှာ စုံထောက်ရန်ပိုင် လေ့ကျင့်သင်ကြားပေးထားသည့် နင်းဂျားလေးများ ဖြစ်ကြလေသည်။ ယခုလည်း သူတို့နှစ်ယောက်အား 'မြိုင်နန်းရိပ်မြုံ'ခြံကြီး၏ရှေ့တွင် မယောင်မလည်ဖြင့် စောင့်ကြည့်နိုင်းထားခြင်း ဖြစ်လေ၏။

နှစ်ဦးသားမှာ ကာကီရောင်အောင်းဘီတိုလေးများနှင့် စွပ်ကျယ်လေးများကိုသာ ဝတ်ထားကြလေသည်။ ခြေထောက်တွင် ဖိနပ်စီးထားခြင်း မရှိကြ။





"ငမိုးရေ...ပြေးထားကြမယ်ဟေ့။ လန်ချား အတော်လေးဝေးသွားပြီ။ တော်ကြာ ဒီလူဘယ်သွားတယ်ဆိုတာ အစီရင်မခံနိုင်ဘဲ ဖြစ်နေဦးမယ်"

"ဟုတ်တယ်အားတီ။ ဒါဆို ငါတို့ကို အစ်ကိုကြီးက ဆူပူလို့ဆုံးမှာ မဟုတ်တော့ဘူး။ လာကွာ လိုက်ကြစို့"

"အေး..."

အသက်ဆယ်နှစ်သာသာ အရွယ်လေးတွေဖြစ်သည်။ အားတီနှင့် ငမိုးတို့နှစ်ဦးသည် လေကိုခွင်းဖောက်၍ လမ်းမကြီးပေါ်တွင် ပြေးလွှားလျက် ရှိနေကြလေတော့သည်။

"ဟေ့ကောင် လန်ချား တာမွေအဝိုင်းဘက် ကွေ့သွားပြီကွ။ တွေ့လား"

"အေးပါ ငမိုးရ... ငါလည်းတွေ့ပါတယ်"

ချာတိတ်နှစ်ယောက်သည် ပြေးရလွှားရသည်ကို ကျင့်သားအတော်ပင် ရနေပုံရလေသည်။ မကြာမီမှာပင် လင်းနောင် စတိုင်ကျကျထိုင်လျက်ရှိသော လန်ချားကို မီလာကြလေသည်။

နှစ်ဦးသား တစ်ဦးမျက်နှာတစ်ဦး ဖျတ်ခနဲကြည့်လိုက်ကြလေသည်။

* * *

"အိုး...ဘုရားသခင်။ လူကလေးမောင်ရန်ပိုင်။ ဘယ်လိုပြောလိုက်တယ်။ ရောဘတ်မေအောင်ဟာ တရားခံအစစ် မဟုတ်ဘူးဟုတ်လား။ ဝမ်းဒါးဖူး ဗဲရီး ဝမ်းဒါဖူး...လူကလေး ဘာတွေတွေ့ခဲ့ပြောက်



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေတာလဲ။ ဘုရားသခင်ကယ်ပါ။ ဒါဖြင့် တရားခံဘယ်သူလဲ လူကလေးရဲ့။ ကျွန်ုပ်ကို ပြောစမ်းပါဦး"

မြန်မာစကားနှင့် မြန်မာဝေါဟာရ အသုံးအနှုန်းများကို အတော်အတန် ပြောနိုင်နေပြီဖြစ်သည့် စုံထောက်မင်းကြီး မစ္စတာကရစ်ပင်သည် ခိုတစ်ကောင်အလား လွန်စွာညည်းညူလျက်ရှိနေပေ၏။ သူ၏ မျက်နှာကြီးသည် ရှုံ့တွ၍နေလေရာ ဘူးသီးခြောက်တစ်လုံးသဖွယ် ဖြစ်နေပေတော့သည်။

စုံထောက်မင်းကြီး၏ စားပွဲရှေ့တွင် စုံထောက်ရန်ပိုင်သည် ဂလေစီယာ စီးကရက်ကိုခဲလျက်ဖြင့် အေးဆေးစွာထိုင်လျက် ရှိနေပေသည်။ သူသည် စုံထောက်မင်းကြီး၏အဖြစ်ကိုကြည့်ကာ ရယ်ချင်စိတ်ကို မနည်းပင် မျိုသိပ်ထားရဟန်တူလေ၏။

"ကျွန်ုပ်ဖြင့် တရားခံမိပြီဆိုပြီး အတော်ရင်ပေါ့နေခဲ့တာ လူကလေး။ ဘုရင်ခံတို့၊ ပုလိပ်မင်းကြီးတို့တောင် ကျွန်ုပ်ရင်ကော့ပြီး ပြောပြီးခဲ့ပြီ။ အခု ကျွန်ုပ် ဘယ်လိုလုပ်ရမှာလဲ လူကလေးမောင်ရန်ပိုင်။ အိုး...ဂေါ့...ငရဲ...လူကလေး ဘယ်ရယ်နေတာလဲ လူကလေးရဲ့။ ဘယ်မှာလဲတရားခံ...ကျွန်ုပ်ကိုပြောပါဦး။ ဂလိစ်တဲလ်မီ လူကလေး"

စုံထောက်ရန်ပိုင်သည် စီးကရက်တိုကို မင်းကြီးစားပွဲပေါ်ရှိ ဆေးလိပ်ခွက်ထဲတွင် ထိုးထည့်လိုက်ပြီးနောက်–

"ဟုတ်ပါတယ်မင်းကြီးခင်ဗျား...ရောဘတ်မေအောင်ကို ဖမ်းလိုက်တာဟာ တကယ်ဖမ်းဆီးလိုက်တာ မဟုတ်ပါဘူး။ ယောင်ပြ ဖမ်းဆီးလိုက်တာပါ။ တစ်ခါတလေမှာ အဲလိုမျိုး စစ်မြှူရတာမျိုးတွေ ရှိတတ်ပါတယ် မင်းကြီး"

"အင်း..."





"အခုတစ်လော တရားခံဟာ အတော်လေးငြိမ်ချက်သားကောင်းပြီး ခြေရာဖျောက်ထားတာကြောင့် သူထွက်လာအောင် ရောဘတ်မေအောင်နဲ့ မျှားလိုက်ရတာပါမင်းကြီး။ အမှန်တကယ်တော့ တရားခံဟာ မြိုင်နန်းရိပ်မြုံအိမ်ကြီးဟာ နောက်တစ်ယောက်ကို သတ်ပါလိမ့်ဦးမယ်။ သူ့သွေးနဲ့ရေးခဲ့တဲ့ စာတွေအရဆိုရင် သတ်ဖို့က နောက်တစ်ယောက် ကျန်နေပါသေးတယ်။ သူဟာ မြိုင်နဲ့ခိုင် နှစ်ယောက်ရှိတဲ့အထဲက တစ်ယောက်ကို သတ်ပါလိမ့်ဦးမယ် မင်းကြီး။ အဲဒီ တစ်ယောက်ဟာ ခိုင်ပဲ ဖြစ်ပါလိမ့်မယ်ခင်ဗျာ"

စုံထောက်မင်းကြီး မစ္စတာကရစ်ပင်သည် မျက်လုံးပြူးထွက်မတတ် လှမ်းကြည့်လိုက်ရာမှ–

"လူကလေး ဘာ့ကြောင့် အဲဒီလိုပြောနိုင်ရတာလဲ။ ကျွန်ုပ်သိလိုပါတယ်"

"စစ်တုရင်ပွဲတစ်ပွဲ ကစားကြတာကို ဘေးကကြည့်တဲ့သူက ဘာပြီးရင် ဘာရွှေ့မယ်ဆိုတာ ကြိုပြီးတွေးလို့ရပါတယ် မင်းကြီး... ပိုပြီးမြင်ပါတယ် မင်းကြီး။ အခုလည်း ကျွန်တော်က လူသတ်တရားခံ ဘာဆက်လုပ်မယ်ဆိုတာ တွေးဆထားနိုင်ခဲ့ပါတယ်။ ခိုင်ကို မလွှဲမသွေ သူရှင်းပစ်ပါလိမ့်မယ်။ ဒီမိန်းကလေးဟာ သူ့အတွက် အမှိုက်ဖြစ်နေလို့ပါပဲ။ ဒါပေမဲ့ သူဟာ အိုင်ကျူမြင့်တဲ့သူဖြစ်တာကြောင့် ကျွန်တော် စီအိုင်ဒီကို ပြန်ဝင်လာတာနဲ့ သူဟာ ကိုယ်ရှိန်သတ်သွားခဲ့ပါတယ်။ ဒါ့ကြောင့် ကျွန်တော်က လုပ်စရာရှိတဲ့အလုပ်ကို မြန်မြန်လုပ်နိုင်ဖို့အတွက် ရောဘတ်မေအောင်ကို တရားခံအဖြစ် ဦးမေအောင်ဆီမှာ ခွင့်တောင်းပြီးမှ ဆွဲခဲ့တာပါမင်းကြီး"

စုံထောက်ရန်ပိုင် ထိုကဲ့သို့ ရှင်းပြပြောဆိုလိုက်သည်တွင် မစ္စတာ



www.burmeseclassic.com

www.burmeseclassic.com



ကရစ်ပင်သည် ချက်ချင်းသဘောပေါက်၍သွားရာက–

"အို့ ယူအာ ဗဲရီးကလဲဗား...ဗဲရီးဂွဒ်လူကလေး ဗဲရီးဂွဒ်"

စုံထောက်ရန်ပိုင်က သူ့အား ချီးကျူးနေမှုအား မသိကျိုးကျွန်ပြုကာ ဂလေစီယာ စီးကရက်တစ်လိပ်ကိုထုတ်၍ နှုတ်ခမ်းတွင်တပ်ကာ မီးညှိလိုက်လေသည်။ သူသည် မျက်လုံးများကို မှေးစင်းကာဖြင့် စီးကရက်ကို ရှိုက်ဖွာလျက်ရှိပေသည်။ သူသည် သက္ကလတ်စဆောင်းဘီ ရှည် အညိုရောင်နှင့် ပိုးသားရှပ်အင်္ကျီလက်ရှည်အဖြူကို ဝတ်ဆင်ထားလေသည်။ အညိုရောင်လည်စည်းလေးကိုလည်း ကျနစွာ စည်းနှောင်၍ ထားလေသည်။ မစ္စတာကရစ်ပင်သည် သူ့ရှေ့တွင် ဣန္ဒြေရရ ထိုင်လျက်ရှိကာ တည်ကြည်ခံ့ညားလှသည့် စုံထောက်ရန်ပိုင်အား တစ်ချက်ကြည့်လိုက်ပြီးလျှင်–

"ကျွန်ုပ်စိတ်ထင် လူကလေး တရားခံဘယ်သူဆိုဟာ သိထားပြီးပြီပေါ့။ ဟုတ်စ လူကလေး"

စုံထောက်ရန်ပိုင် ခေါင်းဆတ်ခနဲ ညိတ်ပြလိုက်ရာမှ–

"မှန်ပါတယ် မင်းကြီးခင်ဗျား... တချို့ပုစ္ဆာတွေမှာ အဖြေကို ကြိုသိနေတတ်တာမျိုးတွေ ရှိပါတယ်။ ဒါပေမဲ့ အဲဒီအဖြေကိုရရှိအောင် အဆင့်ဆင့် တွက်ချက်တတ်ဖို့လည်း လိုတယ်မဟုတ်လား မင်းကြီးရဲ့"

"ရက်စ် လူကလေး"

"အခုလည်း ကျွန်တော်ဟာ တရားခံဘယ်သူလဲဆိုတာ သိနေပေမယ့် ဖမ်းလို့မဖြစ်သေးဘူး မင်းကြီးခင်ဗျား...တကယ်လို့ ဖမ်းခဲ့ရင်လည်း သက်သေသက္ခာယ ခိုင်ခိုင်လုံလုံ တင်ပြနိုင်ခြင်းမရှိတာဖြစ်တာကြောင့် တရားခံဟာ တရားရုံးတော်ရောက်ရင် လွတ်သွားဖို့များပါတယ်။ ဒါ့ကြောင့်လည်း ကျွန်တော် သူ့ကို ကြိုးရှည်ရှည်နဲ့





လှန်ထားခဲ့တာပါ။ တရားခံဟာ နောက်ထပ်အမှုတစ်မှု ကျူးလွန်နေတုန်း လက်ပူးလက်ကြပ်မိမှသာလျှင် သူဟာ ပြီးခဲ့တဲ့ လူသတ်မှုတွေကို မှန်တဲ့အတိုင်း ဝန်ခံဖြောင့်ချက်ပေးမှာဖြစ်တယ် မင်းကြီး။ စိတ်မပူပါနဲ့မင်းကြီး။ တရားခံကိုမိဖို့ အလွန်တရာ နီးကပ်နေပါပြီခင်ဗျာ"

"ရက်စ်...ရက်စ်...အိုင်နိုး...အိုင်နိုး...ကဲရီးအွန် လူကလေး ကဲရီးအွန်"

"ကျွန်တော်သွားမယ် မင်းကြီး"

"ကောင်းပြီလူကလေး...ကောင်းပြီ"

စုံထောက်ရန်ပိုင်သည် ရှူးဖိနပ်ဖြင့် တမံသလင်းကို တဒေါက်ဒေါက်နင်းကာ ခြေလှမ်းမှန်မှန်ဖြင့် မင်းကြီး၏ရုံးခန်းထဲမှ ထွက်ခွာလာခဲ့လေတော့သည်။

သူရုံးခန်း၏အပြင်ဘက်သို့ ရောက်ရှိသည်နှင့် အိုင်ပီဦးဒိပါ အိပ်ပဲ့အိပ်ပဲ့ဖြင့် အနားရောက်လာပြီးလျှင်–

"အိုင်ဆေးကိုရန်ပိုင်... မင်းကြီးက ဘာတွေခေါ်ပြောတာလဲဗျ။ လုပ်စမ်းပါဦး"

"ဖြည်းဖြည်းပေါ့ အိုင်ပီရယ်။ ဗိုက်ထဲလည်း နည်းနည်းဆာသလိုလိုရှိတာရယ်၊ ချစ်တီးထမင်းလည်း မစားရတာကြာပြီ အိုင်ပီရဲ့။ မဂိုလမ်း(ယခု ရွှေဘုံသာလမ်း)ဘက် သွားကြရအောင်ဗျာ"

"ဘာလဲကိုရန်ပိုင်...နယူးဒေလီကို လိုက်ပို့ရမယ်ပေါ့"

"ဟုတ်ပါသတဲ့ အိုင်ပီရယ်"

"ဟား ဟား ဟား ဟား ဟား ဟား"

ထို့နောက် နှစ်ဦးသား ကားလေးဖြင့် ထွက်လာဖြစ်ခဲ့ကြလေသည်။ အိုင်ပီဦးဒိပါက ကားမောင်းနေရင်းဖြင့် စုံထောက်ရန်ပိုင်အား မေးမြန်းငဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်လေ၏။ စုံထောက်ရန်ပိုင်မှာ သူ့လက်စွဲတော် ဂလေစီယာ စီးကရက်ကိုခဲလျက်သားဖြင့် အေးဆေးငြိမ်သက်စွာ ရှိနေလေသည်။ ထို့ကြောင့် ဦးဒီပါက–

“အိုင်ဆေးကတော့လေ၊ ဘယ်တော့ ကြည့်လိုက်ကြည့်လိုက် ပျာယာကိုခတ်မနေဘူးဗျာ။ တရားခံဖမ်းတာတောင် အေးအေးဆေး ဆေးပဲ။ အိုင်ပီဉာဏ်ဝင်းတို့၊ အိုင်ပီဦးမိုးသာတို့နဲ့တော့ ကွာခြားပါပေရဲ့ ဗျာ။ အဲဒါဘာ့ကြောင့်လဲဗျ အိုင်ဆေးရ”

ဟု မေးလိုက်သည်တွင် စုံထောက်ရန်ပိုင်က ကိုယ်ကိုမတ်လိုက်ရင်း–

“ဗီဇလို့ခေါ်ရမှာပေါ့ အိုင်ပီရယ်…လူအမျိုးမျိုး၊ စိတ်အထွေထွေ လို့ ဆိုကြတယ်မဟုတ်လား အိုင်ပီရဲ့။ တချို့က သေရေးရှင်ရေးနဲ့ ကြုံတွေ့ရင်တောင်မှ မတုန်လှုပ်ကြပေမယ့် တချို့ကျတော့လည်း ဘာ မဟုတ်တာလေးနဲ့လဲ တုန်လှုပ်တတ်ကြတယ်။ ပျာယာခတ်တတ် ကြတယ် အိုင်ပီ”

အိုင်ပီဦးဒီပါက ပြည်လမ်းမကြီးပေါ်ဝယ် ကားကို မောင်းနှင် နေရာမှ ဂီယာကိုပြောင်းကာ ရှေ့မှကားကို ကျော်တက်လိုက်လေသည်။ ကားလေးသည် မကြာမီမှာပင် မြေနီကုန်းအရပ်သို့ ရောက်ရှိလာ လေ၏။

စုံထောက်ရန်ပိုင်က စီးကရက်တိုကို အဝေးသို့ တောက်ထုတ် လိုက်ရင်း–

“ဦး…”

“ဘာလဲ ကိုရန်ပိုင်”

“သြော်…ဦး အခုလောက်ဆို တရားခံကို ခန့်မှန်းလို့ရလောက် ပြီပေါ့ ဟုတ်လား…ဦး”





ဦးဒီပါက မျက်နှာကြီးကို ပြုံးလိုက်ပြီးလျှင်–

“လင်းနောင်ဆိုတဲ့ ပီယာနိုဘုရားလေးကလွဲလို့ ဘယ်သူမှ မဖြစ်နိုင်တော့ဘူး ကိုရန်ပိုင်”

“ဟား ဟား ဟား ဟား… အိုင်ပီလည်း ဘယ်ခေတော့လို့လဲ ခင်ဗျာ ဟား ဟား ဟား ဟား..”

“သြော်အိုင်ဆေးရယ်…အိုင်ဆေးလို အစစအရာရာ ထက်မြက်တဲ့ လူတစ်ယောက်နဲ့ တွဲနေရမှာတော့ ကျုပ်လည်း တောက်ပြောင်လာပြီ ပေါ့ဗျာ။ ဟဲ ဟဲ ဟဲ…”

အိုင်ပီဦးဒီပါသည် ပြော၍အပြီးတွင် တဟဲဟဲဖြင့် ရယ်မောလိုက် ကြလေသည်။ ကားလေးမှာ မြို့ထဲဘက်သို့ ချင်းနင်းဝင်ရောက်လာပြီ ဖြစ်သောကြောင့် ဦးဒီပါမှာ ဂရုတစိုက်ဖြင့် မောင်းနှင်၍နေရလေသည်။

မြို့ထဲတွင် လူများ၊ လန်ချားများ၊ ကားများဖြင့် ရှုပ်ထွေးဆူညံ လျက်ရှိလေသည်။

စုံထောက်ရန်ပိုင်က စီးကရက်တစ်လိပ်ကိုထုတ်၍ မီးညှိလိုက်ပြီး လျှင်–

“ဦးရဲ့၊ ကိုလင်းနောင်ဟာ အနုပညာသမား တစ်ဦးခင်ဗျာ။ သူတို့လို အနုပညာသမားတို့ရဲ့အကဲက ပိုပြီးခတ်ရခက်လှပါတယ် ဦးရယ်။ ပြီးတော့လည်း သူတို့ဟာ အတော့်ကို သည်းခံနိုင်စွမ်းရှိကြတဲ့ သူတွေ၊ ခံနိုင်ရည်ရှိကြတဲ့သူတွေ ဖြစ်ကြတယ်ဦး…အဲ ဒေါသတွေ ထွက်ပြီဆိုရင်လည်း အနုပညာသမားတွေရဲ့ ဒေါသက ဒေါသတကာ ဒေါသတွေထဲမှာ ကြောက်စရာအကောင်းဆုံးပါပဲ ဦးရယ်…ကျွန်တော် တို့ ကိုလင်းနောင်ကို လျော့တွက်လို့မရဘူး ဦး…”

“ဒီအချက်ကို ကျုပ်လည်းထောက်ခံတယ် ကိုရန်ပိုင်။ ဒီလူဟာ



www.burmeseclassic.com

www.burmeseclassic.com



လူကြည့်တော့ ပျော့အိပျော့ဖပ်၊ လက်ချောင်းလေးတွေက သွယ်သွယ်လျလျနဲ့ရှိပေမယ့် စိတ်တော့ အင်မတန်မာကျောမယ့်ပုံပဲ ကိုရန်ပိုင်"

"ဒါတင် ဘယ်ကမလဲ ဦးရဲ့။ အတော့်ကို အငြိုးအတေးလည်း ကြီးတဲ့သူလေ ဦးရဲ့"

"ဟုတ်ပ့ါဗျာ...ဟုတ်ပါ"

ဦးဒီပါသည် ပြောရင်းဖြင့် တစ်စုံတစ်ခုကို တွေးမိသွားပြီး-

"ကိုရန်ပိုင်"

"အိုင်ပီ"

"ဟိုတစ်နေ့က ကိုလင်းနောင်ရဲ့အိမ်မှာ ပြောခဲ့တဲ့စကားက တကယ်လား ကိုရန်ပိုင်ရဲ့"

"ဘာလဲ အိုင်ပီရဲ့"

"ဟိုလေဗျာ...လင်းနောင်ရဲ့အိမ်ကို ပုဇွန်တောင်ကုလားငတင်တို့၊ ဗိုလ်တထောင်ငမိုးတို့ အဝင်အထွက် လုပ်နေကြတယ်ဆိုတာလေဗျာ။ ကျုပ်လည်း မေးမယ်မေးမယ်နဲ့ မမေးမိသေးလို့"

"တကယ်ပေါ့အိုင်ပီရဲ့။ ကျွန်တော့်ရဲ့ နှင်းဂုလားလေးတွေကို စောင့်ကြည့်ခိုင်းထားခဲ့တာလေ"

"အတော့်ကို အားကိုးရတဲ့ ချာတိတ်လေးတွေပါလား ကိုရန်ပိုင်ရယ်"

"ဒါပေါ့အိုင်ပီရယ်။ လူဆိုတာ အသုံးတည့်အောင် သုံးတတ်ဖို့ပဲ လိုပါတယ်။ လူရယ်လို့ဖြစ်လာရင် တန်ဖိုးမရှိတဲ့သူဆိုတာ မရှိပါဘူး။ သူ့နေရာနဲ့သူတော့ အသုံးဝင်နေကြတာမဟုတ်လား အိုင်ပီရဲ့။ ဒါပေမဲ့ အံဝင်ခွင်ကျ မဖြစ်တဲ့အခါမျိုးတွေမှာ ကိုးလိုးကန့်လန့်တွေ ဖြစ်လာပြီး အဲဒီလူကို ဘာမှအသုံးမကျဘူးလို့ ထင်မှတ်ကြတာပဲ မဟုတ်လား အိုင်ပီ"





"ဟုတ်ပါလေရဲ့ ကိုရန့်ပိုင်ရယ်...တကယ့်ကို ဒက်ထိပါပဲဗျာ"

အိုင်ပီဦးဒီပါသည် ထိုသို့ပြောရင်းဖြင့် သူ၏ကားလေးကို မဂိုလမ်း(ရွှေဘုံသာလမ်း)ထဲသို့ ချိုးကွေ့ဝင်လိုက်လေ၏။ မဂိုလမ်းထဲငယ် ရောင်းသူဝယ်သူများဖြင့် စည်ကားလျက်ရှိနေပေသည်။

"မယုံရင် အိုင်ပီ ကျွန်တော့်ကို ဒီကျောက်သမား၊ စိန်သမား၊ ရွှေသမားတွေကြားထဲ ချထားကြည့်ခဲ့။ ကျွန်တော်ဟာ သူတို့ကြားထဲမှာ ဘာမှအသုံးမတဲ့သူ ဖြစ်သွားမှာဘဲအိုင်ပီ"

"အမှန်ပေါ့ ကိုရန်ပိုင်ရယ်"

ဦးဒီပါက နယူးဒေလီအမည်ရှိ ချစ်တီးထမင်းဆိုင်ရှေ့တွင် ကား ကို ထိုးရပ်လိုက်လေသည်။ ထို့နောက် နှစ်ယောက်သား ကားပေါ်မှ ဆင်းသက်ကာ ဆိုင်အတွင်းသို့ ဝင်လာခဲ့ကြလေသည်။ ဆိုင်ထဲတွင် စားသောက်နေသူအချို့ကို မြင်တွေ့ရလေ၏။ စားပွဲခုံရှည်ကြီးများ ပေါ်တွင် ငှက်ပျောရွက်စိမ်းစိမ်းများခင်းကာ အငွေ့တထောင်းထောင်း ထလျက်ရှိသည့် ထမင်းများအား မြိန်ရှက်စွာဖြင့် စားသောက်လျက် ရှိကြလေ၏။

လိုအပ်သည့် ဟင်းလျာများအား ဆိုင်အလုပ်သမားများက လိုက်လံထည့်ပေးလျက် ရှိနေကြလေသည်။ အိုင်ပီဦးဒီပါက ထမင်း နှစ်ပွဲ မှာယူလိုက်လေသည်။

"အိုင်ပီရဲ့ တစ်ခါတလေမှာတော့ ခုလိုမျိုး လွတ်လွတ်လပ်လပ် စားရတာ အတော်အရသာတွေ့သဗျ"

"ဟုတ်ပေဘာပေါ့ ကိုရန်ပိုင်ရယ်"

စုံထောက်ရန်ပိုင်က ပဲဟင်းရည်ရွှဲရွှဲဆမ်းထားသည့် ထမင်းပုံ အား လက်ဖြင့်စတင်၍ လွေးလိုက်လေသည်။ ထိုအခါ ဦးဒီပါက-



www.burmeseclassic.com

www.burmeseclassic.com



"အိုင်ဆေးရေ…ခင်ဗျားစားပုံကြည့်ရတာနဲ့ပဲ ကျုပ်ဖြင့် 'မစားရဝခမန်း'ကို ဖြစ်နေပါပြီဗျာ… ဟဲ ဟဲ ဟဲ"

ဟုပြောလိုက်ရင်း ရယ်မောဍနေလေ၏။ စုံထောက်ရန်ပိုင်က ရေတ်သီးကြော်တစ်တောင့်ကို ကိုက်စားလိုက်ရင်း–

"ဩော် အိုင်ပီ…ကျွန်တော်မနက်က မြိုင်တို့ အိမ်ဘက်လှည့်ဝင်ခဲ့သေးတယ်ခင်ဗျ"

"ဟုတ်လားကိုရန်ပိုင်"

"မြိုင်က လာမယ့် တနင်္ဂနွေနေ့ညမှာ ခိုင့်ရဲ့ ဘတ်ဒေးပါတီပွဲ တက်ဖို့ ကျွန်တော်တို့ကို ဖိတ်လိုက်တယ်အိုင်ပီရဲ့။ အဲဒါ ကျွန်တော်တို့ သွားကြရလိမ့်မယ် အိုင်ပီ"

အိုင်ပီဦးဒီပါက ထမင်းလုတ်ကိုပါးစပ်ထဲသို့ သွင်းလိုက်ပြီး ပလုတ်ပလောင်းဖြင့်–

"ဟာ သွားကြရမှာပေါ့ကိုရန်ပိုင်ရယ်။ မသွားဘဲနေလို့ ဘယ်ဖြစ်မှာလဲဗျာ။ ခမျာလည်း အပူတိုက်ဓာတ်တွေချည်း ဆက်တိုက်ကနေရတော့ သနားစရာကောင်းလှပါတယ်ဗျာ ..နော် ကိုရန်ပိုင်"

စုံထောက်ရန်ပိုင်က ပြုံးစိစိမျက်နှာထားဖြင့် ဦးဒီပါအား လှမ်း၍ကြည့်လိုက်ကာ–

"အိုင်ပီ"

"ဗျာ…ကိုရန်ပိုင်"

"အဲဒီနေ့မှာ အိုင်ပီသေနတ်ထည့်ယူလာဖို့ မမေ့ပါနဲ့"

"ဟင်…"

ဦးဒီပါသည် အလန့်တကြားဖြင့် စုံထောက်ရန်ပိုင်အား ကြည့်လိုက်ရာမှ–





"ခိုင်ရဲ့မွေးနေ့ပွဲမှာ တရားခံဖမ်းတော့မယ်ပေါ့။ ဟုတ်လား…ကိုရန်ပိုင်"

ဦးဒီပါသည် စုံထောက်ရန်ပိုင်နှင့်တွဲ၍ အပွဲပွဲနွှဲခဲ့ဖူးသူဖြစ်ပေရာ ကိုယ့်လူအကြောင်းကို နောကျေနေအောင် သိထားပြီးခဲ့သူဖြစ်ပေသည်။

စုံထောက်ရန်ပိုင်သည် တစ်နေရာဆီသို့ ရူးစိုက်ကြည့်နေရာမှ–

"အိုင်ပီရယ် သိရက်သားနဲ့ မေးမနေပါနဲ့တော့ခင်ဗျာ"

"အိုင်ဆေးရာ ကျုပ်ဖြင့် အဲဒီပွဲကို အခုပဲနွှဲလိုက်ချင်ပြီဗျာ"

ဦးဒီပါက ထိုသို့ပြောလိုက်သည်တွင် စုံထောက်ရန်ပိုင်က ခေါင်းကို ယမ်းခါ၍ပြလိုက်ရင်း–

"နိုး…နိုး .အိုင်ပီ။ အချိန်အခါဆိုတာရှိတယ် အိုင်ပီရဲ့။ အရာရာအားလုံးဟာ သူ့အချိန်ဘန်တဲ့အခါမှာ ဖြစ်ပျက်ရစမြဲပါအိုင်ပီ။ သိပ်လည်း မစောင့်ရတော့ပါဘူး အိုင်ပီရယ်။ အခုပဲ ဗုဒ္ဓဟူးနေ့ရောက်နေပြီမဟုတ်လား အိုင်ပီရဲ့။ ကဲ ..ကဲ…အိုင်ပီ စားလိုက်ပါဦး။ ပြီးရင် ပလေဒီယံက ကောင်းဘွိုင်ကား ဝင်ကြည့်ကြရအောင်"

ဟု ပြောလိုက်လေရာ ဦးဒီပါမှာ စားသောက်ခြင်းအမှုကို လက်စသတ်၍ နေပေတော့သည်။

"အဲဒီနေ့အတွက် အစီအစဉ်တွေကော ချပြီးပြီလား ကိုရန်ပိုင်ရဲ့"

"ကျွန်တော် အခုအချိန်မှာ ဒါတွေမတွေးချင်သေးဘူး ဦးရယ်။ ခေါင်းအေးအေးပဲ ထားချင်သေးတယ်။ သွားကြမယ်ဦး…တော်ကြာရပ်ရှင်မမီပဲ ဖြစ်နေဦးမယ်"

စုံထောက်ရန်ပိုင်က ဖင်တကြွကြွဖြင့်ပြောလိုက်သည်တွင် အိုင်ပီဦးဒီပါမှာ မတ်တတ်ထ၍ ရပ်လိုက်ပြီးလျှင်–

"အိုင်ဆေးရာ ခင်ဗျားကတော့ တကယ့်ကိုစံပါပဲဗျာ။ အခုလို



www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးတဲ့ အချိန်မျိုးမှာတောင် ရုပ်ရှင်ကို အေးအေးဆေးဆေး ကြည့်နိုင်သေးတယ်နော်။ မင်းကြီးဆို ဘယ်လောက်များ သောက အပူမီး တောက်လောင်နေမလဲ မသိဘူး"

"သြော်...အိုင်ပီကလည်း စိတ်ဆိုတာ ထားတတ်ရင် ဘာဝနာ၊ မထားတတ်ရင် တဏှာလို့ ဆိုထားတယ်မဟုတ်လား။ ဣပါအိုင်ပိ ရယ်၊ ဒီအကြောင်းတွေကို ထားလိုက်ကြပါစို့ရဲ့။ တော်ကြာ ရုပ်ရှင် မမီပဲ ဖြစ်နေပါဦးမယ်။ အမေရိကန်ကောင်းဘွိုင်ကား အိုင်ပိရဲ့။ ရိုက်ကွင်းရိုက်ကွက်တွေ သိပ်ကောင်းတယ်။ သွားကြမယ် အိုင်ပီ"

ပြောပြောဆိုဆိုဖြင့် စုံထောက်ရန်ပိုင်မှာ ရေ့မှဦးဆောင်ကာ ထွက်သွားသောကြောင့် အိုင်ပိဦးဒီပါမှာ နောက်မှနေ၍ ဘဟားဟား ရယ်မောရင်း လိုက်ပါသွားပါတော့သတည်း။

* * *



# အခန်း(၉)

'မြိုင်နန်းရိပ်မြုံ'ခြံကြီးထဲမှ သာယာငြိမ့်ညောင်းလှသည့် တေး ဂီတသံများ လွင့်ပျံ့၍လာလေသည်။ မြက်ခင်းပြင် စိမ်းမြမြပေါ်တွင် စားပွဲကုလားထိုင်များ ခင်းကျင်း၍ထားလေ၏။ ရောင်စုံမီးလုံးလေး များ လင်းတစ်ခါမှိန်တစ်လှည့်ဖြင့် တဖျတ်ဖျတ်လင်းလက်လျက် ရှိကြ ၏။ စားပွဲဝိုင်းများတွင် ဖိတ်ကြားထားသည့် ဧည့်သည်တချို့ ရောက်ရှိစ ပြုနေပြီဖြစ်သည်။

မြိုင်သည် အဖြူရောင်ဝတ်စုံလေးကိုဝတ်ဆင်လျက်ဖြင့် ဧည့်သည် များအား လိုက်လံနှုတ်ဆက်လျက် ရှိနေပေသည်။ မွေးနေ့ရှင်လေး 'ခိုင်'ကလည်း နီနီရဲရဲဝတ်စုံလေးကို လှလှပပဝတ်ဆင်လျက်ဖြင့် သူမ၏ မိတ်ဆွေသူငယ်များကို ပြုံးရွှင်ရယ်မောစွာ ဧည့်ခံလျက်ရှိလေ၏။

"ဟေး ခိုင်.. ယူက ဒီနေ့ ဖဲရီးဖြူးတီပါလား"

"ဒီလောက်လည်း မဟုတ်ပါဘူး ပင်ဂီရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ယူ့ကြည့်ရတာ အရုပ်ကလေးကျနေတာပဲ"

"ဟုတ်တယ်ခိုင်။ ယူက ဒီနေ့ညအဖို့တော့ အလှနတ်မိမယ်လေးတစ်ပါးပဲ ခိုင်"

"ဟက်ပီးဘတ်ဒေးတူယူး…"

"ဟင်း ဟင်း ဟင်း ဟင်း…ခစ်ခစ်ခစ်ခစ်"

ခိုင်နှင့်အတူ ပဂ္ဂီ၊ ဒေစီ၊ ရိုစီ စသော သူငယ်ချင်းတစ်စုတို့သည် တစ်ယောက်တစ်ပေါက်ဖြင့် တဝါးဝါးပွဲကျလျက် ရှိကြလေသည်။

"ခိုင်…ဟောဒါ ယူ့အတွက် ဘတ်ဒေးပရဲဆင့်"

"သိုင်းကျူး"

"ဟော…သမီးလေးခိုင်။ ဟောဒီမှာ သမီးအတွက် မွေးနေ့လက်ဆောင်"

"ကျေးဇူး"

မွေးနေ့ညစာခံပွဲတွေမှာ တစ်စထက်တစ်စ လှုပ်ရှားသက်ဝင်လာလျက်ရှိလေ၏။ ဟိုတယ်ကြီးတစ်ခုမှ မှာယူထားသည့် အစားအစာများကို ဟိုတယ်စားပွဲထိုးလေးများက စားပွဲဝိုင်းများတွင် လိုက်လံ၍ချထားပေးနေကြလေသည်။ ထို့ကြောင့် ဖွန်းသံခက်ရင်းသံများလည်း ညံစီစွာဖြင့် ပေါ်ထွက်၍နေလေတော့သည်။

အနိဋ္ဌာရုံများ ဆက်တိုက်ဖြစ်ပွားခဲ့ရသည့် 'မြိုင်နန်းရိပ်မြုံ'ခြံကြီးမှာ ယခုတော့ စည်စည်ကားကား၊ ပျော်ပျော်ရွှင်ရွှင်၊ မင်္ဂလာရှိရှိဖြင့် ရှိနေလေသည်။

မြိုင်သည် အပြုံးပန်းတွေတဝေဝေဖြင့် ကြွရောက်လာကြသည့် ဧည့်ပရိသတ်များကို ဆီးကြိုနှုတ်ဆက်၍နေလေသည်။

"တူမကြီးမြိုင်ရယ်… ကြားရတဲ့ သတင်းတွေကြောင့် စိတ်





မကောင်းဖြစ်ရပါတယ်ကွယ်။ ဒီကြားထဲ တူမကြီးကို အခုလို ကျန်းကျန်းမာမာနဲ့ တွေ့လိုက်ရတာ ဝမ်းသာသကွယ်"

"မြိုင် လှလို့ ဝလို့ပါလားကွဲ့။ မတွေ့ရတာ ကြာလို့လားမသိဘူး"

"အင်းပေါ့မြိုင်ရယ်…လူဆိုတာ တစ်ခါတလေလည်း ဒီလိုလေနေဦးမှာပေါ့ကွယ်။ သောကအပူတွေနဲ့ချည်း နပန်းလုံးနေလို့ ဘယ်ဖြစ်မှာလဲ မြိုင်ရဲ့။ တကယ်တော့ မြိုင့်အရွယ်က ဘာရှိသေးတာလိုက်လို့"

မြိုင်သည် ပြောလာသမျှတို့အား အပြုံးလေးများဖြင့်သာ တုံ့ပြန်၍နေလေတော့သည်။ ထိုစဉ် မြိုင်၏အပါးသို့ အနောက်တိုင်းဝတ်စုံမီးခိုးရောင်ကို သေသပ်လှပစွာဖြင့် ဝတ်ဆင်ထားသည့် လူရွယ်တစ်ဦးရောက်ရှိ၍လာကာ–

"မြိုင်"

"ဟင်. ကိုနောင်"

"ဒီနေ့ သိပ်ကိုလှနေပါလား မြိုင်ရဲ့"

လင်းနောင်က မြိုင့်ကို မမိုတ်မသုန်ဖြင့် ကြည့်လိုက်ရင်း ပြောလိုက်လေသည်။ မြိုင်က မျက်လုံးလေးဝင့်၍ ပြန်ကြည့်လိုက်ရာမှ–

"ဟင်းနော် ကိုနောင်…အပိုတွေ လာမြှောက်မနေနဲ့ သိလား"

"သြော်…မြိုင်ရယ် ကိုနောင်က အရှိကို အရှိအတိုင်း ပြောနေတာပါ မြိုင်ရဲ့။ သြော် ဒါနဲ့မြိုင်…ခိုင်ကောဟင်"

"ရှိပါတယ်ကိုနောင်ရဲ့။ သူ့သူငယ်ချင်းတွေကို ဧည့်ခံနေတယ်ထင်ပါရဲ့။ ဘာလုပ်မလို့လဲ ကိုနောင်"

"မွေးနေ့လက်ဆောင် ပေးဖို့ပေါ့ မြိုင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"လာ...လာ ကိုနောင်။ ဟိုထိပ်က စားပွဲမှာ သွားထိုင်ကြရအောင်"

မြိုင်က လင်းနောင်အား ဦးဆောင်ကာဖြင့် ခေါ်ဆောင်လာခဲ့လေသည်။ လိုက်ဖက်ညီလှသည့် သူတို့နှစ်ယောက်အား တချို့သော ဧည့်သည်များက လှမ်း၍ကြည့်ရှုနေကြလေသည်။

"ရှေ့သွားနောက်လိုက်ညီတယ်ဆိုတာ အဲဒါမျိုးကို ပြောတာဗျ။ ကြည့်ထား...ကြည့်ထား"

"နေနဲ့လ ရွှေနဲ့မြဆိုတာမျိုးလား"

"ဟုတ်ပါဗျား...ဟုတ်ပါ"

ဧည့်သည်များထံမှ ဝေဖန်ပြောဆိုသံများ ထွက်ပေါ်လာခြင်းဖြစ်လေသည်။ မြိုင်က လင်းနောင်အား မွေးနေ့ကိတ်တင်ထားသည့် ထိပ်ဆုံးစားပွဲနှင့် အနီးဆုံးနေရာသို့ ခေါ်ဆောင်သွားလေသည်။

"ထိုင်ဦးနော် ကိုနောင်...မြိုင် ဧည့်သည်တွေ သွားနှုတ်ဆက်လိုက်ဦးမယ်"

"ရပါတယ်မြိုင်ရဲ့။ ကိုနောင်က အေးအေးဆေးဆေးမှ ပြန်မှာပါ"

မြိုင် မျက်လုံးလေးတစ်ချက်ဝင့်၍ ကြည့်လိုက်ရင်း ထိုစားပွဲမှ ခွာ၍လာလေသည်။ မြိုင်ထွက်သွားသည်နှင့် လင်းနောင်က စတိုင်လိုစီးကရက်ဘူးကိုထုတ်ကာ တစ်လိပ်နှိုက်ယူပြီး မီးညှိလိုက်လေသည်။

ထို့နောက် သူသည် ဖွာရှိုက်ရင်းဖြင့် မျက်မှောင်များကို ကုတ်ကာ စဉ်းစားခန်းဝင်၍ နေမိလေသည်။ ထိုသို့စဉ်းစားရင်းဖြင့်လည်း သူ့နှုတ်ခမ်းကို တွန့်သည်ဆိုရုံလေးမျှတွန့်၍ ယုံ့ယုံ့ပြုံးဖြစ်လိုက်လေ၏။ သူ၏မျက်လုံးများသည် ကျဉ်းမြောင်း၍သွားကြရာမှ အရောင်တွေ လင်းလက်လာသည်သို့ ရှိလေ၏။





ထိုစဉ်...

နောက်ဘက်မှနေ၍ သူ့ပခုံးအား လှမ်းပုတ်လိုက်ပြီးလျှင်–

"ရောက်နှင့်နေပြီလား ကိုလင်းနောင်ရဲ့"

ဟူသော စကားသံကို ကြားလိုက်ရလေ၏။ ထို့ကြောင့် သူ့ကပျာကယာဖြင့် နောက်သို့လှည့်ကြည့်လိုက်သည်တွင် လေးညင်းရောင် အနောက်တိုင်းဝတ်စုံနှင့် လူတစ်ယောက်။

လင်းနောင် မချိပြုံး ပြုံးလိုက်ရာက–

"ဘယ်သူများလဲမှတ်တယ် ခင်ဗျားကိုး"

"ဟုတ်ပါတယ် ကိုလင်းနောင်...ကျုပ်ရန်ပိုင်ပါ။ စုံထောက်ရန်ပိုင်ပါ။ ဟင်း ဟင်း ဟင်း"

စုံထောက်ရန်ပိုင်သည် လင်းနောင်အား တစ်ချက်စူးစိုက်၍ ကြည့်လိုက်ရင်း မျက်နှာချင်းဆိုင်နေရာတွင် ဝင်ထိုင်လိုက်လေ၏။ ထို့နောက် ဂလေစီယာစီးကရက်ဘူးကိုထုတ်ကာ တစ်လိပ်နှိုက်ယူပြီး မီးညှိလိုက်လေသည်။ စုံထောက်ရန်ပိုင်က လင်းနောင်အား စီးကရက်ဘူးကို ထိုး၍ပေးလိုက်ကာ–

"စီးကရက်သောက်ပါဦး ကိုလင်းနောင်"

"ကျေးဇူး ကိုရန်ပိုင်... ကျုပ် ဂလေစီယာကို မကြိုက်ဘူးဗျ။ ခံတွင်းမတွေ့ဘူး ဆိုပါတော့ဗျာ။ ဟဲ ဟဲ ဟဲ..."

"ကိုယ့်လူက စတိုင်လိုစီးကရက်ပဲ သောက်တယ်ထင်ရဲ့။ ဪ– ဒါနဲ့ ဦးခိုင်ထွန်းရဲ့အလောင်းဘေးမှာ စတိုင်လိုစီးကရက်တိုလေးတွေ နှစ်ခု၊ သုံးခုတွေ့တယ်လို့ ပြောကြတယ် ကိုလင်းနောင်"

"ဒါတော့ ကျုပ် ဘယ်သိမလဲဗျ"

"ဟားဟား ဟားဟား .. ဟုတ်ပါတယ် ကိုလင်းနောင်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ကလည်း ခင်ဗျားသိရမယ်လို့ မဆိုလိုပါဘူးဗျာ။ တိုက်ဆိုင်နေမှု တစ်ခုကို ပြောပြတာပါဗျာ။ ဆောရီး ကိုလင်းနောင်”

“ရပါတယ်ဗျာ”

လင်းနောင်၏ မျက်နှာပြင်ပေါ်ဝယ် ဒေါသတရား၏ အစွန်းအစ၊ အရိပ်အငွေ့များကို မြင်တွေ့ရလေသည်။ စုံထောက်ရန်ပိုင်က မွေးနေ့ပွဲလာ ဧည့်ပရိသတ်များကို တစ်ချက်မျက်လုံးဝေ့၍ ကြည့်လိုက်လေသည်။ ဧည့်ပရိသတ်များကြားဝယ် သူတို့စီအိုင်ဒီမှ စုံထောက်ကျော် တစ်စုတို့ကိုလည်း မြင်တွေ့ရလေ၏။

မွေးနေ့ပွဲကျင်းပရာနေရာနှင့် မလှမ်းမကမ်းဆီတွင် စီအိုင်ဒီမှ ကားလေးများစီတန်းကာ ရပ်ထားသည်ကို မြင်တွေ့ရသည်။ ထိုကားလေးများ၏ရှေ့ဝယ် မယောင်မလည်ဖြင့် ရပ်လျက်ရှိကြသည့် အိုင်ပီလှတိုးနှင့် အိုင်ပီတင်ဝင်းတို့ကို တွေ့ရလေသည်။

အိုင်ပီဦးဒီပါသည် စားပွဲဝိုင်းတစ်ခုတွင် ဣန္ဒြေရရဖြင့် ထိုင်လျက်ရှိနေပေသည်။ မြိုင်သည် ဦးဒီပါအား မြင်တွေ့သွားရာမှ ဝင်ရောက်နှုတ်ဆက်လိုက်လေ၏။

“ဦး”

“ဟော...မြိုင်”

“ရောက်နေတာကြာပြီလား ဦးရဲ့။ စုံထောက်ရန်ပိုင်ကော မပါဘူးလား”

“ကိုရန်ပိုင်ရောက်နေပြီလေ မြိုင်ရဲ့။ ဟိုမှာတွေ့လား ပီယာနိုဆရာလေးနဲ့ စကားပြောနေကြတယ်လေ”

“ဟုတ်ပါရဲ့။ မြိုင် အဲဒီသွားလိုက်ဦးမယ်။ ကိုရန်ပိုင်ကို နှုတ်မဆက်ရသေးလို့ ခွင့်ပြုပါဦး”





“သွားပါမြိုင်ရယ်...သွားပါ”

အိုင်ပီဦးဒီပါသည် ရယ်ရယ်မောမောဖြင့် ကျန်ရစ်ခဲ့လေသည်။ မြိုင်သည် ထိပ်ဆုံးစားပွဲဆီသို့ လျှောက်၍လာပြီးလျှင် စုံထောက်ရန်ပိုင်အား-

“ဆောရီးကိုရန်ပိုင်။ မြိုင် ကိုရန်ပိုင်ရောက်နေတာ မမြင်မိဘူး”

“ရပါတယ်မြိုင်ရဲ့။ ကျွန်တော်လည်း ဟောဒီက ကိုလင်းနောင်နဲ့ တွေ့လို့ စကားကောင်းနေကြတာလေ”

စုံထောက်ရန်ပိုင်က တင့်တယ်လှပသည့်မြိုင်အား မသိမသာလေးကြည့်ရင်း ပြန်ပြောလိုက်လေ၏။ လင်းနောင်ကလည်း မြိုင့်အား လှမ်းကြည့်လိုက်ရင်း-

“ဟုတ်တယ်မြိုင်...ဟောဒီစုံထောက်ကြီးကို ကိုနောင်က မြိုင့်ကိုယ်စား ဧည့်ခံထားပါတယ် မြိုင်ရဲ့”

“တော်သေးတာပေါ့ ကိုနောင်ရယ်။ မြိုင်က ဧည့်ဝတ်မကျေမှန်မှာ သိပ်စိုးရိမ်တာရှင့်...သိလား ကိုရန်ပိုင်”

“အချင်းချင်းတွေပဲ မြိုင်ရယ်...”

မြိုင်သည် ချစ်စဖွယ်ကောင်းလှစွာ ရယ်မော၍နေလေသည်။ ထိုစဉ် သူတို့စားပွဲဝိုင်းအနားသို့ မွေးနေ့ရှင်လေး ‘ခိုင်’ရောက်၍လာလေ၏။

“ဟော...ညီမလေးခိုင် ရောက်လာတာနဲ့ အတော်ပဲ။ ကိုရန်ပိုင် ဒါ ညီမလေးခိုင်လေ။ ခိုင်၊ သူက စီအိုင်ဒီက စုံထောက်ရန်ပိုင်တဲ့”

“တွေ့ရတာ ဝမ်းသာပါတယ်ရှင်”

ခိုင်က သွက်လက်စွာဖြင့် နှုတ်ဆက်လိုက်လေသည်။ စုံထောက်ရန်ပိုင်က ပြုံးလျက်သားဖြင့် ခေါင်းညိတ်ပြလိုက်လေသည်။ လင်းနောင်



www.burmeseclassic.com

www.burmeseclassic.com



က မတ်တတ်ထ၍ ရပ်လိုက်ပြီးနောက် ကုတ်အင်္ကျီအတွင်းအိတ်ထဲမှ ဂျပ်ဘူးလေးတစ်ခုကို ထုတ်ယူလိုက်ကာ–

"ညီမလေးခိုင်...ဟောဒါ ညီမလေးအတွက် အစ်ကိုလင်းနောင်ရဲ့ မွေးနေ့လက်ဆောင်"

"ဘာများလဲ အစ်ကိုလင်းနောင်ရဲ့"

ခိုင်က အပြုံးလှလှလေးဖြင့် လှမ်းယူကာ မေးလိုက်လေသည်။

"သိချင်ရင် ဖွင့်ကြည့်ပေါ့ခိုင်ရယ်"

ခိုင်သည် စက္ကူဂျပ်ဘူးလေးကို ဖွင့်ဖောက်၍ ကြည့်လိုက်ရာမှ ဝမ်းသာအားရဖြင့်–

"ဟယ်...ရွှေနာရီလေးပါလား လှလိုက်တာ"

ခိုင်သည် ထိုနာရီလေးအား သူမ၏ဘယ်ဘက်လက်တွင် ပတ်ထားလိုက်လေသည်။

"ကျေးဇူး အစ်ကိုလင်း"

ခိုင်သည် မွေးနေ့ကိတ်လှီးရန်အတွက် လျှောက်သွားလေသည်။ မြိုင်က နောက်မှလိုက်၍ သွားလေသည်။ ထိုစဉ်က လင်းနောင်က–

"သြော်...ကိုရန်ပိုင် ကျုပ်ကိုခွင့်ပြုပါဦး။ မိတ်ဆွေတစ်ယောက် ရှာချင်သေးလို့"

"သွားပါကိုလင်းနောင်ရဲ့၊ ဖြစ်ပါတယ်"

လင်းနောင်သည် ထိုစားပွဲမှ ထွက်ခွာသွားလေသည်။ စုံထောက်ရန်ပိုင်ကလည်း 'ခိုင်'တို့ မွေးနေ့ကိတ်လှီးရာသို့ လှမ်းကြည့်နေလေသည်။ ခိုင်သည် သူငယ်ချင်းများ၏အလယ်တွင်ရှိကာ ငွေဓားလေးဖြင့် မွေးနေ့ကိတ်ကို လှီးလိုက်လေတော့သည်။

"ဟက်ပီးဘတ်ဒေး တူယူး"





"ခိုင် ကျန်းမာချမ်းသာပါစေ"

"ဟား ဟား ဟား...ခိခိခစ်ခစ်"

"ဖြောင်း ဖြောင်း ဖြောင်း..."

စကားသံများ၊ လက်ခုပ်သံများဖြင့် ဆူညံလျက်ရှိနေလေသည်။ တစ်ချက်တစ်ချက်တွင် ဝေစီစွာဖြင့် ရယ်မောလိုက်သောအသံများကို ကြားရလေသည်။ ခိုင်၏မွေးနေ့ပွဲသည် ပျော်ရွှင်ကြည်နူးစွာဖြင့် သက်ဝင်လှုပ်ရှားလျက် ရှိနေပေသည်။

ခိုင်သည် မွေးနေ့ကိတ်များအား ဖဲ့ကာဖြင့် လိုက်လံခွဲ့ကျွေးလျက် ရှိနေလေသည်။ စုံထောက်ရန်ပိုင်သည် ထိုင်နေရာမှထကာ 'ခိုင်'နှင့် အနီးဆုံးသော နေရာဆီသို့ လျှောက်လာလေသည်။

ခိုင်သည် မြိုင်အား ရယ်ရယ်မောမောဖြင့် မွေးနေ့ကိတ်ခွဲ့ကျွေးပြီး ပြန်အလှည့်တွင် မီးများရုတ်တရက် ပြတ်တောက်၍ သွားလေတော့သည်။

"ဟာ...မီးပျက်သွားပြီဟေ့"

"မှောင်လို့ မည်းလို့ပါလားဟေ့..."

'မြိုင်နန်းရိပ်မြုံ'ခြံကြီး တစ်ခုလုံး မှောင်အတိကျ၍သွားလေ၏။ ခိုင်၏မွေးနေ့ပွဲ ကျင်းပရာနေရာတွင်လည်း မှောင်နှင့်မည်းမည်း ရှိလေသည်။

သို့ရာတွင် ခိုင်၏ဘယ်ဘက်လက်တွင် ပတ်ထားသည့် နာရီလေး၏လက်တံများ၊ ဂဏန်းများကိုမူ အမှောင်ထုထဲမှာပင် မြင်တွေ့နေရလေ၏။

ထိုအချင်းအရာကိုကြည့်ပြီး စုံထောက်ရန်ပိုင်၏ ဦးနှောက်ထဲတွင် လျှပ်စီးလက်သကဲ့သို့သော အလင်းတန်းများ ဖြစ်ပေါ်လင်းလက်၍ သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင်–

“ဒိုင်း”

“ဒိုင်း”

ဟူသော သေနတ်သံနှစ်ချက်ဆင့်၍ ထွက်ပေါ်လာပြီးလျှင် လိမ္မော်ရောင်မီးပွင့်လေးများ ဖြတ်သန်း၍သွားကြလေသည်။ စုံထောက်ရန်ပိုင်က လေကဲ့သို့သော လျှင်မြန်မှုကိုအသုံးပြုကာ စောစောလေးက ‘ခိုင်’ရှိသည့်နေရာသို့မှန်းဆကာ ခုန်ပျံရောက်ရှိသွားပြီး ‘ခိုင်’၏ ကိုယ်ခန္ဓာလေးအား ထိုနေရာမှနေ၍ တွန်းထိုးထုတ်ပစ်လိုက်လေသည်။

“အင့်”

“အား”

ခိုင်သည် နောက်ဘက်သို့ သုံးလေးပေခန့်လွင့်စဉ်၍ ထွက်သွားလေသည်။ သေနတ်ကျည်ဆန်များက ခိုင်၏ဘေးမှ ပွတ်ကပ်ကာ ဖြတ်သန်းသွားကြလေသည်။

“ကိုလင်းနောင် လက်နက်ချပါ”

စုံထောက်ရန်ပိုင်၏စကားသံ ထွက်ပေါ်၍လာလေ၏။

“ခင်ဗျားကို ကျုပ်တို့စီအိုင်ဒီက စုံထောက်တွေ ဝိုင်းထားပြီးပြီ။ လက်နက်ချ အဖမ်းခံပါ”

“မချဘူး...ဘယ်တော့မှ အညံ့မခံဘူး။ ကျုပ်သေချင်ရင် သေပေစေ”

“ဒိုင်း...”

“ပြေးကြဟေ့...ပြေးကြ...ပစ်ကုန်ပြီ...ပစ်ကုန်ပြီ”

လူတွေ ကြောက်လန့်တကြားဖြင့် ထပြေးဖို့ ကြိုးစားနေကြလေ၏။ တစ်ယောက်နှင့်တစ်ယောက် တိုက်မိခိုက်မိကြပြီး အလဲလဲ အပြိုပြို ဖြစ်၍နေကြလေ၏။





ထိုစဉ် ဂျင်နရေတာ စက်နိုးသံ ရုတ်တရက်ထွက်ပေါ်လာပြီး မွေးနေ့ပွဲဆီသို့ မီးလုံးကြီးများဖြင့် ဝိုင်းထိုးထားသည်ကို တွေ့လိုက်ရလေ၏။

မြင်ကွင်းမှာ ရှင်းရှင်းလင်းလင်းဖြစ်၍ သွားလေတော့သည်။ မီးလင်းလက်လာသည်နှင့် စုံထောက်ရန်ပိုင်က လင်းနောင်၏ သေနတ်ကိုင်ထားသည့်လက်အား ပြေးဝင်၍ ခြေဖျားဖြင့် ခတ်ထုတ်လိုက်လေသည်။

“ဗိုး”

“ဖပ်...”

သေနတ်လွင့်စဉ်ထွက်သွားလေသည်။ ထိုအခါ လင်းနောင်မှာ ဒေါသအရှိန်အဟုန်ဖြင့် စုံထောက်ရန်ပိုင်အား ပြေးဝင်လုံးထွေး သတ်ပုတ်လေတော့သည်။

“ဗုစ်”

“ခွပ်”

“အင့်”

နောက်ဆုံးတွင်ကား သတ်ပုတ်ခြင်းအရာ၌ သူမတူအောင် အစွမ်းထက်လှသည့် စုံထောက်ရန်ပိုင်အား ယှဉ်ပြိုင်ခြင်းကား မတတ်နိုင်တော့ဘဲ လင်းနောင်မှာ အရှုံးပေးလိုက်ရလေတော့သည်။

အိုင်ပီဝင်းမြင့်နှင့် အိုင်ပီဦးဒီပါတို့က လင်းနောင်အား လက်ထိတ်ခတ်လိုက်ကြလေ၏။

“ဟင်...ဒါခင်ဗျားတို့ ဘာလုပ်ကြတာလဲဗျ။ ကျုပ်မှာ ဘာအပြစ်ရှိလို့လဲ”

လင်းနောင်က ကျားနာတစ်ကောင်လို ဟိန်းဟောက်နေသေးသောကြောင့် စုံထောက်ရန်ပိုင်က–



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား ဟား...ကိုလင်းနောင်... ကိုလင်းနောင်... ကျလည်းကျပါပေရဲ့ဗျာ။ ဘာအပြစ်ရှိလို့လဲ ဟုတ်လား။ ဒါဆိုလည်း ကြိုးစင်ကိုပို့ပေးမယ့် ခင်ဗျားရဲ့အပြစ်တွေကို ပြောပြရမှာပေါ့ဗျာ။ နားဆင်ပေတော့ ကိုလင်းနောင်"

လင်းနောင် အောက်နှုတ်ခမ်းကို ဖိကိုက်လိုက်လေသည်။ ထိုစဉ် မြိုင် အနားသို့ရောက်လာကာ မျက်တောင်ကော့ကြီးများကို ပုတ်ခတ်ပုတ်ခတ်လုပ်လိုက်ရင်း-

"ဘာတွေ ဖြစ်ကုန်ကြတာလဲဟင် ကိုရန်ပိုင်...မြိုင်တော့ ဘာမှကို နားမလည်နိုင်တော့ပါလားရှင်..."

မြိုင်သည် ထိုစကားကိုဆိုလိုက်ရာက လင်းနောင်ထံ အကြည့်တစ်ချက် ရောက်ရှိသွားလေ၏။

စုံထောက်ရန်ပိုင်က ကရုဏာသက်စွာဖြင့် လှမ်း၍ကြည့်လိုက်ကာ-

"တကယ်တော့မြိုင်ရယ်...မြိုင့်အဖေနဲ့ မြိုင့်ညီမလေးနှစ်ယောက်ကို သတ်သွားတဲ့တရားခံဟာ တခြားသူမဟုတ်ဘူးမြိုင်ရဲ့။ ဟောဒီ မြိုင့်ရဲ့ချစ်သူ ကိုလင်းနောင်ပဲမြိုင်"

"ရှင်..."

မြိုင်သည် မိမိနားကိုပင် မိမိမယုံကြည်နိုင်အောင် ဖြစ်သွားရလေ၏။ အံ့အားသင့်မှုများ၊ ထိတ်လန့်မှုများသည် ရင်နှင့်အမျှ ပြည့်လျှံ၍ သွားလေတော့သည်။

စုံထောက်ရန်ပိုင်က ဆက်လက်၍ ပြောပြနေလေသည်။

"အခုလည်း ကိုလင်းနောင်ဟာ ခိုင့်ကို သေနတ်နဲ့ပစ်သတ်ခဲ့တာပဲမြိုင်။ ကျွန်တော် ကြိုတင်ရိပ်မိခဲ့လို့သာ ခိုင်ကကောင်းသွားခဲ့တာ





မြိုင်။ သူ့အကြံကတော့ မြိုင်ရယ်။ အားလုံးကို ရှင်းလင်းပစ်ပြီးမှ မြိုင်နဲ့အတူ ပျော်ပျော်ကြီးခံစားမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပေါ့မြိုင်"

မြိုင်သည် နှုတ်ခမ်းကိုပြတ်လုမတတ် ကိုက်ထားလျက်ရှိကာ မျက်လုံးအိမ်များမှ မျက်ရည်များစီးဆင်းလာလျက် ရှိလေသည်။ သူမသည် လင်းနောင်အား အံ့သြလွန်းအားကြီးစွာဖြင့် ငေးကြောင်ကာ ကြည့်လျက် ရှိနေလေသည်။

"ကိုယ့်လူရေ...ဘယ့်နှယ်လဲ။ ကျုပ်ပြောတာတွေ ဟုတ်တယ် မဟုတ်လားဗျ။ ယောက်ျားပဲဗျာ။ ဟုတ်ရင်လည်း ဟုတ်တဲ့အကြောင်း၊ မဟုတ်ရင်လည်း မဟုတ်တဲ့အကြောင်း ပြောစမ်းပါဦးဗျ။ ဘယ်လိုလဲ ကိုလင်းနောင်ရဲ့"

လင်းနောင်ထံမှ ဘာသံမှ ထွက်ပေါ်၍မလာ။ ငြိမ်သက်တိတ်ဆိတ်လျက် ရှိနေလေ၏။

"ကဲ မြိုင်။ ဆိတ်ဆိတ်နေဝန်ခံခြင်း တစ်မျိုးပေါ့ဗျာ"

မြိုင်သည် လင်းနောင် ရပ်လျက်ရှိရာသို့ လျှောက်၍သွားကာ မျက်နှာကို စေ့စေ့ကြည့်လိုက်ပြီးလျှင် နာကြည်းလှစွာသော အသံဖြင့်-

"လူယုတ်မာ"

"ဖြန်း"

"ဖြန်း"

လက်ကိုလွှဲ၍ ပါးပြင်ကို ဘယ်ပြန်ညာပြန်ရိုက်လိုက်လေ၏။

"ရိုက်ပါမြိုင်...ရိုက်ပါ။ နောက်ထပ် ထပ်ရိုက်ပါဦး မြိုင်ရဲ့။ တကယ်တော့ ကိုနောင်ဟာ မြိုင့်ကိုချစ်တဲ့စိတ်နဲ့ မြိုင်နဲ့အတူနေချင်တဲ့ စိတ်ကြောင့် စုံထောက်တွေလက်ထဲ အမိခံခဲ့ရတာပါ။ စောစောစီးစီး သာ ထွက်ပြေးခဲ့မယ်ဆိုရင် ဒီစုံထောက်စုတ်တွေ အနံ့တောင်ရလိုက်



www.burmeseclassic.com

www.burmeseclassic.com



မယ် မထင်ဘူးမြိုင်ရယ်။ ကိုနောင် မြိုင့်ကို တကယ်ချစ်ခဲ့တာပါ”

“အို…တော်တော့ ကျွန်မ ဘာမှမကြားချင်တော့ဘူးရှင်။ အင့်…ဟင့်…”

မြိုင်သည် စိတ်ဖိစီးမှုဒဏ်ကို မခံနိုင်တော့ဘဲ အင့်ခနဲတစ်ချက်ရှိုက်ရင်း လဲကျသွားလေတော့သည်။

“ဟင်…မမမြိုင်”

“မမမြိုင်”

နိုင်ကပြေး၍ ပွေ့မကိုက်လိုက်လေသည်။ စုံထောက်ရန်ပိုင်က အိုင်ပီဦးဒီပါအား–

“အိုင်ပီရေ သွားကြမယ်ဗျာ။ ကိုလင်းနောင်ကို ကျွန်တော့်အခန်းခေါ်သွားကြမယ် အိုင်ပီ”

“ကောင်းပါပြီ ကိုရန်ပိုင်”

“အိမ်ကြီးပေါ်က မီးခလုတ်ကို သွားပိတ်တဲ့ နှစ်ယောက်ကိုရောဗျ”

အိုင်ပီလှတိုးကဝင်ရောက်၍ မေးလိုက်သောကြောင့် ကိုရန်ပိုင်က–

“ဘာလဲကိုလှတိုး။ မိုလ်တထောင်ငမိုးနဲ့ ဓားငတင်တို့နှစ်ယောက်ကို ပြောတာလား”

“ဟုတ်တယ်ကိုရန်ပိုင်”

“ဒီနှစ်ကောင်ကိုတော့ ခင်ဗျားတို့စီအိုင်ဒီကို ခေါ်သွားကြပေတော့ဗျာ”

“ကောင်းပါပြီ ကိုရန်ပိုင်”

စီအိုင်ဒီမှကားများ ထွက်ခွာသွား၍ အချိန်အတော်လေး ကြာတော့မှပင် စုံထောက်ရန်ပိုင်သည် ကောင်းစွာသတိရနေပြီဖြစ်သည့်





မြိုင်အား နှုတ်ဆက်ကာ လင်းနောင်အား ခေါ်ဆောင်လျက် အိုင်ပီဦးဒီပါ၏ ဖို့ဒ်ကားလေးဖြင့် သူ၏အိမ်ဂေဟာဆီသို့ဦးတည်၍ ထွက်ခွာလာခဲ့ကြပါတော့သတည်း။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၀)

"ကိုလင်းနောင် လက်ဖက်ရည်သောက်ပါဦးဗျ။ ပေါင်မုန့်မီးကင်လည်းစားဦး။ ပြီးတော့ ဟောဒီမှာ ခင်ဗျားကြိုက်တဲ့ စဟိုင်လိုစ်းကာရက်"

စုံထောက်ရန်ပိုင်သည် တရားခံဖြစ်သူလင်းနောင်အား သူ၏အခန်းသို့ခေါ်ဆောင်လာခဲ့ပြီးလျှင် ညှိကောင်းဆောင်သည် တစ်ဦးနှယ် ညှို့ဝတ်ပြုနေခြင်း ဖြစ်ပါလေ၏။

အိုင်ပီဦးဒီပါက ကုလားထိုင်တွင်ထိုင်ကာ ဆေးပြင်းလိပ်ခဲလျက်ဖြင့် စိတ်ထားမွန်မြတ်လှသော ကိုရန်ပိုင်အား တစိမ့်စိမ့်လှမ်းကြည့်၍နေပေသည်။ စုံထောက်ရန်ပိုင်က လင်းနောင်နှင့် မျက်နှာချင်းဆိုင်ခုံတွင် ထိုင်လျက်ရှိကာ ဂလေ့စီယာစ်းကရက်အား ဖွာရှိုက်လျက်ရှိနေလေသည်။

လင်းနောင်က သူ့အပေါ် ဖော်ဖော်ရွေရွေဖြင့် တရင်းတနှီးပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည့် စုံထောက်ရန်ပိုင်အား တအံ့တသြဖြင့် လှမ်းကြည့်မိလိုက်လေသည်။

"လုပ်ပါဦး ကိုလင်းနောင်ရဲ့။ စားပါသောက်ပါဦး။ ပြီးတော့မှ အမှုအကြောင်းတွေ ပြောကြတာပေါ့ဗျာ။ အေးအေးဆေးဆေးပေါ့"

စုံထောက်ရန်ပိုင်သည် လင်းနောင် သူ၏အခန်းသို့ ရောက်သည်နှင့်ပင် ခတ်ထားသောလက်ထိတ်အား ဖြုတ်ပေးလိုက်လေ၏။

"ကျုပ် ခင်ဗျားကိုယုံကြည်ပါတယ် ကိုလင်းနောင်။ ခင်ဗျား လွတ်လွတ်လပ်လပ် နေလို့ရအောင်လို့ပါ"

"ကျေးဇူးတင်ပါတယ် ကိုရန်ပိုင်"

အိုင်ပီဦးဒီပါသည် စုံထောက်ရန်ပိုင် လုပ်ကိုင်နေသည်များအား ကြည့်ရှုကာ ခေါင်းတညိတ်ညိတ်ဖြင့် ရှိနေလေသည်။ လူသတ်မှုတွေ ဆက်တိုက်ကျူးလွန်ထားသည့် တရားခံတစ်ယောက်အပေါ် အညှိုးအာဃာတမထားဘဲ မိတ်ကောင်းဆွေကောင်း တစ်ယောက်နှယ် ဆက်ဆံနေသည့် စုံထောက်ရန်ပိုင်၏ မြင့်မြတ်သည့်စိတ်ထားကိုလည်း မချီးကျူးဘဲမနေနိုင်အောင် ဖြစ်မိရလေသည်။

"အိုင်ဆေးကတော့လေ တကယ်ပါပဲဗျာ။ ဟင်းဟင်း"

"ရယ်မနေနဲ့အိုင်ပီရေ...ခုလောက်ဆို အိုင်ပီပြန်မလာသေးလို့ ဒေါ်ဒေါ်မြတော့ မီးမီးလောင်နေရောပေါ့။ ညဆယ့်တစ်နာရီကျော်နေပြီ အိုင်ပီရဲ့"

စုံထောက်ရန်ပိုင်က ထိုသို့ပြောလိုက်သည်တွင် အိုင်ပီဦးဒီပါမှာ တဟားဟားရယ်မောလိုက်ပြီးနောက်-

"မီးလင်းမှပြန်လာမယ်လို့ ပါမစ်ယူလာခဲ့ပြီးသားပါ အိုင်ဆေးရာ။ ဒုန့်ဝါရီဒုန့်ဝါရီ...ဟားဟားဟားဟား..."





အိုင်ပီဦးဒီပါ အူမြူးလျက်ရှိနေပေ၏။

နံနက်မိုးလင်းသည်နှင့် စုံထောက်မင်းကြီး၏ 'ဖဲရီးကလဲဗား ဖဲရီးဂွဒ်လူကလေး...'တွေ မိုးမွှန်နေတော့မည့်စကားသံတွေကို ကြိုတင်ကြားယောင်နေမိလေ၏။

"ဟောဗျာ...ကိုလင်းနောင် မုန့်စားဦးလေဗျာ"

"မစားတော့ဘူး ကိုရန်ပိုင်။ ကျုပ် စားချင်စိတ်လည်း မရှိတော့ဘူး"

"ဗျာ..."

"ဟုတ်တယ် ကိုရန်ပိုင်။ မြိုင် ကျုပ်ကို မုန်းတီးသွားပြီဗျ။ နားလည်သွားပြီဗျ။ အဲဒါ ကျုပ်အသည်းအနာဆုံးပဲဗျာ။ ဒီမယ် ကိုရန်ပိုင် ..ကျုပ်ယောကျ်ားပါဗျာ။ လုပ်ရဲရင်ခံရဲပါတယ်ဗျ။ ဒီလူသတ်မှုတွေနဲ့ ကျုပ်ဟာ စက်တိုင်ရလိမ့်မယ်ဆိုတာ သိပါတယ်ဗျာ။ ဒါကို ကျုပ်ဂရုမစိုက်ပါဘူး။ မြိုင် မုန်းသွားတာကိုပဲ ရင်မှာနာကျင်နေမိတယ် ကိုရန်ပိုင်ရယ်"

ပြောရင်းအပြီးတွင် လင်းနောင်သည် စတိုင်လိုစီးကရက်အားအားရပါးရ ဖွာရှိုက်၍နေလေ၏။ စုံထောက်ရန်ပိုင်က မျက်လုံးများကို မှေးစင်းလျက်သားဖြင့် လင်းနောင်အား တစ်ချက်လှမ်း၍ကြည့်လိုက်ကာ-

"အေးဗျာ ကိုလင်းနောင်။ ကျွန်တော်လည်း တာဝန်အရ လုပ်ရကိုင်ရပေမယ့် စိတ်ထဲမှာတော့ မကောင်းလှပါဘူးဗျာ။ ခင်ဗျားတို့ ချစ်သူနှစ်ဦးကို ကြည့်ပြီးတော့လည်း ကျုပ် ခံစားရပါတယ်ဗျာ။ ကိုယ်ချင်းလည်း စာနာမိပါတယ်။ ဒါပေမဲ့ကိုလင်းနောင်ရယ်၊ ဂျူအဲ အစ်စ်ဂျူတီ မဟုတ်လားဗျ။ ကျုပ်ကို ခွင့်လွှတ်ပါဗျာ ကိုလင်းနောင်"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်တာ ကိုရန်ပိုင်ရယ်။ ကျုပ် နားလည်မှုရှိပါဘယ်ဗျာ"

လင်းနောင်သည် စတိုင်လိုစီးကရက်တို နှင်းချေလိုက်ပြီးလျှင် စုံထောက်ရန်ပိုင်အား စူးစိုက်၍ တစ်ချက်ကြည့်လိုက်ရာက-

"ဒီမယ် ကိုရန်ပိုင်"

"ဗျာ…"

"ကျုပ် ရှင်းရှင်းပဲပြောမယ်ဗျာ။ ခင်ဗျားလို လူတစ်ယောက်ရဲ့ လက်ထဲမှာ အဖမ်းခံရတာကို ကျုပ်ကျေနပ်ပါတယ်။ ဒါပေမဲ့ အဲဒီလိုမျိုး ဖြစ်သွားရတာကလည်း ကျုပ်ရဲ့ မြင်းကို သံယောဇဉ်တွယ်နေမိလို့ဗျ။ သိလား…ကျုပ် အလွတ်ရုန်းထွက်သွားရင် ရပါတယ်ဗျာ ကိုရန်ပိုင်ရဲ့။ အဲဒါကိုကော ခင်ဗျားယုံရဲ့လား ကိုရန်ပိုင်"

စုံထောက်ရန်ပိုင်က အသာခေါင်းညိတ်လိုက်ပြီးနောက်-

"ဟုတ်တာပေါ့ ကိုလင်းနောင်ရယ်. ဘုရားလောင်း ဥဒေါင်းမင်းတောင် 'မ'အတွက်ကြောင့် ညွှတ်ကွင်းမိခဲ့ရသေးတယ် မဟုတ်လားဗျ။ ကျုပ် ခင်ဗျားရဲ့အရည်အသွေးကို ရိပ်စားမိပါတယ် ကိုလင်းနောင်ရယ်"

"ကျေးဇူး ကိုရန်ပိုင်"

ထိုစဉ် သူတို့နှစ်ယောက်ဆီသို့ အိုင်ပီဦးဒိပါလျှောက်၍လာကာ-

"အိုင်ဆေးတို့ရေ ဒီအတိုင်းဆိုရင် ခင်ဗျားတို့ အင်ထရိုဝင်နေတာနဲ့ပဲ မိုးလင်းသွားလိမ့်မယ်ဗျ"

ဟု ဝင်၍ပြောလိုက်လေရာ စုံထောက်ရန်ပိုင်က-

"ဟုတ်ပါရဲ့။ ကျုပ်တို့လည်း စကားကောင်းနေလိုက်ကြတာ ကိုလင်းနောင်…"

"ဗျာ…"





စုံထောက်ရန်ပိုင်၏ စူးရှသည့်အကြည့်တစ်ချက်က လင်းနောင်၏ မျက်နှာဆီသို့ ကျရောက်လာလေသည်။

"ကျုပ် ခင်ဗျားကျူးလွန်တဲ့အမှုတွေနဲ့ ပတ်သက်ပြီး အားလုံးကို တိတိကျကျ၊ သေသေချာချာ သိရှိပြီးခဲ့ပြီဆိုတာ ခင်ဗျားယုံ။ ဘယ်လိုမှလည်း ခင်ဗျားငြင်းနိုင်မယ်မဟုတ်ဘူး ကိုလင်းနောင်။ ခင်ဗျား ဘာ့ကြောင့် အဲဒီလူသတ်မှု ကျူးလွန်ခဲ့ရတယ်ဆိုတာ ကျွန်တော် စုံစမ်းသိရှိပြီးခဲ့ပြီ။ သက်သေအထောက်အထားတွေ ရပြီးခဲ့ပြီ။ ဒီမှာ ကြည့်ပါဦး ကိုလင်းနောင်ရဲ့…ဘာလဲဆိုတာကို"

စုံထောက်ရန်ပိုင်က ပြောပြောဆိုဆိုဖြင့် သူ၏ကုတ်အင်္ကျီအိတ်ထဲတွင် ထည့်ထားသည့် စာအုပ်လေးတစ်အုပ်အား ဗုန်းခနဲဖြင့် စားပွဲပေါ်သို့ ပစ်တင်လိုက်လေသည်။

လင်းနောင်မှာ ထိုစာအုပ်လေးကိုကြည့်ပြီး ပြုံးပြုံးပျာပျာ ဖြစ်သွားရာက-

"ဟင်…ဒါ…ဒါ"

"ဟုတ်ပါတယ် ကိုလင်းနောင်…ဒါ ခင်ဗျားအဖေ ကိုရေချမ်းရဲ့ ဒိုင်ယာရီစာအုပ်လေးပါ။ ကျုပ်ရဲ့ နှင်းဂျားလေးတွေက ကျုပ်ဆီကို ဆောင်ကြဉ်းလာနိုင်ကြတယ်လေဗျာ။ ဒါက ခင်ဗျားရဲ့ နောက်ကြောင်းပဲပေါ့"

"တော်ပါပေတယ် ကိုရန်ပိုင်ရယ်"

လင်းနောင်သည် သူ့အား ဖမ်းဆီးကာ ကြိုးစင်ပို့ပေးမည့် စုံထောက်ရန်ပိုင်အား ချီးကျူးမိလေသည်။ စုံထောက်ရန်ပိုင်ကလည်း-

"တကယ်တော့ ခင်ဗျားလည်း လူတော်တစ်ယောက်ပါ ကိုလင်းနောင်။ နေရာမှားပြီး တလွဲအသုံးချခဲ့မိတာ"



www.burmeseclassic.com

www.burmeseclassic.com



"ထားပါတော့ ကိုရန်ပိုင်ရယ်။ ကိုယ့်အကြောင်းနဲ့ကိုယ် ဆိုတာလိုပေါ့။ တကယ်တော့ လောကကြီးထဲမှာ လူဆိုးဖြစ်ချင်တဲ့သူ ဘယ်မှာရှိမလဲဗျာ။ အကြောင်းကံ ပံ့ပိုးပေးမှုတွေကြောင့် သူတို့တစ်တွေဟာ ဆိုးသွမ်းသွားခဲ့ရတာပါ"

လင်းနောင်သည် ထိုစကားကို ဆိုပြီးနောက် အဝေးတစ်နေရာဆီသို့ ရီဝေစွာဖြင့် ငေးကြည့်နေလေသည်။ စုံထောက်ရန်ပိုင်က ဂလေစီယာစီးကရက် တစ်လိပ်ထုတ်ကာ မီးညှိလိုက်ပြီး-

"ကဲ...ကိုလင်းနောင်ရေ့ခင်ဗျား‌ရဲ့ ဖွင့်ဟဝန်ခံချက်လေးတွေ ကြားပေါ့ရစေလားဗျာ။ အိုင်ပီ...အိုင်ပီက တစ်ချိန်မှာ စာရေးဆရာလုပ်မယ့်လူဆိုတော့ ကိုလင်းနောင် ပြောသမျှတွေကို လိုက်မှတ်ပြီး မှတ်တမ်းယူထားပေတော့ အိုင်ပီရေ..."

"ကောင်းပါပြီ ကိုရန်ပိုင်ရယ်...ကျုပ်ဘက်က အသင့်ပါပဲဗျာ"

အိုင်ပီဦးဒီပါက သူ၏ ဂျာကင်အင်္ကျီအိတ်ထဲမှ မှတ်စုစာအုပ်လေးကို ထုတ်လိုက်ပါတော့သတည်း။

* * *



"တကယ်တော့ ဒီစာတွေကို ကျွန်တော့်အဖေ
တမ်းတစိတ်နဲ့ ရေးခဲ့တာပါ ကိုရန်ပိုင်။
ကျွန်တော်ငယ်ငယ်က အဖေ့လက်ကိုတွဲပြီး
အဲဒီသံချပ်တွေကို သီဆိုခဲ့ဖူးတယ်လေ။
ဒါကို သတိရမိလို့ပါပဲ"

"ခင်ဗျား ခိုင့်ကိုသတ်ပြီးရင်
အမောပြေအောင် တိုက်ပါ့မယ်ဆိုတဲ့စာကို
ဘယ်လိုရေးမလဲ ကိုလင်းနောင်"

စုံထောက်ရန်ပိုင်၏ အမေးစကားကြောင့်...

www.burmeseclassic.com

www.burmeseclassic.com

## လင်းနောင်၏ ဖွင့်ဟဝန်ခံချက်

လင်းနောင်ဆိုတာ ကျွန်တော့်ရဲ့နာမည်ရင်းပါ။ ကျွန်တော့်ကို စဉ့်ကူးနယ်ထဲက မြစိမ်းဆိုတဲ့ ဧရာဝတီမြစ်ကမ်းနဘေးက ရွာကလေးမှာ မွေးဖွားခဲ့ပါတယ်။ ကျွန်တော့်ရဲ့အဖေက ကိုရေချမ်း၊ အမေက မပန်းမှုံတဲ့။ အဖေ အမေတို့က ကျွန်းတောင်သူတွေပေါ့။ မြေပဲတို့၊ ပြောင်းတို့၊ ဖရဲတို့ စိုက်ပျိုးရောင်းချကြပါတယ်။ ကျွန်တော် ငါးနှစ်သားအရွယ်လောက်ရောက်တော့ အဖေက ကျွန်တော့်ကို ရွာဦးဘုန်းတော်ကြီးကျောင်းမှာ အပ်နှံပေးပါတယ်။

ရွာကျောင်းဆရာတော်က ကျွန်တော့်ရဲ့ဇာတာကို တွက်ချက်ကြည့်ပြီး ဘာပြောလဲဆိုတော့ “ဟဲ့…ရေချမ်းတို့၊ ပန်းမှုံတို့၊ နင်တို့သား ဘယ်ခေလို့လဲ။ ကြီးလာရင် ကောင်းစားလိမ့်မယ်။ နာမည်ကျော်လိမ့်မယ်ကွဲ့။ ဒါပေမဲ့ မင်းပြစ်မင်းဒဏ်လည်း သင့်တတ်သတဲ့။ ဂရုစိုက်ကြ…ဂရုစိုက်ကြ”တဲ့ဗျ။ အဲဒီလိုနဲ့ မြစိမ်းရွာလေးမှာ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



အသက် ဆယ်နှစ်လောက်အထိ နေလာပြီးတော့မှ အဖေ အမေတို့က ရေကြည်ရာမြက်နုရာဆိုသလို 'လက်ပံလှ'ဆိုတဲ့ ဒေသလေးကို ပြောင်းရွှေ့လာခဲ့ကြပြန်တယ်။

လက်ပံလှဆိုတာက မန္တလေး စဉ့်ကူး၊ မိုးကုတ်သွားတဲ့ကားလမ်းပေါ်က ရွာကြီးတစ်ရွာပါ။ ကားတွေရပ်နားကြတဲ့ စခန်းတစ်ခုဖြစ်တာကြောင့် စည်စည်ကားကား ရှိလှပါတယ်။ လက်ပံလှရောက်တဲ့အခါမှာ အဖေတို့က ကားဂိတ်တစ်နေရာမှာ ထမင်းဆိုင်လေး ဖွင့်ကြ တယ်။ ဆိုင်လေးနာမည်ကိုလည်း မှတ်မိနေပါသေးတယ်။ ဘာတဲ့...'ရွှေလမ်း'အဝစား ထမင်းဆိုင်တဲ့ဗျ။ ဆိုင်လေးက ဖြိုးဖြိုးဖြောက်ဖြောက်နဲ့ ရောင်းလို့မဆိုးလှပါဘူး။ အဲဒီအချိန်မှာ ကျွန်တော်က လေးတန်းရောက်နေပြီ ထင်ပါတယ်။

ကျွန်တော်တို့ မိသားစုသုံးယောက်ဟာ လက်ပံလှမှာ ပျော်ပျော်ရွှင်ရွှင် ရှိနေကြတယ် ဆိုပါတော့ခင်ဗျာ။ အဲဒီလိုနေတုန်း တစ်နေ့မှာ အဖေဟာ 'ဘထိုက်'ဆိုတဲ့ လူတစ်ယောက်ကို အိမ်ခေါ်လာခဲ့တယ်။ ဘထိုက်ဟာ အဖေ့ရဲ့သူငယ်ချင်းတဲ့။ အဖေက အမေ့ကို ပြောတာတွေ ကျွန်တော် မှတ်မိနေပါသေးတယ်။

"ပန်းမှုံ...ဒါ ကိုရေချမ်းရဲ့သူငယ်ချင်း ဘထိုက်တဲ့။ ဒီကောင်ကြီးက မိုးကုတ်တက်ပြီး ကျောက်သွားတူးမလို့တဲ့လေ။ အဲဒါ ဒီကောင်ကြီးနဲ့အတူ ကိုရေချမ်းလိုက်သွားမလို့။ ဘယ့်နှယ်လဲ မပန်းမှုံ ဟင်...ကိုရေချမ်းတော့ စွန့်စားကြည့်ချင်ဟယ်ကွယ်။ စွန့်မှစားရမှာ မဟုတ်လား။ ဒီအတိုင်းကြီးသွားလို့ကတော့ ကိုရေချမ်းတို့ ဆင်းရဲတွင်းက ရုန်းထွက်နိုင်မယ်မထင်ဘူး မပန်းမှုံရယ်။ ကိုရေချမ်းလိုက်သွားမယ်နော်။ ဒါမှ သားလေးကိုလည်း အင်္ဂလိပ်ကျောင်း ထားနိုင်မှာကွဲ့"





အဲဒီလိုနဲ့ အဖေဟာ အမေဝတ်ဆင်ထားတဲ့ ရွှေတိုရွှေစလေးတွေ ထုခွဲရောင်းချပြီး ဘထိုက်ဆိုတဲ့လူနဲ့ မိုးကုတ်ကိုတက်သွားခဲ့ပါတယ်။ မသွားခင်ညက ကျွန်တော့်ကို အဖေပြောခဲ့တာတွေလည်း ကျွန်တော် အခုထိ မှတ်မိနေတုန်းပါပဲ။

"သားလူလေး လင်းနောင်...စာကြိုးစားနော်။ အဖေပြန်လာရင် ပိုက်ဆံတွေ အများကြီးပါလာမှာ သားရဲ့။ သားကို အဖေ အင်္ဂလိပ်ကျောင်းမှာ ပြောင်းအပ်ပေးမယ် သိလား"တဲ့။

အဖေသွားတော့ 'လက်ပံလှ'မှာ အမေနဲ့ကျွန်တော် နှစ်ယောက်တည်း ကျန်ရစ်ခဲ့ကြတော့တာပေါ့။ ပထမတော့ အမေလည်း တောက်တိုမည်ရ အလုပ်လေးတွေလုပ်ပြီး အဖေ့ကို စောင့်ရှာပါသေးတယ်။ ဒါပေမဲ့ ရာသီစက်ဝန်းသာ တစ်ပတ်လည်သွားခဲ့ပေမယ့် အဖေပြန်ရောက်မလာခဲ့ဘူး။ အဖေ့ဆီက ဘာအဆက်အသွယ်မှလည်းမရ၊ သားအမိနှစ်ယောက်ရဲ့ စားသောက်ရေးကလည်း တဖြည်းဖြည်း ခက်ခဲလာတာကြောင့် ကျွန်တော်တို့သားအမိ မြစိမ်းရွာကလေးကို ပြန်လာခဲ့ကြတယ်။ ဒီလိုနဲ့ မြစိမ်းမှာ နောက်ထပ် လေးငါးခြောက်လကြာမြင့်သွားခဲ့ပြန်တယ်။ အဖေ့သတင်း အစအန မရခဲ့ကြဘူး။ အမေကတော့ မျက်ရည်လေး စမ်းစမ်းစမ်းစမ်းနဲ့ ကျွန်တော့်ကို ပြောရှာပါတယ်။

"သားလူလေး...အမေ အိပ်မက်တွေ မကောင်းဘူးသားရယ်။ သားရဲ့အဖေ ကိုရေချမ်း နေမှကောင်းရဲ့လား၊ အသက်ရှင်ရက် ရှိသေးရဲ့လားဆိုတာတောင် မသိတော့ပါဘူးသားရယ်"

ကျွန်တော်တို့သားအမိ အဖေ့ကို တမ်းတနေကြတုန်း၊ မျှော်နေကြတုန်း တစ်ညမှာ အဖေ ကျွန်တော်တို့ဆီ ပြန်ရောက်လာခဲ့ပါတယ်။ အဖေ့ရဲ့ရုပ်သွင်ဟာ မမှတ်မိနိုင်တော့လောက်အောင်ကို ပျက်ပြွမ်း



www.burmeseclassic.com

www.burmeseclassic.com



နေတော့တာပါပဲ။ လူက ပိန်ပိန်ခြောက်ခြောက်၊ မျက်တွင်းက ဟောက်ပက်နဲ့ ခပ်ယဲ့ယဲ့ပဲ အဖေရှိပါတော့တယ်။

“ဟင်…ကိုရေချမ်း။ ရှင် ဘယ်လိုဖြစ်လာတာလဲ တော်ရဲ့”လို့ အမေက မေးလိုက်တဲ့အခါ အဖေ့ဆီက နာနာကြည်းကြည်းနဲ့ ခေါက်လိုက်တဲ့ တောက်ခေါက်သံတစ်ချက်နဲ့အတူ စကားသံတွေ ထွက်ပေါ်လာခဲ့ပါတယ်။

“တောက်…သစ္စာဖောက် ဘထိုက်။ ခွေးမသား… ဒီကောင် လူယုတ်မာ မပန်းမှုံရဲ့။ မိုးကျုတ်ရောက်ပြီးလို့ တစ်နှစ်လောက်ကြာတဲ့အခါ ကိုရေချမ်းနဲ့သူ စပ်တူလုပ်ကြတဲ့ ကျောက်တွင်းက အရည်အသွေးကောင်းတဲ့ ပတ္တမြားတစ်ပွင့် ရရှိခဲ့ကြတယ်။ ရရချင်းပဲ မိုးကုတ်က သူဌေးတစ်ယောက်က သုံးသိန်းပေးဝယ်ပါတယ်။ ကိုရေချမ်းက ရောင်းလိုက်ချင်ပေမယ့် ဘထိုက်က ပေးတဲ့ဈေး နည်းတယ်။ မန္တလေး ဆင်းရောင်းမယ်လို့ ပြောတယ်။ ဒါနဲ့ ဂျစ်ကားတစ်စီးငှားပြီး မန္တလေး ဆင်းလာခဲ့ကြတယ်။

ဒီကောင်က အကြံသမားဆိုတော့ လူပြတ်တဲ့ တောလမ်း တစ်နေရာလည်းရောက်ရော ကိုရေချမ်းကို ကားပေါ်က တွန်းချထားပစ်ခဲ့တာပဲ မပန်းမှုံ။ အဲဒီမှာ ကိုရေချမ်း ဒဏ်ရာဒဏ်ချက်တွေ ရရှိပြီး ဆေးအတော်လေးကို ကုယူခဲ့ရတယ်။ ဒဏ်ရာတွေ ပျောက်ကင်းမှပဲ မန္တလေးကို ဆင်းလာနိုင်ခဲ့တော့တယ်။ ဒါပေမဲ့ ဘထိုက်ကို မတွေ့ရတော့ပါဘူး။ ဒီကောင် ပတ္တမြားကို ငါးသိန်းနဲ့ရောင်းပြီး ရန်ကုန်လစ်သွားပြီတဲ့။ တောက်…ရိုင်းလိုက်လေ ဘထိုက်ရယ်။ မင်းကို တစ်သက်မကျေဘူးကွ သိလား”

အဖေဟာ စိတ်သာရှိတော့တာပါ။ လူက မဟန်နိုင်တော့ပါဘူး။





ဘထိုက်အပေါ် မကျေမချမ်းနဲ့ နေ့စဉ်ကြိမ်းမောင်းနေပေမယ့်လည်း ဘာမှ တတ်နိုင်တော့တာမှ မဟုတ်တာလေ။ နောက်တော့ အဖေဟာ စိတ်ထောင်းကိုယ်ကြေဖြစ်ပြီး ဗုန်းဗုန်းလဲတော့တာပါပဲ။ သိပ်ကြာကြာတောင် မခံလိုက်ပါဘူး။ အဖေဆုံးသွားခဲ့တယ်။ ပြီးတော့ အမေလည်း ဘာကြာလို့လဲ အဖေ့စိတ်နဲ့ အဖေ့နောက်ကို လိုက်သွားပါရောလား။

လောကကြီးထဲမှာ တစ်မျက်နှာ၊ တစ်ကောင်ကြွက်ဘဝနဲ့ ကျွန်တော် ကျန်ရစ်ခဲ့ရပါတယ်။ ဒါတွေ ဘာ့ကြောင့်ဖြစ်ရတာလဲလို့ သတ္တုချကြည့်လိုက်တဲ့အခါ ‘ဘထိုက်’ဆိုတဲ့ လူယုတ်မာကြောင့်လို့ ကျွန်တော်မြင်လာပါတယ်။ ဘထိုက်ဟာ ကျွန်တော်တို့မိသားစုရဲ့ ဘဝအိမ်လေးကို ဖြိုခွင်းလိုက်သူပါပဲ။ သူ့ကြောင့် အဖေသေခဲ့ရတယ်။ ရသင့်ရထိုက်တဲ့ ငွေကြေးတွေ မတရားအလုပ်ခံခဲ့ရတယ်။ ဘထိုက်ကို ကျွန်တော် နာကြည်းသထက် ပိုနာကြည်းလာတယ်။

ဘထိုက်ရဲ့ရုပ်ရည်ကို မှန်းကြည့်တော့ ဝိုးတဝါးပဲဗျ။ အတိအကျ မမှတ်မိဘူး။ အသားညိုတာရယ်၊ အရုပ်မြင့်တာရယ်၊ နှုတ်ခမ်းမွေး ပါတာရယ်လောက်ပဲ စိတ်မှာ စွဲနေမိတော့တယ်။

ဒါပေမဲ့ ကျွန်တော်ကလည်း စိတ်သာရှိနေတာပါလေ။ အရွယ်လေး မလောက်လေးမလောက်စားနဲ့ ဘထိုက်ကို ကျွန်တော် ဘာလုပ်နိုင်မှာလဲဗျာ။

ကျွန်တော့်ဘဝ တစ်ဆစ်ချိုးမှာ မန္တလေးကို ရောက်လာခဲ့ရပါတယ်။ ကျွန်တော့်အဖေရဲ့ အစ်ကိုဝမ်းကွဲက ကျွန်တော့်ကိုခေါ်ပြီး မွေးစားခဲ့တာပါ။ သူဟာ စန္ဒရားဆရာတစ်ဦးဖြစ်တာကြောင့် ကျွန်တော်လည်း သူ့ဆီမှာနေရင်းနဲ့ စန္ဒရားတီးတတ်လာခဲ့ပါတယ်။ ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



ပညာလည်း ရန်ကုန်ယူနီဗာစီတီထိ ရောက်လာခဲ့တာပေါ့။ ဒါပေမဲ့ ကျွန်တော့်စိတ်ထဲမှာ စွဲထင်နေခဲ့တဲ့ 'ဘထိုက်'ဆိုတဲ့ သူ့အပေါ် နာကြည်းချက်တွေကတော့ ပျောက်ပျက်လို့ မသွားခဲ့ပါဘူး။ ပိုလို့တောင် ခိုင်မာရင့်ကျက်နေကြတယ် ထင်ပါရဲ့။

ဒီလိုနဲ့ တစ်နေ့မှာ ကျွန်တော်ဟာ 'မြိုင်နန်းရိပ်မြုံ'အိမ်ကြီးက 'ခိုင်'ဆိုတဲ့ ကလေးမလေးကို ပီယာနိုသင်ပေးဖို့ ဖြစ်လာခဲ့တယ်။ အိမ်ကြီးရှင်ဖြစ်တဲ့ ဦးခိုင်ထွန်းနဲ့လည်း ဝင်ထွက်သွားလာရင်း သိကျွမ်းရင်းနှီးလာခဲ့ကြပါတယ်။ ကျွန်တော့်စိတ်ထဲမှာတော့ ဦးခိုင်ထွန်းကို မြင်ဖူးသလိုလို၊ သိဖူးသလိုလို ရှိနေခဲ့သား။ ဒါပေမဲ့ အစဖော်လို့ မရခဲ့ပါဘူး။

တစ်နေ့မှာတော့ 'မြိုင်နန်းရိပ်မြုံ'မိသားစု ကံဆိုးစေဖို့အကြောင်းက ဖန်လာခဲ့ပါတယ်။ ကျွန်တော် ခိုင့်ကို ပီယာနိုသင်အပြီးမှာ ဦးခိုင်ထွန်းနဲ့ စကားပြောဖြစ်ခဲ့ကြတယ်ဗျ။ ဦးခိုင်ထွန်းက ပြောပါတယ်။

"လူဆိုတာ တစ်ရွာမပြောင်း၊ သူကောင်းမဖြစ်ဆိုတာ သိပ်မှန်တာပေါ့ မောင်လင်းနောင်ရယ်။ တကယ်တမ်းကျတော့ ဦးတို့က ရန်ကုန်ဇာတိမဟုတ်ကြဘူးကွဲ့။ အထက်အညာကျေး စဉ့်ကူးနယ်ဘက်ကကွဲ့။ ပြီးတော့လည်း တစ်ဆက်တည်းပြောချင်တာက လူတစ်ယောက်မှာ နာမည်က တယ်အရေးပါတယ်ဆိုတာပဲ မောင်လင်းနောင်ရဲ့။ ဒါ ဦးရဲ့ ကိုယ်တွေ့ပဲလေကွာ။ ဦးရဲ့အရင်နာမည်က ဘထိုက်တဲ့။ လုံးဝ အကျိုးမပေးခဲ့ဘူး။ အခု ခိုင်ထွန်းဆိုတဲ့ နာမည်နဲ့မှ လူချမ်းသာဖြစ်လာခဲ့တာပဲ မောင်လင်းနောင်"

သူဟာ 'ဘထိုက်'ဆိုတာမှန်းလည်း သိလိုက်ရော၊ ကျွန်တော့်အသွေးအသားတွေဟာ ပေါက်ကွဲလုမတတ် ဆူဝေလာကြတယ်။ သူ့ကို





ရှေ့မှာတင် အမှုန့်ကြိတ်ပစ်လိုက်ချင်စိတ် ပေါ်လာမိပါရဲ့။ ဒါပေမဲ့ စိတ်ကိုထိန်းပြီး အခွင့်သာတဲ့တစ်နေ့မှာ ဦးခိုင်ထွန်းကို ကျွန်တော်ကိုယ်တိုင် လုပ်ကြံသတ်ဖြတ်ပစ်ခဲ့တာပါပဲ။ အဲဒီညက မိုးကြီးလေကြီးကျနေတယ်။ ကျွန်တော်အိမ်ကြီးပေါ်ကို သရက်ပင်ကြီးရဲ့ သစ်ကိုင်းတစ်ကိုင်းကနေ ကူးသွားခဲ့တယ်။ နောက်တော့ ဦးခိုင်ထွန်းကို စာကြည့်ခန်းထဲမှာ သွားတွေ့တယ်"

"ဟင်. မောင်လင်းနောင်"

"ဟုတ်ပါတယ် ဦးဘထိုက်"

"ဘာ ."

ကျွန်တော်က စတိုင်လိုစီးကရက်ကို ထုတ်သောက်ပြီး သူ့စားပွဲရှေ့မှာ ဝင်ထိုင်လိုက်ပါတယ်။ ပြီးတော့–

"ဒီမယ် ဦးဘထိုက် ကျွန်တော်ဟာ မြစိမ်းရွာက ကိုရေချမ်းနဲ့ မနှဲ့တို့ရဲ့သား"

"ဟင်..."

"ခင်ဗျားရဲ့ ယုတ်မာကောက်ကျစ်မှုကြောင့် ကျွန်တော်တို့မိသားစု ဘဝပျက်ခဲ့ရပြီ။ အဲဒီအကြွေးကို အခုပေးဆပ်ဖို့ ကျွန်တော်လာခဲ့တာပဲ ဦးဘထိုက်"

ကျွန်တော် အဲဒီလိုပြောလိုက်ပြီး ဓားမြှောင်ကို ထုတ်လိုက်ပါတယ်။ ဦးခိုင်ထွန်းဟာ ကြောက်အားလန့်အားနဲ့ ကျွန်တော့်ကို ချမ်းသာပေးဖို့အကြောင်း တောင်းပန်ပါသေးတယ်။ ဒါပေမဲ့ ကျွန်တော်က–

"ဘယ်လိုလဲ ဦးဘထိုက်ရဲ့။ ခင်ဗျား ကိုယ့်အလှည့်ကျတော့ သွေးပျက်နေပြီလား...လူယုတ်မာကြီး ခွေးသေပေတော့"

"ဝှစ်"



www.burmeseclassic.com

www.burmeseclassic.com



"အား"

ကျွန်တော် သူ့ရဲ့ ဝဲဘက်ရင်အုံနေရာကို ဓားနဲ့ ပစ်ပေါက်လိုက်တော့တာပါပဲ။ ကျွန်တော်ကတော့ ကျွန်တော့်အဖေကိုယ်စား ကလဲ့စားချေနိုင်ခဲ့တာကြောင့် သိပ်ကို ကျေနပ်နှစ်သိမ့်နေမိတာပေါ့ခင်ဗျာ။

နောက်တော့ ကျွန်တော် လက်ရဲဇက်ရဲ ဖြစ်လာတယ်။ ပုဒ္ဓန်တောင်နဲ့ ဗိုလ်တထောင်ဘက်က လူမိုက်တွေနဲ့ပေါင်းပြီး ကြိုင်နဲ့ လှိုင်ကို ဆက်လက်သုတ်သင်ဖို့စီစဉ်ခဲ့ပါတယ်။ ကြိုင်နဲ့လှိုင်ကို သတ်ဖို့အတွက် ကျွန်တော်က စီစဉ်အကွက်ချ ညွှန်ကြားခဲ့ပြီး ကြိုင်ကို ဓားငတင်နဲ့ လှိုင်ကို ဗိုလ်တထောင်ငမိုးတို့က သတ်ဖြတ်ခဲ့ကြပါတယ်။

အငယ်ဆုံးမလေး 'ခိုင်'ကို သတ်ပြီးရင် ကျွန်တော့်ရဲ့ချစ်သူ 'မြိုင်'နဲ့ပျော်ပျော်ကြီးနေလိုက်မယ်လို့ အားခဲထားပေမယ့် အစစအရာရာ တော်လွန်း၊ ထက်မြက်လွန်းတဲ့ စီအိုင်ဒီက စုံထောက်ရန်ပိုင်ကြောင့် ကျွန်တော့်အစီအစဉ်တွေအားလုံး ပျက်သုဉ်းပြီး နောက်ဆုံး အနှလို အဖမ်းခံခဲ့တာပါပဲဗျာ"

လင်းနောင်သည် ပြော၍အပြီးတွင် စတိုင်လို စီးကရက်ကို တွင်တွင်ဖွာလျက် ရှိနေပါတော့သတည်း။

* * *

"နေပါဦး ကိုလင်းနောင်ရဲ့။ ကျုပ် ခင်ဗျားကို တစ်ခုမေးချင်ပါသေးတယ်"

စုံထောက်ရန်ပိုင်က ဂလေစီယာစီးကရက်ကို ခဲထားရင်းဖြင့် ပြောလိုက်သည်တွင် လင်းနောင်က–





"ဘာများလဲ ကိုရန်ပိုင်"

"ဩော်...ခင်ဗျား လူတစ်ယောက်ကိုသတ်ပြီးတိုင်း နံရံမှာသွေးနဲ့ ရေးထားခဲ့တဲ့စာတွေက ဘာသဘောများလဲလို့ဗျာ။ ခင်ဗျားဟာ ဦးခိုင်ထွန်းကို သတ်ပြီးတော့ 'ဘုန်းတော်ကြီးလို့သက်တော်ရှည်'လို့ ရေးခဲ့တယ်။ ကြိုင်ကိုသတ်ပြီးတဲ့အခါကျတော့ 'တို့ဓာစ်တွေ ရေချမ်းအိုးကြီးလို့ ရေးခဲ့ပြန်တယ်။ တစ်ခါ လှိုင့်အလှည့်ကျတော့ 'ဖန်ပြာခွက်နဲ့ ကျောက်စက်ရေ'လို့ ရေးသားပြန်တယ်"

"တကယ်တော့ ဒီစာတွေကို ကျွန်တော့်အဖေ တမ်းတစိတ်နဲ့ ရေးခဲ့တာပါ ကိုရန်ပိုင်။ ကျွန်တော်ငယ်ငယ်က အဖေ့လက်ကိုတွဲပြီး အဲဒီသံချပ်တွေကို သီဆိုခဲ့ဖူးတယ်လေ။ ဒါကို သတိရမိလို့ပါပဲ"

"ခင်ဗျား ခိုင့်ကိုသတ်ပြီးရင် 'အမောပြေအောင် တိုက်ပါ့မမ' ဆိုတဲ့စာကို ဘယ်လိုရေးမလဲ ကိုလင်းနောင်"

စုံထောက်ရန်ပိုင်၏ အမေးစကားကြောင့် လင်းနောင်တစ်ချက် ရယ်သွမ်းသွေးလိုက်ပြီးလျှင်–

"ကျွန်တော် ခိုင့်ကို မွေးနေ့လက်ဆောင်ပေးတဲ့ ရိုးလက်စ်နာရီလေးရဲ့နောက်မှာ ရေးထားခဲ့ပြီးသားပါဗျာ"

"ဟုတ်လား ကိုလင်းနောင်"

လင်းနောင်က အသာခေါင်းညိတ်၍ ပြလိုက်လေသည်။

အိုင်ပီဦးဒီပါသည် ဆေးပြင်းလိပ်ခဲကာ တစ်ချိန်လုံး ငြိမ်သက်နေရာမှ စုံထောက်ရန်ပိုင်အား လှမ်းကြည့်လိုက်ကာ–

"အိုင်ဆေးရ၊ ကျုပ်လည်း မရှင်းတာလေးတွေ မေးချင်သေးလို့"

"ဘာမေးမှာလဲ ဦးရဲ့"

"မွေးနေ့ညခံပွဲမှာ ကိုလင်းနောင်က ခိုင့်ကို လုပ်ကြံလိမ့်မယ်လို့ ဘယ်လိုသိခဲ့တာလဲ ကိုရန်ပိုင်"



www.burmeseclassic.com

www.burmeseclassic.com



စုံထောက်ရန်ပိုင်က ဂလေစီယာစီးကရက်ကို ရှိုက်ဖွာလိုက်ပြီး နောက်–

"ကိုလင်းနောင်ကို ကျွန်တော်တို့ စောင့်ကြည့်နေကြတယ်ဆိုတာ အိုင်ပီ သိပါတယ်။ ခိုင့်မွေးနေ့မတိုင်ခင် နှစ်ရက်အလိုမှာ ကိုလင်းနောင်ဟာ ရိုးစ်ကုမ္ပဏီကနေ အင်မတန် တန်ဖိုးကြီးမားလှတဲ့ နောက်ဆုံးပေါ် ရိုးလက်စ်(ROLEX) ရွှေရောင် မိန်းမပတ်နာရီလေးကို ဝယ်သွားတယ်ဆိုတာ သိခဲ့ရပါတယ်။ သတင်းစာတွေထဲမှာ ရိုးလက်စ်နာရီ ကြော်ငြာတဲ့အခါ 'ညတွင်ကြည့်နိုင်ရန်အတွက် ဒိုင်ခွက်နဲ့နာရီလက်တံများတွင် ဖော့စ်ဖရပ်(မီးစုန်း)များ ထည့်သွင်းထားပါသည်'ဆိုတဲ့ စာကို ကျွန်တော်အမှတ်ရမိလိုက်တယ် အိုင်ပီ။ အဲဒါနဲ့ ဆက်စပ်တွေးကြည့်တဲ့အခါ ကိုလင်းနောင်ဟာ စိတ်ကူးစိတ်သန်းကောင်းတဲ့ အနုပညာသမားတစ်ဦး ဖြစ်တယ်ဆိုတဲ့အသိနဲ့ သူဘာတွေ လုပ်နိုင်တယ်ဆိုတာ စဉ်းစားကြည့်မိတယ် အိုင်ပီ"

"ဟုတ်ကဲ့ ကိုရန်ပိုင်"

"ကျွန်တော်တို့ တောခြောက်ထားခြင်းခံရတဲ့ ကိုလင်းနောင်ဟာ ဒီပွဲမှာ ခိုင့်ကိုရှင်းမယ်ဆိုတာ ကျွန်တော်တွေးမိတယ်။ သူဘယ်လိုရှင်းမလဲ စဉ်းစားတော့ ဖြန်းဆို ဦးနှောက်ထဲမှာ ပေါ်လာတယ်။ မွေးနေ့ပွဲမှာ သူဟာ ခိုင့်ကို နာရီလက်ဆောင်ပေးမယ်။ ပြီးရင် မီးတွေဖြတ်တောက်ပစ်လိုက်မယ်။ မှောင်အတိကျသွားမယ်။ ဒါပေမဲ့ ခိုင့်ရဲ့ လက်မှာ မီးစုန်းပါတဲ့နာရီလေး ဝတ်ထားတာကြောင့် ခိုင် ဘယ်မှာရှိတယ်ဆိုတာ သူမြင်နေရတယ် အိုင်ပီရဲ့။ ခိုင့်ကို သေနတ်ထုတ်ပြီး ပစ်လိုက်ရုံပေါ့ အိုင်ပီရယ်"

"အား…ဟုတ်လိုက်လေ ကိုရန်ပိုင်ရယ်။ သိပ်ကို တော်ပါပေတယ်ဗျာ"





"ဒါ့ကြောင့် ကျွန်တော်က ဂျင်နုရေတာတွေ ကားပေါ်မှာ တင်ယူလာခဲ့ပြီး ခိုင့် အနားမှာ ကြိုတင်နေရာယူထားခဲ့တာပဲ အိုင်ပီ။ တကယ်တမ်း ကျွန်တော်တွေးထင်ထားတဲ့အတိုင်း ဖြစ်ခဲ့တာပဲ မဟုတ်လား အိုင်ပီရဲ့"

"ဟုတ်ပါတယ် ကိုရန်ပိုင်ရယ်… ဟုတ်ပါတယ်။ ခင်ဗျားကို မင်းကြီးကတော့ 'ယူအာ ဗဲရီးကလဲဗား ဗဲရီးဂွဒ်လူကလေး'တွေ မိုးမွှန်အောင် ချီးကျူးတော့မှာပဲဗျို့"

"ဒါပေါ့ အိုင်ပီရယ်။ အထက်အရာရှိ မျက်နှာဖြူတွေဟာ လိုတစ်မျိုး၊ မလိုတစ်မျိုးတွေချည့်ပါပဲ။ ကျွန်တော် လုံးဝမတုန်လှုပ်ပါဘူး အိုင်ပီ။ ဒါတွေဟာ လောကဓံတရားတွေပါပဲ အိုင်ပီရယ်"

"ဪ…အိုင်ဆေးရေ မနက်ငါးနာရီတောင် ထိုးနေပြီဗျ။ မင်းကြီး မျှော်လှရောမယ် …သွားကြစို့ရဲ့"

"ဟုတ်ကဲ့အိုင်ပီ။ ကဲ–ကိုလင်းနောင်ရေ ဘယ်လိုမှ မအောင်းမေ့နဲ့ဗျာ။ ခင်ဗျားကို လက်ထိတ်ခတ်ပြီး စီအိုင်ဒီကို ခေါ်သွားရလိမ့်မယ်ဗျာ။ အိပ်စ်ကျူ့စ်မီ"

"ကျုပ် သဘောပေါက်ပါတယ် ကိုရန်ပိုင်။ ဂျူတီအက်စ် ဂျူတီပဲ ဗျာ"

"ဟုတ်ပါ့…ဟုတ်ပါ့…"

ထိုစကားကို အိုင်ပီဦးဒီပါက ဝင်ပြောလိုက်ခြင်းပင် ဖြစ်ပါတော့သတည်း။

မကြာမီမှာပင် ဖို့ဒ်ကားလေးတစ်စီးသည် နံနက်ဝေလီဝေလင်း အလင်းရောင်အောက်ဝယ် အင်းစိန်ဘက်ဆီသို့ ဦးတည်ကာ မောင်းနှင်လျက်ရှိသည်ကို မြင်တွေ့ရလေ၏။ ထိုကားလေးထဲမှ စကားသံများ ထွက်ပေါ်လာကြသည်မှာ–



www.burmeseclassic.com

www.burmeseclassic.com



"အိုင်ပီ…အိုင်ပီက တစ်ချိန်မှာ စာရေးဆရာ လုပ်မယ်ဆိုတော့ အခုအမှုကို ဘယ်လိုခေါင်းစီးပေးပြီး ရေးမလဲအိုင်ပီရဲ့ လုပ်ပါဦး"

"အထင်သေးလို့ ကိုရန်ပိုင်ရယ်…ကျုပ် ခေါင်းထဲမှာ စဉ်းစားတောင် ပြီးနေပြီဗျ"

"တယ်ဟုတ်ပါလား အိုင်ပီရဲ့။ ဘာတဲ့တုံး ပြောပါဦး"

"ဒီလိုဗျ။ ကျုပ်ပေးတဲ့နာမည်က 'စုံထောက်ရန်ပိုင်နှင့်ကြိုင်လှိုင်ခိုင်လုံးရယ်'တဲ့"

"ခင်ဗျာ…။ စုံထောက်ရန်ပိုင်နှင့်ကြိုင်လှိုင်ခိုင်လုံးရယ် ဟုတ်လား အိုင်ပီ"

"ဟုတ်ပါ့…ဟုတ်ပါ့"

"ဟား ဟား ဟား ဟား… တယ်ကောင်းတဲ့ နာမည်ပါလား အိုင်ပီရယ်။ ဂွဒ်တယ်အိုင်ပီ ဂွဒ်တယ်"

"ဂွဒ်ရမယ်လေဗျာ… ဟား ဟား ဟား ဟား ဟာ."

နံနက်ခင်း၏လေပြည်ထဲဝယ် ရယ်မောသံလေးများက လွင့်ပျံ၍ နေကြပါလေတော့သတည်း။

**"ပြီးပါပြီ"**

**တိုးထက်**



## ရန်အောင်စာပေမှမှာယူရရှိနိုင်သော စာအုပ်များ

**တိုးထက်**

၁။ ကုန်းဆောင်ဆက်လှုဝင်စားများနှင့် ဂမ္ဘီရဖြစ်ရပ်ဆန်းများ
၂။ မြန်မာပြည်ရောက် အနောက်တိုင်း လောကီပညာရှင်နှင့် သစ်ခွဝိဉာဉ်
၃။ စုံထောက်ကြီး ဦးစံထားနှင့် သည်းထိတ်ရင်ဖိုမှုခင်းများ
၄။ စုံထောက်ကြီး ဦးစံထားနှင့် ဆိုးမွေကောင်းမွေ
၅။ စုံထောက်ကြီး ဦးစံထားနှင့် ရွှေမင်းသမီးလေးကချေသည်
၆။ အမေ့တမလွန်ဘဝနှင့် စိတ်နယ်လွန် ဇာတ်လမ်းများ
၇။ အိပ်မက်ရှင်နှင့် သည်းထိတ်ရင်ဖို ဇာတ်လမ်းများ

**ရန်အောင်**

၁။ တိုးတက်ရေးနည်းပြ
၂။ ကြီးပွားရေးနည်းပြ
၃။ အညာသားကလေး
၄။ အဖေနဲ့အမေ
၅။ ရန်အောင့်စာ ရန်အောင့်ဘဝ

**ဦးအေးမောင်**

၁။ စိတ်ပညာနှင့် စိတ်ငြိမ်းချမ်းမှု
၂။ ဗိဇနှင့် ပတ်ဝန်းကျင်
၃။ ဘဝဆည်းဆာ
၄။ သေသည်၏ အခြားမဲ့၌
၅။ သိပ္ပံနည်း ရှုစမ်းလေ့လာမှုနှင့် အတွေးအမြင်စာစုများ
၆။ ဗုဒ္ဓအမြင် လူသားစွမ်းအင်
၇။ လူတစ်ယောက်၏ခွန်အား

**အငြိမ်းစားသံအမတ်ကြီး ဦးသက်ထွန်း**

၁။ သူတို့အဆို သူတို့ဟာသ
၂။ အနောက်တိုင်းဟာသ

www.burmeseclassic.com